
www.burmeseclassic.com

ဝ နီ ရ ဆန်း ကြယ် လုံး ချင်း ဝ တ္ထု သစ်

အောင်မြင်စာပေ

# ကြိခတ္တာ

## မြနန်းရှင်နှင့် မိုဝင်များသောမိစ္ဆာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




၈၉၅.၈၃
ဩဝစက္က
မြကန်းရှင်နှင့်ဗိုဝင်မှားသေသာမိဿာ/ဩဝစက္က။ -ရန်ကုန်၊
အောင်မြင့်စာပေ၊ ၂၀၁၃။
၂၃၀ - စာ၊ ၁၂.၅ × ၁၈.၃ စင်တီ။
(၁) ဩဝစက္က

ထုတ်ဝေသူ ဦးအောင်မြင့်၊
ဖြန့်ချိရေး အောင်မြင့်စာပေ၊

အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ်
အောင်မြင့်ပုံနှိပ်တိုက်၊ ပထမအကြိမ်၊
၂၀၁၃ခုနှစ်၊ (ဇွန်လ)၊ အုပ်ရေ(၅၀၀)။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေး (၃) ပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်


နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သောမျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


www.burmeseclassic.com

www.burmeseclassic.com

## ဒဿနလက်ဆောင်

- နာရီလက်တံများက ရှေ့သို့လည်ပတ်နေကြသည်၊ သို့ကြောင့်..သေခြင်းတရားနှင့်တွေ့ရပေမည်၊ နာရီလက်တံများက နောက်ဘက်သို့ပြန်လည်လျှင် မိခင်ဝမ်းထဲ ပြန်ဝင်ရပေမည်၊ ရွေးချယ်ခွင့်ရှိပါက မည်သည့်အရာကိုရွေးပါမည်နည်း၊

- အတော်များများကတော့သေခြင်းတရားနှင့်မတွေ့ကြပေ၊ ရွေးချယ်ခွင့်ရပါက...မိခင်ဝမ်းထဲပြန်ဝင်ပြီးဘဝပြန်စလိုကြသည်၊ ထိုသို့ဘဝတစ်ခုစသည်နှင့်ဦးစွာကြုံတွေ့ရမည့်အရာမှာ...ဒုက္ခဆင်းရဲခြင်းတရားသာဖြစ်ပေသည်၊

- အောင်မြင်နေသောအချိန်တွင် အကူအညီပေးမည့်သူ အနားမှာရှိနေသော်လည်း....ရှုံးနိမ့်သောအခါမှာတော့ မိမိစိတ်ဓါတ်ကိုသာ အဖော်ပြုရပေလိမ့်မည်၊

BURMESE CLASSIC .com

## ဒဿနလက်ဆောင်

- ကြိုးစားအားထုတ်မှုသည်
အစပိုင်းတွင် ပင့်ကူမျှင်ကဲ့သို့သာရှိမည်၊
ကာလကြာ၍ ထိုအမျှင်များ စုပေါင်းလိုက်
သောအခါ...တောင့်တင်းခိုင်မာသော
ကြိုးတစ်ချောင်းဖြစ်လာလေတော့သည်၊

- လူအတော်များများက
အချစ်ကိုနားလည်နိုင်အောင်ကြိုးစားနေကြတယ်၊
အချစ်ကတော့
လူတွေအားလုံးကိုနားလည်ပေးပါတယ်၊

- လက်ထပ်ခြင်းသည်
လွတ်လပ်မှုကိုချည်နှောင်လိုက်သော
ကြိုးတစ်ချောင်းဟုထင်နေပါက
တစ်နေ့မှာအဲဒီကြိုးဖြင့်
တုပ်နှောင်ခြင်းခံရမည်မှာမလွဲပေ၊

www.burmeseclassic.com

www.burmeseclassic.com

## အသနှလက်ဆောင်

- အလှကြောင့်အချစ်ဖြစ်ပေါ်စေတာလား
အချစ်ကြောင့်လှပနေတာလား
တွေးရင်းတောရင်းအဖြေရှာရင်းနှင့်ပင်
လက်ထပ်လိုက်ရသောအခြေအနေ
ရောက်သွားကြပါတယ်။

- ရွှံ့ပေမှာကြောက်နေလျှင်
ဆန်စပါးကောင်းကောင်းစားရမည်မဟုတ်ပေ
ဆူးစူးမှာကြောက်နေလျှင်
ပန်းတစ်ပွင့်ကိုရနိုင်မည်မဟုတ်ပေ။
အခက်အခဲများကိုကြောက်နေလျှင်တော့
သင်လိုချင်သည့်အချစ်ကိုရနိုင်မည်မဟုတ်ပါချေ။

- သင်ပျော်ရွှင်မှုရသောအခါ
ပတ်ဝန်းကျင်တပါ ပျော်နေကြပေလိမ့်မည်။
ဝမ်းနည်းပူဆွေးမှုကြုံသောအခါ
မျက်ရည်ကျမည့်သူ တွေ့ရမည်မဟုတ်ပေ။

BURMESE CLASSIC .com

## အသနှလက်ဆောင်

- မွေးဖွားခြင်းနှင့်သေဆုံးခြင်းတို့ကြားမှာ
ဘဝအတိုင်းအတာတစ်ခု ရှိသည်။
အချို့က ပေတံရှည်နှင့်တိုင်းတာရသော်လည်း
အချို့ကတော့ တိုင်းတာစရာမရှိလောက်အောင်
တိုတောင်းလွန်းပါသည်။

- လူမိုက်တစ်ယောက်က
တွေ့သမျှမြင်သမျှ
ပါးစပ်ကပြောနေသော်လည်း
လူလိမ္မာကတော့ဆိတ်ငြိမ်စွာနှင့်ပင်
ပြဿနာအဖြေကိုရှာဖွေတတ်ပေ၏။

- သင့်ကိုဝေဖန်ပြောဆိုလာလျှင်
ဘာမှပြန်မပြောပဲနှင့် နားထောင်
ပေးလိုက်ပါ။ သူမရှိတော့မှ
တဖြည်းဖြည်းပြန်စဉ်းစားကြည့်ပါ
အဖြေမှန်တစ်ခုခု တွေ့ရနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


အခန်း(၁) သေချင်သော်လည်းမသေရသေးသောသူ

အခန်း(၂) ပညာမဲ့သူဌေးသား(သို့မဟုတ်)ခေတ်သစ်လူမိုက်

အခန်း(၃) ဗိုဝင်မှားသောဝိညာဉ်

အခန်း(၄) ဗိုဝင်မိစ္ဆာကလဲ့စား...

အခန်း(၅) ဖုတ်ဝင်နေသောရွာမှလူသတ်ကောင်

အခန်း(၆) ဗိုဝင်မိစ္ဆာအားဝယ်ယူလိုသောသူ

အခန်း(၇) မာယာများသောမိစ္ဆာလောကသား

အခန်း(၈) ဝိဇ္ဇာလောကဘဝထွေတလာ

အခန်း(၉) ဗိုဝင်မိစ္ဆာနှင့်ကြောက်စရာအန္တရာယ်

အခန်း(၁၀) တရားခံမဟုတ်သောတရားခံ

အခန်း(၁၁) ဗိုဝင်ခြင်း၊ ထုံကူးခြင်းများအကြောင်း

အခန်း(၁၂) ဝိဇ္ဇာလေလား...မိစ္ဆာပေလား...

အခန်း(၁၃) မြနန်းရှင်၊ ဗိုဝင်ရုပ်နှင့်လျှို့ဝှက်သောအဖြေ

အခန်း(၁၄) သင်္ချိုင်းအတွင်းမှမိစ္ဆာများ

အခန်း(၁၅) ခွင့်လွှတ်ခြင်းဖြင့်နှင်းစက်များနှင့်အတူ




# အခန်း (၁)

# သေချင်သော်လည်း မသေရသေးသောသူ

တစ်နေ့သ၌ ဗိုလ်တစ်ထောင်ဆိပ်ကမ်းဘက်၌ရှိသော ဆိပ်ခံဗောတံတားပေါင်းတစ်ခုပေါ်မှာ အသက်အရွယ် အတန်အသင့်ရှိသော လူတစ်ယောက်ရှိနေလေသည်။

၎င်းသည် ပေါင်းနေပြီဖြစ်သော ရင်စေ့အင်္ကျီနှင့်ပုဆိုးတို့ကိုဝတ်ဆင်ထားပြီး နေ့ဘက်နေပူချိန်က ဆောင်းထားသော စလူရွက်ဖြင့် ပြုလုပ်ထားသည့် ခမောက်တစ်လုံးကိုတော့ အနီးမှာ ချထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အနီးမှာတော့ ငါးစာအဖြစ်အသုံးပြုရန် ပုစွန်ဆိတ်နှင့်တီကောင်များထည့်ထားသော နို့ဆီခွက်ဟောင်းတစ်လုံးနှင့် ငါးထည့်ရန်ပလိုင်းလည်းရှိသည်။ ခြင်းထဲမှာတော့ သူမျှား၍ရသော ငါးအကောင်သေးအချို့ ရှိနေသည်။

သူက မြစ်လယ်ဘက်မှာရှိသော ငါးကြီးငါးကောင်းများရရန် ငါးမျှားကြိုးကြီး ကြိုးရှည်ရှည်ဖြင့် မျှားနေခြင်းမျိုးမဟုတ်ဘဲ ကမ်းစပ်မှာပင် ငါးမျှားတံဖြင့် မျှားနေသောကြောင့် ငါးအကောင်သေးများသာရခြင်း ဖြစ်၏။

သူ့ခြင်းတောင်းထဲမှာတော့ အများအားဖြင့် ငါးစင်ရိုင်းအကောင်အကြီးအသေးတို့ ရှိနေပြီး အခြားငါးရောင်၊ ငါးမြင်းပေါက်နှင့် ငါးထွေပေါက်ကလေးများ ရှိနေသည်။

အချိန်က ညနေဘက်နေဝင်ချိန်ရောက်နေလေပြီ။ တစ်နေ့လုံးပူနေသောနေက အနောက်ဘက်ဒလဘက်ကမ်းမှာရှိသော တောင်တန်းများနောက်သို့ ဝင်ရောက်ပျောက်ကွယ်စပြုနေပြီ. . .

သို့သော်လည်း ဆည်းဆာရောင်များကတော့ ရန်ကုန်မြစ်ပြင်တစ်လျှောက်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ ရှိနေကြသေးသည်။ ရန်ကုန်မြစ်ထဲမှာတော့ သင်္ဘောနှင့်၊ စက်လှေ၊ လှေသမ္ဗန်တို့အသွားအလာမရှိတော့သလောက် ရှင်းနေပြီဖြစ်၏။ တစ်ခါတစ်ရံမှသာ ရန်ကုန်ဘက်မှသော်လည်းကောင်း ဒလဘက်ကမ်းမှသော်လည်းကောင်း ကူးသန်းသွားလာနေသည့် ကူးတို့သမ္ဗန်အချို့ကို တွေ့မြင်ရသည်။





အချိန်ကာလမှာ (၁၉၃၉)ခုနှစ် ဝန်းကျင်ခန့်ရှိပြီး တိုင်းပြည်မငြိမ်မသက်ဖြစ်နေသောအချိန်လည်း ဖြစ်သည်။ ဆရာစံဦးဆောင်သော တောင်သူလယ်သမား အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့ပြီးနောက်ပိုင်း မြန်မာတစ်ပြည်လုံး အုံကြွနေသော အချိန်မျိုးလည်းဖြစ်သည်။

ထို့ပြင်. . . နိုင်ငံရေးလှုပ်ရှားမှုများကလည်း နေရာအနှံ့ ပေါ်ပေါက်လျက်ရှိရာ ဗြိတိသျှအစိုးရမှာ တောင်ဘက်ဖိလျှင် မြောက်ဘက်ကကြွ. . မြောက်ဘက်ကိုဖိပြန်တော့လည်း တောင်ဘက်ကကြွနေသည့် အခြေအနေမျိုး ရောက်နေတော့သည်။

မြန်မာနိုင်ငံကို ဗြိတိသျှတို့သိမ်းပိုက်ခဲ့သည်မှာ နှစ်ပေါင်းတစ်ရာကျော်ခဲ့ပြီမို့ ပြည်သူများကလည်း ၎င်းတို့အကြောင်းကို ကောင်းစွာ သိနေကြပြီဖြစ်သည်။ သို့ကြောင့်၎င်းတို့ နှိပ်စက်သမှုကို ခေါင်းငုံ့မခံကြတော့ဘဲ နည်းအမျိုးမျိုးဖြင့် တော်လှန်နေကြခြင်းလည်းဖြစ်သည်။

ထို့ပြင် ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ရိပ်စစ်ငွေ့များကအနောက်ဥရောပနိုင်ငံများဘက်မှ အရှေ့တောင်အာရှများဆီသို့ တစ်စတစ်စ ကူးစက်ပြန့်နှံ့လာသော အချိန်မျိုးလည်း ဖြစ်သဖြင့် မငြိမ်မသက်ဖြစ်နေခြင်း ဖြစ်လေသည်။

ထိုခေတ်အချိန်အခါက ထွက်သောသတင်းစာ၊ ဂျာနယ်နှင့်ရေဒီယိုစသည်တို့တွင် ကမ္ဘာစစ်သတင်းများကသာ နေရာယူထားလေသည်။ ထို့ထက်ပိုပြီး ကြောက်စရာကောင်းသော



www.burmeseclassic.com

www.burmeseclassic.com



[illegible] ကြောအိမ်တွင် ဂျပန်တပ်များလာရောက် ဗုံးကြဲတိုက်ခိုက်မည်ဟူသောသတင်းကြောင့် ကျီးလန့်စာစား ဖြစ်နေကြသော အချိန်မျိုးလည်းဖြစ်သည်။

မြန်မာပြည်အစိုးရက တိုင်းသူပြည်သားများ စစ်ဘေးစစ်အန္တရာယ်မှကာကွယ်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန်ဝင် ညွှန်ကြားထားသည်။ ရန်ကုန်မြို့ပေါ်တွင် အမှောင်ချစမ်းသပ်ခြင်းများ ဗုံးခိုကျင်း တူးဖော်ဆောင်ရွက်ခြင်းများကို ကြိုတင်ပြင်ဆင် ထားကြသည်။

နောက်ပိုင်းမှာတော့ လေယာဉ်အချက်ပေး ဥဩသံဖြင့် ဗုံးကြဲယာဉ်များ ဝင်ရောက်လာပါက ရှောင်ကြဉ်နိုင်ရေးကိုပါ ကြိုတင်ပြင်ဆင်ထားကြသည်။

သို့ကြောင့်လည်း ရန်ကုန်မြို့မှာ ယခင်ကလောက် စည်ကားမှုမရှိဘဲ. . . ကျီးလန့်စာစား ဖြစ်နေသောအချိန်မျိုးဖြစ်သည်။ နေ့ဘက်အချိန်များမှာသာ လုပ်ကိုင်စရာကိစ္စများကို လုပ်ကြပြီး၊ ညနေစောင်းသည်နှင့် မိမိတို့နေရာများသို့ ပြန်ကြပြီး အခြေအနေကို စောင့်ကြည့်နေကြရသော အချိန်မျိုးလည်း ဖြစ်သည်။

ထိုအချိန်မျိုးတွင် ရန်ကုန်မြို့၏ လူအစည်ကားဆုံးနေရာများဖြစ်ကြသော လမ်းမတော်၊ လသာ၊ တရုတ်တန်းများ တစ်ဝိုက်လောက်မှာသာ လူသွားလူလာရှုပ်ထွေးလှပြီး ကျန်သောနေရာများမှာ သာမန်သာရှိသည်။

နံနက်ပိုင်းအချိန်နှင့် နေ့လယ်ပိုင်း၊ (ညနေဘက်မြစ်ဝ





ကျွန်းပေါ်ဘက်သို့ ထွက်ခွာကြမည့်သင်္ဘောများ မထွက်ခင်အချိန်) အချိန်များတွင် လူအစည်ကားဆုံး နေရာများဖြစ်သော ကီလီ၊ မော်တင်၊ (၁၅)လမ်း ဇောတံတားနှင့် ညောင်ပင်လေးဈေးတစ် ဝိုက်ပင်ညနေစောင်းသင်္ဘောများထွက်ခွာပြီးနောက်ပိုင်း ဆိပ်ကမ်းတစ်ဝိုက်တွင် ရှင်းနေတတ်သည်။

ပင်လယ်ကူးသင်္ဘောများသာ အဝင်အထွက်ရှိပြီး သာမန်ကုန်တင်သင်္ဘော၊ ခရီးသည်တင်သင်္ဘောများ ဝင်ရောက်ဆိုက်ကပ်ခွင့်မရှိသောဆူးလေတံတား၊ ဗိုလ်တထောင်တံတားစသောတံတားများရှိသောဘက်မှာတော့ လူသွားလူလာမရှိသလောက်ရှင်နေသည်။ ယခုလို အချိန်မရှိတော့သော ညနေပိုင်းအချိန်အခါမျိုးတွင် သွားသူလာသူမရှိသလောက် ရှင်းနေခြင်းဖြစ်၏။

ကိုလိုနီခေတ်ဦးကာလ (၁၈၇၆) ခုနှစ်တွင် ဆိပ်ကမ်းကော်မတီကို သီးခြားဖွဲ့ကာ ဆိပ်ကမ်းအုပ်ချုပ်ရေးလုပ်ငန်းများစတင်လုပ်ကိုင်ခဲ့ကြလေသည်။ ပထမဦးဆုံး အုပ်ချုပ်ရေးအဖွဲ့တွင် ဆိပ်ကမ်းအရာရှိ၊ အကောက်ဝန်နှင့် ဝန်ထောက်အဆင့်ရှိ အင်ဂျင်နီယာတစ်ဦးတို့ပါဝင်လေသည်။ ထို့နောက်(၁၈၇၉) ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ရေဝန်များဆိုင်ရာအက်ဥပဒေအရ 'ရေဝန်အဖွဲ့' ဟူ၍ပေါ်ပေါက်လာခဲ့သည်။

ယင်းအဖွဲ့သည် (၁၈၈၀)ပြည့်နှစ် ဇွန်လ(၁)ရက်နေ့တွင် ဆိပ်ကမ်းအုပ်ချုပ်ရေးတာဝန်တို့ကို စတင်ဆောင်ရွက်ခဲ့ရာ နောက်ပိုင်းမှာတော့ 'ဆိပ်ကမ်းအာဏာပိုင်အဖွဲ့'ဟု ပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com



ခေါ် ခေါ်ခဲ့ကြသည်။

ထိုဆိပ်ကမ်းတစ်ဝိုက်မှာ ကိုလိုနီခေတ်ရောက်မှ ဆိပ်ကမ်းနှင့်သက်ဆိုင်သော လုပ်ငန်းတာဝန်တို့ကိုစတင် ဆောင်ရွက်ကြခြင်းတော့ မဟုတ်ပါချေ။

ကုန်းဘောင်ခေတ်ကတည်းက ရန်ကုန်ဆိပ်ကမ်းသည် ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်သွားလာခဲ့သော ဆိပ်ကမ်းအဖြစ် အသုံးပြုခဲ့ကြပေသည်။ ကုန်းဘောင်ခေတ်၌ ရန်ကုန်ဆိပ်ကမ်းကို အုပ်ချုပ်ကြီးကြပ်ရသူများမှာ ရေဝန်၊ အကောက်ဝန်နှင့် စစ်ကဲများဖြစ်ကြသည်။

(၁၇၅၂)ခုနှစ်တွင် ရန်ကုန်မြို့ကို အလောင်းမင်းတရားကြီးက စတင်တည်ထောင်တော်မူသည်။ တည်စက 'ဒဂုန်' ဟု မြို့အမည်ပေးခဲ့သည်။ အလောင်းမင်းတရားကြီးသည် ရန်ကုန်မြို့ကို စတင်တည်ထောင်စဉ်ကာလကပင် သင်္ဘောအဝင်အထွက်တို့ဖြင့် စည်ကားသော ဆိပ်ကမ်းမြို့တော်အဖြစ် ဖြစ်စေလိုသော ဆန္ဒရှိခဲ့ပေသည်။ အလောင်းမင်းတရားကြီးလက်ထက်တွင် ဆိပ်ကမ်းမြို့ဖြစ်လာနိုင်သော မြို့သုံးမြို့ရှိခဲ့သည်။

၎င်းတို့မှာ ပုသိမ်၊ သန်လျင်နှင့်ရန်ကုန်မြို့တို့ ဖြစ်သည်။ ထိုသုံးမြို့အနက် ပုသိမ်သည် အင်္ဂလိပ်တို့ပိုင်ဆိုင်ခွင့်ရပြီဖြစ်သော ဟိုင်းကြီးကျွန်းနှင့် နီးကပ်နေသည့်အပြင် ဧရာဝတီမြစ်နှင့် တောက်လျှောက်သွားလာနိုင်သော ရေကြောင်းလမ်းမရှိသဖြင့် ပုသိမ်သည် သင်္ဘောဆိပ်မြို့ပြုလုပ်ရန် ခဲယဉ်းလှပေသည်။

သန်လျင်မြို့မှာလည်း ပြင်သစ်တို့ကျက်စားရာမြို့ဖြစ်





သည့်အပြင် ပဲခူးမြစ်ကလည်း သန်လျင်ဆိပ်ကမ်းဘက်သို့ သောင်ထွန်းလာရာ သန်လျင်ဆိပ်ကမ်းသည် သင်္ဘောအဝင်အထွက် ခက်ခဲလှသောကြောင့် သင်္ဘောဆိပ်ကမ်းမြို့ မဖြစ်နိုင်ပြန်ပေ။

ရန်ကုန်မြို့မှာ ပဲခူးမြစ်နှင့် လှိုင်မြစ်အကြားတွင် တည်ရှိနေသည့်အပြင် ပဲခူးရိုးမတောင်ဘက်အစွန်ဆုံး၌တည်ရှိနေသောကြောင့် ထိုမြစ်နှစ်သွယ်ကိုချုပ်ကိုင်အသုံးပြုနိုင်သော အနေအထားမျိုးရှိသည်။

ထို့အပြင် ဧရာဝတီမြစ်နှင့် တောက်လျှောက်သွားလာနိုင်သောကြောင့် ရန်ကုန်မြို့နေရာသည် အခြေအနေအားလုံးအတွက် အထူးသင့်လျော်သောနေရာ ဖြစ်သဖြင့် မြို့တော်တည်ရန် ရွေးချယ်ခဲ့ခြင်းဖြစ်၏။

ရန်ကုန်မြစ်သည် ရှေးအခါကပင် ကိုက်ခြောက်ရာခန့်ကျယ်ဝန်းပြီး ကမ်းပါးများအနီး၌ ရေစူးနက်သည်။ ဒီရေအတက်အကျမှာလည်း မနှေးလွန်းမကြမ်းလွန်းပေ၊ ပုံမှန်ရေစီးကြောင့် သင်္ဘောကြီးများနှင့်လှေ၊ သမ္ဗန်များ အခက်အခဲမရှိဘဲ ဝင်ရောက်ဆိုက်ကပ်နိုင်သည်။ တန် (၈၀၀)တန် (၉၀၀)ခန့်အလေးချိန်ရှိသောသင်္ဘောများ ဆိပ်ကမ်းသို့အလွယ်တကူ ဝင်ထွက်သွားလာနိုင်ကြသည်။

ရန်ကုန်မြို့တည်ထားသောနေရာမှာ ပင်လယ်ပြင်နှင့်မိုင် (၃၀)ခန့်သာကွာဝေးပြီး မြောက်ဘက်ပိုင်းမှစီးဆင်းလာသော ဧရာဝတီမြစ်နှင့် တောက်လျှောက်ဆက်သွယ်နိုင်သောကြောင့်



www.burmeseclassic.com

လည်းအခြားမြို့များထက်တစ်ပန်းသာနေခြင်းဖြစ်သည်။

ရှေးအခါက ရန်ကုန်မြို့ရိုး၏ အပြင်ဘက်မြစ်ကမ်းပါးတွင်ဗောတံတားသုံးခုထားသည်။ ထိုတံတားသုံးခုအနက် အဓိကတံတားမှာ ဘုရင့်တံတားဖြစ်သည်၊ ထိုတံတားမှာဆူးလေစေတီတော်အနောက်ဘက် ယခုအကောက်ရုံးရှိသော နေရာတစ်ဝိုက်မှာရှိသည်။ ဆိပ်ကမ်းတွင် ' အာမေနီယန်ဘုရားရှိခိုးကျောင်း' လည်းရှိသည်။ ဘုရင့်တံတားကို အုတ်ကြွပ်ဖြင့်မိုးထားသည်။ ထိုတံတားတွင် ပင်လယ်ကူးသင်္ဘောများ ဝင်ရောက်ဆိုက်ကပ်ပြီး ကုန်အတင်အချများ ပြုလုပ်သည်။

ဘုရင့်တံတားအနီးမှာပင် သစ်သားဖြင့်ဆောက်လုပ်ထားသောတဲကနားကြီး (ယခုအခေါ် ဂိုဒေါင်) နှစ်လုံးရှိပြီး ကုန်အရောင်းအဝယ်တို့ကို ထိုတဲများမှာပင် ပြုလုပ်ခဲ့ကြလေသည်။

ထို့ပြင် ထိုနေရာတစ်ဝိုက်မှာရှိသော အကောက်ရုံးမှာလည်း အရောင်းအဝယ် ပြုလုပ်ကြသည်။ တံတားအနီးတွင် လက်နက်ကိုင်အစု(အဖွဲ့)တစ်စုရှိသည့်အပြင် ထိုအစုအနီးတွင် အလံတော်အဖွဲ့လည်းရှိသည်၊ အလောင်းမင်းတရားကြီးလက်ထက် ပထမဆုံးရေဝန်အဖြစ် ဆောင်ရွက်ရသူမှာ 'သီဟနန္ဒကျော်' ဖြစ်သည်။

(ရေဝန်နှင့်ပတ်သက်သော အကြောင်းများနှင့် ၎င်းတို့ဆောင်ရွက်ရသော တာဝန်များကို အခြားစာအုပ် အချို့တွင် ရေးသား ဖော်ပြပြီးသောကြောင့် ယခုစာအုပ်မှာ သင့်သလောက်သာ ဖော်ပြပေးလိုက်ပါကြောင်း. . .)





မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် အဘဏ္ဍာဘက်ဆိုင်ရာ (Customs D.E.P.T)ရုံးတွင် ဦးအောင်ခင်၊ အကောက်ဝန်မင်းကြီး ဦးရွှေလှ၊ လက်ထောက် အကောက်ဝန် ဦးထွန်းမောင်၊ လက်ထောက်အကောက်ဝန် ဦးညွန့်၊ လက်ထောက်အကောက်ဝန် ဦးစံတင့်၊ အကောက်ဝန် ဦးစိန်ဘန်းဆုံးဖြတ်အရာရှိ စသည်တို့တာဝန်ထမ်းဆောင်ခဲ့ကြသည်။

အလောင်းမင်းတရားလက်ထက်တွင် ရန်ကုန်ဆိပ်ကမ်းသို့ အဝင်အထွက်ပြုသောသင်္ဘောများမှာ ကာလကတ္တား၊ ပီနန်၊ ဘဒရပ်၊ ဘုံဘေ၊ ဘင်္ဂလားဒေ့(ရှ်) နီကိုဘာတို့မှ တစ်ဆင့်ဝင်ရောက်ခဲ့ကြခြင်းဖြစ်သည်။

(၁၈၀၆)ခုနှစ်တွင် အမေရိကန်မှ သင်္ဘောအချို့လည်း ဝင်ရောက်ခဲ့ကြဘူးသည်။ ကုန်းဘောင်ခေတ်တွင် ထင်ရှားခဲ့သော ဆိပ်ကမ်းတံတားအချို့မှာ ရန်ပုံခွင်းတံတား၊ ဦးမှန်တံတား၊ အဝတ်ကျင်းတံတား၊ ရှမ်းတံတား၊ ဘုံအိမ်တံတား၊ စဥ့်အိုးတံတား၊ ဦးကွေးတံတားနှင့် ဘုရင့်တံတား (ဘုရင့်ဖောင်တော်တံတား) စသည်တို့ပင်ဖြစ်ကြလေသည်။

အလောင်းမင်းတရားလက်ထက်မှ စတင်ခဲ့သော ဆိပ်ကမ်းများကို အင်္ဂလိပ်တို့သိမ်းပိုက်ပြီး နောက်ပိုင်းမှာလည်း ဆက်လက်သုံးစွဲကြလေသည်။ အချို့ပြုပြင်ပြီး အချို့ကို အသစ်ထပ်မံတည်ဆောက်ပြီး သုံးစွဲခဲ့ကြသည်။ အင်္ဂလိပ်လက်ထက်မှ စတင်ပြီး ယခုအချိန်အထိ ထင်ရှားသောတံတားအချို့မှာ ဗိုလ်တထောင်တံတား၊ ဆူးလေတံကား၊ လမ်းမတော်တံတား၊ ကိုင်း

www.burmeseclassic.com



တန်းတံတား၊ လှည်းတန်းတံတား၊ မော်တင်တံတား၊ တီ
တံတားတို့ ဖြစ်ကြသည်။

အချိန်က (၁၉၃၉)ခုနှစ် ဝန်းကျင်ဖြစ်ပြီး ဆောင်းရာသီ
ဖြစ်သည်။ ဒုတိယကမ္ဘာစစ်မီးလျှံက အာရှတိုက်များဘက်သို့
ကူးစက်လာစအချိန်ဖြစ်သောကြောင့် ရန်ကုန်မြို့မှာနေကြသူ
တို့မှာ နေ့တထိတ်ထိတ် ညတထိတ်ထိတ်ဖြင့် နေရသော အချိန်
မျိုးဖြစ်သည်။

ဂျပန်လေယာဉ်ပျံများ လာရောက်ဗုံးကြဲတိုက်ခိုက်မည်
ဆိုသောသတင်းများကြောင့်လည်း ကျီးလန့်စာစားနေရသော
အချိန်မျိုးဖြစ်သည်။ အချိန်မှာ နေဝင်ရီတရော အချိန်ရောက်နေ
ပြီ. . . ထိုအချိန်မျိုးတွင် လူသွားလူလာ မရှိသလောက်ရှင်းနေ
သော ဗိုလ်တထောင်ဆိပ်ကမ်းမှာရှိသော ဆိပ်ခံဘောတံတား
ဟောင်းတစ်ခုပေါ်မှာ လူတစ်ယောက်ရှိနေသည်။ သူသည် အ
ခြားလူများကဲ့သို့ စစ်ဘေးစစ်ဒဏ်များကို တွေးတောပူပန် နေ
ခြင်းမျိုးမဟုတ်ပဲ လောကကြီးတစ်ခုလုံးမှာ သူတစ်ယောက်
တည်း ရှိနေသောအထင်ဖြင့် အေးအေးဆေးဆေးနှင့်ပင် ငါးမျှားနေ
ခြင်းဖြစ်သည်။

အခြားသူတော့ မဟုတ်ပါချေ။ ကျွန်ုပ်၏ ဇာတ်လိုက်
တစ်ဦးဖြစ်သော ဦးဇန်ကောင်းပင်ဖြစ်ပေတော့သည်။ ဦးဇန်
ကောင်းသည် အသက်(၃၀)ကျော်အရွယ်ခန့်ရှိပြီး လောကကြီး
မှာ ကြုံတွေ့ရင်ဆိုင်နေရသော မညီမျှခြင်းတရားတို့ကို ဥပေက္ခာ
ပြုထားနိုင်သူဖြစ်သည်။ သူသည် အသင့်ပါလာသော ကွမ်းယာ





ကိုဝါးရင်း စိတ်ရှည်လက်ရှည်ထိုင်ပြီး ငါးမျှားနေသည်။

သူ့နံဘေးမှာ ခမောက်တစ်လုံး၊ ငါးစာထည့်သောခွက်
တစ်လုံး၊ ငါးထည့်သောပလိုင်းတစ်လုံးတို့ရှိသည်။ သွားလေ့ရာ
အမြဲလွယ်သော လွယ်အိတ်ဟောင်းကြီးနှင့် တောင်ဝှေးအဖြစ်
အသုံးပြုသည့် ဝါးရင်းတုတ်တို့ကို မနီးမဝေးမှာချထားသည်။

သူသည် တစ်နေ့ကုန် ဇွဲကောင်းကောင်းဖြင့်ထိုင်ပြီး မျှား
နေသောကြောင့် ပလိုင်းခြင်းထဲမှာ ငါးအတော်များများ ရထား
လေပြီ။ ညနေစောင်းရေတက်ဦးအချိန်တွင် ကမ်းစပ်မှာအနေ
များသော ငါးစင်ရိုင်းကဲ့သို့သော ငါးများကို မျှား၍အရဆုံးအချိန်
ဖြစ်သောကြောင့် ထိုအချိန်ကိုစောင့်ပြီး မျှားနေခြင်းဖြစ်ပေသည်။

မှောင်ရီသမ်းစအချိန်မှာတော့ သူရှိနေသောဘောတံ
တားပေါ်သို့လူတစ်ယောက်ဆင်းလာလေသည်။ မိမိကဲ့သို့ငါး
မျှားရန်ဆင်းလာသည်ဟုထင်သဖြင့် လှည့်ကြည့်လိုက်တော့ သူ
ထင်သလိုမဟုတ်ပေ။

ဆင်းလာသူမှာ အသက်(၂၈)နှစ်ကျော်အရွယ်ခန့်
လောက်သာရှိဦးမည့် လူငယ်တစ်ဦးဖြစ်ပြီး ပိန်ပိန်ပါးပါးနှင့်ဖြစ်
သည်။ သူ့လက်ထဲမှာ ငါးမျှားကိရိယာဖြစ်သော ငါးမျှားတံနှင့်
ပလိုင်းစသည်တို့မပါဘဲ ကြိုးတစ်ချောင်းနှင့်ကျောက်တုံးတစ်တုံး
ကိုမနိုင်တနိုင်ဖြင့် သယ်ယူလာသည်။ သူသည်ဘောတံတားပေါ်
သို့ဆင်းလာရာ တံတားပေါ်မှာ လူတစ်ယောက်ထိုင်ပြီး ငါးမျှား
နေသည်ကိုတွေ့မြင်သောအခါ စိတ်ပျက်လက်ပျက်ဖြစ်သွား
သောအမူအရာဖြင့် ရေရွတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန်ထိ အနှောင့်အယှက်ကတွေ့နေရသေးတယ်"

ထိုစကားကြားသောအခါ ဦးဗန်ကောင်းက ငါးများတံ တို့ချထားလိုက်ပြီး လှည့်ကြည့်လိုက်သည်။

"လည်ပင်းကို ကျောက်တုံးဆွဲပြီး ရေထဲခုန်ချမလို့ပဲထင်ပါရဲ့"

"ဟုတ်တယ်ဗျ"

လူရွယ်က လေသံမာမာဖြင့်ပြောလိုက်သည်။

"သေတာတော့သေပေ့ါကွယ် ဒါပေမယ့် ရေထဲဆင်းသေတဲ့အလုပ်ကတော့ တယ်မဟန်လှဘူး၊ မသေခင် ရေမွန်းတဲ့ဒဏ်ကို မခိုမဆန့်အတော်ကလေးခံရသေးတယ်၊ သေချင်တာများကွာ ဒီထက်ပိုလွယ်ပြီး မြန်မြန်သေနိုင်တဲ့နည်း အများကြီးရှိပါတယ်"

ကျောက်တုံးတစ်ဖက် ကြိုးတစ်ဖက်ကိုင်ထားသော လူရွယ်က မျက်လုံးအပြူးသားနှင့်ကြည့်နေသည်။

"မင်းကြည့်ရတာသတ္တိရှိမဲ့ပုံတော့မပေါ်ပါဘူး၊ သတ္တိရှိတဲ့ လူဆိုရင်. . . သေမယ့်ကိစ္စကို ခြေညောင်းခံပြီး ဗိုလ်တထောင် ဆိပ်ကမ်းအထိတောင် ဆင်းလာဖို့ အကြောင်းမရှိဘူး အိမ်မှာ သေလည်းရတာပဲ"

ထိုသို့ပြောသောအခါ အလင်းရောင်နည်းနေပြီဖြစ်သော မြစ်ရေပြင်ရှိရာသို့ လှမ်းကြည့်ရင်း သက်ပြင်းတစ်ချက်ချလိုက်သည်။

"သေတော့လည်းသေတာပေ့ါ အချိန်တွေအများကြီး





ရှိပါသေးတယ်၊ ဒါ့ပမယ့်မသေခင် ငါနဲ့စကားပြောကြသေးတာပေ့ါ၊ မင်းလက်ထဲမှာကိုင်လာတဲ့ ကျောက်တုံးကြီးကလည်း လေးလှပါတယ်၊ ခဏချထားပြီးထိုင်ပါဦးကွာ. . ."

ဟုပြောသောအခါ မနိုင်မနင်းယူလာသော ကျောက်တုံးကြီးကို ဗောတံတားပေါ်သို့ချပြီး ထိုအပေါ်မှာပင် စိတ်ပျက်လက်ပျက် ထိုင်ချလိုက်သည်။

ဦးဗန်ကောင်းကြိုးစားမှုက ပထမအဆင့်အနေဖြင့်တော့ အောင်မြင်သွားပေပြီ. . .

"မင်းနာမည်ဘယ်လိုခေါ်သလဲ"

"မိုးကျော်. ."

"မိဘတွေကတော့ မိုးပေါ်အထိ ကျော်ကြားစေချင်လို့ဒီနာမည်ပေးခဲ့တာပဲ မင်းကတော့ မိုးမကျော်ချင်ပဲ ရေထဲဆင်းသေဖို့ ကြံစည်နေတာကိုး"

"ကျွန်တော့်အဖြစ်က နေဖို့လည်းမကောင်းတော့ပါဘူး၊ ဒါ့ကြောင့် မြန်မြန်သေသွားရင် အေးရောဆိုပြီး အခုလိုကြံစည်မိတာပါ"

"မင်းသေသွားရင် မင်းကိုဝိုင်းပြီးနှိပ်စက်နေတဲ့လူတွေက ဝမ်းသာကြမှာပေ့ါ"

ထိုစကားကြောင့် အထိတ်တလန့်မော့ကြည့်သည်။

"ခင်ဗျားက ကျွန်တော့်အကြောင်းတွေကို ဘယ်လိုသိနေတာလဲ"

ဦးဗန်ကောင်းက ကွမ်းတံတွေးများကိုရေထဲထွေးချ



www.burmeseclassic.com

သို့တိုင်ပြုံးလိုက်သည်။

"မင်းနဲ့ငါနဲ့က အခုမှတွေ့ဖူးမြင်ဖူးကြတာဆိုတော့ မင်းအကြောင်းတွေကို ငါမသိပါဘူး၊ ဒါပေမယ့် လူတစ်ယောက်ရဲ့ ဟန်အမူအရာကိုကြည့်တတ်ရင် မပြောပေမယ့် သူ့အကြောင်းအတော်များများကို သိနိုင်တာပဲ. . မင်းက အရင်တုန်းကတော့ ရွှေပေါ်မြတင်နေခဲ့ရတဲ့ သူဌေးသားတစ်ယောက် မဟုတ်လား"

"ဟင်. . . ဘယ်လိုကြည့်ပြီး သိပြန်တာလဲ"

"မင်းရဲ့ အသားအရေက လက်ကြောတင်းအောင်ဘာမှမလုပ်ခဲ့ပုံပဲ နောက်ပြီးအဝတ်အစားတွေက ဟောင်းနေပေမယ့် တစ်ချိန်က သူဌေးသားတွေမှသာဝတ်နိုင်တဲ့ အဝတ်အစားမျိုးတွေပဲ၊ ရွှေပေါ်မြတင်ဘဝနဲ့ ကြီးပြင်းလာခဲ့သူနဲ့လမ်းနံဘေးမှာဖြစ်သလိုကြီးပြင်းခဲ့ရသူက ဘဝချင်းမတူသလို အသွင်အပြင်ချင်းလည်းအကွာကြီးကွာပါတယ် ငါ့လူရာ"

"ဟုတ်ပါတယ်အဘရာ မိဘတွေရှိတုန်းကတော့ သူဌေးသားဘဝပါပဲ အခုမှသာလူတကာအထင်အမြင်သေးပြီး လုပ်ချင်တိုင်းလုပ်တာကိုခံနေရတဲ့ ဘဝမျိုးရောက်နေတာပါ ဒါ့ကြောင့်အခုလို"

"ကံကြမ္မာစက်ဝန်းဆိုတာ လှည်းဘီးကြီးလိုပဲမိုးကျော်ရ အပေါ်ရောက်လိုက်တဲ့အခါရောက်လိုက် အောက်ရောက်တဲ့အခါရောက်လိုက်နဲ့ပေါ့၊ ဘယ်သူမှအပေါ်မှာချည်းအမြဲမနေရသလိုဘယ်သူမှလည်း အောက်မှာအမြဲမနေရပါဘူး ဆင်းရဲတာနဲ့ ချမ်းသာတယ်ဆိုတာ အလယ်မှာစည်းမျဉ်းတစ်ခု ခြားနေတာ





ာက်ပဲရှိပါတယ်၊ ဒါ့ထက်မေးပါရစေဦး မင်းမိဘတွေကယ်သူတွေလည်း ဘာလုပ်ငန်းတွေလုပ်ကြသလဲ"

"ကျွန်တော့်မိဘတွေက ရန်ကုန်မြို့မှာတော့ မသိသူသလောက်ပါပဲ သူဌေး ဦးဇမ္ဗူကျော်နဲ့ ဒေါ်မိမိကြီးတို့ပါပဲ"

"အော်. . ကြားဖူးပါရဲ့ စီးပွားရေးကလည်း ဘာလုပ်း‌တွေ လုပ်ကြသလဲ"

"ကျောက်မျက်ရတနာ အရောင်းအဝယ်လုပ်တဲ့အပြင်န်ပေါ်လုပ်ငန်း၊ သစ်လုပ်ငန်းတွေ လုပ်ကြပါတယ်"

"အခု သူတို့မရှိကြတော့ဘူး မဟုတ်လား"

"မှန်ပါတယ်"

"သူတို့မရှိတော့ မိဘတွေရဲ့အမွေတွေ စီးပွားရေးလုပ်တွေ ဘာမှမသိပဲ စလုပ်ခဲ့ရတယ်ဆိုပါတော့ "

"မှန်တာပါပဲ. . . အဲဒီတုန်းက ကျွန်တော့်အသက်က)လောက်ပဲရှိပါသေးတယ်"

"အခု ဘယ်လောက်ရှိပြီလဲ"

"(၂၈)နှစ်ကျော်ပါပြီ"

"မိဘတွေ တစ်သက်လုံးရှာဖွေစုဆောင်းခဲ့တဲ့ ဥစ္စာည်းတွေကို (၈)နှစ်လောက်နဲ့ကုန်အောင်ဖြုန်းတီးပစ်နိုင်တဲ့ည်အချင်းကလည်း မနည်းလှပါဘူး၊ ကိုင်း. . ငါ့ကိုပြောပါဦးမဆုံး ဘယ်အလုပ်ကို စလုပ်ခဲ့သလဲ"

"ကျောက်အရောင်းအဝယ်လုပ်ငန်းပါ"

"နေစမ်းပါဦး. . . ကျောက်အရောင်းအဝယ် လုပ်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့. . . မင်းက ကျောက်အကြောင်း ဘယ်လောက်နား
လည်ထားလို့လဲ"

"ဘာမှမသိပါဘူးဗျာ"

မိုးကျော်ဆိုသောလူရွယ်က ပွင့်ပွင့်လင်းလင်းနှင့်ပဲဝန်ခံ
သည်။

"အင်း. . . ကျောက်ဆိုတာနှစ်ပေါင်းများစွာလုပ်ပြီး
ကျောက်မျက်ရတနာအကြောင်းကိုသိတဲ့လူတွေတောင် အလိမ်
အညာခံကြရသေးတာ မင်းလိုဘာမှနားမလည်တဲ့ မသိတဲ့လူ
တစ်ယောက်ဆိုရင်တော့ ကျောက်မြင်လို့တောင် ဘာကျောက်
မှန်းမှမသိတော့ မင်းမိဘတွေ ရှာဖွေထားတာတွေ (၈)နှစ်
လောက်ကြာအောင် ခံတယ်ဆိုတာတော်သေးတာပေါ့ကွာ"

"ဟုတ်ပါတယ် ခင်ဗျားပြောသလိုအားလုံးက ဝိုင်းလိမ်
တာခံရတာပါပဲ"

"နောက်တော့ ဘာလုပ်သေးလဲ"

"ကျောက်အရောင်းအဝယ်မဟန်တော့ ဆန်စပါး
ပြောင်းလုပ်ကြည့်ပါသေးတယ်. . . မဟန်ပါဘူး. . . နောက်တော့
သစ်လုပ်ငန်းလုပ်တော့မှ ရှိတာတက်တက်ပြောင်တော့တာပါပဲ"

"မင်းကသစ်ပင်မြင်ရုံနဲ့ အမျိုးအစားခွဲခြားနိုင်လို့လား"

"ဘာမှမသိပါဘူးဗျာ"

"သစ်လုံးမြင်လို့မှ ကျွန်းမှန်းမသိ သရေပင်မှန်းမသိဘဲ
နဲ့ သစ်လုပ်ငန်းလုပ်မှာတော့ မင်းမိဘတွေရှာထားတဲ့ ဥစ္စာပစ္စည်း
တွေ (၈)နှစ်လောက်ခံတယ်ဆိုတော့ တော်သေးတာပေါ့ကွာ"





"ဟုတ်ပါတယ်ဗျာ အခုတော့ ဘာမှမရှိတော့ပါဘူး"

"ဒီတော့ မင်းမိန်းမကပါ မချေမငံဖြစ်လာပြီး မင်းကို
နည်းအမျိုးမျိုးနဲ့ နှိပ်စက်ကရောမဟုတ်လား"

"မှန်လိုက်တာမှဗျာ သွေးထွက်အောင်ကို မှန်တာပါပဲ၊
ဒါတင်ဘယ်ကပါ့မလဲ ကျွန်တော့်နောက်ကွယ်မှာ တခြားလူတစ်
ယောက်နဲ့ဖောက်ပြန်တာမျိုးတွေ လုပ်နေတာကို သိပေမယ့်
ဘာမှမတတ်နိုင်တော့ပါဘူး၊ ဒါ့ကြောင့် ကျွန်တော့်ဘဝက လူ့
ဘဝမှာ အသက်ရှင်နေလဲ ဘာမှမထူးတော့လို့ အခုလိုသေဖို့
ကြံစည်မိတာပါပဲ"

"သေတော့လဲသေတာပေါ့. . မင်းက သူတို့ကိုအရှုံး
ပေးပြီး အခုလို လူမသိသူမသိသေသွားရင် ကျန်ခဲ့တဲ့ မင်းမိန်းမ
နဲ့ ကြာကူလီကောင်တွေက ဝမ်းသာကြမှာပေါ့၊ မင်းအကြောင်း
တွေကို ငါ့ကိုပြောပြ ငါကူညီပေးနိုင်ရင်ပေးပါမယ်"


ဟုပြောရာ မိုးကျော်ဆိုသော လူရွယ်က ရင်းနှင့်ပတ်
သက်သောအကြောင်းတွေကို အောက်ပါအတိုင်းပြောပြလေ
တော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂)

# ပညာမဲ့သောသူဌေးသား (သို့မဟုတ်) ခေတ်သစ်လူ့မိုက်

ရှေးအခါ ရန်ကုန်မြို့ပေါ်တွင် ကုလားလူမျိုး၊ တရုတ်လူမျိုး စီးပွားရေးလုပ်ငန်းရှင်ကြီးများက လက်ဝါးကြီးအုပ် လုပ်ကိုင်နေကြသော်လည်း ထိုအထဲတွင် မြန်မာလူမျိုးစီးပွားရှင်အချို့လည်း ရှိကြပေသည်။

သို့သော် အရေအတွက်ကတော့ နည်းပါးလှသည်။ ထိုနည်းပါးသော စီးပွားရေးလုပ်ငန်းရှင်အချို့ထဲတွင် ဦးဇမ္ဗူကျော်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဒေါ်မိမိကြီးတို့လည်း ပါဝင်ကြလေသည်။ ၎င်းတို့သည် ဗိုလ်တထောင်ဘက်မှာ နေထိုင်ကြပြီး စီးပွားရေးကောင်းသူများ ဖြစ်ကြသည်။

ခြံဝန်းကျယ်ကြီးအတွင်းမှာ နှစ်ထပ်တိုက်ကြီးတစ်လုံး ဆောက်လုပ်ကာ အေးချမ်းစွာနေထိုင်ကြသူများ ဖြစ်သည်။ ကျောက်မျက်ရတနာ အရောင်းအဝယ်လုပ်ငန်းအပြင် ဆန်စက်လုပ်ငန်းနှင့် သစ်စက်လုပ်ငန်းကိုလည်း ဒလဘက်ကမ်းမှာထူထောင်ထားသေးသည်။

ထိုလုပ်ငန်းများကိုတော့ ယုံကြည်စိတ်ချရသောကိုယ်စားလှယ်များဖြင့်သာ လွှဲအပ်ထားပြီး ဦးဇမ္ဗူကျော်ကတော့ ကျောက်မျက်ရတနာလုပ်ငန်းကို လုပ်ကိုင်လေသည်။

ဦးဇမ္ဗူကျော်တို့တွင် သားသမီးများများမရှိပေ။ မိုးကျော်ဟုအမည်ပေးထားသော သားတစ်ယောက်သာ ထွန်းကားလေသည်။ မိုးကျော်မှာ ငယ်စဉ်ကတည်းက အသားဖြူဖြူပိန်ပိန်ပါးပါးနှင့် ခွန်အားချို့တဲ့သူဖြစ်သည်။

မိဘတို့က အလိုလိုက်ပြီး ရွှေပေါ်မြတင်ထားသောကြောင့် စိတ်ဓါတ်ပျော့ညံ့သူလည်းဖြစ်သည်။ မိုးကျော် ငယ်စဉ်က မိဘများက ဗိုလ်တထောင်ဘက်တွင် နာမည်အကြီးဆုံးဖြစ်သော စိန်ပေါကျောင်းတွင် ထားပေးသည်။ ကျောင်းတက်ခွင့်ရသူတို့မှာ ဥရောပတိုက်သားတို့၏ သားသမီးများသာ ဖြစ်ကြသော်လည်း မိုးကျော်တို့လို ငွေကိုရေလိုသုံးနိုင်သော သားသမီးများလည်းရှိကြသည်။





စိန်ပေါ (ယခု ဗိုလ်တထောင် အထက(၆)) ကျောင်းကို ခရစ်ယာန်ဂိုဏ်းချုပ် ဘီဂန်ဒက် (Bishop Bigandet) က ၎င်း၏နေအိမ်၌ စတင်ထူထောင်ခဲ့ခြင်းဖြစ်သည်။ ကျောင်းဖွင့်စကာလကတ္တားမှ ခရစ်ယာန်ဘုန်းတော်ကြီး သုံးပါးကိုခေါ်ယူကာ စာပေသင်ကြားစေခဲ့သည်။

(၁၈၆၁)ခု မေလတွင် စိန်ပေါကျောင်းကို (၃၅)လမ်းနှင့် သုစ္စလမ်း(ယခုဆိပ်ကမ်းသာလမ်း)အကြားရှိ အဆောက်အအုံသို့ပြောင်းရွှေ့ခဲ့သည်။

(၁၈၆၈)ခု ဇန်နဝါရီလ(၁)ရက်နေ့တွင် ယခုမြို့တော်ခန်းမနေရာသို့ ပြောင်းရွှေ့ခဲ့ပြန်သည်။ ထိုအချိန်က စိန်ပေါကျောင်းတွင် ကျောင်းသူကျောင်းသားဦးရေ (၂၄၅)ဦးရှိပြီး အများစုမှာ အိန္ဒိယကပြားများနှင့် ဥရောပတိုက်သားတို့၏ သားသမီးများသာ ဖြစ်သည်။

အင်္ဂလိပ်အစိုးရက စိန်ပေါကျောင်းသို့ ကျပ်နှစ်သောင်းထောက်ပံ့ပေးခဲ့ရာ ကိုလိုနီစနစ်အသက်သွင်းရာတွင် အအောင်မြင်ဆုံး ကျောင်းတစ်ကျောင်းဖြစ်ခဲ့သည်။

(၁၈၈၅)ခုနှစ်တွင် လက်ရှိနေရာ(အတွင်းဝန်ရုံးမြောက်ဘက်)သို့ ရွှေ့ပြောင်းခဲ့ရသည်။ စိန်ပေါကျောင်းကို ဗြိတိသျှခေတ်တစ်လျှောက် "St. Pauls Roman Catholic Boys School" ဟုခေါ်ခဲ့ပြီး နောက်ပိုင်းလွတ်လပ်ရေးကာလ နောက်ပိုင်းရောက်မှ ဗိုလ်တထောင်အထက(၆) ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးကျော်သည် မြန်မာလူမျိုးတစ်ယောက် ဖြစ်သော်လည်း မိဘများအရှိန်အဝါကြောင့် စိန်ပေါကျောင်းသို့ တက်ရောက်ပညာသင်ကြားခွင့် ရခဲ့သူဖြစ်သည်။

ထိုကျောင်းမှာတက်ရင်းနှင့်ပင် 'မေရီချို'နှင့် တွေ့ဆုံသိကျွမ်းကာ နောက်ပိုင်းရင်းနှီးမှုရခဲ့လေသည်။ မေရီချိုမှာ သူနှင့် အသက်မကွာလှပဲ ဥရောပသွေးပါသူတစ်ဦးဖြစ်သည်။

ချောမောလှပပြီး သွက်လက်ချက်ချာသူတစ်ဦးဖြစ်သည်။ ခေတ်မီပြီး ဆိုရှယ်ကျကျနေထိုင်တတ်သူလည်း ဖြစ်လေသည်။ နောက်ပိုင်းမှာတော့ မိုးကျော်တစ်ယောက် မေရီချို၏ ညွှတ်ကွင်းမှာမိသွားပြီး နောက်ချစ်သူဘဝသို့ ရောက်ခဲ့ကြတော့သည်။

နောက်ပိုင်း နှစ်ယောက်စလုံး ဆယ်တန်းအောင်ပြီးအချိန်မှာပင် မိဘများကိုအသိပေးပြီး လက်ထပ်လိုက်ကြလေသည်။ မိုးကျော်၏ မိဘများကတော့ သားဖြစ်သူကို ဘွဲ့ရပြီးသည်အထိ ပညာသင်စေချင်ကြသည်။

သို့သော်လည်း မိုးကျော်က နောက်ပိုင်းမှဘွဲ့ရအောင်လုပ်မည်ဟု ကတိပေးပြီးနောက် ဇွတ်အတင်းပူစာလေရာ မိဘများက သားဖြစ်သူကိုချစ်သဖြင့် လိုက်လျှောပေးကာ မိဘတို့ဝတ္တရားရှိသည့်အတိုင်း လက်ထပ်ပေးခဲ့သည်။

လက်ထပ်ပြီးနောက် မေရီချိုက သူတို့အိမ်မှာလိုက်နေလေသည်။ လက်ဘပ်ပြီးစအချိန်ကတော့ နှစ်ယောက်သားအပျော်ရွှင်ဆုံးဖြစ်ခဲ့ကြသည်။ ငွေကြေးကလည်းချမ်းသာ လိုတရ





စေသော ဘဝမျိုးဖြစ်နေသောကြောင့် သူတို့နှစ်ဦးအတွက် ဘာပြဿနာမှ မပေါ်ပေါက်ခဲ့ပါချေ. . .

ထိုကဲ့သို့လက်ထပ်ပြီးနောက်ပိုင်းမှာလည်း မိုးကျော်တစ်ယောက် ပညာရေးဘက်ကို ပြန်မလှည့်နိုင်တော့ပေ. . ထိုအခါ ဖခင်ဖြစ်သူ ဦးဇမ္ဗူကျော်ကပြောလေသည်. . .။

"မိုးကျော်. . . မင်းဘွဲ့ရအောင်တော့ ပညာဆက်သင်စေချင်တယ်"

"မသင်ချင်တော့ပါဘူး ဖေဖေရာ. . ."

"ဒါဖြင့်လည်း စီးပွားရေးတော့လုပ်သင့်တယ်"

"ဖေဖေတို့မှာ ဒီလောက်ချမ်းသာနေတာ ကျွန်တော်က စီးပွားရေးလုပ်စရာလိုလို့လား"

"လိုတာပေါ့ကွယ်. . . ငါပြောတာက အခုလောလောဆယ် အခြေအနေအတွက်မဟုတ်ဘူး၊ ငါတို့မရှိတဲ့နောက်ပိုင်းကျရင် စီးပွားရေးလုပ်ငန်းတွေကို မင်းပဲဦးစီးလုပ်ရမှာမဟုတ်လား၊ ဒီအချိန်ကျရင် စီးပွားရေးလုပ်ငန်းတွေရဲ့အကြောင်းတွေဘာမှနားမလည်ရင် မသိခဲ့ရင် မင်းကိုကျန်တဲ့သူတွေက ဒုက္ခပေးကြမှာပေါ့"

ထိုသို့ပြောသဖြင့် ဖခင်ကြီးလုပ်သောလုပ်ငန်းများကိုကြည့်ရှုလေ့လာသည်။ ထိုသို့လေ့လာသော်လည်း ဝတ်ကျေတမ်းကျေ လေ့လာခြင်းမျိုးဖြစ်သဖြင့် အပေါ်ယံလောက်သာသိပြီး အတွင်းကျကျ ဘာမှမသိခဲ့ပေ. . . မိဘ်အိမ်မှာ ရွှေခြေတင်နေရသောဘဝမို့ ပျော်ပျော်ပါးပါးနှင့်ပင်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သဘာဝအတိုင်း ကံကြမ္မာဆိုသောအရာက အစဉ်သဖြင့် တည်မြဲနေလေ့မရှိပဲ ပြောင်းလဲသွားလေသည်။ မိုးကျော်တို့လက်ထပ်ပြီး တစ်နှစ်ကျော်လောက်တွင် ဦးဇမ္ဗူကျော်ရော ဒေါ်မိမိကြီးတို့နှစ်ယောက်မှာ ရှေ့ဆင့်နောက်ဆင့်ကွယ်လွန်သွားကြလေသည်။

မိဘများမရှိတော့သည့် နောက်ပိုင်းမှာတော့မိုးကျော်တစ်ယောက် ဦးစွာအခက်အခဲတွေ့သောကိစ္စမှာ ဆန်စက်၊ သစ်စက်များအကြောင်းကို ဘာမှသိမထားသောကြောင့် စီမံခန့်ခွဲမှုများမလုပ်နိုင်တော့ပဲ ကိုယ်စားလှယ်များနှင့်သာ လွှဲထားရသည်။

မေရီချိုကလည်း ဘာမှအားမကိုးရပေ၊ ပေါ့ပေါ့နေ ပေါ့ပေါ့စားနေပြီး ငွေကိုရေလိုသုံးနေတော့သည်။ အပေါင်းအသင်းများနှင့်ချိန်းပြီး နိုက်ကလပ်များ၊ ပါတီပွဲများတက်ပြီး ယောကျ်ားတကာနှင့် တွဲနေလေသည်။

တစ်ခါတစ်ရံည၌နောက်ပိုင်းမှ အရက်မူးပြီးပြန်လာလေ့ရှိသလို တစ်ခါတစ်ရံလည်း မိုးစင်စင်လင်းမှ ပြန်ရောက်လာလေ့ရှိသည်။ မိုးကျော်ကလည်း မိဘများမရှိတော့သည့်နောက်ပိုင်း စိတ်ညစ်လျှက်အရက်သောက်နေရာ အရက်သမားတစ်ပိုင်းဖြစ်နေတော့သည်။

အိမ်မှာလည်း ထမင်းချက်နှင့်အစေအပါးများသာရှိသောကြောင့် သူ့ကိုပြောဆိုဝံ့သူမရှိပေ. . .

"မင်းက ယောကျ်ားရှိတဲ့မိန်းမတစ်ယောက်ဆိုတာရော သတိရသေးရဲ့လား၊ ဒီလို ဖခါ်ချိန်မတော်သွားလာနေတာ သင့်





တော်ရဲ့လား"

"အိုး . . မောင်ကလည်း ဒါများ အဆန်းအကြယ်လုပ်ပြီးပြောနေရသေးတယ်၊ ဒီခေတ်မှာ ခေတ်မီတဲ့မိန်းမတိုင်း ဒီလိုပဲနေကြတာ ဘာဆန်းလို့လည်း မောင်ယူထားတဲ့မိန်းမက တောသူမတစ်ယောက်မှမဟုတ်တာ"

"ဒါတော့ဒါပေါ့ကွာ ဒါပေမယ့် နေ့တိုင်းအချိန်မတော်သွားလာနေတာကတော့ မသင့်ဘူးထင်လို့ ပြောနေရတာ. ."

သူပြောလည်း မေရီချိုကွယ့်ဂရုမစိုက်ပေ. . . သူ့သဘောထားအတိုင်း သွားလာမြဲသွားလာ. . . နေထိုင်မြဲအတိုင်း နေထိုင်နေလေသည်။

နောက်ပိုင်းတော့ မိုးကျော်တစ်ယောက် ကျောက်အကြောင်း ဘာမှနားမလည်ပါပဲ ကျောက်အရောင်းအဝယ်စမ်းလုပ်ကြည့်သည် လူလိမ်လူညာများဖြင့်တွေ့ပြီး အတော်များများဆုံးရှုံးသွားသည်။

ထိုအလုပ် အခြေအနေမဟန်သောကြောင့် သစ်စက်လုပ်ငန်းကို လုပ်ပြန်တော့လည်း သစ်အကြောင်းကို ဘာမှမသိသဖြင့်. . အတွင်းလူများက သစ္စာမဲ့ကြသဖြင့်. . အမြတ်မရပဲ အရှုံးကြီး ရှုံးပြန်လေသည်။

နောက်တော့ ဆန်စပါးအလုပ် လုပ်ကြည့်ပြန်သည်။ [illegible]ပေ၊ အမြတ်ရဖို့ဝေးရော ကြွေးမတင်အောင်ပင် အနိုင်နိုင်ရုန်းနေရသည်။

ဤသို့ဖြင့် မိဘနှစ်ပါးကွယ်လွန်သွားပြီး နောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်ကျော်လောက်ကြာသောအခါ ဦးဇမ္ဗူကျော်တည်ထောင်ထားခဲ့သော သစ်စက်နှင့်ဆန်စက်တို့ကို အကြွေးဖြင့် ထိုးအပ်လိုက်ရသည်။

အိမ်မှာလည်း ကျောက်အရောင်းအဝယ်ပြုလုပ်ရင်းနှင့် အရှုံးပေါ်ရာ ရွှေနှင့်ငွေများကုန်သွားသည့်အပြင် ဘဏ်မှာအပ်နှံထားသောငွေပင် အနည်းငယ်သာကျန်တော့သည်။ ဘဏ်မှာကျန်နေသောငွေအနည်းငယ်နှင့် လက်ရှိနေသော တိုက်တစ်လုံးသာကျန်ပြီး ထိုပစ္စည်းများကုန်သွားလျှင်တော့ အားကိုးစရာဘာမှ ကျန်တော့မည်မဟုတ်ပေ။

မေရီချိုကလည်း အိမ်မှုအခြေအနေကို တစ်ချက်ကလေးမှ လှည့်မကြည့်ပေ။ ရှိသည့်ငွေကို ရှာဖွေယူပြီး အချိန်တန်လျှင် ပါတီပွဲတက်သည် အချိန်မတော်မှပြန်လာသည်။

တစ်နေ့တော့ သူမနှင့်မောင်ဝမ်းကွဲတော်စပ်သည်ဆိုသော လူတစ်ယောက်ကို အိမ်သို့ခေါ်လာသည်။ ထိုသူ၏ နာမည်က 'ပက်ထရစ်' ဖြစ်သည်။ အသက်သုံးဆယ်ကျော်ခန့်ရှိပြီး ခန္ဓာကိုယ်ထွားကျိုင်းသန်မာသူဖြစ်သည်။ မေရီချိုကတော့ ပြောပြသည်။

"ပက်ထရစ်က မေရီရဲ့ မောင်ဝမ်းကွဲတော်တယ်. . အင်္ဂလန်က ရောက်လာတာမကြာသေးဘူး၊ လောလောဆယ်တခြားမှာအဆင်မပြေသေးလို့ အိမ်မှာပဲခေါ်ထားမယ်"

မိုးကျော်အနေနှင့်လည်း ဘာတစ်ခုမှဖြစ်အောင် မလုပ်နိုင်ပဲ အခြေအနေဆိုးနေသည့်အချိန်မျိုးဖြစ်သဖြင့် ဘာမှမပြော





တော့ပေ. . . သို့သော် သူအိမ်မှာရှိနေစဉ်မှာတော့ ၎င်းတို့နှစ်ယောက် ဆက်ဆံနေထိုင်မှုကိုတော့ သဘောမကျပေ။

မိမိနှစ်သက်သဖြင့် လက်ထပ်ယူထားခဲ့သော မိန်းမတစ်ယောက်က မိမိနောက်ကွယ်၌ ဖောက်ပြားနေသည်ဟု ရိပ်မိလာသောအခါ မခံမရပ်နိုင်အောင် ဖြစ်လာတော့သည်။

သို့သော်သူ့အနေဖြင့် ဘာမှမတတ်နိုင်တော့ပေ. . . နေရာရောက်သောအခါ မိုးကျော်က ပြောလက်စ,စကားကိုလိုက်သည်။

စကားပြောရတာများသဖြင့် အာခြောက်သွားဟန်ရှိသ ဦးဗန်ကောင်းက ရေဘူးထဲမှ ရေတစ်ခွက်ငှဲ့တိုက်လိုက်လေသည်၊

အချိန်ကလည်း ညဉ့်ဦးပိုင်းအချိန် ရောက်လာသည်။ ရေပြင်တစ်လျှောက်မှာရှိနေသော အလင်းရောင်တို့ပင်ပျောက်သွားကြလေပြီ. . . ။

မြစ်ရေပြင်ပေါ်မှ တိုက်ခတ်လာသော လေကဗောတံပေါ်မှာရှိနေကြသော သူတို့နှစ်ယောက်ကိုတိုးဝှေ့သွားလေ ရေတက်လာပြီဖြစ်သောကြောင့် ကမ်းစပ်တစ်လျှောက် ရေတက်သံများပေါ်ထွက်လာသည်။

ထိုကဲ့သို့သော ညဉ့်ဦးပိုင်း ရေတက်ဦးအချိန်မျိုးတွင် ပါက အရမျှားသော်လည်း ဦးဗန်ကောင်းက ဆက်မမျှား ငါးမျှားတံချထားပြီး မိုးကျော်ပြောသောအကြောင်းများ ထောင်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်ထိတော့ သူ့အတွက် စိတ်ဝင်စားဘွယ်ရာ အကြောင်းအရာမျိုးမပါသေးပေ. . .။

"ကျွန်တော်ပြောပြတဲ့ အကြောင်းတွေ နားထောင်ပြီးတော့ ကျွန်တော်သေသင့်တယ်လို့ မထင်ဘူးလားဟင်"

ဟု မိုးကျော်ကမေးသည်။

"သေသင့်ရုံတင်မကဘူးကွ မင်းကသေဖို့ကောင်းတာကအတော်ကြာနေပြီ"

"ဟင်. . ဘာဖြစ်လို့လဲ. . ."

"မင်းအဖြစ်က ဘာနဲ့တူသလဲဆိုတော့. . ဆီးတန်းနီဆရာတော်ကြီးရေးခဲ့တဲ့ ပညာမဲ့တဲ့သူဌေးသားတစ်ယောက်အဖြစ်မျိုးနဲ့အတူတူပဲ၊ မိဘကပညာသင်ပေးတော့လည်း ပညာကိုပြီးမြောက်အောင်မသင်ပဲ မိန်းမယူတယ်"

မိုးကျော်က ခေါင်းငုံ့ထားသည်။

"ယူလိုက်တဲ့မိန်းမကလည်း ကိုယ်နဲ့သဘောသဘာဝမျှတဲ့ မိန်းကလေးမျိုးမဟုတ်ပဲ ဆိုရှယ်ကျတဲ့သူကို ယူမိတယ်. . မိဘရှိစဉ်ကလည်း လုပ်ငန်းတွေကို နားလည်အောင်မသင်ထားဖြန်ဘူး၊ ဒီတော့ ရှိတဲ့စည်းစိမ်ဥစ္စာတွေ တက်တက်ပြောင်သွားတာဘာများဆန်းမလဲ. . ."

"မှန်ပါတယ်. ."

"ဒါထက်ပိုဆိုးတာက မိန်းမက လင်ငယ်ကိုအိမ်ပေါ်ခေါ်တင်ထားပြီး မင်းကွယ်ရာမှာ ဖြစ်ချင်တိုင်းဖြစ်နေတာကို လျစ်လျူရှုထားတဲ့ကိစ္စပဲ"





"သူပြောတာတော့ မောင်တစ်ဝမ်းကွဲတော်တယ်တဲ့"

"တော်စမ်းပါကွာ မိန်းမတွေကလျှာအရိုးမရှိတိုင်းလျှောက်ပြောနေတာကို မျက်စိမှိတ်ပြီးယုံရသလား၊ လောကမှာယောကျ်ားတစ်ယောက်အတွက် အသုံးမကျလို့စီးပွားပျက်ရင်ဘယ်သူကမှ အရေးလုပ်ပြီး ပြောနေမှာမဟုတ်ဘူး. . ၊ အေးယောကျ်ားဖြစ်ပါရက်နဲ့ ကိုယ့်မျက်စိရှေ့မှာတင် ကိုယ့်မိန်းမအခြားယောကျ်ားတစ်ယောက်နဲ့ ဖောက်ပြန်နေတာကို မသိတာကတော့ မင်းလောက်နွားကျတဲ့သူ ရှိပါတော့မလား"

ထိုအခါမှ မိုးကျော်က အံတင်းတင်းကြိတ်ထားလေသည်။

"ကျွန်တော်ဘာလုပ်ရမလဲ"

"တကယ်တော့ မူလအစီအစဉ်အတိုင်းပဲ မင်းသေသင့်တာပေါ့၊ ဒါပေမယ့် ဒီလိုသေသွားရင် မင်းအတွက် နစ်ခါနာဖြစ်မှာပေါ့၊ ဒီတော့ မသေနဲ့ဦး မင်းလုပ်စရာတွေရှိသေးတယ်"

"ဘာတွေလုပ်ရမှာလဲဗျ"

"အများကြီးရှိတာပေါ့ကွာ၊ ဒါပေမယ့် ချက်ချင်းတော့လုပ်လို့မရသေးဘူး၊ အစီအစဉ်တကျနဲ့ တဖြည်းဖြည်းနဲ့ပြန်ဆင်နွှဲရမှာ. . ."

မိုးကျော်က လက်ထဲမှာကိုင်ထားသောကြိုးကို အောက်သို့ပစ်ချလိုက်သည်။

"အဘနဲ့တွေ့ရတာ နတ်ကောင်းနတ်မြတ်နဲ့တွေ့ရသ[illegible] တကယ်လို့မတွေ့ရင် အခုလောက်ရှိရင် ရေအောက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ပြီးသေနေလောက်ပြီး. . ."

"မင်းရဲ့ရုပ်အခြေအနေကြည့်ရတာ သေမယ့်ပုံမပေါ်သေးပါဘူး ဒီတော့. . လောလောဆယ်တော့ မင်းယူလာတဲ့ကျောက်တုံးနဲ့ကြိုးခွေကို ရေထဲပစ်ချလိုက်ပေတော့. . ဟေ့. . ဟေ့. . ဒီအတိုင်းမချနဲ့ဦး"

"ဘယ်လိုချရမှာလဲ"

"မင်းကိုယ်စားဖြစ်အောင် ကျောက်တုံးကို ကြိုးနဲ့ပတ်ဆွဲပြီးမှ ချလိုက် ဒါမှမင်းအတွက် ယတြာချေပြီးသားဖြစ်မှာ ရေထဲချခါနီးမှာလည်း 'ကံဆိုးလှတဲ့ မိုးကျော်ရေ သွားပေတော့ဟေ့' လို့ ပါးစပ်ကပြောလိုက်"

ဟုပြောသဖြင့် မိုးကျော်က ထွေထွေထူးထူးပြန်မေးမနေတော့ပဲ သူယူလာသောကျောက်တုံးကိုကြိုးဖြင့်ပတ်ချီပြီး. . 'ကံဆိုးလှတဲ့ မိုးကျော်ရေသွားပေတော့ဟေ့. . .' ဟုပြောကာ ရေထဲပစ်ချလိုက်ရာ ဝုန်းခနဲအသံမြည်သွားပြီး ရေလှိုင်းဂယက်များ ထသွားလေတော့သည်။

ထို့နောက်. . . ဦးဗန်ကောင်းက ငှင်းပစ္စည်းများကိုသိမ်းဆည်းပြီး မိုးကျော်ဆိုသောလူရွယ်ကို သူနေသော နေရာသို့ ခေါ်သွားလေသည်။





# အခန်း (၃)

# ဖိုဝင်မှားသောဝိညာဉ်

အင်္ဂလိပ်များသိမ်းပိုက်ထားစဉ်က ရန်ကုန်မြို့အရှေ့ပိုင်း[illegible]ကွက်များမှာ စည်ကားခြင်းမရှိပဲ သာမန်မျှသာရှိခဲ့ပေသည်။

ဗိုလ်တထောင်ဘုရားရှိသဖြင့် ဗိုလ်တထောင်ဟုပင်ခေါ်[illegible] အရှေ့ပိုင်းနယ်မြေတစ်ဝိုက်မှာ အများအားဖြင့်တော့[illegible]လူမျိုးများသာ အနေများကြလေသည်။ ရန်ကုန်မြို့အ[illegible] ဗိုလ်တထောင်ဘက်မှာ ကုလားများအနေများသလို[illegible]တော်တရုတ်တန်းဟုခေါ်သော မြို့လယ်တစ်ဝိုက်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



တရုတ်လူမျိုးများ အများစုနေထိုင်ကြသည်။

အနောက်ပိုင်းဟုခေါ်သော ကြည့်မြင်တိုင်ဘက်မှာတော့ မြန်မာလူမျိုးတို့ချည်း နေကြသည်။ ကြည့်မြင်တိုင်သည် ကုလားနှင့်တရုတ်လူမျိုးများ မရှိသလောက်နည်းပြီး၊ မြန်မာချည်း နေထိုင်ခဲ့သော. နေရာတစ်နေရာဖြစ်သည်။

ဗြိတိသျှခေတ်က ရန်ကုန်မြို့လယ် တစ်ဝိုက်လောက်သာ စည်ကားမှုရှိပြီး ကျန်နေရာများမှာ သာမန်အခြေအနေမျှသာရှိသော်လည်း ရန်ကုန်နှင့်မျက်နှာချင်းဆိုင်ဖြစ်သော ဒလဘက်ကမ်းကတော့ အတော့်စည်ကားသော ရွာကြီးအဆင့်သို့ ရောက်နေခဲ့ပေသည်။

ဒလသည် မွန်ဘာသာအခေါ်ဖြစ်ပြီး (ဒုံဒွန်းဇလဲ့) ဟူသောအခေါ်အဝေါ်မှ ဆင်းသက်လာခြင်းဖြစ်သည်။

အဓိပ္ပါယ်ကတော့ ကြခတ်ဝါးပင်များ ဝန်းရံနေသော မြို့ဟု အဓိပ္ပါယ်ရလေသည်။

အချို့ကလည်း ကြခတ်ဝါးပင်များပေါက်သော မြို့ဟု အဓိပ္ပါယ်ပြန်ကြသည်။

ရှေးဒဏ္ဍာရီများတွင် တောတွင်းသားမောင်ဒီနှင့် ကြခတ်ဝိုင်း မင်းသမီး (အချို့ကလည်း ကြခတ်ဝိုင်းဟုရေးသည်)တို့ ဇာတ်လမ်းရှိခဲ့သောနေရာလည်း ဖြစ်သည်။

မောင်ဒီနှင့်လက်ထပ်ဖို့လာသော မင်းသမီးသည် မောင်ဒီသေဆုံးသွားသောအခါ နန်းတော်သို့မပြန်တော့ပဲ ကြခတ်တောတွင်းမှာပင် မြို့တည်ပြီးနေသောကြောင့်သော်လည်း





ကောင်း၊ ၎င်းနေသောနေရာကို လူသူမမြင်စေရန် ကြခတ်တောများနှင့် ဝန်းရံထားသောကြောင့် ကြခတ်ဝိုင်းဟုခေါ်တွင်ခြင်းလည်းဖြစ်ပေသည်။

နောက်ဆုံးတွင် အိန္ဒိယမင်းသားတစ်ပါးက ကြခတ်တောတွင်းသို့ ရွှေဒင်္ဂါးများကြဲချရာ ဒေသခံများက ကြခတ်တောများကို ခုတ်ထွင်ဖယ်ရှားပြီး ရွှေဒင်္ဂါးကိုရှာဖွေယူကြရာမှ ကြခတ်တောများ ရှင်းသွားခဲ့ပေသည်။

ထိုအခါမှ ကြခတ်တောအတွင်းမှ မင်းသမီးကိုတွေ့ပြီး ကောက်ယူသွားခဲ့လေသည်။ နောက်ပိုင်းတော့ ထိုနေရာ တစ်ဝိုက်တွင် 'ကြခတ်ရော' ဟု အမည်မှည့်ခေါ်ထားသော ရှေးမြို့ဟောင်းတစ်ခုကို တွေ့ခဲ့ကြရသည်။

ယခုလက်ရှိ ဒလမြို့နေရာမှာ 'ရှေးဟောင်းမိုင်းသူဟုခေါ်သော 'ပိုင်တူရွာ' နေရာဖြစ်သည်။ ရှေးနှစ်ပေါင်းများစွာကတည်းက မိုင်းသူရွာနေရာသည် ဒလမြို့ဝန် ရုံးစိုက်ခဲ့သောနေရာဖြစ်သည်။ အင်္ဂလိပ်တို့က ထိုနေရာကို မိုင်းသူ(Mangthu) ဒေသဟု ရေးသားသုံးစွဲသည်။

အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲကာလများမှာပင် ဒလသည် စစ်ရေးအရ အရေးပါသောနေရာဖြစ်ခဲ့သည်။ (၁၈၂၄)ခုနှစ်တွင် မြန်မာတပ်ဖွဲ့ဝင်များ ဗြိတိသျှတို့သိမ်းပိုက်ထားသော ဒလမြို့ကို ပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် ဆင်နွှဲသောစစ်ပွဲမှာ ဗြိတိသျှအရာရှိများကပင် အသိအမှတ်ပြုကြရသည်။

နှစ်ဦးနှစ်ဖက်ပြင်းထန်စွာ ထိခိုက်ကျဆုံးမှုများ ရှိခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် မြန်မာတို့ကဒလခံတပ်ကို အင်္ဂလိပ်လက်မှပြန်လည် သိမ်းပိုက်နိုင်ခဲ့ကြသည်။ကိုလိုနီခေတ်ဦးကာလ (၁၉၂၁)ခုနှစ်စာရင်းအရ ဒလသည်ဟံသာဝတီခရိုင်အတွင်း စီရင်စုနယ် (၁၄)ခုအနက် တစ်ခုအပါအဝင် ဖြစ်ခဲ့လေသည်။

(၁၉၅၆)ခုနှစ်နောက်ပိုင်းမှာတော့ ရန်ကုန်တိုက်နယ်အဖြစ် ပါဝင်လာခဲ့လေသည်။ ဒလတိုက်နယ်တွင် ဒလမြို့မ၊ အုံ့ကြီးရပ်၊ ညောင်တုန်း (၁၁-၁၄) ဆန်စက်မြေ၊ (၆)နံပါတ်ရွာ၊ ကင်းစ်ဘင်ရွာ၊ ဘီအိုင်မီးသွေးရုံ၊ ကမာကသွယ်၊ ရေဒီးယားကွက်သစ်၊ ကမာကဆစ်ရွာ၊ ဆာပါချောင်၊ တွံတေးလမ်း . . . အစရှိသော ရပ်ကွက်တို့ပါဝင်လေသည်။

၎င်းတို့အနက် ကမာကဆစ်ကျေးရွာမှာ ရှေးခေတ်မွန်ဘုရင်များ အုပ်စိုးစဉ်ကာလကပင် တည်ရှိခဲ့သော ကျေးရွာဟောင်းဖြစ်သည်။

ကမာကဆစ်ဟူသောအမည်မှာ မွန်ဘာသာဖြင့် မှည့်ခေါ်ထားသည့် အမည်ဖြစ်ပြီး အဓိပ္ပါယ်မှာ 'ချန်ပေါင်ကန်' ဟူ၍ဖြစ်သည်။

ကိုလိုနီခေတ်က ဒလဘက်ကမ်းမှာ ရန်ကုန်မြို့နှင့်မြစ်တစ်ခုသာခြားပြီး မျက်နှာချင်းဆိုင်ရှိသော်လည်း သာမန်ကျေးရွာကြီးတစ်ရွာမျှသာ ဖြစ်သည်။ ယခုတွံတေးလမ်း ဖောက်ထားသော နေရာဘက်မှာ လူနေအိမ်ခြေ သိပ်မရှိလှပဲ သာမန်လက်လုပ်လက်စားတို့လောက်သာ အနေများလေသည်။

ရှေးအခါက ထိုနေရာတစ်ဝိုက်မှာရှိသော ရွာတစ်ရွာမှာ





ဖိုးမောင်ဆိုသော လူရွယ်တစ်ယောက်ရှိလေသည်။ သူသည် အသက် (၂၅)နှစ်ခန့်အရွယ်ရှိပြီး မိဘကိုလုပ်ကျွေးနေသူ ဖြစ်သည်။

ဆင်းရဲနွမ်းပါးသူ ဖြစ်သောကြောင့် အလုပ်အကိုင်မြဲမြဲရရမရှိလှပဲ ကြုံရာကျပန်းအလုပ်ဖြင့်သာ အသက်မွေးဝမ်းကြောင်း ပြုနေရသူဖြစ်သည်။

ဖိုးမောင်သည် လှေတစ်စင်းနှင့် မြစ်ထဲချောင်းထဲမှာ သားငါးရှာဖွေနေရသော်လည်း စိတ်ထားဖြူစင်ပြီး သဘောမနော ကောင်းသူတစ်ဦးလည်းဖြစ်သည်။

တစ်နေ့သ၌ မြစ်ကမ်းဆိပ်မှာ တစ်ယောက်တည်းထိုင်ပြီး ငါးမျှားနေစဉ် သူရှိရာသို့ လူတစ်ယောက် ရောက်လာလေသည်။ အဝတ်အစားအဟောင်းများ ဝတ်ထားပြီး နံဘေးမှာ သွယ်အိတ်ဟောင်းတစ်လုံးလည်း လွယ်ထားသည်။

သဘက်တစ်ထည်ကို ဦးခေါင်းမှာပတ်ထားပြီးနောက် တောင်ဝှေးတစ်ချောင်းကိုလည်း လက်မှာကိုင်ထားသည်။ ထိုသူမှာ အသက်(၃၀)ကျော်အရွယ်ခန့်သာ ရှိသေးသော်လည်း ရောဂါတစ်စုံတစ်ခု ခံစားနေဟန်ဖြင့် ညှိုးနွမ်းနေလေသည်။

သူရောက်လာသောအချိန်မှာ နေဝင်ရီတရောအချိန်ဖြစ်သဖြင့် အလင်းရောင်က နည်းပါးနေလေသည်။

"ဘယ်လိုလဲမိတ်ဆွေ ငါးအတော်ရနေပြီလား"

အနားရောက်လာတော့ သူကမေးသည်။

"သိပ်မရသေးပါဘူး၊ ဟင်းစား ကျွေးစားလောက်ပဲရပါ



www.burmeseclassic.com

www.burmeseclassic.com



သေးတယ် ဒါထက်ခင်ဗျားကဘယ်သူလဲ”

“ကျုပ်က ခရီးသွားတစ်ယောက်ပါပဲ၊ ဒါပေမယ့် ဒီနေရာ ဒီဒေသတွေလည်း မသွားဖူးမလာဖူးတော့ သွားချင်တဲ့နေရာလည်း တော်တော်နဲ့ခရီးမရောက်ဘူး ဖြစ်နေတယ်ဗျာ”

“ဒါထက် ဘယ်နေရာကိုသွားမှာမို့လို့လဲ”

“ကျုပ်က တွံတေးတောတန်းဘက်ကို သွားချင်တာဗျ၊ ဒီနေရာကနေ အတော်ဝေးသေးလား”

ဟုမေးသည် ထိုစကားကြောင့် ဖိုးမောင်မှာ အတော်ကလေးကရုဏာသက်သွားတော့သည်။

“ခင်ဗျားသွားချင်တဲ့ တွံတေးတောတန်းဆိုတာ ဒီနေရာကနေသွားရင် အတော်ကလေး ဝေးလှတယ်၊ ခြေလျှင်သွားရင် ရက်အတော်ကြာမှ ရောက်နိုင်မယ်၊ ဒ့ါအပြင် ခရီးလမ်းကလည်း ကြမ်းပါတယ်”

“ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ ရောက်အောင်တော့ သွားရမှာပါပဲ”

“ခင်ဗျားကြည့်ရတာ တစ်ခုခုဖြစ်နေတဲ့ပုံပဲ၊ ဒီလို အချိန်မရှိတော့မှ တစ်ယောက်တည်းသွားလို ဖြစ်ပါ့မလား”

“ဒီတစ်ညတော့ ခင်ဗျားကိုပဲ အကူအညီတောင်းရတော့မှာပဲ၊ ကျုပ်အတွက် တစ်ညလောက်တည်းခိုလို့ရမယ့် နေရာလေးများရှိရင် တစ်ဆိတ်လောက်ကူညီပေးပါ”

ဟုပြောရာ ဖိုးမောင်မှာ ပင်ကိုယ်က စိတ်သဘောကောင်းသူတစ်ဦးဖြစ်သဖြင့် ခရီးသွားဧည့်သည်ကိုကြည့်ပြီး စိတ်





မကောင်းဖြစ်မိ သွားလေသည်။

“ဒီလိုဖြင့် ကျွန်တော်တို့အိမ်ကိုပဲ လိုက်လာပြီး တစ်ညတည်းပေါ့ဗျာ. . . နောက်တစ်နေ့မှပဲ ခင်ဗျားသွားချင်တဲ့နေရာသွားပေါ့”

ဟုပြောပြီးနောက် ငါးမျှားသောပစ္စည်းတို့ကို သိမ်းဆည်းပြီး ခရီးသွားဧည့်သည်ကို အိမ်သို့ခေါ်ဆောင်သွားလေသည်။ ၎င်းတို့နေသောအိမ်မှာ ရွာအစွန်ဘက်မှာရှိပြီး ဆိပ်ကမ်းနှင့်လည်း မဝေးလှပေ အိမ်ရောက်တော့ ဧည့်သည်အတွက် နေရာထိုင်ခင်းပေးပြီး စားသောက်စရာများ စီစဉ်ပေးတော့ မစားပေ. . .။

“ကျုပ်က ကျန်းမာရေးသိပ်မကောင်းလို့မစားတော့ပါဘူးဗျာ”

ဟုငြင်းပယ်လေသည်။

ဖိုးမောင်က အင်အားချို့တဲ့နေဟန်ရှိသော ထိုသူ၏ဟန်အမူအရာကြည့်ပြီး စိတ်ထဲမှာ ဇဝေဇဝါဖြစ်နေသည်။

“ခင်ဗျားကြည့်ရတာ. . . ခရီးသိပ်ပြီး ပင်ပန်းလာပုံရတယ် တစ်ခုခုများဖြစ်နေသလား”

ဟုမေးလိုက်သည်။

“ဟုတ်တယ်ဗျာ. . . ကျုပ်မှာ ရောဂါအခံလည်းရှိတယ် ခရီးက ပင်ပန်းလာတော့ အခြေအနေသိပ်မကောင်းသလိုဖြစ်လာလို့ပါ”

“ဒီလိုဆိုရင်လည်း သက်သာအောင်နေပါ လိုတာရှိရင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျွန်တော့်ကိုပြောပါ"

ဟုပြောပြီး ဧည့်သည်အတွက် အိမ်ရှေ့ဘက်တွင် အိပ်ရာခင်းပေးရာ ခွေခွေကလေးလှဲနေသည်။ ဖိုးမောင်လည်း တစ်နေကုန် အလုပ်ပင်ပန်းထားသောကြောင့် မိခင်ပြင်ပေးထားသော အစားအသောက်တို့ကို စားသောက်ပြီး အိပ်ရာဝင်လေရာ မကြာခင်အိပ်ပျော်သွားလေသည်။

ထိုသို့အိပ်ပျော်နေစဉ် တစ်စုံတစ်ယောက်က လာနှိုးသဖြင့် ပြန်နိုးလာပြီးကြည့်သောအခါ သူ့နံဘေးမှာဆောင့်ကြောင့်ထိုင်နေသည့် ဧည့်သည်ကိုတွေ့ရလေသည်။

"ဟင်. . . ခင်ဗျားဘာဖြစ်နေလို့လဲ"

လှဲနေရာမှ ထထိုင်ပြီးမေးလိုက်သည်

"ခင်ဗျားတို့ကို သက်သက်လာပြီး ဒုက္ခပေးသလိုတော့ဖြစ်နေပြီဗျာ. . . ကျုပ်တော့မနေရတော့ပါဘူး သေရတော့မယ်ထင်ပါရဲ့"

ထိုစကားကြောင့် ဖိုးမောင်မှာ ထိတ်လန့်သွားလေသည်

"အို မဟုတ်တာဗျာ၊ ခင်ဗျားကြည့်ရတာ ချက်ချင်းကြီးတော့မသေနိုင်သေးပါဘူး"

"ကျုပ်အခြေအနေကို ကျုပ်သိပါတယ်၊ မနေရတော့ဘူး. . မကြာခင်သေရတော့မှာပါ။ မသေခင် ခင်ဗျားကိုအကူအညီတစ်ခုတော့ တောင်းပါရစေ"

"ဘယ်လိုအကူအညီမျိုးလဲ. . တတ်နိုင်တာဆိုရင် ပေးပါ့မယ်"





"အကယ်၍ ကျုပ်ရုတ်တရက်သေသွားရင် တစ်နေရာမှာ မြေကျင်းတူးပြီးမြှုပ်ပေးပါ ကျုပ်မှာပါလာတဲ့ လွယ်အိတ်နဲ့ တောင်ဝှေးကိုပါ တစ်ပါတည်းထည့်ပြီး မြှုပ်ပေးပါ"

"ဒါ. . . ဒါ ကတော့"

"နောက်တစ်ခုလည်းရှိပါသေးတယ်၊ တကယ်လို့ မြေမြှုပ်နေတဲ့အချိန်မှာ တားဆီးနှောင့်ယှက်မယ့်သူတွေ ရောက်လာခဲ့ရင်လည်း ဘယ်သူပြောတာကိုမှ နားမထောင်ပါနဲ့၊ နောက်ပြီး အိမ်မှာလည်းကြာကြာမထားပါနဲ့"

"ခင်. . ခင်ဗျား ဘာတွေပြောနေတာလဲ၊ ခင်ဗျား ကြည့်ရတာရုတ်တရက်တော့ သေမယ်မထင်ပါဘူး"

"ကျုပ်အကြောင်း ကျုပ်ပဲသိပါတယ်၊ ခင်ဗျားအံ့နေနဲ့တစ်နေ့မှာ ကြီးပွားချမ်းသာချင်တယ်ဆိုရင် ကျုပ်ပြောတဲ့အတိုင်းသာလုပ်ပေးပါ။ နောက်ပြီး ကျုပ်မှာထားခဲ့တာတွေကိုလည်း မမေ့ပါနဲ့၊ တကယ်လို့ ကျုပ်ပြောတဲ့အတိုင်းမဖြစ်ပဲ တစ်ခုခုချို့ယွင်းခဲ့မယ်ဆိုရင်တော့ ကျုပ်လည်းဒုက္ခရောက်မယ် ခင်ဗျားတို့လည်းဒုက္ခရောက်ကြမှာ မလွဲပါဘူး"

ဖိုးမောင်လည်း ဘာပြောရမှန်းမသိပဲ ရှိနေရာ ခရီးသွားဧည့်သည်မှာ ကြည့်နေရင်းမှာပဲ မျက်ဖြူလန်တက်လာပြီးနောက်ရှေ့မှာပင် ဗိုင်းခနဲ လဲကျသွားလေတော့သည်။

"ဟေ့လူ. . ဟေ့လူ. . အို အချိန်မတော်ကြီးတော့ခက်ပါပြီ"

ဟုရေရွတ်တော့လည်း သူ့အနေဖြင့်ဘာမှတော့မတိုပ်



www.burmeseclassic.com

www.burmeseclassic.com



တတ်ပါချေ၊ ထို့နောက် ကြမ်းပြင်ပေါ်မှာ ခွေခွေကလေးလဲကျနေသူကို စမ်းကြည့်သောအခါ အသက်မရှူတော့ပေ. . .

ထိုအချိန်မှာပင် အိပ်နေကြသော ဖိုးမောင်၏မိဘများဖြစ်သူ ဦးဘစိန်နှင့် ဒေါ်မြတို့လည်း နိုးလာကြသည်။ ဦးဘစိန်ကကြမ်းပြင်ပေါ်မှာ ခွေခွေလေးလဲနေသူကိုကြည့်ပြီး တအံ့တသြဖြင့်မေးရာဖိုးမောင်က အကျိုးအကြောင်းပြောပြလိုက်သည်။

"ဒါ. . . ဒါဖြင့်ဘယ်လိုလုပ်ကြမလဲ"

"သူပြောခဲ့တဲ့အတိုင်း မြေမြှုပ်ပေးလိုက်ကြရုံရှိတော့တာပေါ့"

"သူကြီးမတိုင်ပဲ ကိုယ်သဘောနဲ့ကိုယ်မြေမြှုပ်လိုက်ရင်မတော်လို့ ရာဇဝတ်မှုတွေများ ဖြစ်မလား"

ဦးဘစိန်ကတော့ လူကြီးပီပီစိုးရိမ်သောလေသံဖြင့်ပြောသည်။

"ဒီလိုဆိုရင်လည်း ကိုယ့်မှာအပြစ်မရှိအောင် ကျုပ် သူကြီးအိမ်ပြေးပြီး သွားပြောလိုက်ရင် မကောင်းဘူးလား"

ဒေါ်မြကဝင်ပြောသည်။

"မသွားနဲ့ အဖေ မဖြစ်ဘူး၊ သူပြောတဲ့အတိုင်း မလုပ်ရင် အားလုံးဒုက္ခရောက်ကြမယ်လို့ ပြောသွားတယ် မြန်မြန်မြေမြှုပ်လိုက်တာပဲ ကောင်းတယ်ထင်တယ်"

"ဒီလိုဆိုရင်လည်း ငါတို့ကြီးလုပ်လို့မသင့်ဘူး ဟိုဘက်တဲမှာနေတဲ့ သာခင်ကို အကျိုးအကြောင်းပြောပြီး ခေါ်လာပြီးမှ မင်းတို့နှစ်ယောက် သုသာန်ယူသွားပြီး မြေမြှုပ်လိုက်ကြ"





ဟုပြောသဖြင့် ထွေထွေထူးထူးပြန်ပြောမနေတော့ပဲ သူတို့အိမ်နဲ့မနီးမဝေးမှာနေသော သာခင်ကိုသွားနှိုးသည် သာခင်သူမှာ အရက်သောက်တတ်သူဖြစ်သောကြောင့် အရက်မူးပြီး အိပ်ပျော်နေရာ ဖိုးမောင်သွားနှိုးတော့မှ အိပ်ချင်မူးတူးဖြင့် လိုက်လာလေသည်။

"အချိန်မတော်ကြီးဘာလုပ်မလို့လဲ ဖိုးမောင်"

"ဟိုရောက်တော့မှ ပြောပြမယ် လိုက်သာလိုက်ခဲ့ပါ"

ဟုပြောပြီးခေါ်လာခဲ့သည်။

အိမ်ရောက်တော့မှ အခြေအနေကိုပြောပြရလေသည်။

"ဖြစ်. . . ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် အချိန်သိပ်ကြာနေလို့မဖြစ်ဘူး မိုးလင်းသွားလို့တခြားလူတွေမြင်သွားရင် မကောင်းဘူး. . . မနက်ကျတော့ ခင်ဗျားအတွက် အရက်ဝယ်ပေးပါ့မယ်"

ထိုသို့ပြောတော့မှ သဘောတူလေသည်။ ထို့နောက်တော့ သေဆုံးနေပြီဖြစ်သော ဧည့်သည်အလောင်းကို စောင်ဟောင်းတစ်ထည်ဖြင့်မတ်ကာ သုသာန်ရှိရာသို့ သယ်ယူခဲ့ကြသည်။

သူတို့နှင့်အတူ တူရွင်းပေါက်ပြား မီးအိမ်တစ်လုံးပါ ယူဆောင်ခဲ့ကြသည်။

သုသာန်မှာ မဝေးလှပေ၊ ရွာအစွန်ဘက်ကမ်းစပ်နှင့် ဆေးမှာရှိသည်။ ခနိတော၊ ခရာတောနှင့် လမုတောပင်များ နေရာတွင် ထိုရွာမှာနေပြီး သေသူများ လာရောက် မြှုပ်နှံ



www.burmeseclassic.com

www.burmeseclassic.com



ကြသဖြင့် သုသာန်မြေဖြစ်နေတော့သည်။

ဆင်းရဲသားများနေထိုင်ရာ ရွာဖြစ်သောကြောင့် သေလျှင်ခေါင်းတလားနှင့်ပင် မထည့်နိုင်ပဲ ဖျာလိပ်ဖြင့်ပတ်ကာ မြေကျင်းတူးပြီး မြှုပ်နှံကြသောနေရာဖြစ်သည်။

တစ်ခါတစ်ရံ မြစ်ကမ်းစပ်တွင် လောလောဆယ်မြှုပ်ထားသောအလောင်းတို့မှာ ရေတိုက်စားသဖြင့် တစ်ဝက်တစ်ပြတ်ပေါ်နေရာ ညအချိန်ထိုနေရာအနီးမှ လှေဖြင့်ဖြတ်သွားဖြတ်လာသူတို့ မြင်သဖြင့် ကြောက်လန့်တကြား ဖြစ်နေကြရသည်မျိုးရှိသည်။

ဖိုးမောင်နှင့်သာခင်တို့နှစ်ယောက်က အလောင်းကိုစောင်ဖြင့်ပတ်ကာ ရှေ့နောက်ထမ်းကာ သုသာန်သို့သယ်ယူသွားကြသည်။ ထိုနေရာရောက်သောအခါ တစ်နေရာမှာချပြီး အလောင်းမြှုပ်ရန် မြေကျင်းတူးကြလေသည်။

ထိုသို့ကျင်းတူးနေကြစဉ် လမုတောများရှိသောအနောက်ဖက်မှ ဆူဆူညံညံအသံများ ကြားနေရသည်။ လှည့်ကြည့်လိုက်တော့ မီးရောင်များမြင်ရသည်။

"ဒုက္ခပါပဲ သူကြီးအကြောင်းမကြားရသေးဘဲ အလောင်းကိုမြေမြှုပ်ဖို့လုပ်နေတာ သတင်းကြားလို့ ငါတို့ကို ဖမ်းမလို့ လာကြတာထင်ပါရဲ့"

သာခင်ကပြောလိုက်သည်။ ထိုအခိုက်မှာပင် မီးတုတ် မီးတိုင်များကိုင်ထားသော လူသုံးယောက် သူတို့အနား ရောက်လာကြသည်။ ရှေ့မှဦးဆောင်လာသူက ချောမောလှပသည့်





မိန်းမပျိုတစ်ဦး ဖြစ်သည်။ ထိုမိန်းကလေးကိုယ်ပေါ်မှာလည်း ...ဖိုးရှိသော လက်ဝတ်ရတနာတို့ ဝတ်ဆင်ထားလေသည်။

ဖိုးမောင်နှင့်သာခင်တို့က ထူးထူးခြားခြားရောက်လာသော လူသုံးယောက်ကို တအံ့တသြကြည့်နေကြလေသည်။

"ရှင်တို့ ဘာလုပ်နေကြတာလဲ"

"သေသွားတဲ့သူကိုမြှုပ်ဖို့ မြေကျင်းတူးနေကြတာပါ"

"အလောင်းကဘယ်မှာလဲ"

"ဟောဟိုမှာ ချထားပါတယ်"

"အပေါ်ကအုပ်ထားတဲ့အဝတ်ကို တစ်ဆိတ်လောက် ...ခွာလိုက်ပါ"

ဟုပြောသဖြင့် အလောင်းကိုပတ်ထားသောစောင်ကို ...ခွာလိုက်သည်။ အလောင်းကိုမြင်သောအခါ အမျိုးသမီးက ...လန့်တကြား ပြောလိုက်သည်။

"အမလေး ကံကြီးပေလို့သာ အချိန်မီရောက်လာရပေ...တယ်၊ နည်းနည်းလေးသာနောက်ကျရင်တော့ ရှင်တို့အ...တွေးဝံ့စရာပဲ"

"ဘာကြောင့်လဲဗျ ဒီအလောင်းက ခင်ဗျားနဲ့ဘယ်လို...တ်ဆိုင်လို့လဲ ပြောပါဦး"

"ကျွန်မနဲ့တော့ မသက်ဆိုင်ပါဘူး၊ ဒါပေမယ့် ကျွန်မက...ကြောင်းကို ကောင်းကောင်းသိတယ်ဆိုပါတော့"

"ဘယ်လိုသိတာလဲ ပြောပါဦး"

"သူကသာမန်မဟုတ်ဘူး မိစ္ဆာထုံကူးနေတဲ့သူရှင့် သို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



လား၊ သူ့အလောင်းကို မြေမြှုပ်လိုက်တာနဲ့ ခုနစ်ရက်ပြည့်ရင်
အသက်ဝင်ပြီး ပြန်ထလာလိမ့်မယ်"

"ဟင်. . ."

နှစ်ယောက်သား အထိတ်တလန့်ဖြစ်သွားကြသည်။

"အဲ့လိုအသက်ဝင်ပြီးထလာရင် သူ့ကိုမြေမြှုပ်ပေးတဲ့
သူတွေကို အရင်ရှာပြီး အသည်းနှလုံးကိုယူတယ်၊ နောက်ပြီး
တစ်ရွာလုံးသတ်ပြီး အသည်းနှလုံးတွေယူသွားကြမှာ သိကြ
လား"

"ဟုတ်. . ဟုတ်ရဲ့လားဗျာ ကြားရတာနဲ့တင် ကြောက်
စရာအတော်ကောင်းနေပြီ. . . ဒီတော့ဘယ်လိုလုပ်ရမလဲ"

"ဘာမှမလုပ်နဲ့တော့ ဒီအလောင်းကို ဒီအတိုင်းထား
ပြီးပြန်သွားကြတော့. . နောက်ပြီး ဒီအကြောင်းကိုလည်း ဘယ်
သူ့မှမပြောကြနဲ့"

ဟုမှာသည် ထိုအခါသာခင်က ဖိုးမောင်အနားကပ်ပြီး
ပြောသည်။

"တော်သေးတာပေါ့ အရက်သောက်နေပေမယ့် ...
မယ့်သူနဲ့တွေ့ရသေးတယ် ကိုင်းပြန်ကြရအောင်"

ဖိုးမောင်ကလည်း ပထမတော့ ပြန်သွားရန် စိတ်...
လိုက်သေးသည်။ နောက်တော့နားထဲမှာ ဧည့်သည်ပြောသွား
သောအသံကို ပြန်လည်ကြားယောင်လာလေသည်။

"တကယ်လို့ ကျုပ်အလောင်းကို မြေမြှုပ်ဖို့ပြင်ဆင်
တဲ့အချိန်မှာ တားဆီးနှောင့်ယှက်မယ့်သူတွေ ရောက်လာ





...ည်း ဘယ်သူပြောတာမှ နားမထောင်ပါနဲ့ ခင်ဗျားအနေနဲ့
...ကြီးပွားချမ်းသာချင်တယ်ဆိုရင် ကျုပ်ပြောတဲ့အတိုင်းသာ လုပ်
...ပေး၊ တကယ်လို့ ကျုပ်ပြောတဲ့အတိုင်းမဖြစ်ပဲ တစ်ခုခု ချို့ယွင်း
...ယ်ဆိုရင်တော့ ကျုပ်လည်းဒုက္ခရောက်မယ် ခင်ဗျားတို့လည်း
...ရောက်ကြမှာ မလွဲပါဘူး၊ ကျုပ်ပြောတဲ့စကားတွေကို မမေ့
...နဲ့"

ထိုစကားသံများက ယခုပင် အနားမှာကပ်ပြောနေသ
...သို့ ပြန်လည်ကြားယောင်နေခြင်းဖြစ်သည်။

ဖိုးမောင်က အတော်ကြာအောင်စဉ်းစားနေသောအခါ
...မိန်းမ သမီးကမေးသည်။

"ရှင်ဘာတွေ စဉ်းစားနေတာလဲ အချိန်သိပ်ကြာသွား
... ဒုက္ခတွေရောက်လာလိမ့်မယ် ဒီတော့အလောင်းကို ဒီအ
...တိုင်းထားခဲ့ပြီး မြန်မြန်ပြန်သွားကြလေ"

ဟုပြောသည်။

ထိုအခါ ဖိုးမောင်က ခေါင်းခါလိုက်သည်။

"ခင်ဗျားပြောတဲ့အတိုင်း မလုပ်နိုင်ဘူး"

ထိုစကားကြောင့် အနားမှာရှိသောသာခင်ပင် မျက်လုံး
...သွားလေသည်။

"ရှင်ဘယ်လိုလူလဲ အတော်ခက်တဲ့လူပါလား . . . ဒါ
... မေးပါရစေဦး ဒီအလောင်းကို မြေမြှုပ်ပေးတော့ ဘယ်လို
...ကျေးဇူးရမှာမို့လဲ"

"အို သူ့ဆီကကျေးဇူးရတာမရတာထက် ပေးထားပြီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘတ်ကာ ပိုပြီးအရေးကြီးတယ်"

"ရှင်ကတိပေးထားလဲ. . . သူသေသွားပြီပဲ"

"သူမရှိတော့လဲ ပေးထားတဲ့ကတိတော့ တည်ရမှာပဲ ခင်ဗျားလာတားလည်းမရဘူး. . . အလောင်းကိုတော့မြေမြှုပ်ရမှာပဲ သာခင့်ရေ ငါတို့အလုပ် ဆက်လုပ်ကြမယ်"

ထိုသို့ပြောသောအခါ မနီးမဝေးမှာရှိနေသည့် သာခင်မှာဖိုးမောင်မျက်နှာတစ်လှည့် အမျိုးသမီးမျက်နှာတစ်လှည့်ကြည့်ကာ ဘာလုပ်ရမှန်းမသိပဲရှိနေသည်။

နောက်မှဖိုးမောင်က အတင်းခေါ်တော့မှ မဝံ့မရဲနှင့် အနီးတိုးလာလေသည်။ ထိုအခါအမျိုးသမီးကပြောပြန်သည်။

"သူကအခြားသူမဟုတ်ဘူး. . အောက်လမ်းအတတ်ပညာတွေကို တစ်ဖက်ကမ်းခပ်တတ်မြောက်ထားတဲ့ ဆေးဝိဇ္ဇာတစ်ဦးပဲ၊ ရှင်တို့ကဘာမှမသိသေးတော့ နားလည်အောင် ရှင်းပြပေးပါ့မယ်၊ အောက်လမ်းအတတ်ပညာ မှော်ပညာတတ်တဲ့သူတွေဆေးဝိဇ္ဇာတွေဟာ သူတို့ရဲ့သက်တမ်းရှည်အောင် ထုံကူးကြရတယ်၊ ထုံကူးတယ်ဆိုတာ အခုလိုကိုယ့်ကိုယ်ကိုယ် သေအောင်လုပ်ပြီးမှ အသက်ပြန်ရှင်လာအောင်လုပ်တာမျိုးပဲ"

ထိုအမျိုးသမီးက စိတ်ရှည်လက်ရှည်ပြောပြနေသည်ကို ဖိုးမောင်တို့နှစ်ယောက်က မျက်တောင်မခတ် ကြည့်ကာနားထောင်နေကြလေသည်။

"သူအသက်ပြန်ရှင်လာတာနဲ့ သူ့အကြောင်းတွေကိုတခြားသူတွေသိမှာစိုးလို့ သူ့ကိုမြေမြှုပ်ပေးခဲ့တဲ့လူတွေကို အရှင်





ဆုံးပြန်သုတ်လေ့ရှိတယ်၊ ဒီတော့ ရှင်ကတိပေးထားလို့ အလောင်းကို သင်္ဂြိုဟ်ချင်တယ်ဆိုရင်လည်း မီးရှို့ဖျက်ဆီးယင်ဖျက်ဆီးပါ ဒါမှမဟုတ် ရေထဲပစ်ချလိုက်ပါ မြေတော့မမြှုပ်ကြပါနဲ့"

"ခင်ဗျားပြောလည်း မယုံနိုင်ဘူး ကျုပ်တို့ကလုပ်စရာရှိတာလုပ်ရမှာပဲ"

"အို. . နေကြပါဦး ရှင်ကအတော်ကိုခက်တဲ့သူပဲ ရှင်တို့မိသားစုကအတော်ဆင်းရဲကြတယ်မဟုတ်လား ဒီတော့ကျွန်မနဲ့အပေးအယူလုပ်ကြမယ်လေ"

"ဘယ်လိုအပေးအယူလဲ"

"အလောင်းကိုဒီနေရာမှာ ဒီအတိုင်းထားခဲ့ပြီးပြန်သွားရင် ကျွန်မမှာပါလာတဲ့လက်ဝတ်ရတနာတွေ အပြင် ရှင်တို့နှစ်ယောက်ကို တစ်ယောက်ကိုရွှေတစ်ပိဿာစီပေးမယ်လေ ဘယ်လိုလဲ"

ထိုစကားကြားတော့ ဖိုးမောင်လည်း နည်းနည်းတော့စိတ်ဝင်စားလာသည်။ သူ့ထက် အဖော်ပါလာသော သာခင်ကပိုပြီးစိတ်ဝင်စားလေသည်။

"ဖိုးမောင် ငါတို့လည်း ဆင်းရဲတွင်းကလွတ်ပြီး ချမ်းချမ်းသာသာနေရအောင် သူပြောတဲ့အတိုင်းသာလုပ်တော့ကွာ"

ဟုနံဘေးမှာကပ်ပြီး တိုးတိုးပြောလေသည်။ ဖိုးမောင်လည်းမည်သို့ပြုလုပ်ရမည်မှန်းမသိ ဖြစ်နေသဖြင့် ချီတုံချတုံ ဖြစ်နေစဉ်မှာပင် လောဘကြီးသောသာခင်က စိတ်မြန်လက်မြန်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူမယူချင်လည်းနေတော့ဗျာ ကျုပ်တော့ဆက်မလုပ်တော့ဘူး ပြန်တော့မယ်၊ ခင်ဗျားပေးမယ်ဆိုတဲ့ ရွှေတစ်ပိဿာကိုသာပေးပေတော့"

ဟုတောင်းရာ အမျိုးသမီးကလည်း မဆိုင်းမတွပင် နောက်မှာပါလာသူကို အချက်ပြလိုက်ရာ တစ်ပိဿာခန့်ရှိသော ဝင်းလက်နေသည့်ရွှေတုံးတစ်တုံးကိုထုတ်ပေးလိုက်ရာ သာခင်လည်းဝမ်းသာအားရဖြင့် ယူပြီးပြန်သွားလေတော့သည်။ နောက်မှ ဖိုးမောင်က အတန်တန်လှမ်းတားသော်လည်း မရတော့ပေ။





# အခန်း (၃)

# ဖိုဝင်မိစ္ဆာကလဲ့စား

တဖြည်းဖြည်းနှင့် သန်းခေါင်ယံအချိန်သို့ ရောက်လာချေပြီ။ သုသာန်ကုန်းပေါ်မှာတော့ ဖိုးမောင်နှင့် လူသေအလောင်းတစ်လောင်းအပြင် နောက်ထပ်ရောက်လာသော အမျိုးသမီးတစ်ယောက်နှင့် ယောကျ်ားနှစ်ယောက် ကျန်နေတော့သည်။

သာခင်ပြန်သွားပြီးနောက် ဖိုးမောင်တစ်ယောက်တည်းနေရာမှာ ကျန်နေခဲ့ရာ ဘယ်လိုလုပ်ရမှန်းမသိအောင် ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ သူတစ်ယောက်တည်းနှင့် အလောင်းတစ်လောင်းကို မြေကျင်းတူးပြီး မြှုပ်ရန်ကိစ္စကတော့ မလွယ်တော့ပေ။

သို့သော်. . သေသူကို ကတိပေးထားခဲ့သည့်အတိုင်း မဖြစ်မနေဖြစ်အောင်လုပ်မည်ဟုလည်း ဆုံးဖြတ်ထားလေသည် မနီးမဝေးမှာရှိသော အမျိုးသမီးကလည်း နည်းအမျိုးမျိုးနှင့် ဖျောင်းဖျပြောဆိုနေလေသည်။ နောက်ဆုံးတွင်မှ. . .

"အင်းလေ ရှင်က အတော်ကိုခေါင်းမာတဲ့သူပဲ ကိုယ့်အတွက်စေတနာနဲ့ လာပြောနေမှန်းလဲ သိတဲ့ပုံမပေါ်ဘူး ဒီတော့လည်းရှင့်ထိုက်နဲ့ရှင့်ကံပဲပေါ့"

ဟုပြောပြီး ထိုနေရာမှထွက်သွားလေသည်။ နေရာမှာ တော့ဖိုးမောင်နှင့် လူသေအလောင်းတစ်လောင်းသာကျန်နေတော့သည်။ အနီးမှာ မီးအိမ်တစ်လုံးချထားသော်လည်း ရေနံဆီလျော့နည်းနေပြီဖြစ်သဖြင့် မီးရောင်ကခပ်မှိန်မှိန်သာကျန်တော့သည်။

လရောင်မရှိသော ပတ်ဝန်းကျင်တစ်ခုလုံးမှာ အနီးမှာရှိသော သစ်ပင်ရိပ်များသောကြောင့် အလင်းရောင်နည်းပြီး အမှောင်ရိပ်များက ပိုများလာတော့သည်။

ပထမတော့ ဖိုးမောင်မှာဘာလုပ်ရမှန်းမသိသောကြောင့် ရပ်နေသေးသည်။ နောက်တော့မှ ဆုံးဖြတ်ချက်တစ်ခုချလိုက်ပြီး မြေကျင်းဆက်တူးရန် ပေါက်ပြားကိုကောက်ကိုင်လိုက်သည်။ ထိုအခိုက်မှာပင် မနီးမဝေးမှာရှိသော ခရာချုံများ





လမုပင်များပေါ်မှ လျှပ်ရှားသံများကြားရသည်။

" ဟင်. . ."

အသံကြားရသောနေရာများသို့ ကြည့်လိုက်သောအခါ အမှောင်ရိပ်ထဲမှထွက်လာသော မည်းမည်းသဏ္ဌာန်များကို လှမ်းမြင်ရသည်။

ချုံများအတွင်းမှ ထွက်လာသော မည်းမည်းသဏ္ဌာန်တို့မှာ သရဲသဘက်၊ မကောင်းဆိုးဝါးများ ဖြစ်ကြသည်။ ထိုမျှသာမကသေးပဲ အချို့က ချုံများနောက်ဘက်မှ တိုးထွက်လာသလို အချို့ကလည်း လမုပင်များပေါ်မှ တိုးထွက်လာသည်။

အချို့ကလည်း မြေပုံများအတွင်းမှ တိုးထွက်လာကြသည်။ ထွက်လာသော သရဲ၊ သဘက်၊ ကျတ်၊ မှင်စာစသော ပရလောကသားများမှာ အားလုံးကြောက်မက်ဖွယ်ရာကောင်းသော ပုံပန်းသဏ္ဌာန်များ ဖြစ်ကြလေသည်။

အချို့ကကိုယ်သေးပြီး ခေါင်းကအဆမတန် ကြီးနေပြီး မျက်လုံးများက အပြင်ဘက်သို့ ပြူးထွက်နေသည်။ အချို့က ခန္ဓာကိုယ်က ပုတ်လုံးလောက်ကြီး ကြသည်။ ကြီးမားသောခန္ဓာကိုယ်မှာ ခြေလက်တိုတိုလေးများရှိနေပြီး ပုတ်လုံးကြီးများလှိမ့်ချလိုက်သကဲ့သို့ လာနေကြသည်။

အချို့မှာ ခြေတံလက်တံက ထန်းပင်အမြင့်လောက်ရှည်နေပြီးသစ်ပင်အမြစ်များပေါ်မှ ခြေတစ်လှမ်းတည်းဖြင့် ဆင်းလာကြခြင်းဖြစ်သည်။ မြေကျင်းများထဲမှ အတင်းတိုးထွက်လာသော အလောင်းကောင်တို့မှာလည်း မြေကျင်းထဲမှမြေပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကြသည်နှင့် ဒယိမ်းဒယိုင်ဖြင့် အနိုင်နိုင်ရပ်နေကြရသည်။ ခြေကားရားလက်ကားရား ဖြစ်နေကြရသည်။

အချို့ကအကောင်အရွယ်အစားကြီးမားသော သဘက်ကြီးများမှာ ဖြည်းဖြည်းချင်းရွေ့လျားနေကြသော်လည်း အချို့အကောင်အရွယ်အစားသေးငယ်သော မှင်စာကလေးများကတော့ အမှောင်ထဲမှာ ဘောလုံးများလိမ့်နေသကဲ့သို့ တစ်နေရာမှတစ်နေရာ သွားလာနေကြသည်။

မကောင်းဆိုးဝါးများအားလုံးကတော့ ဖိုးမောင်ရှိရာသို့ တဖြည်းဖြည်းနှင့် ဝိုင်းလာနေကြခြင်းဖြစ်သည်။ ဖိုးမောင်မှာ တစ္ဆေသရဲကြောက်တတ်သူတော့မဟုတ်ပေ။ မြစ်ချောင်းများအတွင်းမှာ သားငါးရှာဖွေနေစဉ် သရဲခြောက်ခြင်းနှင့် မကြာခဏကြုံတွေ့ခဲ့ရသူဖြစ်၏။

သို့သော် ထိုမျှလောက်များသော တစ္ဆေ သရဲ၊ သဘက်၊ ကျတ်၊ မှင်စာ စသည်တို့ တစ်စုတစ်ဝေးတည်း ခြောက်လှန့်သည်မျိုးတော့ တစ်ခါမှမတွေ့ဖူး မကြုံဖူးခဲ့သေးပေ။ ယခုကဲ့သို့ပြောက်များလှသော တစ္ဆေသရဲများကို တွေ့မြင်ရသောအခါ လူကမကြောက်တတ်သော်လည်း စိတ်ကကြောက်ရွံ့လာသည်။ သွေးကလန့်နေသည်။

မကောင်းဆိုးဝါးများကလည်း တဖြည်းဖြည်းနှင့်ပတ်ဝိုင်းလာကြရာ မနီးမဝေးသို့ ရောက်ကြလေပြီ. . .

"ငါ့ ဘေးမှာ ဘယ်သူမှမရှိတော့ဘူး၊ ဒီလောက်များတဲ့ တစ္ဆေသရဲတွေကိုတွေ့ရတာ ကြောက်စရာပဲ"





ဟုတွေးပြီး ကိုင်ထားသော ပေါက်ပြားကိုလွှတ်ချလိုက်ပြီး ထိုနေရာမှ ထွက်ပြေးလေတော့သည်။ သူ့စိတ်ထဲမှအကြံအစည်ကတော့ သူ့ဖခင်နှင့်ရွာသူရွာသားအချို့ကို အကျိုးအကြောင်းပြောပြပြီး သူတို့ကိုပါ ခေါ်လာ၍ နောက်တစ်ခေါက်ပြန်လာရန်ပင်ဖြစ်သည်။

သို့သော် အိမ်မရောက်တော့ပေ။

တစ်နေရာရောက်တော့ သစ်ပင်ကွယ်တစ်နေရာမှ ထွက်လာသောအမျိုးသမီးနှင့် ထပ်တွေ့ရသည်။ ဒီတစ်ကြိမ်တော့ စောစောကအဝတ်အစားမျိုးနှင့်မဟုတ်တော့ပဲ ပါးလွှာသော ပဝါတစ်ထည်ကို ကိုယ်ပေါ်မှာပတ်ထားပြီး သူပြေးလာသော လမ်းပေါ်မှ ထွက်စောင့်နေခြင်းဖြစ်သည်။

ဖိုးမောင်မှာ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ပြေးလာရသောကြောင့် ထိုနေရာရောက်တော့ မြေပေါ်သို့ ပစ်လဲကျသွားလေတော့သည်။

ထိုအခါ အမျိုးသမီးက ထိုနေရာသို့ ခပ်သုတ်သုတ်လျှောက်လာပြီး ဖိုးမောင်ကိုပွေ့ထူကာ ဖက်ထားလိုက်လေသည်။ သင်းပျံ့သောကိုယ်သင်းရနံ့ကြောင့်သော်လည်းကောင်း၊ နူးညံ့အိစက်နေသည့်အသားအရေတို့၏ အထိအတွေ့ကြောင့်သော် လည်းကောင်း တစ်ကိုယ်လုံးကျင်စက်ဖြင့် အတို့ခံလိုက်ရသကဲ့သို့ တုန်လှုပ်သွားလေသည်။

ဖိုးမောင်သည် ငယ်ရွယ်သူတစ်ဦးဖြစ်သောကြောင့်သရဲသဘက်တို့နှင့် မကြာခဏတွေ့ကြုံခဲ့ဘူးသော်လည်း ထိုကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



သောလှပချောမောသည့် အမျိုးသမီးတစ်ယောက်နှင့်တော့ တွေ့ခဲ့ကြုံခဲ့ခြင်း မရှိခဲ့ဖူးသေးပေ. . .။

သို့ကြောင့် အိမ်ရောက်သည်အထိ ဆက်မသွားနိုင်တော့ပဲ ထိုနေရာမှာပင် တစ်ညလုံးအချိန်ကုန်သွားလေတော့သည်။ သုသာန်မှာချထားခဲ့သော အလောင်းကိုလည်း သတိမရတော့ပေ. . .

နောက်တစ်နေ့ နံနက်လင်းသွားသည်အထိ သစ်ပင်တစ်ပင်အောက်မှာ ငှက်ပျောတုံးတစ်တုံးကို ဖက်လျက်သား အိပ်ပျော်နေလေသည်။

ဖခင်ဖြစ်သူ ဦးဘစိန်က လူသေအလောင်းမြှုပ်ရန်သွားသော ဖိုးမောင်တစ်ယောက် တစ်ညလုံး ပြန်မလာသဖြင့် စိတ်ပူပြီး လိုက်ရှာရာ သုသာန်နှင့်မနီးမဝေးမှာရှိသော သစ်ပင်တစ်ပင်အောက်တွင် ငှက်ပျောတုံးတစ်တုံးကိုဖက်ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော ဖိုးမောင်ကိုတွေ့သောအခါ များစွာအံ့သြသွားလေသည်။

"ဖိုးမောင်. . .ဖိုးမောင် ထစမ်းဘယ်နေရာမှာ တစ်ယောက်တည်း လာအိပ်နေတာလဲ"

ဦးဘစိန်က အတင်းပုတ်နှိုးတော့မှ ပြန်နိုးလာလေသည်။

"ဟင်. . အဖေ. . ."

"တစ်ယောက်တည်း ဘယ်နေရာမှာအိပ်နေတာလဲ"

"ဟို. . . သူ. . . သူဘယ်ရောက်သွားပြီလဲဟင်"





ထိုသို့မေးရင်း ပတ်ဝန်းကျင်သို့ကျိုးကန်းတောင်မှောက် အမူအရာဖြင့် တစ်စုံတစ်ယောက်ကို လိုက်ရှာနေတော့သည်။

"သူ့ကိုမတွေ့လိုက်မိဘူးလားအဖေ၊ သူဘယ်ရောက်သွားပြီလဲ"

"ဘယ်သူ့ကိုမေးနေတာလဲ. . . မင်းခေါ်သွားတဲ့ သာခင်ကိုမေးနေတာလား. . . သာခင်က ညကတည်းက သူ့အိမ်ပြန်ရောက်လာတာ မဟုတ်ဘူးလား၊ ဒါထက် မင်းတို့နှစ်ယောက်ယူသွားတဲ့ ဟိုအလောင်းရော ဘယ်ရောက်သွားပြီလဲ"

ထိုအခါမှ အလောင်းကို သတိပြန်ရလေတော့သည်။

"ဟို. . . သင်္ချိုင်းကုန်းမှာ ချထားခဲ့တယ်. . ."

"ဟာ. . မင်းကြောင့်တော့ ခက်တာပါပဲကွာ. . ၊ တော်ကြာ ပြဿနာတွေရှုပ်လာတော့မှာပဲ. . .၊ လာ သွားကြည့်ကြရအောင်"

ဟုပြောပြီးခေါ်သဖြင့် နေရာမှထလိုက်လာသည်။ သူ့စိတ်ထဲမှာတော့ ညကတွေ့ခဲ့ရသော အမျိုးသမီးကိုသတိရနေသည်။ စွဲလမ်းနေသည်။ ညကတစ်ညလုံး သူနှင့်အတူတူရှိနေပြီးမှ ယခုဘယ်ရောက်သွားပြီမသိတော့ပေ. . .။

သုသာန်နေရာရောက်တော့ ညကသူတို့ချထားသောနေရာမှအလောင်းကို မတွေ့ရတော့ပေ။ မြေကျင်းတူးလက်စနေရာနှင့် တူရွင်း၊ ပေါက်ပြားတို့ကိုသာ တွေ့ရတော့သည်။

"ငါတို့ချထားခဲ့တဲ့အလောင်း ဘယ်နေရာရောက်သွားပြီလဲ၊ တစ်ယောက်ယောက်ကတွေ့လို့များ မြေမြှုပ်ပစ်လိုက်ပြီ



www.burmeseclassic.com

www.burmeseclassic.com



လား”

ထိုသို့တွေးတောပြီး ထိုနေရာတစ်ဝိုက်သို့ လိုက်ရှာကြည့်တော့လည်း လောလောဆယ်မြှုပ်ထားသောမြေပုံ မတွေ့ရပေ။

သားအဖနှစ်ယောက် အနီးတစ်ဝိုက်သို့ လိုက်ကြည့်တော့လည်း အလောင်းကိုမတွေ့ရတော့သဖြင့် ပေါက်တူးနှင့် တူးရွင်းတို့ကို ယူပြီး ပြန်ခဲ့ကြသည်။ အိမ်သို့ရောက်သောအခါ သာခင်ရောက်လာလေသည်။

“သာခင် မင်းကတော့ဟန်ကျပြီ . . ငါ့မှာသာ . .”

ဟုဖိုးမောင်က မချိတင်ကဲလေသံဖြင့် ပြောလိုက်လေသည်။ ညက သာခင်တစ်ယောက် တစ်ပိဿာခန့်ရှိသော ရွှေတုံးရသွားသည်ကို မြင်သဖြင့် ယခုကဲ့သို့ ပြောလိုက်ခြင်းဖြစ်လေသည်။

“မင်းရောဘယ်လိုဖြစ်လာသလဲ”

ဟုမေးသဖြင့် ညကသရဲသဘက်တို့နှင့် တွေ့ခဲ့ရသောအကြောင်းများကို ပြောပြလိုက်သည်။ ထိုအမျိုးသမီးနှင့် အတူနေခဲ့ရသောအကြောင်းကိုတော့ မပြောတော့ပေ။

“ဒါဖြင့် မင်းလည်း ဘာမှမရခဲ့ဘူးပေါ့”

“ဘာမှမရခဲ့ဘူးကွာ တစ်ညလုံးသင်္ချိုင်းနားမှာ အိပ်ပျော်နေတာ မနက်က အဖေလာနှိုးတော့မှ ပြန်ထလာခဲ့တာပါ . . ။ ဒါထက် မင်းရလာတာကြီးရော . .”

“ငါတို့နှစ်ယောက်မလုံး ခံလိုက်ကြရတာပါပဲကွာ . .





အိမ်ရောက်တော့မှ သူပေးလိုက်တဲ့ရွှေတုံးကြီးကို ကြည့်တော့မှ ရွှေတုံးမဟုတ်တော့ပဲ ရွှံ့တုံးကြီးဖြစ်နေတာကို တွေ့ရတော့တာပဲ”

ဟုစိတ်ပျက်လက်ပျက်ပြောပြလေသည်။ ပထမတော့ ဖိုးမောင်က သူပြောတာကို မယုံပေ . . သူတို့နှစ်ယောက်ပြောနေသည်ကိုကြားတော့ ဦးဘစိန်ကပင် မေးသဖြင့်အကြောင်းစုံ ပြောပြလိုက်ကြလေသည်။

ဦးဘစိန်ကတော့ ထိုအကြောင်းများကို ကြားဘူးနားဝရှိသူမို့ထိုကဲ့သို့ပြောလိုက်သည်။

“အင်း . . မင်းတို့ပြောတာတွေ နားထောင်တော့မှ ငါသဘောပေါက်တော့တယ်၊ မင်းတို့က ကိုယ့်ကိုချမ်းသာအောင် လုပ်ပေးနိုင်မယ့်သူ အိမ်ပေါ်ရောက်လာတာကိုတောင် ချမ်းသာအောင်မလုပ်နိုင်ကြပဲကိုး . . .”

“အဖေကလည်း ဘာတွေပြောနေမှန်းမသိဘူး၊ ကျွန်တော်တို့နားလည်အောင်ပြောပြပါဦး”

“ငါလည်း ဒီအကြောင်းမျိုးတွေကို သိပ်တော့နားမလည်ပါဘူး၊ ဒါပေမယ့် ရှေးကလူကြီးသူမတွေပြောဘူးတဲ့ ပုံအရဆိုရင် ညက ငါတို့အိမ်ရောက်လာတဲ့လူဟာ သာမန်မဟုတ်ဘူး၊ ဖိုဝင်မယ့် ဝိဇ္ဇာထိုက်ရှိတစ်ယောက်ဖြစ်ဖို့များတယ်”

“ဖိုဝင်တယ်ဆိုတာဘာလုပ်တာလဲ”

“ဖိုဝင်တယ်ဆိုတာ ဝိဇ္ဇာဇော်ဂျီတွေ တစ်ဆင့်တက်ဖို့ လုပ်ကြတာတွေပဲ မီးထိုးကူးတာ၊ ရေထိုးကူးတာ၊ မြေကျွင်း



www.burmeseclassic.com

www.burmeseclassic.com



အောင်းပြီး ဖိုဝင်ကြရတယ်လို့တော့ ကြားဘူးတာပဲ၊ ရွှေတိဂုံစေတီတော်ကြီး ဇာတ်ထုပ်မှာ မောင်ကံဇာတ်ထုပ်ကို ကြည့်ဖူးကြတယ်မဟုတ်လား"

"ကြည့်ဖူးပါတယ်"

"မောင်ကံက ဖိုဝင်တဲ့ဖော်ဂျီကို အကူအညီပေးခဲ့တဲ့သူဖြစ်လို့ အောင်မြင်သွားတဲ့အခါ မြေလျှိုးနိုင်တဲ့ လှံ့ပုံ့ရလို့ လူစွမ်းကောင်းဖြစ်သွားတယ်၊ အခုလည်း ဒီလိုပဲထင်ပါရဲ့. . သူမှာသွားတဲ့အတိုင်းသာ ဖိုဝင်လို့အောင်မြင်သွားရင် မင်းတို့ကို ချမ်းသာအောင် လုပ်ပေးနိုင်တာပေါ့"

ဟုစိတ်မကောင်းသောအသံဖြင့် ရေရွတ်ပြောဆိုနေသည်။ ဖိုးမောင်နှင့် သာခင်တို့နှစ်ယောက်မှာလည်း ယခုမှပင်နောင်တရနေသကဲ့သို့ ခံစားနေကြရသည်။

"အင်း. . လောကမှ ကံမကောင်းလို့ လူဆင်းရဲနေရင်တစ်နေ့ကျရင် ပြန်ပြီးချမ်းသာအောင် လုပ်လို့ရနိုင်သေးတယ်၊ အသိပညာမရှိရင်တော့ ချမ်းသာအောင်လုပ်ပေးမယ့်သူ တွေ့တာတောင်မှ ချမ်းသာအောင် မလုပ်နိုင်ကြတော့ဘူး"

ဟုရေရွတ်ပြောဆိုပြီး နေရာမှထသွားလေသည်။ ဖိုးမောင်နှင့်သာခင်တို့လည်း ထိုအကြောင်းများကိုပြောဆိုရင်းစိတ်မကောင်းဖြစ်နေကြရုံမှလွဲပြီး ဘာမှမတတ်နိုင်ကြတော့ပေ။

ကွဲကြေသွားသောမှန်တစ်ချပ်ကို တစ်စချင်းကောက်ပြီးပြန်ဆက်ပါက ရနိုင်သေးသော်လည်း ဆုံးရှုံးသွားသောအခွင့်အရေးတစ်ခုကိုတော့ နောက်တစ်ကြိမ်ပြန်ရဖို့ ဘယ်နည်းနဲ့မှ





ဖြစ်နိုင်တော့ပါချေ။

နောက်ပိုင်းမှာတော့ ဖိုးမောင်တစ်ယောက်မှာ တစ်ညတာ တွေ့လိုက်သော ထိုအမျိုးသမီးကို စွဲလမ်းနေသောကြောင့်ေးမှိုင်နေတော့သည်။ သူ့အနေဖြင့် ဝိဇ္ဇာနှင့်လည်း ပြန်တွေ့ချင်သည်။ လှပသော အမျိုးသမီးနှင့်လည်း ပြန်တွေ့ချင်နေလေသည်။ ထိုကဲ့သို့ပင် သာခင်တစ်ယောက်မှာလည်း ဥစ္စာရူး ရူးနေတော့သည်။

ရွှေတုံးဘဝမှ ရွှံ့တုံးအဖြစ်ပြောင်းသွားသော ရွှံ့တုံးကိုင် လွှင့်မပစ်ဘဲ ခေါင်းရင်းမှာ တင်ထားလေသည်။ သူသည်တစ်နေ့တွင် ထိုရွှံ့တုံးကြီးမှ ရွှေတုံးကြီးပြန်ဖြစ်လာလိမ့်နိုးဖြင့်ာကြည့်ကြည့်ဖြစ်နေသည်။ ကြာတော့ မိန်းမဖြစ်သူကမေးသည်။

"ကိုသာခင် ရွှံ့တုံးကြီးကို ဘာဖြစ်လို့ အိမ်ပေါ်တင်ထားး ထိုင်ကြည့်နေတာလဲ"

"နင်မသိပါဘူးဟာ"

သူပြောသကဲ့သို့ပင် မိန်းမဖြစ်သူမှာ ထိုအကြောင်းများိုဘာမှမသိပေ။

"အလုပ်မလုပ်ဘဲ ရွှံ့တုံးကြီးထိုင်ကြည့်နေရုံနဲ့ ထမင်းစားာမို့လား ထိုရွှံ့တုံးကြီးက ရွှေဖြစ်လာမှာမို့လား"

"နင်မသိပါဘူး. . . ဖြစ်ချင်ဖြစ်မှာပေါ့"

ဟုတာပြောပြီး ဆေးပေါလိပ် တွင်တွင်ဖွာရင်း ရွှံ့တုံးကြီးဓိး မှာသာထိုင်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမလည်းဘာမှမပြောတော့ပဲ လုပ်စရာရှိသည့် အလုပ်များကိုသာ လုပ်နေတော့သည်။ တစ်ညမှာတော့ ရွှံ့တုံးကြီးအနီးမှာ ခွေခွေကလေးအိပ်ပျော်နေစဉ် တစ်စုံတစ်ယောက်က ပုတ်နှိုးလိုက်သဖြင့်ပြန်နိုးလာသည်။

ကြည့်လိုက်တော့ သူ့နံဘေးမှာလူတစ်ယောက်ရပ်နေသည်ကို တွေ့ရသည်။ ထိုလူမှာ တစ်ကိုယ်လုံးမီးလောင်ခံထားရသကဲ့သို့ ရုပ်ပျက်ဆင်းပျက် ဖြစ်နေလေသည်။ ကြောက်စရာကောင်းသော ပုံပန်းသဏ္ဌာန်မျိုးလည်းဖြစ်နေလေသည်။

"ဟင်. . . ခင်. . . ခင်ဗျား ဘယ်သူလဲ"

"ငါ့ကိုတောင် မမှတ်မိတော့ဘူးလား. .၊ မင်းတို့နှစ်ယောက် အသုံးမကျလို့ ဒီဘဝမျိုး ရောက်သွားခဲ့ရတာလေ. . . မင်းက ရွှံ့တုံးကိုရွှေတုံးမှတ်ပြီး ငါကိုဒီလိုဘဝမျိုးရောက်အောင်လုပ်ခဲ့တာကိုး. . . ဒါကြောင့်မင်းကို ကလဲ့စားချေမလို့ ရောက်လာတာ. . ."

"မလုပ်ပါနဲ့ဗျာ. . . ကျွန်တော်တို့က ဒီအကြောင်းတွေကို ဘာမှနားမလည်း ဘာမှမသိလို့ ဒီလိုဖြစ်ရတာပါ သည်းခံပေးပါ. . ."

ဟု ကြောက်ကြောက်ရွံ့ရွံ့ဖြင့် တောင်းပန်လေသည်။

"မင်းတောင်းပန်လည်း မရတော့ဘူး၊ ငါ့ရဲ့လုပ်ငန်းစဉ်မအောင်ခဲ့လို့ မိစ္ဆာဘဝနဲ့ အချိန်တော်တော်ကြာအောင် နေရတော့မယ် မင်းတို့သစ္စာပျက်လို့ ဒီလိုဖြစ်ခဲ့ရတာပဲ မင်းတို့လိုအသိဉာဏ်မရှိတဲ့လူတွေကတော့ လူ့လောကမှာရှိနေရင်လည်း





ဆန်ကုန်မြေလေးပါပဲ"

ဟုပြောပြီး ရှေ့သို့တဖြည်းဖြည်းတိုးကပ်လာသည်။

"မလုပ်ပါနဲ့ဗျ. . ကြောက်ပါပြီဗျ"

ဟုအော်ရင်းဟစ်ရင်းနှင့်ပင် နောက်သို့ဆုတ်သွားသော်လည်း မလွတ်သာတော့ပေ။ ထို့နောက်မှာတော့ သာခင်တို့အိမ်ဘက်မှ စူးစူးဝါးဝါးနှင့်ကြောက်လန့်တကြား အော်သံဟစ်သံများ ကြားရသဖြင့် ဖိုးမောင်တို့သားအဖ ပြေးသွားကြသည်။ ထိုအိမ်ရောက်တော့ကြမ်းပြင်ပေါ်မှာ ခွေခွေလေးလဲကျနေသော် သာခင်ကိုတွေ့ရသဖြင့် ပွေ့ထူလိုက်သောအခါ အသက်မရှိတော့ပေ။

တစ်ကိုယ်လုံးသေလောက်သော ဒဏ်ရာဒဏ်ချက်လဲမတွေ့ရသဖြင့် တစ်ကိုယ်လုံးကြည့်တော့မှ အဖြေတွေ့ရလေသည်။

အခြားမဟုတ်ပါချေ။ သာခင်၏နှာခေါင်းနှစ်ပေါက်နှင့်ပါးစပ်ပေါက်ထဲမှာ ရွှံ့စေးများပြည့်နေသောကြောင့် အသက်ရှူကျပ်ကာ သေရခြင်းပင်ဖြစ်လေသည်။

ထိုရွှံ့စေးများကိုသူ့ပါးစပ်ထဲသို့ အတောင့်လိုက်ဝင်သွားအောင်မည်သူထိုးထည့်သွားခဲ့သည်ကိုတော့ မသိပေ။ ထိုနေရာနှင့်မနီးမဝေးမှာတော့ ထူးခြားမှုတစ်ခုကိုတွေ့ရသဖြင့် ဖိုးမောင်တ မဝံ့မရဲဖြင့်ကောက်ယူပြီး မီးရောင်ဖြင့်ကြည့်လိုက်သည်။

"အမလေး"

ချက်ချင်းအလန့်တကြားအော်ပြီး ပြန်လွှတ်ချလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘာဖြစ်တာလဲ"

ဦးဘစိန်က အနားရောက်လာပြီး ကြမ်းပြင်ပေါ်ကျနေသောရုပ်တုကို ကောက်ယူပြီးကြည့်လိုက်သည်။ တစ်ကိုယ်လုံးမီးလောင်ထားသဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ တွန့်လိမ်ခြောက်သွေ့နေသော လူခြောက်ရုပ်ကလေးပင်ဖြစ်သည်။

တစ်ပေကျော်ကျော်ခန့်ရှိပြီး လူတစ်ယောက်၏ အင်္ဂါရုပ်များစွာပါသည်။

မျက်လုံးနှစ်လုံးကို ပိတ်ထားသော်လည်း မျက်နှာပုံပန်းသဏ္ဍာန်က ဘီလူးမျက်နှာကဲ့သို့ ကြောက်စရာကောင်းလှသည်။ ဦးဘစိန်က သူ့လက်ထဲမှ လူခြောက်ရုပ်ကလေးကို တအံ့တသြကြည့်နေလေသည်။

သို့သော် သူကမျက်စိမကောင်းလှသဖြင့် လူခြောက်ရုပ်ကလေး၏ လက်တစ်ဖက်မှာပေနေသော ရွှံ့စေးများကိုတော့ သတိမပြုမိတော့ပေ။





## အခန်း (၅)

# ဖုတ်ဝင်နေသော ရွာမှလူသတ်ကောင်

သာခင်တစ်ယောက် မျက်စိအောက်မှာပင် ရုပ်ပျက်ဆင်းပျက်သေဆုံးသွားသည်ကို မြင်တွေ့ရပြီးနောက်ပိုင်းမှာတော့ ဖိုးမောင်တစ်ယောက် မနေဝံ့မထိုင်ဝံ့အဖြစ်မျိုး ရောက်နေသည်အထိ ကြောက်ရွံ့တုန်လှုပ်နေတော့သည်။

"အဖေပြောတဲ့အတိုင်းဆိုရင်. . . ငါတို့မြေမြှုပ်ဖို့ယူသွားတဲ့အလောင်းက ဖိုဝင်တဲ့ဝိဇ္ဇာလို့ပြောတယ်၊ ငါတို့အသုံးမကျလို့အခုတော့ ဝိဇ္ဇာဘဝကနေ မိစ္ဆာဘဝ ရောက်သွားရပြီ. . .



www.burmeseclassic.com

www.burmeseclassic.com



ဒ့်ကြောင့် ငါတို့ကိုအခဲမကျေလို့ နောက်ကလိုက်လာပြီး သာခင်ကို သတ်သွားတာဖြစ်မယ်၊ ဒီအတိုင်းဆိုရင် ငါ့အလှည့်လဲ တစ်နေ့ရောက်လာနိုင်တယ်”

ဟုတွေးမိပြီး ညအချိန်ရောက်လာပါက ခါတိုင်းကဲ့သို့ တစ်ယောက်တည်း အလုပ်မဆင်းဝံ့အောင်၊ တစ်ယောက်တည်း မနေဝံ့အောင် ဖြစ်နေတော့သည်။

သာခင်သေသွားသောနေ့တွင် သူ့အလောင်းနံဘေးမှာ တွေ့သော လူခြောက်ရုပ်ကလေးကိုတော့ ဦးဘစိန်က မြစ်ထဲ ပစ်ချလိုက်သောကြောင့် မရှိတော့ပေ။

တစ်ညမှာတော့ ဖိုးမောင်တစ်ယောက် အိမ်ပေါ်မှာ အိပ်ပျော်နေစဉ် နားထဲမှာခြေသံလိုလိုကြားရသဖြင့် ပြန်နိုးလာပြီး မျက်စိဖွင့်ကြည့်လိုက်သည်။ တစ်အိမ်လုံးမှောင်မဲနေပြီး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

မြစ်ကမ်းဘက်မှ-လတာပြင်ပေါ်သို့ ဒီရေတက်နေသော လှိုင်းခတ်သံများကိုတော့ ခပ်သဲ့သဲ့ကြားနေရသည်။ တဲပေါ်သို့ လူတစ်ယောက်တက်လာသော ခြေသံကြောင့် ကြမ်းခင်းများက အသံမြည်နေသည်။

သူတို့နေသောတဲအိမ်မှာ တံခါးမရှိပေ၊ လူဝင်ပေါက်တစ်ခုသာရှိပြီး ထိုအပေါက်မှ လူတစ်ယောက်တက်လာသည်ကို တွေ့မြင်ရသည်။

ဖိုးမောင် များစွာထိတ်လန့်သွားသဖြင့် အိပ်ပျော်နေသော အဖေနှင့်အမေတို့ကိုနှိုးရန် စိတ်အကြံပေါ်သော်လည်း





အသံလည်းမထွက် လူကလည်း နေရာမှထမရတော့ပေ။

ထိုအခိုက်မှာပင်ခြေသံတကျွိကျွိဖြင့် အိမ်ထဲဝင်ကာသူက အနားရောက်လာသည်။ တစ်ကိုယ်လုံးအမဲဝတ်ကြီး ခြုံထားသဖြင့် ဘယ်သူဘယ်ဝါမှန်း မသိရပေ။

“ခင်. . . ခင်ဗျားဘယ်သူလဲ”

“ငါဘယ်သူလဲဆိုတာ သိချင်ရင် ဒီမှာကြည့်တော့”

ဟုပြောပြီး ကိုယ်ပေါ်မှာခြုံထားသော အဝတ်မည်းကြီးကို ဖယ်ချလိုက်သည်။ တစ်ကိုယ်လုံး မီးလောင်ဒဏ်ရာများဖြင့် ပြည့်နေပြီး မျက်နှာမှာလည်းရုပ်ပျက်ဆင်းပျက်ဖြစ်နေသော လူတစ်ယောက်ပင်ဖြစ်သည်။

ဖိုးမောင်ခင်ဗျာ ဘီလူးမျက်နှာမျိုးဖြင့်ကြောက်စရာကောင်းလှသော ထိုလူ၏ပုံပန်းသဏ္ဍာန်ကိုမြင်ရသောအခါ နေရာမှ ထပြေးလိုသော်လည်း နေရာမှရွေ့မရပေ။ ကိုယ်ပေါ်မှ မီးလောင်ဒဏ်ရာများမှာ အကင်းမသေသောကြောင့် အငွေ့များနှင့် အသားမီးလောင်သော ညှော်နံ့များထွက်နေသည်။

တစ်နည်းပြောရလျှင် လူသေမီးရှို့ရာမှ ထွက်လာသော အနံ့မျိုးဖြစ်သည်။

“သိပ်ကြောက်မနေပါနဲ့ကွာ မင်းကိုအခု မသတ်သေးပါဘူး၊ ဒါပေမယ့် သိပ်ကြာကြာတော့မထားပါဘူး အချိန်ကျရင်တော့သတ်ရမှာပဲ”

“ချမ်းသာပေးပါဗျာ ကျွန်တော်က မိဘတွေကိုလုပ်ကျွေးနေရတာ မသတ်ပါနဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ဒါ့ကြောင့် အသက်ချမ်းသာခွင့် ရနေသေးသာပေါ့ကွာ၊ မဟုတ်ရင်တော့ မင်းလည်းရွံ့တုံးကိုရွှေတုံးထင်ပြီး သစ္စာမရှိတဲ့ လူလို သေရမှာပေါ့"

"ကျွန်တော်တို့က ဘာမှမသိကြပါဘူးဗျာ. . ခင်ဗျားကို လည်းအဲဒီဘဝမျိုးရောက်စေလိုတဲ့ ဆန္ဒမျိုးမရှိပါဘူး"

"မင်းတို့အတော်မိုက်တာပဲ ကိုယ့်ကိုချမ်းသာအောင် လုပ်ပေးနိုင်တဲ့သူ အိမ်ပေါ်ကိုရောက်လာတောင်မှ အောင်မြင် အောင်မလုပ်နိုင်ကြဘူး"

"ခင်. . . ခင်ဗျားက ဘယ် ဘယ်သူလဲဟင်"

"ငါက ဖိုဝင်ဝိဇ္ဇာတစ်ယောက်ပဲ နောက်ဆုံးအဆင့်ကို သွားဖို့ ခရီးတစ်ဝက်မှာပဲ မင်းတို့အသုံးမကျလို့ အခုလိုဘဝ ရောက်ခဲ့တာပဲ"

ဟုမချိတင်ကဲအသံမျိုးဖြင့်ပြောသည်။

"ကျွန်တော့်ကိုခွင့်လွှတ်ပါဗျာ၊ ဘာမှမသိလို့ အခုလိုဖြစ် ရတာပါ ဒါထက်အရင်လိုဘဝကို ပြန်မရတော့ဘူးလားဟင်"

ဟုအရဲစွန့်ပြီးမေးလိုက်သည်။

"ငါ့မှာ မိစ္ဆာဘဝရောက်နေတော့ အရင်လို သိဒ္ဓိစွမ်း အားတွေ ဘာမှမရှိတော့ဘူး၊ ဒီဘဝကလွတ်မြောက်အောင် ကူ ညီပေးနိုင်တဲ့လူမျိုးနဲ့တွေ့မှပဲ ပြန်ကြိုးစားရတော့မှာပဲ အခုလော လောဆယ်တော့ လူတွေကိုသတ်ပြီး အသက်ရှင်နေရတယ်"

ဟုပြောပြီး ဖိုးမောင်ကိုနီရဲသောမျက်လုံးပြူးကြီးဖြင့် ငုံ့ ကြည့်နေသည်။





"တောင်း. . . တောင်းပန်ပါတယ်ဗျာ. . ကျွန်တော့် ကို တော့. . မ. . မသတ်ပါနဲ့"

"မင်းကိုမသတ်စေချင်ရင် ငါခိုင်းတဲ့အတိုင်းလုပ်မလား"

"ဘာလုပ်ရမှာလဲဟင်"

"အခု ငါ့မှာနေစရာမရှိဘူး၊ ဒီတော့ ငါ မင်းနဲ့လာနေ မယ်၊ ဒါပေမယ့် တစ်ခုတော့ရှိတယ် ငါရှိတာကို တခြားဘယ်သူ မှ မသိစေရဘူးနော်"

ဖိုးမောင်က ကြောက်သဖြင့်ခေါင်းညိတ်ပြလိုက်သည်။

"နောက်ပြီး ငါ့အကြောင်းတွေကိုလည်း ဘယ်သူ့မှမ ပြောရဘူး ပြောတာနဲ့မင်းတို့တစ်အိမ်လုံးသတ်ပြစ်မယ်"

ဟုကြိမ်းမောင်းပြောဆိုလေသည်။

"မ. . မပြောဝံ့ပါဘူးဗျာ၊ ဒါ့ထက် ဒီလောက် ကြောက် စရာကောင်းတဲ့ ပုံပန်းသဏ္ဌာန်ကြီးနဲ့ ဘယ်လိုနေမှာလဲဟင်"

"မင်းက. . . ငါ့ကို ဖွက်ထားပေးရမှာပေါ့"

ဟုပြုလုပ်ရမည့် အစီအစဉ်အချို့ကို ပြောပြလေရာ ဖိုးမောင်လည်း ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ခေါင်းညိတ်ပြလိုက်ရ တော့သည်။

နောက်တစ်နေ့မနက် ရောက်သောအခါ သူ့အိပ်ရာ နံဘေးမှာ လူခြောက်ရုပ်ကလေးရောက်နေသည်ကို တွေ့ရလေ သည်။

လူခြောက်ရုပ်ကလေးမှာ သေးတာနှင့်ကြီးတာသာကွာ ပြီး ညကတွေ့ခဲ့ရသော ပုံပန်းသဏ္ဌာန်အတိုင်း တစ်သဝေမတိမ်း



www.burmeseclassic.com

www.burmeseclassic.com



တူကာ ကြောက်စရာကောင်းလေသည်။

"သူကတော့ ညကလာပြောသွားတဲ့အတိုင်း ငါ့ဆီရောက်နေပြီ၊ ဘယ်လိုလုပ်ရပါ့မလဲ. . . ငါ့သဘောနှင့်ထားလို့တော့မဖြစ်ဘူး၊ သူကမပြောနဲ့ဆိုပေမယ့်လည်း အဖေကိုတော့ပြောရမှာပဲ"

ဦးဘစိန်ကို အကျိုးအကြောင်းပြောပြပြီး လူခြောက်ရုပ်ကလေးကိုပြတော့ မျက်လုံးပြူးသွားလေသည်

"ဒီလူခြောက်ရုပ်ကသာခင်သေတုန်းက ငါမြစ်ထဲလွှင့်ပစ်လိုက်တဲ့အရုပ်မဟုတ်လား၊ ဘယ်လိုကြောင့် ဒီကိုပြန်ရောက်နေသာလဲ"

ဖိုးမောင်က အိပ်မက်ထဲမှ ဖိုဝင်မိစ္ဆာပြောသွားသောအကြောင်းများကို ပြန်ပြောပြလိုက်သည်။ ထိုအခါ ဦးဘစိန်မှာ များစွာတုန်လှုပ်သွားလေသည်။

"ငါတို့တော့ ဒုက္ခပါပဲ ဆင်းရဲလို့ရွာအပြင်ထွက်ပြီး အေးအေးဆေးဆေးနေပါတယ်ဆိုမှ အကုသိုလ်အထုပ်ကြီးက အိမ်ပေါ်ရောက်လာတော့တာပဲကိုး၊ ဒီအရုပ်ရှိနေသမျှတော့ ငါတို့နေတဲ့ပတ်ဝန်းကျင်မှာ အန္တရာယ်ဆိုးတွေ ပေါ်လာတော့မှာပဲ"

ဟုညည်းညည်းညူညူရေရွတ်ပြောဆိုလေသည်။

"ဒါ. . . ဒါဖြင့်. . ဘယ်လိုလုပ်မလဲ အဖေ၊ မြစ်ထဲပစ်လိုက်ရင် မကောင်းဘူးလား"

"ဒီလိုလုပ်တာနဲ့ ငါတို့ကို အရင်လာသတ်မှာပေါ့၊ မထူးတော့ပါဘူးကွာ. . ဖြစ်ပျက်သမျှအကြောင်း အကောင်းလို့ပဲ





သဘောထားရတော့မှာပဲ . . . ဒါပေမယ့် ဒီလူခြောက်ရုပ် အိမ်မှာရှိနေတဲ့အကြောင်းကို ဘယ်သူမှမရိပ်မိဖို့ မသိဖို့တော့ အရေးကြီးတယ်"

"ဘာဖြစ်လို့လဲ အဖေ"

"မင်းမကြာခင် သိလာရလိမ့်မယ် ငါပြောတဲ့အတိုင်းသာလုပ် ဒီအရုပ်ရှိနေတဲ့အကြောင်းကို ငါတို့မိသားစုသုံးယောက်ကလွဲပြီး တခြားသူတွေမသိအောင် လျှို့ဝှက်ထားပေတော့"

ဟုပြောသဖြင့် ထိုအရုပ်ကို ထန်းခေါက်ဖာတစ်လုံးဖြင့်ထည့်ကာ တစ်နေရာမှာသိမ်းထားလိုက်သည်။ ဖိုးမောင်တို့နေသောရွာမှာ ရွာဟုသာခေါ်သော်လည်း စနစ်တကျတည်ထားသောရွာမျိုးမဟုတ်ပဲ ငါးဖမ်းသမားများ၊ လက်လုပ်လက်စားသမားများ စုပေါင်းနေသော နေရာဖြစ်သည်။

မြစ်ကမ်းနှင့် မနီးမဝေးမှာ ဓနိတော၊ ခရာတောနှင့်လမုတောများရှိသည်။ အပေါ်ဘက်မှာတော့ စပါးစိုက်သောလယ်ကွင်းများရှိသည်။

လယ်ကွင်းများအစပ် ကမ်းခြေနှင့်မနီးမဝေးနေရာ ၌ တဲများထိုးနေကြခြင်းဖြစ်သည်။ လမုတောများရှိသောကြောင့်လည်း"လမုတောရွာ" ဟု အလွယ်တကူခေါ်ဝေါ်ကြသည်။

လမုတောရွာမှာ နေထိုင်ကြသည့်အများစုမှာ ဆင်းရဲသားနှင့် လက်လုပ်လက်စားများသောကြောင့် ၎င်းတို့နေရန်ဆောက်ထားသော နေအိမ်များမှာလည်း တဲအိမ်များသာဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်သားတိုင်၊ ဝါးတိုင်များထူကာ ဓနိမိုးလျက်ဝါးကြမ်းခင်းထားသော တဲအိမ်များသာဖြစ်သည်။ မည်သည့်တဲအိမ်မဆို လှုဝင်ပေါက်သာထားပြီး တံခါးတပ်ဆင်ထားခြင်းတော့ မရှိကြပေ။ တစ်အိမ်နှင့်တစ်အိမ် တံခါးမရှိမဲ့မရှိ ဝင်ထွက်သွားလာကြသည့်သဘောပင်ဖြစ်၏။

လမုတောရွာမှာ ယခုရက်ပိုင်းတွင် မကြာခဏလူ အသေအပျောက်များနေသည်။ တစ်အိမ်မှာတစ်ယောက် သေပြီးရက်လည်ရုံသာရှိသေးသည် အခြားအိမ်မှာ တစ်လောင်းပေါ်ပြန်သည်။ ခါတိုင်းလည်း လူအသေအပျောက်ရှိသော်လည်း ထိုမျှလောက် အသေအပျောက်မများလှပေ။

တစ်လောင်းရက်လည်ရုံရှိသေး နောက်တစ်လောင်းက သေပြန်သောအခါ ရွာလူကြီးဦးဘဟန်က ရွာထဲဖုတ်ဝင်နေပြီယူဆကာ တောထုတ်ခြင်းများ ပြုလုပ်စေသည်။

ရပ်ရွာဓလေ့ တောထုတ်ပုံမှာ နေဝင်ရီတရောအချိန်ရောက်လာပါက အိမ်တိုင်းစေ့မှ သံပုန်းများ၊ ဒန်အိုးဒန်ခွက်များ၊ ဝါးပိုင်းများကို သံပြိုင်တီးကြခြင်းမျိုးဖြစ်သည်။ ထိုသို့ တောထုတ်သော်လည်း မရပေ။

လူအသေအပျောက်က ပေါ်မြဲပေါ်နေသည်။ တောထုတ်၍မရသောအခါ ဒလဘက်မှရှိသော ဘုန်းကြီးကျောင်းများမှ ဘုန်းကြီးများပင့်ပြီး ပရိတ်ရွတ်ကြပြန်သည်။ မရပြန်ပေ။ လူတစ်ယောက်သေပြီးခုနစ်ရက်ပြည့်သည်နှင့် နောက်တစ်လောင်းက သေပြန်သည်။





တစ်နေ့တော့ ဖိုးမောင်က စိတ်ထဲမှာမသင်္ကာသောကြောင့် ထန်းခေါက်ဖာထဲမှာထည့်ထားသည့် လူခြောက်ရုပ်ကို အပြင်ထုတ်ကြည့်သည်။

ပါးစပ်နှင့်မျက်နှာတစ်ခုလုံး သွေးများပေစွန်းနေသည်ကို တွေ့ရသည်။ သွေးများမှာ လောလောဆယ်စွန်းပေနေဟန်ဖြင့် မခြောက်သေးပဲရှိရာ အဝတ်စဖြင့်သုတ်ဖယ်ကာ ထန်းခေါက်ဖာအတွင်းသို့ ပြန်ထည့်ထားလိုက်သည်။

နောက်တစ်ကြိမ်ရွာထဲမှာ လူတစ်ယောက်သေပြန်ပြီဟု သတင်းကြားသောအခါ လူခြောက်ရုပ်ကိုထုတ်ကြည့်ပြန်သည်။ ထိုအခါမှာလည်း ပါးစပ်နှင့်မျက်နှာတစ်ဝိုက်မှာ ပေနေသော သွေးများတွေ့ရပြန်သည်။

"အဖေရွာထဲမှာ လူတွေတစ်ယောက်ပြီးတစ်ယောက် သေနေတာ ဒီလူခြောက်ရုပ်များ လိုက်သတ်နေတာလား မပြောတတ်ဘူး၊ သူ့ပါးစပ်နဲ့မျက်နှာတစ်ဝိုက်မှာ သွေးတွေပေနေတာ တွေ့ရတယ်"

ထိုစကားကြားသောအခါ ဦးဘစိန်က စိတ်မသက်မသာဖြစ်သွားဟန်ဖြင့် သက်ပြင်းတစ်ချက် ချလိုက်သည်။

"အခုမှတော့ ဘာမှမတတ်နိုင်တော့ဘူး၊ ကံအကြောင်းတရားလို့ပဲသာ သဘောထားပေတော့"

"ဘုန်းကြီးတွေ ပရိတ်ရွတ်တာတောင် မရဘူးလား အဖေ"

"သူက သိဒ္ဓိရှိတဲ့ဝိဇ္ဇာဘဝကနေ မိစ္ဆာဘဝရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



တာဆိုတော့ တော်ရုံအစီအရင်တွေနဲ့တော့ ရမှာမဟုတ်တော့ဘူး၊ အထက်လမ်းပညာကို အတော်အသင့်နားလည်တဲ့ ဆရာတစ်ယောက်ယောက်နဲ့တွေ့မှပဲ အဆင်ပြေတော့မယ်ထင်တယ်"

ဟုပြောလေသည်။

ရက်ဆက်ဆိုသလို လူအသေအပျောက်များ စိပ်လာသောအခါ လမုတောရွာမှာနေကြသူများမှာ တထိတ်ထိတ်တလန့်လန့် ဖြစ်လာကြသည်။

ကြောက်ရွံ့သဖြင့် အခြားနေရာသို့ ရွှေ့ပြောင်းသွားကြသူများပင် ရှိလာသည်။ အချို့ဆိုလျှင် နေသည့်တဲကိုပင် ဖျက်မယူတော့ပဲ ဒီအတိုင်းထားခဲ့ကာ ဒလဘက်သို့ပြောင်းရွှေ့သွားကြသည်။

ထို့ကြောင့် ယခင်ကလက်လုပ်လက်စားတို့ အများစုနေသောလမုတောရွာကလေးမှာ တဖြည်းဖြည်းလူနေအိမ် ကျဲလာပြီး နေကြသူများမှာလည်း ထိတ်လန့်ကြောက်ရွံ့နေကြရသည်။

ထိုနေရာမှာ ကျန်နေသူများမှာ အခြားသူများကဲ့သို့ အခြားတစ်နေရာသို့ ပြောင်းရွှေ့ရန်မတတ်နိုင်ကြသူများ ဖြစ်ကြရာ သေကာမှသေရော ထိုနေရာမှာပင် ဆက်နေကြရမည့် သူအချို့သာ ကျန်နေခဲ့ခြင်းဖြစ်၏။ ယခင်က တစ်နေကုန်အလုပ်သွားနေကြပြီး ညဥ့်ဦးပိုင်းမှ မိမိနေသောနေရာသို့ ပြန်ရောက်ကြသည်။





ထိုအခါမှပင် ချက်ပြုတ်စားသောကြောင့် လူသံ၊ သူသံ စကားပြောသံ၊ ကလေးငိုသံ၊ ခွေးဟောင်သံတို့ဖြင့် ဆူဆူညံညံရှိနေသောရွာမှာ ယခုတော့ နေဝင်ရီတရောအချိန် ရောက်လာသည်နှင့် အသံပျောက်ကာ တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

မှောင်စပျိုးလာသည်နှင့် ခွေးအူသံ၊ ခွေးဟောင်သံများ ပေါ်ထွက်လာလေ့ရှိသည်။ ထိုသို့ကြားရပြီဆိုလျှင် မကြာခင်မှ သော်လည်းကောင်း ငိုသံများကြားရလေသည်။

ခွေးအူသံ၊ ခွေးဟောင်သံများ ပေါ်ထွက်လာလျှင် ရင်ထိတ်နေကြရသည်။ မည်သည့်အချိန်မှာ သေမင်းက မိမိရှိရာသို့ ရောက်လာလေမလဲဟု စောင့်နေရသည်မျိုးဖြင့် အသက်မရှူမိအောင်ရှိကြလေသည်။

ထိုအချိန်မျိုးတွင် ယခင်က တဖြဲဖြဲငိုနေတတ်သော ကလေးငိုသံများပင် ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်နေကြသည်။

တစ်ရွာလုံး ငြိမ်သက်နေခြင်းက အခြားတော့မဟုတ်ပေ။ မည်သည့်အချိန်မှာ တစ်နေရာရာမှ ငိုသံပေါ်ထွက်လာလေမလဲဟု စောင့်ပြီးနားထောင်နေကြခြင်းဖြစ်၏။

ထိုကဲ့သို့ငိုသံကြားရ ပြီးလျှင်တော့ ဒီညအဖို့ မရောက်သေးဟု ထင်မြင်ယူဆကာ စိတ်ချလက်ချ အိပ်ရာဝင်နိုင်ကြသည်။ အချို့လည်း အချိန်မတော်မှ အလုပ်မှပြန်လာကြသူတို့က ရွာထဲမှာ သွားလာနေသော အဝတ်မည်းကြီးခြုံထားသော မည်း



www.burmeseclassic.com

www.burmeseclassic.com



မည်းသဏ္ဍာန်ကြီးကို တွေ့မြင်သူကမြင်ကြသည်။ ထိုသို့မြင်သော်လည်း ဘာမှမလုပ်တတ်သောကြောင့် မိမိတို့အလှည့်မရောက်ပါစေနှင့်ဟုသာ ဆုတောင်းနေကြရပေတော့သည်။





## အခန်း (၄)

# ဖိုဝင်မိစ္ဆာအားဝယ်ယူလိုသောသူ

တစ်နေ့သ၌ လမုတောရွာမှာနေထိုင်သော ဖိုးမောင်တို့နေအိမ်သို့ လူနှစ်ယောက်ရောက်လာကြသည်။ တစ်ယောက်က ဦးဇန်ကောင်းဖြစ်ပြီး ၊ ကျန်တစ်ယောက်က နီမောင်ဖြစ်လေသည်။

နီမောင်က ကမာကဆစ်ရွာဘက်တွင် နေထိုင်သူဖြစ်ပြီး ဦးဇန်ကောင်းက ပိုလ်တထောင်ဘက်ကမ်း၌ နေထိုင်သူဖြစ်သည်။ နီမောင်က အသက်(၂၅)နှစ်အရွယ်ခန့်ရှိပြီး ဒလဘက်တာင်းနှင့် ရန်ကုန်ဘက်ကမ်းသို့ သမ္ဗန်ခတ်ကာ အသက်မွေးဝမ်း



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပြုနေသူ ဖြစ်သည်။

သူသည် ကူးတို့သမ္ဗန်ခတ်ပို့ရင်းမှ ခရီးသွားများပြောနေသော အကြောင်းအရာမျိုးစုံတို့ကို နေ့စဉ်ကြားနေရသူဖြစ်သည်။

ကူးတို့သမားဖြစ်သောကြောင့် သမ္ဗန်ပေါ်မှာ အချင်းချင်းပြောဆိုနေကြသော အကြောင်းအရာမျိုးစုံတို့ကို နေ့စဉ်ကြားနေရသူဖြစ်သည်။

ထိုကဲ့သို့နေ့စဉ်ပြောဆိုနေကြသော အကြောင်းများထဲတွင် ယခင်ရက်များက လူပြောသူပြောအများဆုံး အကြောင်းအရာမှာ . . . မကြာခင် ရန်ကုန်မြို့သို့ ဂျပန်စစ်တပ်များ ရောက်လာတော့မည့်အကြောင်းနှင့် မကြာခင် ဂျပန်လေယာဉ်ပျံများရောက်လာပြီး ဗုံးကြဲတိုက်ခိုက်ကြတော့မည်ဆိုသော အကြောင်းများဖြစ်သည်။

ယခုရက်ပိုင်းလပိုင်းမှာတော့ ထိုအကြောင်းများထက် ပိုမိုစိတ်ဝင်စားသော အကြောင်းအရာတစ်ခုကိုသာ ပြောဆိုနေကြသည်။

အခြားမဟုတ်ပေ . . .

လမုတောရွာဘက်တွင် တစ်ရွာလုံးဖုတ်ဝင်နေသည် ဟူသောသတင်းဖြစ်သည်။ ထိုသတင်းက ဂျပန်စစ်တပ်များရောက်လာပြီး ဗုံးကြဲတိုက်ခိုက်ကြမည်ဆိုသော သတင်းထက် ပိုပြီးစိတ်ဝင်စားစရာ ကောင်းလေသည်။

နီမောင်လည်း သမ္ဗန်ခတ်ရင်းနှင့် ထိုအကြောင်းကို စိတ်





ဝင်စားလေသည်။ မနက်မိုးလင်း၍ ခရီးသည်များကို ကူးတို့သမ္ဗန်ဖြင့် ရန်ကုန်ဘက်ကမ်းသို့ စပို့ပြီဆိုကတည်းက ထိုသတင်းကို ဦးစွာကြားရတော့သည်။

"ညတုန်းကလည်း လမုတောရွာဘက်မှာ လူတစ်ယောက် ထပ်သေပြန်ပြီတဲ့"

"ဘယ်လိုကြောင့်သေတာလဲ ရောဂါဖြစ်လို့လား"

ထိုအကြောင်းကို မသိသေးသူတစ်ဦးက ဝင်မေးသည်။

"ရောဂါဖြစ်တာထက် ပိုပြီး ကြောက်စရာကောင်းတာပေါ့အေ . . . အခုဟာက တစ်ရွာလုံးဖုတ်ဝင်နေတာတဲ့ မကြားသေးဘူးလား"

"ဖုတ်ဝင်နေရင်လည်း တောထုတ်ရင်ထုတ်၊ ဒါမှမဟုတ်ရင်လည်း ဘုန်းကြီးလေးဘာလေး ပင့်ပြီးတော့ ပရိတ်ရွတ်လိုက်ရင် ထွက်သွားမှာပေါ့"

"လမုတောရွာမှာဝင်နေတဲ့ ဖုတ်ကောင်က နင်ပြောသလို ဖုတ်မျိုးမဟုတ်ဘူးတဲ့"

"အဒေါ့်ဖုတ်က ဘယ်လောက်ကြီးနေလို့လဲ"

ထိုစကားကြောင့် သမ္ဗန်ပေါ်မှာပါလာသူများက တလွဲသဘောပေါက်ပြီး ရယ်ကြလေသည်။

"ညည်းကလည်းစကားပြောတာ ငါဖုတ်ကောင်တောင်ဖြစ်နေပြီ . . ."

"ဆက်ပြောပါဦး အဒေါ်ရဲ့"

"အဲဒီဖုတ်ကောင်က သာမန်မဟုတ်ဘူးလို့ပြောတယ်



www.burmeseclassic.com

www.burmeseclassic.com



တောထုတ်တာလည်းမရဘူး၊ ကမ္ဘဝါစာဖတ်လည်း မပြေးဘူးတဲ့ တစ်ယောက်ပြီးတစ်ယောက် သတ်စားနေတော့တာပဲတဲ့"

"အဲဒီတော့ ဘယ်လိုလုပ်ကြသလဲဟင်"

"ပထမတော့ ရောဂါကြောင့်သေတယ်ပဲ ထင်ကြတာပေါ့၊ နောက်မှ မဟုတ်ပဲ ဖုတ်ကောင်ဝင်စားနေမှန်းသိကြရတာတဲ့၊ အခုတော့ တစ်ရွာလုံးလူတွေ တစ်ယောက်ပြီးတစ်ယောက် သေကြတာရော. . . တချို့လည်း မနေဝံ့ကြတော့တာနဲ့ တခြားပြောင်းပြေးကြတာရော ဟစ်ရွာလုံး နည်းနည်းပဲကျန်တော့တယ်လို့ သတင်းကြားတယ်"

"အဲဒီဖုတ်ကောင်က ဘယ်မှာနေလဲဟင်"

အသက်အရွယ်ငယ်ရွယ်သေးသော အမျိုးသမီးက တကယ်သိချင်ပြီးမေးသော်လည်း အမေးခံရသူက တစ်မျိုးထင်ကာ စိတ်တိုသွားဟန်ရှိသည်။

"ညီးကလည်း ကတ်သီးကတ်သတ် အတော်မေးတယ်၊ သိချင်ရင် ကိုယ်ဘာသာသွားရှာတော့"

ဟုပြောလိုက်ရာ ထိုအကြောင်းက ရပ်သွားတော့သည်။ သို့စေကာမူ ထိုမျှနှင့်တော့ ပြီးမသွားပါချေ. . . နောက်တစ်နေ့ မနက်ပိုင်း ကူးတို့သမ္ဗန်စထွက်သည်နှင့် ထိုအကြောင်းကို တစ်ယောက်မဟုတ်တစ်ယောက်က စပြောလိုက်သည်နှင့် ကြားရပြန်သည်။

"လမုတောရွာမှာ ဖုတ်ဝင်တဲ့အကြောင်းက သာမန်မဟုတ်ဘူးတဲ့"





"ဘယ်လိုလဲပြောပါဦးဗျ"

"ဇော်ဂျီဖိုဝင်တာဆိုလား ဘာလား၊ အဲဒါ မှားသွားပြီးတော့ ဝိဇ္ဇာဘဝမရောက်တော့ပဲ မိစ္ဆာဘဝရောက်သွားတာလို့လဲ ပြောသံကြားတယ်၊ အဲဒီမိစ္ဆာဖြစ်နေတဲ့ဇော်ဂျီက ပြန်သတ်နေတာဖြစ်မှာပေါ့"

"ဘယ်လိုပုံစံမျိုး ဖြစ်နေမလဲမသိဘူးနော်"

"သူ့ကို တွေ့ဖူးမြင်ဖူးတဲ့လူတွေ အဲဒီမှာရှိတယ်၊ ဟုတ်မဟုတ် တော့မသိဘူး အဲဒီလူတွေအိမ်ကတော့ လူအသေအပျောက် မရှိဘူးလို့သတင်းကြားတာပဲ"

ထိုလူပြောပြသောအကြောင်းအရာမှာ ခြေခြေမြစ်မြစ်ရှိသဖြင့် အခြားသူများက စိတ်ဝင်စားသလို သမ္ဗန်ခတ်ရင်းနှင့် လှော်ထောင်နေသော နီမောင်ကလည်း များစွာစိတ်ဝင်စားမိလေသည်။

သို့ကြောင့် တစ်နေ့တွင် ဗိုလ်တထောင်ဘက်ကမ်းမှာ နေထိုင်သော ဦးဗန်ကောင်းရှိရာသို့ တကူးတကသွားပြီး ထိုအကြောင်းကို ပြောပြလိုက်သည်။

နီမောင်နှင့်ဦးဗန်ကောင်းမှာ ယခင်ကတည်းက သိကျွမ်းခင်မင်နေသည့် မိတ်ဆွေရင်းချာများ ဖြစ်ကြသည်။

"နီမောင်ပါလား. . . ဒီကနေ့ ကူးတို့မခတ်ဘူးလား"

"မနက်ပိုင်းပဲ ခတ်ပို့တယ်. . . ပြောစရာသတင်းထူးရှိလို့ အဘဆီလာခဲ့တာ"

ဦးဗန်ကောင်းက သူ့အိမ်မှာပင် နေရာထိုင်ခင်းပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းစုံမေးမြန်းလေသည်။

"ဘယ်လိုသတင်းထူးမျိုးလဲကွ ပြောပါဦး"

"ဟိုဘက်ကမ်းက ရွာလေးတစ်ရွာမှာ ဖုတ်ကောင်ဝင် စားနေလို့ လူတွေအသေအပျောက် အတော်ကလေးများနေ တယ် အဘ"

"ဒါကမဆန်းပါဘူးကွာ ပရိတ်တရားတော်တွေ ရွတ် လိုက်ရင် ပြန်ထွက်သွားမှာပေါ့"

ဦးဇန်ကောင်းက ကွမ်းဝါးနေရင်းမှ အေးအေးဆေး ဆေးပင် ပြန်ပြောလေသည်။

"အခုဝင်နေတဲ့ဖုတ်ကောင်က ပရိတ်ရွတ်ရုံနဲ့ မပြေးဘူး တဲ့"

"ဘယ်လိုဖုတ်မျိုးမို့လဲ"

"ဇော်ဂျီဖိုဝင်ရာက မိစ္ဆာဘဝရောက်နေတဲ့ ဖုတ်ကောင် လို့တော့ ပြောသံကြားတယ်"

"ဟင်. ."

ထိုစကားကြားသောအခါ လျှပ်ရှားမှုများ ရပ်တန့်သွား ပြီး တအံ့တဩဖြင့် ကြည့်လိုက်သည်။ နောက်ဆုံး. . ပါးစပ်အ ဟောင်းသားဖြစ်သွားသောကြောင့် ပါးစပ်ထဲမှကွမ်းပင် မဝါး တော့ပေ။

"မင်းပြောတာဟုတ်ရဲ့လား. . သေသေချာချာပြော စမ်းပါဦး"

"ကျွန်တော်လည်း အဲဒီဘက်မရောက်သေးတော့



---



သေသေချာချာတော့ မသိရသေးဘူး၊ ကူးတို့စီးတဲ့သူတွေ ပြော တာကတော့ အဲဒီအတိုင်းပဲ. . ."

ဟုသူကြားခဲ့ရသော အကြောင်းများကို ဦးဇန်ကောင်း အား ပြန်ပြောပြလိုက်လေသည်။ သူစကားဆုံးတော့မှ မေးသည်။

"နောက်ထပ်ရော ဘာသတင်းတွေကြားရသေးသလဲ"

"တစ်ပတ်တစ်ယောက်လောက်တော့ လူတွေသေနေ တုန်းပဲလို့ပြောသံကြားတာပဲ"

"ဒီအတိုင်းဆိုရင်တော့ တစ်ရွာလုံးကုန်မှပဲအေးမှာပဲ ဒါ တောင်အေးချင်မှအေးမှာ. . . တစ်ရွာကုန်သွားရင် နောက်တစ် ရွာဆက်ပြီး စားဦးမှာပဲ"

"ဒီတော့ ဘယ်လိုလုပ်ရင်ကောင်းမလဲအဘ"

"ငါတို့အဲဒီရွာသွားကြရင်ပိုကောင်းမယ် ဒါပေမယ့် မင်း ပါလိုက်ခဲ့မှဖြစ်မယ်"

"လိုက်ခဲ့မယ်လေ. . . ကျွန်တော်မှာ သမ္ဗန်ပါလာတာ ပဲ သမ္ဗန်နဲ့သွားကြတာပေါ့၊ ဒါထက် မေးပါရစေဦး ဟိုရောက် တော့ ဘာလုပ်မလဲဟင်"

"အဲဒီ မိစ္ဆာဖိုဝင်ရုပ်ကိုတွေ့အောင်ရှာပြီး တစ်ခါတည်း ယူခဲ့ရမှာပေါ့၊ ဒီအရုပ်မတွေ့မချင်းဘဲ ဒီမှာလူတွေ ဆက်သေနေ ကြဦးမှာပဲ"

ဟုပြောဆိုကာ နေရာမှထပြီး ခရီးသွားရာတွင် ယူ ဆောင်လေ့ရှိသော လွယ်အိတ်ကြီးအတွင်းသို့ ပစ္စည်းများကို ထည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုပစ္စည်းများထဲမှာ သွားလေရာ အမြဲယူဆောင်လေ့ရှိသော မြနန်းရှင်ရုပ်တုလည်း တစ်ခုအပါအဝင်ဖြစ်လေသည်။

ဦးဗန်ကောင်းတို့နှစ်ယောက် အချင်းချင်းပြောဆိုနေကြသောစကားသံများကို အပြင်ဘက်မှာရောက်နေသော လူတစ်ယောက်က နားထောင်နေပြီးမှ ထိုနေရာမှခပ်သုတ်သုတ် ပြန်ထွက်သွားသည်ကိုတော့ နီမောင်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက်စလုံး မသိလိုက်ကြတော့ပေ. . . ။

ထို့နောက်မှာတော့ ဦးဗန်ကောင်းက လိုအပ်သောပစ္စည်းများကို လွယ်အိတ်ဟောင်းကြီးတစ်လုံးထဲသို့ စုထည့်ပြီး လွယ်ကာ နီမောင်နှင့်ထွက်လာကြလေသည်။

မြစ်ကမ်းသို့ရောက်သောအခါ နီမောင်သမ္ဗန်နှင့်ပင် တစ်ဖက်ကမ်းသို့ ကူးခဲ့ကြလေသည်။ လမုတောရွာရှိသောနေရာနှင့် ဗိုလ်တထောင်ဆိပ်ကမ်းမှာ သိပ်မဝေးပဲ မျက်စောင်းထိုးအနေအထားရှိသည်။

နှစ်ယောက်သား စကားတပြောပြောဖြင့်လာကြရာ မွန်းလွဲပိုင်းအချိန်လောက်မှ လမုတောရွာသို့ ရောက်သွားကြသည်။ သူတို့စီးသွားသောသမ္ဗန်ကို တစ်နေရာမှာ ထားခဲ့ပြီးနောက် ဖိုးမောင်တို့နေအိမ်သို့ မေးမြန်းစုံစမ်းပြီး သွားကြလေသည်။

သူတို့နှစ်ယောက်သွားသောအချိန်တွင် ဦးဘစိန်ဒေါ်မြနှင့်ဖိုးမောင်တို့သုံးယောက်စလုံး တဲပေါ်မှာရှိနေကြလေသည်။

"ဟော နောက်ထပ်ဧည့်သည်တွေ ရောက်လာကြပြန်ပြီ"





ဟု ဒေါ်မြက ပြောပြောဆိုဆိုနှင့် အိမ်ပေါ်ခေါ်ပြီး ကွမ်းဆေးလက်ဖက်တို့ဖြင့်ဧည့်ခံသည်။

"ဘာကိစ္စများရှိလို့ပါလဲ"

ဦးဘစိန်ကမေးသည်။

"တခြားတော့မဟုတ်ပါဘူးဗျာ၊ ခင်ဗျားတို့ဆီမှာ ရှိတယ်ဆိုတဲ့ လူခြောက်ရုပ်ကလေး ကြည့်ချင်လို့လာတာပါ"

"တိုက်တိုက်ဆိုင်ဆိုင်ပါပဲဗျာ ဒီကနေ့မှပဲ တိုက်ဆိုင်လွန်းလှတယ်"

"ဘယ်လိုကြောင့်ပါလဲ"

"ခင်ဗျားတို့ကြည့်ချင်တဲ့ လူခြောက်ရုပ်က မရှိတော့ဘူးဗျ"

"ဟင်. . . ဘယ်ရောက်သွားလို့လဲ"

"ဆွမ်းခံပြန်ချိန်လောက်ကမှ လူတစ်ယောက်ရောက်လာပြီးဝယ်တာနဲ့ရောင်းလိုက်ပြီဗျ. . ."

"ဘယ်သူများ ဝယ်သွားတာပါလိမ့်. . ."

"ကျုပ်တို့လည်းမသိပါဘူးဗျာ၊ လူရည်သန့်သန့်နဲ့ မြို့သားတစ်ယောက် ဖြစ်မယ်ထင်တာပဲ. . . ကျုပ်တို့ကလည်း အိမ်မှာမထားချင်တော့တာနဲ့ သူကလည်းဘယ်ကဘယ်လိုသတင်းကြားပြီး ရောက်လာတယ်မသိပါဘူး၊ အတင်းဝယ်တာနဲ့ပဲ ရောင်းလိုက်တယ်"

ဦးဗန်ကောင်းမှာ ခဲလေသမျှသဲရေကျ ဖြစ်သွားသကဲ့သို့ သက်ပြင်းတစ်ချက် ချလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက်မေးပါရစေဦး၊ ကျုပ်တို့က ဒီအရုပ်ကိုဘယ်သူမှမသိအောင် လျှို့ဝှက်ထားကြတာပါပဲ၊ ခင်ဗျားတို့ကရောဘယ်ကသတင်းကြားလို့ ရောက်လာတာပါလဲ"

"ကျုပ်ကဆေးဆရာတစ်ယောက်ပါ သူကကမာကဆင်ဘက်မှာနေတော့ ဒီရွာမှာဖုတ်ဝင်နေတယ်ဆိုတဲ့ သတင်းကြားတာနဲ့ ကျုပ်ကိုလာပြောပြတယ်၊ ဒါကြောင့်တတ်နိုင်သလောက်အကူအညီပေးဖို့ ရောက်လာတာပါ ဒီရွာရောက်တော့မှ နီးစပ်ရာတွေစုံစမ်းကြည့်လိုက်တဲ့အခါမှာ ခင်ဗျားတို့လက်ထဲမှာ ဖိုဝင်ရုပ်ကလေး ရှိနေတယ်ဆိုတာ သတင်းကြားတာနဲ့ လာမေးကြည့်တာပါ. . ."

"အေးဗျာ. . . စိတ်မကောင်းပါဘူး၊ ခင်ဗျားလိုဆရာကြီးတစ်ယောက်ဆိုရင်တော့ ရှိရင်အလကားပေးလိုက်မှာပါ"

ဦးဘစိန်က စိတ်ရင်းအတိုင်းပြောပြလေသည်၊

"ဒါ့ထက်မေးပါရစေဦး. . . ရုပ်တုကလေးကို လာဝယ်သွားတဲ့သူက ဆရာတစ်ယောက်များလား"

"ဟုတ်မယ်မထင်ဘူး အရွယ်တောင်သိပ်မကြီးလှသေးပါဘူး. . . လူရွယ်တစ်ယောက်ပါပဲ. . ."

"ဆရာတစ်ယောက်မဟုတ်ပါပဲနဲ့ ဒီဖိုဝင်ရုပ်ကို ဘာကြောင့်ယူသွားတယ်ဆိုတာ မစဉ်းစားတတ်အောင်ပါပဲ၊ တကယ်လို့ ယူသွားတဲ့သူဟာ ဒီအရုပ်အကြောင်းကို ဘာမှမသိတဲ့လူတစ်ယောက်မှန်ရင်တော့ ခင်ဗျားတို့ရွာမှာ ကြုံခဲ့ရတဲ့ဒုက္ခမျိုးတွေဟာ အဲ့ဒီနေရာမှာ ဆက်ဖြစ်ဦးတော့မှာ အသေအချာပါပဲ"





"ကျုပ်လည်း သိတန်သလောက်သိပါတယ်. . . ဒါပေမယ့် ဒီရွာမှာ ဆက်ထားရင်လည်း လူတွေသေ၊ တစ်ရွာလုံးကုန်တော့မယ်. . . ရွာပျက်တဲ့အနေအထားမျိုးလည်း ဖြစ်နေပါပြီ၊ ဒါကြောင့် ဆက်မထားဝံ့တော့လို့ ပေးလိုက်တာပါ. . ."

ဟု အမှန်အတိုင်းပြောပြသည်။

"ကျုပ်သဘောပေါက်ပါတယ် ဒါထက်ဖိုဝင်ရုပ်ကို ဘယ်ပုံဘယ်နည်းရခဲ့တယ်ဆိုတာ တစ်ဆိတ်လောက် ကျုပ်ကို ပြည့်စုံအောင် ပြောပြပေးပါဗျာ. . ."

ထိုအခါ ထိုအကြောင်းများကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော ဖိုးမောင်က အဖြစ်အပျက်များကို ပြောပြလေသည်။

ဧည့်သည်တစ်ယောက် သူ့ဆီသို့ရောက်လာခဲ့ပုံ၊ ညတွင်းချင်း သေသွားသောကြောင့်. . သုသာန်သို့ အဖော်တစ်ယောက်နှင့် သယ်ယူသွားပြီးမှ အနှောင့်အယှက်များ ရောက်လာသဖြင့် မြေမမြှုပ်ဖြစ်ခဲ့ပုံ၊ အဖော်ပါလာသော သာခင်ကတော့ ရွှေတုံးရသဖြင့် ပြန်သွားပြီး သူကတော့ သရဲသဘက်များခြောက်လှန့်သည်ကို ကြောက်ရွံ့သဖြင့် ထွက်ပြေးရာမှ မိန်းမတစ်ယောက်နှင့်တွေ့ပြီး အိပ်ပျော်သွားခဲ့ပုံ၊ ထို့နောက် ဖခင်ကိုပါခေါ်ပြီး တစ်ခေါက်သွားကြည့်သောအခါ အလောင်းပျောက်သွားခဲ့ပုံနောက်တစ်ရက်မှာတော့ ရွှေတုံးရသွားသော သာခင်တစ်ယောက် သေဆုံးသွားခဲ့ပြီး သူထံသို့ ဖိုဝင်ရုပ်ရောက်လာပုံများကို မှတ်မိသလောက် ပြန်ပြောပြလေသည်။

"ကျွန်တော်ကတော့ ကိုယ့်ဆီရောက်လာတဲ့သူကိုဖိုဝင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ဇော်ဂျီဆိုတာလည်း မသိပါဘူး၊ အရုပ်ကလေးရောက်လာတော့လည်း လူနဲ့ပုံပန်းသဏ္ဌာန်တူတဲ့လူခြောက်ရုပ်ပဲထင်နေမိတာ၊ အခုဆရာကြီးပြောပြမှပဲ ဖိုဝင်ရုပ်ဆိုတာ သိရတော့တာပါပဲ"

"ဒီလိုပေါ့လေ. . . ဝိဇ္ဇာလောကလည်း လူ့လောကလိုပါပဲ အတော်ရှုပ်ထွေးကြတာဆိုတော့ သာမန်လူတွေက သူတို့အကြောင်းတွေကို ဘယ်သိနိုင်ပါ့မလဲ၊ အခု မင်းတို့ဆီက အန္တရာယ်များလှတဲ့ ဖိုဝင်ရုပ်ကို ဘာမသိညာမသိနဲ့ လာဝယ်သွားတာသာကြည့်ပေါ့"

"သူ့ဆီရောက်သွားတော့ ဘယ်လိုဖြစ်မလဲဟင်"

"ဖိုဝင်ရုပ်က အသက်ရှိနေသေးတယ်. . . ကျွမ်းကျင်တဲ့ဆရာတစ်ယောက်က အကူအညီပေးရင် ဝိဇ္ဇာဘဝကိုပြန်ရောက်နိုင်သေးတယ်၊ အခုလို ဘာမှမသိတဲ့လူဆီရောက်သွားရင်တော့ မင်းတို့ရွာမှာကြုံတွေ့ခဲ့ရတဲ့ အန္တရာယ်ဆိုးတွေက သူ့ဆီ ရောက်သွားမှာပေါ့ကွယ်. . ."

ဟုပြောပြရာ ဖိုးမောင်တို့မိသားစုသုံးယောက်မှာ ထိတ်လန့်ကြောက်ရွံ့စွာဖြင့် ကြည့်နေကြသည်

ထို့နောက်မှတော့ နီမောင်နှင့် ဦးဗန်ဓ္ဓကောင်းတို့လည်း ၎င်းတို့ကိုနှုတ်ဆက်ပြီး ပြန်ခဲ့ကြလေသည်။





# အခန်း (၇)

# မာယာများသော မိစ္ဆာလောကသား

ကမာကဆစ်ရွာမှာ ရှေးကတည်းက တည်ရှိခဲ့သောရွာဖြစ်သည်။ ရှေးအခါက မွန်လူမျိုးများ နေထိုင်ခဲ့ကြပြီး 'ကမာကဆစ်' ဆိုသောရွာအမည်ပင် မွန်ဘာသာဖြင့်ပေးထားသော အမည်ဖြစ်ပေသည်။

(၁၉၃၉-၄၀)ခုနှစ်တစ်ဝိုက်က ထိုနေရာတစ်ဝိုက်မှာ ယခုလက်ရှိမြင်တွေ့နေရသော အခြေအနေမျိုးကဲ့သို့ စည်ကားခြင်းတော့မရှိပေ။ သာမန်လက်လုပ်လက်စားများ စုဝေးနေထိုင်သော ရွာတစ်ရွာမျှသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အများအားဖြင့်တော့ ကူးတို့ခတ်သူ၊ ငါးရှာသူ၊ ဆန်စက်မှာ ဝင်ရောက်လုပ်ကိုင်သူတို့ နေကြပြီး၊ အချို့လည်း နံနက်လင်းသောအခါ ရန်ကုန်ဆိပ်ကမ်းသို့ကူးပြီး ရရာအလုပ်လုပ်ကာ အသက်မွေးဝမ်းကျောင်းပြုကြသည်။

ရန်ကုန်ဘက်မှာတော့ ကူလီထမ်းသော အလုပ်ရှိပြီး မရှက်မကြောက်လုပ်ကိုင်ဝံ့ပါက ထမင်းစားရသော အလုပ်မျိုးဖြစ်သည်။ နီမောင်ကတော့ ကမာကဆစ်ရွာမှာ နေထိုင်သူတစ်ဦးဖြစ်သည်။

မိဘနှစ်ပါးရှိသေးသော်လည်း ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့မှာ အသက်အရွယ်ကြီးပြီဖြစ်သဖြင့် အလုပ်ကြမ်းမလုပ်နိုင်ကြတော့ပဲ နီမောင်ရှာစ်ယောက်တည်းလုပ်စာကိုပင် မှီခိုစားသောက်နေကြရသည်။

ဦးဘရှိန်ကတော့ စပါးထမ်းသောတောင်းများ ယက်လုပ်ရောင်းချသော်လည်း ဖြစ်ဖြစ်မြောက်မြောက်တော့မရပေ။ တံတားတေးဘက်မှာဝါးကို အလကားခုတ်ယူလာပြီး တောင်းရက်ရောင်းသော်လည်း တောင်းတစ်လုံးကို ငါးမူး၊ သုံးမတ်ထက်ပိုမရပေ. . .။

သို့သော်လည်း အလကားမနေတတ်သူမို့ တစ်နေကုန်တကုပ်ကုပ်နှင့် တောင်းရက်နေတတ်လေသည်။ အမေဖြစ်သူ ဒေါ်ကျင်မေကတော့ ကျန်းမာရေးမကောင်းသဖြင့် ဘာမှမလုပ်နိုင်ရှာပေ။ လူကြီးရောဂါမျိုးဖြစ်သော်လည်း တစ်ခါတစ်ရံ အခြေအနေဆိုးဝါးလာပါ၍ ဆေးဝယ်ပေးရခြင်း၊ ဆေးဆရာ





ခေါ်ပြီး ကုရသောကြောင့် ငွေကုန်ကြေးကျများသည့်အခါမျိုး ရှိတတ်လေသည်။

နီမောင့်မှာ ကူးတို့ခတ်သော သမ္ဗန်တစ်စင်းရှိသည်။ သူ့ကိုယ်ပိုင်တော့မဟုတ်ပေ၊ အခြားသူထံမှ အတိုးဖြင့်ဝယ်ယူထားခြင်းဖြစ်ပြီး လစဉ်အရင်းရောအတိုးပါ ဆပ်ရသည်။

အရင်းကြေအောင်ဆပ်နိုင်ပါက သမ္ဗန်ကိုပိုင်ဆိုင်ခွင့်ရမည်ဖြစ်သော်လည်း အရင်းကြေဖို့ဝေးပါရော. . . လစဉ်အတိုးငွေ မှန်မှန်ပေးနိုင်အောင်ပင် မနည်းကြိုးစားနေရသည်။

ထိုအချိန်က ကူးတို့ပို့ခမှာ လူတစ်ယောက်လျှင် ဆယ်ပြားသာရသည်။ အသွားအပြန်ဆိုပါက (၁၅)ပြားပေးလျှင်လည်း ယူရသည်။ ကူးတို့လှေစီးသူအများစုမှာ လက်လုပ်လက်စားနှင့် ဆင်းရဲသားများ ဖြစ်ကြသည်။ သို့ကြောင့် ပိုက်ဆံမှန်မှန်မရှိပေ. . . အလုပ်သွားလုပ်သည်ဆိုသော်လည်း စားသောက်စားရိတ်ဖြင့် ကုန်သွားပါက ကူးတို့ခ ပေးစရာမရှိတော့ပေ။

ထိုအခါမျိုးမှာ ကြွေးမှတ်ထားရသည်။ အချို့လည်း ငွေများများရသည့်အခါ ပြန်ဆပ်သည်။ အချို့လည်း မဆပ်နိုင်ကြတော့ပေ. . . ကြွေးတောင်းပါများလာလျှင် တခြားကူးတို့လှေပြောင်းစီးကြသည်။

ဘာမှမတတ်နိုင်ပေ. . နေ့စဉ်လက်ငင်းရသောငွေသာ ကိုယ်ငွေဖြစ်လေရာ. . ရလာသောငွေများထဲမှ အတိုးဆပ်ရန်ငွေကို ဦးစားပေးချန်ထားပြီးမှ ပိုလျှံသောငွေကို စားသောက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အတိုးဆပ်တာ နည်းနည်းနောက်ကျနေလျှင်ပင် သမ္ဗန်ပိုင်ရှင်ဒေါ်မြလေးက စာရင်းစာအုပ်ကိုင်ပြီး အိမ်ပေါက်ဝရောက်လာတော့သည်။

ကမာကဆစ်ရွာတွင် ဦးဘကြွယ် ဒေါ်မြလေးတို့က ချောင်လည်သော လူတန်းစားထဲမှာ ပါကြသည်။ ရွာလယ်ပိုင်းတွင် ပျဉ်ထောင်၊ သွပ်မိုးအိမ်ကြီးနှင့် နေနိုင်ကြသူများဖြစ်သည်။

အိမ်မှာ ကုန်စုံဆိုင်ကြီးဖွင့်ထားပြီး နေ့စဉ်ညစဉ်အောက်လင်းဓါတ်မီးထွန်းပြီး ဓါတ်စက်ဖွင့်နိုင်ကြသူများ ဖြစ်သည်။ ဦးဘကြွယ်က ရိုးရိုးအေးအေးနေထိုင်သူ ဖြစ်သော်လည်း ဒေါ်မြလေးက လည်သည်၊ ငွေကြေးချောင်လည်သည့် အပြင် လျှာကြမ်းနှုတ်ကြမ်းနှင့် ပြောဝံ့ဆိုဝံ့သူဖြစ်သဖြင့် တစ်ရွာလုံးက သူ့ပါးစပ်ကို ကြောက်ကြသည်။ ကြွေးပေးချိန်တန် မပေး၊ အတိုးပေးချိန်တန် လာမပေးပါက စာရင်းစာအုပ်ကိုင်ကာ အိမ်ပေါက်ဝ ရောက်လာပြီး အော်ကြီးဟစ်ကျယ် ပြောရမှာလည်းဝန်မလေးတတ်သူဖြစ်သည်။

၎င်းတို့တွင် သမီးပျိုတစ်ယောက်ရှိသည်။ အသက်(၂၃)နှစ်အရွယ်ရှိပြီး ချောမောလှပသူဖြစ်သည်။ နာမည်ကမြသင်းကြူဖြစ်ပြီး သဘောမနောကောင်းကာ ရိုးရိုးအေးအေး နေထိုင်တတ်သူဖြစ်သည်။

မိဘများက စင်းဂါးအပ်ချုပ်စက်တစ်လုံး ဝယ်ပေးထားနိုင်သောကြောင့် အိမ်မှာပင် အဝတ်အထည်ချုပ်သောအလုပ်လုပ်ကိုင်လေသည်။





ဈေးဆိုင်ကိုတော့ ဈေးရောင်းသောမိန်းကလေးများငှားရမ်းထားပြီး ဒေါ်မြလေးကပင် ကိုယ်တိုင်အုပ်ချုပ်စီမံလေသည်။ တစ်နေ့သ၌ ညနေစောင်းအချိန်တွင် ဈေးဆိုင်သို့ နီမောင် ရောက်လာလေသည်။

ထိုအချိန်မှာ ဒေါ်မြလေးက နေ့ပြန်တိုးပြန်သွင်းသူများနှင့် အလုပ်ရှုပ်နေသောအချိန်လည်းဖြစ်သည်။

"နီမောင် လကုန်တော့မယ် ဒီလအတွက် အတိုးပေးဖို့တော့ အဆင်ပြေတယ်မဟုတ်လား"

နီမောင်မြင်တော့ စာရင်းစာအုပ်ကို ဖွင့်ကြည့်ရင်းလှမ်းပြောလေသည်။

"ပေးပါမယ် အဒေါ် အခုလာလောဆယ်တော့ ငွေအဆင်မပြေသေးလို့ပါ. . ."

"မင်းတို့ပြောလိုက်ရင် ဒီစကားမျိုးပဲ ကြားရတော့တာပဲ ဟာပဲဖြစ်ဖြစ်လေ. . . လကုန်လို့မှ အတိုးလာမပေးရင်တော့ အရင်းငွေထဲထည့်ပေါင်းပြီး နောက်လကျရင် အတိုးထပ်တွက်မှာပဲ"

"ပေးနိုင်အောင်ကြိုးစားပါ့မယ်အဒေါ်၊ ခုတလော အလုပ်သိပ်မကောင်းလို့ပါ. . ."

"ငွေတိုးတွေ သိပ်တက်လာလို့ ပြန်မဆပ်နိုင်ရင်တော့ ငါ့သမ္ဗန်ပြန်သိမ်းရမှာပဲ၊ နောက်ထပ်ယူဖို့စောင့်နေတဲ့သူတွေကအများကြီးပဲ"

"ဒီလိုတော့မလုပ်ပါနဲ့အဒေါ်၊ ကျွန်တော်တို့မိသားစု



www.burmeseclassic.com

www.burmeseclassic.com



တွေက ဒီသမ္ဘန်လေးနဲ့ပဲ လုပ်ကိုင်စားသောက်နေကြရတာပါ သမ္ဘန်မရှိတော့ရင်တော့ အတော်ကလေးအခက်တွေ့မှာပါ။ ဖြ တဲ့နည်းနဲ့အတိုးဆပ်နိုင်အောင် ကျွန်တော်ကြိုးစားပါ့မယ်. . .

ထိုသို့ပြောသောအခါ ဒေါ်မြလေးက ဘာမှထပ်မပြော တော့ပေ. . ။ နီမောင်နှင့်ဒေါ်မြလေးတို့ ပြောဆိုနေသောစကား သံများကို မြသင်းကြူက စက်ချုပ်နေရာမှ မသိမသာနားစွင့်နေ လေသည်။

"အခုဘာလုပ်မလဲ"

"အမေ့အတွက် ငန်းဆေးထုပ် လာဝယ်တာပါအဒေါ်။ ဆန်နဲ့ဆီလည်းနည်းနည်းလောက် ထပ်ယူသွားချင်လို့ပါ"

"လက်ကျန်စာရင်းထဲ ထပ်ပေါင်းရမှာပဲမဟုတ်လား"

နီမောင်က ခေါင်းညိတ်ပြလိုက်တော့ဘာမှ ထွေထွေ ထူးထူးထပ်မပြောတော့ပဲ ဈေးချိန်ပေးသော အလုပ်သမားများ ကိုသာ နီမောင်လိုသောပစ္စည်းများ ရောင်းချပေးရန် လှမ်းပြော လိုက်သည်။

နီမောင်လည်း လိုသောပစ္စည်းများရသောအခါ ပြန်လာ ခဲ့လေသည်။ လမ်းတစ်လျှောက်လုံးမှာတော့ လကုန်လျှင် ဒေါ်မြ လေးကိုပေးရန် ကျန်နေသော အတိုးငွေအား မည်သည့်နည်းဖြင့် ပေးရမည်ကိုသာ စဉ်းစားလာလေသည်။

တကယ်လို့ အတိုးငွေမှန်မှန်မပေးနိုင်သဖြင့် အကြွေး ဖြင့် ပေးထားသောသမ္ဘန်ကို ပြန်သိမ်းယူသွားပါက အခက်တွေ့ မည်ဟူသော အတွေးက စိတ်ကိုများစွာ ပင်ပန်းစေသည်။





မတတ်နိုင်တော့ပေ။

သူလည်း တတ်နိုင်သလောက်ကြိုးစားနေရာ အကယ် ၍ အဆင်မပြေသဖြင့် သမ္ဘန်ပြန်သိမ်းသွားလျှင်လည်း ဘာမှ တတ်နိုင်တော့မည်မဟုတ်ပေ။

ထိုညမှာတော့ နီမောင်အိပ်ပျော်နေရာမှ အိပ်မက်ထဲ မှာ တစ်စုံတစ်ယောက်ကို တွေ့ရသည်။ သူတစ်ကြိမ်တစ်ခါမှ မမြင်ဘူးသေးသော ချောမောလှပသည့် မိန်းမပျိုတစ်ဦးပင် ဖြစ် သည်။

"ခင်ဗျား. . . ဘယ်သူလဲ. . ."

"ရှင်ကကျွန်မကို မသိပေမယ့် ကျွန်မကတော့ ရှင့်ကိုသိ ပါတယ် ပြောစရာရှိလို့လာခဲ့တာပါ"

"ဘာပြောမှာလဲ"

"တခြားတော့မဟုတ်ပါဘူး ဖိုဝင်ရုပ်အကြောင်းကို ပြော ချင်လို့ပါ. . ."

ထိုစကားကြားတော့ နည်းနည်းတော့ စိတ်ဝင်စားသွား သည်။

"ဖိုဝင်ရုပ်က ဘယ်မှာလဲ"

"အခုဘယ်ရောက်နေတယ်ဆိုတာတော့ မသိပါဘူး၊ ဒါ ပေမယ့် အဲဒီအကြောင်းတွေကိုတော့ ကျွန်မသိပါတယ်"

"ခင်ဗျားသိရင်လည်းပြောပြပါဦး"

"ဒီအရုပ်က တခြားမဟုတ်ဘူး၊ ဖိုဝင်မှားတာကြောင့် ဝိဇ္ဇာဘဝမရောက်တော့ပဲ မိစ္ဆာဘဝရောက်သွားတဲ့အရုပ်ပဲ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



လက်ခံထားရင်သော်လည်းကောင်း၊ သူနဲ့ပတ်သက်ခဲ့ရင်သော်လည်းကောင်းအန္တရာယ်တွေနဲ့ တွေ့ကြုံရလိမ့်မယ်. . . ရှင်ဘာကြောင့် ဒီအရုပ်ကိုလိုက်ရှာနေတာလဲ"

"တခြားလူတွေ အန္တရာယ်ဖြစ်မှာစိုးလို့ပါ"

"အရုပ်ကိုတွေ့ရင်. . တခြားသူတွေအန္တရာယ်မဖြစ်ခင်မှာ ရှင်ကအရင်အန္တရာယ်နဲ့ တွေ့မှာပေါ့၊ မေးပါရစေဦး ဒီအရုပ်တွေ့တော့ ဘာလုပ်မှာလဲ"

"ကျွန်တော်ကတော့ ဘာမှမသိပါဘူး. . မတတ်ပါဘူး ဒါပေမယ့် ကျွန်တော့်မိတ်ဆွေကတော့ ဒီအကြောင်းတွေကို တော်တော်လေးနားလည်တယ်၊ သူကတော့ မိစ္ဆာဘဝကနေ ဝိဇ္ဇာဘဝ ပြန်ရောက်အောင် လုပ်ပေးရမယ်လို့ပြောတယ်"

နီမောင်က အမှန်အတိုင်းပင်ပြောလိုက်သည်။

"မလုပ်ပါနဲ့တော့ရှင်. . . ရှင်တို့လုပ်လို့လည်း မရတော့ပါဘူး၊ ကျွန်မပြောတာလက်မခံလို့ ဆက်လုပ်ရင် အန္တရာယ်နဲ့ တွေ့တာပဲ အဖတ်တင်မှာပဲ၊ ဒီတော့ ကျွန်မပြောတာကိုသာ လက်ခံပါ"

"ဘာကိုလက်ခံရမှာလဲ"

ထိုအခါအမျိုးသမီးက ရှေ့အနည်းငယ်တိုးလာပြီး လေသံခပ်တိုးတိုးဖြင့် ပြောလေသည်။

"အခု ရှင်တို့မိသားစု သိပ်ပြီးဆင်းရဲနေတယ် မဟုတ်လား၊ သူများဆီကကြွေးတွေ ပြန်မဆပ်နိုင်လို့လည်း စိတ်ပူနေရတယ် မဟုတ်လား"





"ဒါ. . . ဒါကတော့. . ."

"လက်တွေ့မှာတော့ အဲဒီကိစ္စက အရေးအကြီးဆုံးပဲ၊ ဒီတော့ ကျွန်မပြောတဲ့အတိုင်းသာ လုပ်ပါ"

"ဘယ်လိုလုပ်ရမှာလဲ"

"ရှင်တို့ အခုလုပ်နေတဲ့ အကျိုးမရှိတဲ့အလုပ်တွေကို ဆက်မလုပ်တော့ပါဘူးလို့ ကတိပေးရင် ရှင်အတွက်လိုအပ်နေတဲ့ငွေကို ကျွန်မပေးမယ်. . ."

ထိုစကားသည် နီမောင့်အတွက်တော့ စဉ်းစားစရာကောင်းသော စကားမျိုးဖြစ်သည်။ သို့သော်. . . အလွယ်တကူ လက်ခံလိုသော ဆန္ဒတော့မရှိပေ။

"ငွေလိုတာလည်း လိုတာပေါ့. . . ဒါပေမယ့် မဖြစ်ပါဘူးဗျာ"

"ဟင်. . . ဘာဖြစ်လို့လဲ လောလောဆယ်မှာ ရှင့်အတွက် ငွေထက်တခြားဘာက ပိုအရေးကြီးနေလို့လဲ"

"အခုလုပ်နေတဲ့အလုပ်က ကျွန်တော်သဘောနဲ့ လုပ်နေတာ မဟုတ်ပါဘူး၊ ကျွန်တော်က ဒီအကြောင်းတွေကိုလည်း ဘာမှနားမလည်ပါဘူး၊ ကျွန်တော့်ဆရာကြီး လုပ်နေတာဆိုတော့ သူ့သဘောပါပဲ. . . ခင်ဗျားကသာ လုပ်စေချင်ရင် သူ့ကို သွားပြောပါလား"

ဟုသွေးတိုးစမ်းသည့် သဘောမျိုးဖြင့် ပြောလိုက်လေသည်။

"အို. . . တယ်ခက်တဲ့လူပဲ သူ့အတွက်ပြောနေမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိ ကိုယ့်အတွက်ပြောနေမှန်းမသိပါလား၊ သူ့ကိုသွားပြောဖို့ မဖြစ်လို့ ရှင့်ကိုလာပြောတာပေါ့၊ ရှင့်ဆရာကြီးကို ရှင်ပဲ ပြော လိုက်ရင်မပြီးဘူးလား"

"မဖြစ်ပါဘူးဗျာ. . . ဆင်းရဲချင်လည်း ဆင်းရဲပါစေ တော့၊ ခင်ဗျားပေးတဲ့ငွေလည်း မလိုချင်တော့ပါဘူး၊ ဆရာကြီး ခိုင်းတဲ့အတိုင်းပဲ လုပ်ပေးလိုက်ပါတော့မယ်"

ထိုသို့ပြောလိုက်သောအခါ စောစောကချော့မော့လှပ သော မိန်းမပျိုမျက်နှာမှာ ကြောက်စရာကောင်းသော အမူအရာ မျိုး ဖြစ်လာသည်။

ပြုံးချိုနေရာမှ ချက်ချင်းခက်ထန်ကြမ်းတမ်းသော အ သွင်မျိုးပြောင်းသွားလေသည်။ မီးဝင်းဝင်းတောက်လုမတတ် နီရဲ နေသောမျက်လုံးဖြင့် စိုက်ကြည့်ကာ. . .

"နင်က ငါ့စကားမှ နားမထောင်ချင်တာကိုး၊ နင်တို့ ငါ့စကားကို နားမထောင်ပဲနဲ့ ဆက်လုပ်ရင် ဘယ်လိုဘေး အန္တရာယ်ဆိုးတွေနဲ့ တွေ့ရမယ်ဆိုတာ စောင့်သာကြည့်ပေ တော့"

ဟုပြောကာ ပျောက်ကွယ်သွားလေတော့သည်။

နီမောင်လည်း အိပ်မက်လိုလိုနှင့် တွေ့မြင်လိုက်ရသော မြင်ကွင်းများကို တော်တော်နှင့်မဖျောက်နိုင်ပဲ ရှိနေတော့သည်။

နောက်တစ်နေ့ နေ့လယ်ဘက် ကူးတို့ခတ်ချိန်နား သောအခါ ဦးဗန်ကောင်းရှိရာသို့သွားပြီး ထိုအကြောင်းများကို ပြောပြလိုက်သည်။





"ကောင်းတဲ့ကိစ္စတစ်ခု လုပ်တော့မယ်ဆိုရင် မကောင်း တဲ့အနှောင့်အယှက်အဖျက်အဆီးတွေက အများကြီးလာမှာပဲ၊ လမုတောရွာတစ်ရွာလုံး ပျက်စီးခဲ့ရတာ အဲဒီအဖျက်မျိုးကို မသိပဲ နဲ့ လက်ခံမိလို့ပဲကွ. . ."

"ဟုတ်ကဲ့. . ."

"ဆင်းရဲနွမ်းပါးတဲ့လူတွေကို ရွှေငွေတို့နဲ့ဖြားယောင်း သွေးဆောင်ရင် အလွယ်တကူပျက်စီးနိုင်တယ်၊ ပို့ရွယ်တဲ့သူတွေ ကို အလှအပကာမတရားနဲ့ဖြားယောင်းသွေးဆောင်ရင် ပျက်စီး နိုင်တယ်. . .၊ ဒါ့ကြောင့် အလှအပနဲ့ဖျက်ရင်. . . စစ်ပွဲများစွာ နိုင်အောင်တိုက်နိုင်တဲ့ သူရဲကောင်းတွေ၊ ပညာရှိတွေဟာ အ လွယ်တကူနဲ့ ပျက်စီးကြရတာပေါ့ကွာ. . ."

"ကျွန်တော် သတိထားပါ့မယ်အဘ"

"အေး. . သတိထားပြီးနေရင်တော့ ဘေးအန္တရာယ်နဲ့ တွေ့ရင်တောင် ဆင်ခြင်လို့ရတာပေါ့ကွာ၊ ဘယ်သူတွေက လာပြီး ဖျက်ဖျက်ပေါ့လေ ငါတို့ကတော့ ဖိုဝင်ရုပ်ကို တွေ့အောင်မြန်မြန်ရှာ ယူရမယ်ကွ"

"ဘယ်လိုကြောင့်လည်းအဘ. . ."

"ဘာမှသိနားမလည်တဲ့သူတွေလက်ထဲ ရောက်နေရင် ကာယကံရှင်လည်း မိစ္ဆာဘဝရောက်နေတာက မလွတ်နိုင်ဘူး၊ ကျန်တဲ့လူတွေလည်း ဘေးအန္တရာယ်တွေနဲ့တွေ့ပြီး သေကျေ ပျက်စီးရမှာမို့ပေါ့ကွာ. . ."

"ကျွန်တော်တို့ကယ်ပေးတော့ရော သူကမူလဘဝကို



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်နိုင်ပါတော့မလားဟင်"

"သူလည်း ပြန်ကြိုးစားရမှာပေါ့. . ဒါ့အပြင် နံဘေးက သစ္စာရှိရှိ သတ္တိကောင်းကောင်းနဲ့ အကူအညီပေးမယ့်သူမျိုးလည်း ရှိနေဖို့လိုတာပေါ့၊ တကယ်လို့သာ ငါတို့အကူအညီ ပေးလို့ ဝိဇ္ဇာဘဝပြန်ရောက်သွားရင်တော့ မင်းလည်းအခုလို ဆင်းရဲတဲ့ဘဝက လွတ်မြောက်သွားမှာပါ"

"ကျွန်တော်က စေတနာနဲ့လုပ်ပေးနေတာပါ. . အဲဒီအကျိုးတွေ မျှော်ကိုးပြီးလုပ်နေတာ မဟုတ်ပါဘူး"

"အဲဒီလိုမျှော်ကိုးမှုမရှိပဲ ဖြူစင်တဲ့စေတနာမျိုးက ပိုပြီးအကျိုးပေးနိုင်တာပေါ့ကွာ. . .၊ ဒါပေမယ့် လွယ်လွယ်နဲ့တော့ ရမှာမဟုတ်ဘူး၊ ငါတို့နှစ်ယောက် အနှောင့်အယှက်တွေ ဘေးအန္တရာယ်တွေနဲ့တော့ အများကြီးတွေ့ကြရဦးမှာကွ"

"တွေ့လည်းမကြောက်ပါဘူး အဘရာ၊ မှန်တဲ့ဘက်က လုပ်ပေးရတာမျိုးတော့ သေရင်လည်း အရေးမကြီးပါဘူး၊ ဒါထက် အခုလိုအချိန်ရတုန်း ဝိဇ္ဇာတွေနဲ့ပတ်သက်ပြီး ကျွန်တော့်ကို ပြောပြပေးပါဦး"

ဟုပြောရာ ဦးဇန်ကောင်းက ကွမ်းတစ်ယာကို ပါးစပ်တွင်းထည့်ပြီး တမြုံ့မြုံ့ဝါးနေရာမှ အောက်ပါအကြောင်းအရာတို့ကို ပြောပြလေသည်။





# အခန်း (၈)

# ဝိဇ္ဇာလောကဘဝထွေတလာ

ဝိဇ္ဇာဆိုသည် ဝေါဟာရတွင် အသိဝိဇ္ဇာ၊ အတတ်ဝိဇ္ဇာ၊ အကျင့်ဝိဇ္ဇာ၊ လောကီဝိဇ္ဇာနှင့် လောကုတ္တရာဝိဇ္ဇာဟူ၍ ငါးမျိုးရှိသည်။

အသိဝိဇ္ဇာဆိုသည်မှာ စာသိသိခြင်း၊ ဗဟုသုတများပြီး အရာရာကို သိနေခြင်း၊ ပိဋကတ်စာပေများမှာ ကျွမ်းကျင်လိမ္မာစွာ သိမြင်ခြင်း စသည်ပုဂ္ဂိုလ်များကို အသိဝိဇ္ဇာဟုဆိုသည်။ ထို့ပြင် ကျင့်ကြံပွားများအားထုတ်ခြင်းဖြင့် အမြင်အကြ[illegible]ရှိပြီး



www.burmeseclassic.com

www.burmeseclassic.com



အဘိညာဉ် ပေါက်နေသည့် ပုဂ္ဂိုလ်များ၊ မနောမယသိဒ္ဓိ ပေါက်နေသောပုဂ္ဂိုလ်များနှင့် အဘိညာဉ်(၅)ပါး၊ အဘိညာဉ်(၆)ပါးတို့ကို ပေါက်မြောက်သိမြင်နေသည့် ပုဂ္ဂိုလ်များကိုလည်းဝိဇ္ဇာဟုခေါ်သည်။

မြတ်စွာဘုရားသည် ဝိဇ္ဇာဉာဏ်(၃)ပါးနှင့် ပြည့်စုံတော်မူသည်။ "ပု-ဝိဇ္ဇာ"၊ "ဒိ-ဝိဇ္ဇာ"၊ "အာ-ဝိဇ္ဇာ"ဟူသော ဝိဇ္ဇာ(၃)ပါးဖြစ်သည်။

"ပု" ဆိုသည်မှာ ပုဗ္ဗေနိဝါသဉာဏ်တော်. . .
"ဒိ" ဆိုသည်မှာ ဒိဗ္ဗစက္ခုဉာဏ်တော်. . .
"အာ"ဆိုသည်မှာ အာသဝက္ခယဉာဏ်တော်. . .
ဖြစ်သည်။

BURMESE CLASSIC .com

မြတ်စွာဘုရားရှင်သည် အဆိုပါဝိဇ္ဇာဉာဏ်သုံးပါးနှင့် တကွ "သ"-သဗ္ဗညုတဉာဏ်တော်ကြီး ကိုပါ ရရှိခြင်းကြောင့် "ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား" ဟု အထွတ်အမြတ် ထားကြသည်။

ထို့ပြင် ဝိဇ္ဇာဉာဏ်မှန်သမျှ ပေါက်မြောက်အောင်မြင်ပြီးဖြစ်သောကြောင့် ဝိဇ္ဇာဉာဏ်မှန်သမျှ အားလုံးတို့၏ ဦးစီးဥက္ကဋ္ဌဖြစ်တော်မူသောကြောင့် "မြတ်စွာဘုရား"ဟု ရှိခိုးပူဇော်ကြခြင်းဖြစ်ပေသည်။

အတတ်ဝိဇ္ဇာဆိုသည်မှာ အင်းပညာ၊ အင်းအတတ်ကို ကျွမ်းကျင်စွာ တတ်မြောက်သည့်ပုဂ္ဂိုလ်ကို ဆိုလိုသည်။ဆေးဝါးအတတ်ကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်သည့်ပုဂ္ဂိုလ်ကို





ဆေးဝိဇ္ဇာဟုဆိုသည်။

ဗေဒင်ပညာကို လိမ္မာပါးနပ်စွာ တတ်မြောက်သည့်ပုဂ္ဂိုလ်သည် ဗေဒဝိဇ္ဇာ ဟုခေါ်သည်။

ထို့အတူ စက်မှုပညာကို လိမ္မာစွာတတ်ကျွမ်းခြင်း၊ သိပ္ပံပညာများကို လိမ္မာစွာတတ်ကျွမ်းခြင်းရှိသည့် ပုဂ္ဂိုလ်များသည် အတတ်ပညာဝိဇ္ဇာများဖြစ်သည်။

ပြဒါးနှင့်သံများကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ပြီး ပြဒါးနှင့်သံများကို သိဒ္ဓိအမျိုးမျိုးပေါက်သည်အထိ စီရင်နိုင်သည့် ပုဂ္ဂိုလ်များသည် ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာဖြစ်သည်။ ၎င်းတို့ကို အဂ္ဂိရတ်လုပ်ရတ်အတတ်ဝိဇ္ဇာဟုခေါ်သည်၊

မည်သည့်အတတ်ပညာမဆို လိမ္မာပါးနပ်စွာ တတ်သိသူကို အတတ်ဝိဇ္ဇာဟုပင် ခေါ်ဆိုထိုက်ပါသည်။ ဝိဇ္ဇာသည် အသိကိုလည်းဟောသည် အတတ်ကိုလည်းဟောသည်။ အကျင့်ဝိဇ္ဇာဆိုသည်မှာ ဒါနတရားသီလတရားတို့ကို အားပြု၍ အမိဋ္ဌာန်အကျင့်လမ်းများကို အားကြိုးမာန်တက် အားထုတ်ကျင့်ဆောင်နေသည့် ပုဂ္ဂိုလ်ကို အကျင့်ဝိဇ္ဇာဟုခေါ်သည်။

ဘုရားဂုဏ်တော်(၉)ပါးကို ပွားများ၍ ဗုဒ္ဓဘုရားကိုအာရုံပြု၍ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်တရားကို ကျင့်ကြံပွားများ အားထုတ်ခြင်းသည်ပင်လျှင် အကျင့်ဝိဇ္ဇာဟု ခေါ်ဆိုနိုင်ပါသည်။

ထို့ပြင် နေကသိုဏ်း၊ လကသိုဏ်းအပါအဝင် ကသိုဏ်း(၁၀)ပါးထဲမှ တစ်ပါးပါးကို စွဲစွဲမြဲမြဲကျင့်ကြံအားထုတ်လျှင်လည်း အကျင့်ဝိဇ္ဇာဟု ခေါ်ထိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ထက်လွန်ကဲ၍ သမထတရား ဝိပဿနာတရားများကိုကြိုးစားပြီး ကျင့်ဆောင်နေသူကိုလည်း အကျင့်ဝိဇ္ဇာဟုပင်ခေါ်ဆိုထိုက်ပါသည်။

အကျင့်ဝိဇ္ဇာကဏ္ဍတွင် ကျင့်ကြံပွားများ အားထုတ်ရာ၌ သိမှတ်ဖွယ်ရာများရှိပါသည်။ သမထအကျင့်တွင် အောက်ဆုံးအထစ်ပဋိဘာဂနမိတ်၊ အပ္ပနာသမာဓိအဆင့်မှစ၍ ဈာန်တရားများ၊ အဘိညာဉ်တရားများ ရသည့်အဆင့်ထိ ကျင့်ကြံသည့်ပုဂ္ဂိုလ်ကို အကျင့်ဝိဇ္ဇာဟု သတ်မှတ်ရပါမည်။

နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရားတို့ကို ကျင့်ဆောင်ပွားများ အားထုတ်လျှင်လည်း အောက်ဆုံးအထစ် ဥဒယဗ္ဗယဉာဏ်မှစတင်၍ ဝိပဿနာဉာဏ်ဆယ်ပါးအပါအဝင် မဂ်ဉာဏ်၊ ဖိုဉာဏ်အထိ ကျင့်သည့်ပုဂ္ဂိုလ် အကျင့်ဝိဇ္ဇာဟုခေါ်ဆိုထိုက်ပါသည်။

အကျင့်ဝိဇ္ဇာဟု ခေါ်ဆိုသတ်မှတ်ရာတွင် မိမိကျင့်ကြံအားထုတ်သည့်အကျင့်သည် သမထတရားတွင် ပဋိဘာဂနိမိတ်၊ အပ္ပနာသမာဓိအဆင့်ကို အောက်ဆုံးအထစ်ရရှိထားမှ အကျင့်ဝိဇ္ဇာဟု ဆိုရပါမည်။

ဝိပဿနာတရားတွင်လည်း ဤအတိုင်းကျင့်ရုံနှင့်မပြီးပေ။ အောက်ဆုံးအထစ် ဥဒယဗ္ဗယဉာဏ်အဆင့်ကို ရရှိထားမှသာလျှင် အကျင့်ဝိဇ္ဇာဟု ဆိုရပါမည်။

လောကီဝိဇ္ဇာဆိုသည်မှာ လောကီပညာအတတ်များနှင့် အောက်ဆုံးအထစ်သတ္တဝါ၏ အန္တရာယ်ကို ဖယ်ခွာစေနိုင်ခြင်း





ရောဂါဝေဒနာများကို ဖယ်ရှားပေးနိုင်ခြင်း၊ သတ္တဝါအများကိုတိုးတက်အောင်၊ ကြီးပွားအောင်၊ ချမ်းသာအောင်၊ ဆောင်ရွက်ပေးနိုင်ခြင်းသည် အောက်ဆုံးအဆင့် လောကီဝိဇ္ဇာဟုပင် ခေါ်ဆိုထိုက်သည်။

လောကီပညာအတတ်ကို တတ်သည့်ပုဂ္ဂိုလ်သည် ထိုအတတ်ပညာဖြင့် သတ္တဝါများ၊ လောကလူသားများအားကောင်းကျိုးရအောင် မစွမ်းဆောင်နိုင်ပါလျှင်၊ တစ်နည်းအားဖြင့် မည်သည့်အာနိသင်၊ စွမ်းအားတခုတစ်လေမျှ မရခဲ့ပါလျှင် ထိုပုဂ္ဂိုလ်မျိုးကို လောကီဝိဇ္ဇာဟု မခေါ်ဆိုထိုက်ပေ။

လောကီဝိဇ္ဇာအဆင့်သည် စွမ်းအားတစ်ခုခု၊ သိဒ္ဓိတစ်မျိုးမျိုး၊ လောကီဝိဇ္ဇာဉာဏ်တစ်မျိုးမျိုးကို အောက်ဆုံးထစ်အနေဖြင့် ရရှိထားပါမှ လောကီဝိဇ္ဇာဟု ခေါ်ထိုက်ပါသည်။

ထို့ထက်လွန်ကဲ၍ ဆယ်ပါးသော သိဒ္ဓိ၊ ခြောက်ပါးသော အဘိညာဉ်တို့ကို ရပြီးပါမူကား လောကီဝိဇ္ဇာအစစ်ကြီးဖြစ်ပေသည်။

လောကုတ္တရာဝိဇ္ဇာဟူသည် သမထတရားကိုကျော်လွန်၍(၃၁)ဘုံက လွတ်ရာလွတ်ကြောင်း၊ သံသရာဝဋ်ဆင်းရဲမှလွတ်ရာလွတ်ကြောင်း သင်္ခတဓာတ်၊ သန္တိသုခနိဗ္ဗာန်တရားကိုမျက်မှောက်ပြုနိုင်သည်အထိ ဝိဿနာတရားများကို ပွားများကျင့်ဆောင်အားထုတ်ကြရာ၌ ဝိပဿနာဉာဏ်(၁၀)ပါးနှင့်တကွမဂ်ဉာဏ်၊ ဖိုဉာဏ်ရရှိသည်အထိ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်သည်အထိသည် လောကုတ္တရာဝိဇ္ဇာမည်၏။



www.burmeseclassic.com

www.burmeseclassic.com



လောကုတ္တရာဝိဇ္ဇာမျိုးသည် လောကီနှင့်လုံးဝမသက်ဆိုင်ပေ။ သံသရာဝဋ်က ကျွတ်ရာကျွတ်ကြောင်း နိဗ္ဗာန်ရောက်ကြောင်းတရားနှင့်သာ သက်ဆိုင်ပေသည်။

ပညာရပ်တစ်ခုကို တတ်မြောက်သည်၊ ကျွမ်းကျင်သည်၊ လိမ္မာသည်၊ ပါးနပ်သည်၊ ပါရဂူဖြစ်သည်ဟု ဆိုရာ၌ ပညာရပ်တစ်ခု၏ အကျင့်မှန်ကန်မှု၊ တက်စဉ်မှန်ကန်မှု၊ လမ်းစဉ်လမ်း ကြောင်းမှန်ကန်မှုရှိ၍သာလျှင် ဖြစ်ထွန်းအောင်မြင်ခြင်းဖြစ်သည်။

အကယ်၍ ပညာရပ်တစ်ခု၏ အကျင့်မမှန်ကန်လျှင်၊ တက်စဉ် မမှန်ကန်လျှင်၊ လမ်းစဉ်လမ်းကြောင်း မှန်ကန်မှုမရှိလျှင် ထိုပုဂ္ဂိုလ်ကို တတ်မြောက်သည်ဟု မဆိုနိုင်၊ ကျွမ်းကျင်သည်ဟု မဆိုနိုင်၊ လိမ္မာသည်ဟု မဆိုနိုင်ပေ၊ ပါးနပ်သည်ဟုလည်း ပြော၍မဖြစ်၊ ပါရဂူလည်း မဖြစ်နိုင်တော့ပေ။

ပညာရပ်တစ်ခု၏ အကျင့်မှန်ကန်ခဲ့ပါလျှင်၊ တက်စဉ်မှန်ကန်ခဲ့ပါလျှင်၊ လမ်းစဉ်လမ်းကြောင်း မှန်ကန်ခဲ့ပါလျှင်၊ ထိုပုဂ္ဂိုလ်သည် အဆိုပါပညာရပ်ကို တတ်မြောက်သည်၏ အခြားမဲ့မှာ စွမ်းအားတစ်ခုခု၊ သိဒ္ဓိတစ်မျိုးမျိုး၊ မဟိဒ္ဓိအဖုံဖုံကို ရမြဲ၊ ရှိမြဲ၊ ခံစားမြဲဖြစ်ပေသည်။

ပုဂ္ဂိုလ်တစ်ဦးသည် ပညာရပ်တစ်ခုကို ကျွမ်းကျင်သည်၏ အခြားမဲ့မှာ စွမ်းအား၊ သိဒ္ဓိအား၊ မဟိဒ္ဓိအားများသည် ရရှိမြဲ ခံစားမြဲ ဖြစ်ပါသည်။

ထို့အတူ ပညာရပ်တစ်ခုကို ကျွမ်းကျင်လိမ္မာသည်၊ ပါးနပ်သည်၏ အခြားမဲ့မှာ ပါရဂူမြောက်၍ စွမ်းအားအမျိုးမျိုး၊ သိဒ္ဓိအမျိုးမျိုး၊ မဟိဒ္ဓိအဖုံဖုံတို့ကို ရရှိမြဲ ပြီးစီးမြဲ အောင်မြင်ထားမြဲ ဖြစ်ပေသည်။





ဤသဘောတရားအခြေခံဖြင့် အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာများကို ရှုမြင်သုံးသပ်ရပါမည်။

သို့ဖြစ်၍ အထူးသိရှိထားရမည်မှာ ဝိဇ္ဇာဟူသည် ဝိဇ္ဇာဟူသည်နှင့်အညီ သတ်မှတ်ချက်ရှိကြသည်။ အကျင့်ဝိဇ္ဇာ ဆိုပါက အကျင့်နှင့်ပတ်သက်သော သတ္တိထူး၊ သိဒ္ဓိထူး ရထားသည့် ပုဂ္ဂိုလ်မှသာ ဝိဇ္ဇာမည်သည်၊ ရရှိမထားလျှင် ဝိဇ္ဇာမမည်ပေ။

ထို့အတူ အတတ်ဝိဇ္ဇာဆိုပါက အတတ်ပညာနှင့်ပတ်သက်သော သတ္တိထူး၊ စွမ်းအားသိဒ္ဓိထူး ရရှိထားမှသာ ဝိဇ္ဇာမည်သည်။ ရရှိမထားလျှင် ဝိဇ္ဇာမမည်ပေ။ လောကီဝိဇ္ဇာဟူသည် တစ်နည်းအားဖြင့် သမထဝိဇ္ဇာဟု ခေါ်ဆိုနိုင်သည်။

လောကုတ္တရာဝိဇ္ဇာကို တစ်နည်းအားဖြင့် ဝိပဿနာဝိဇ္ဇာဟုလည်း ခေါ်နိုင်ပါသေးသည်။ ရှေးခေတ်သာသနာပကာလမှာဖြစ်စေ၊ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်အတွင်းမှာဖြစ်စေ၊ သတ်မှတ်ပြဋ္ဌာန်းသော ဝိဇ္ဇာမိုးရ်များမှာ (၅)မျိုးရှိပေသည်။

၎င်းတို့မှာ --

* အင်္ဂဝိဇ္ဇာမိုးရ်
* ဇော်ဂျီဝိဇ္ဇာမိုးရ်



www.burmeseclassic.com

www.burmeseclassic.com



* တပသီဝိဇ္ဇာဓိုရ်
* သေသဝိဇ္ဇာဓိုရ်
* ဂါထာဝိဇ္ဇာဓိုရ်ဟူ၍ဖြစ်သည်။

အင်္ဂဝိဇ္ဇာဓိုရ်သည် (၃)မျိုးရှိပေသည်။

* ဂါထာမန္တန် ဝိဇ္ဇာဓိုရ်
* ဆေးဝိဇ္ဇာဓိုရ်
* သုတပြာစားဝိဇ္ဇာဓိုရ်---တို့ဖြစ်သည်။

ဂါထာမန္တန် ဝိဇ္ဇာဓိုရ်ဆိုသည်မှာ ဂါထာမန္တန်များ၏ အစိဋ္ဌာန်နှင့် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် မြေလျှိုး၊ မိုးပျံ၊ တန်ခိုး ... ချာန်ကို ရရှိသည့်ပုဂ္ဂိုလ်ဖြစ်သည်။

အချို့ပုဂ္ဂိုလ်မှာ ဂါထာ၊ မန္တန်များကို ဂူအောင်းပြီးကျင့် ... ဆောင်ခြင်းဖြင့် သိဒ္ဓိမြောက်ပြီး ဂါထာမန္တန်ဝိဇ္ဇာဓိုရ် ဖြစ်သွားနိုင် ... ပေသည်။

အချို့ဂါထာမန္တန် ဝိဇ္ဇာလမ်းသည် သစ်ပင်(၁၂)ပင် ... တောကြီး(၁၂)တော၊ တောင်ကြီး(၁၂)တောင်၊ သချိုင်းကြီး (၁၂) ... သချိုင်းများတွင် ဂါထာမန္တန်အကျင့်ကိုကျင့်ပြီး ဝိဇ္ဇာဓိုရ်ဖြစ်ပြီး ... ကောင်းကင်ပျံတက်နိုင်သည့် ဝိဇ္ဇာဓိုရ်များဖြစ်နိုင်သည်။

ဆေးဝိဇ္ဇာဓိုရ်ဆိုသည်မှာ အစွမ်းသတ္တိထက်မြက်သော ... ဆေးပင်၊ ဂမုန်းပင်၊ ပန်းပေါင်းမင်းပေါင်းများဖြင့် သိဒ္ဓိဝင်ဆေး ... များ စီရင်ပြီးနောက် တစ်နှစ်ဂူအောင်း၍ ဆေးစားခြင်း၊ သုံးနှစ် ... ဂူအောင်း၍ ဆေးတက်၊ ဆေးစားခြင်းပြုကြသည်။ အချို့ဆေး ... ဝိဇ္ဇာများသည် မြေကြီးတွင် ဂူသဏ္ဌာန် တွင်းသဏ္ဌာန်တူး၍ ...





လူသူမနီး တောကြီးထဲတွင် ဂူအောင်း၊ တွင်းအောင်း၍ ဆေးစား ဆေးတက်ခြင်း၊ ထုံကူးခြင်း၊ ထုံဆေးစားခြင်းဖြင့် ဆေးဝိဇ္ဇာဓိုရ် လမ်းကို အားထုတ်ကြသည့် ပုဂ္ဂိုလ်ဖြစ်သည်။

သုတပြဒါးပြာစား ဝိဇ္ဇာဓိုရ်ဆိုသည်မှာ အဂ္ဂိရတ်အတတ်ဖြင့် ပြဒါးကို သေစေပြီးနောက် ပြဒါးကိုပြာချ၍ ထိုပြဒါးပြာကို ကွမ်းရိုးတစ်တို့ဖြင့် စားသုံး၍ သုတပြာစား ဝိဇ္ဇာဓိုရ် ဖြစ်လာသည့် ပုဂ္ဂိုလ်ဖြစ်သည်။

ဘုရားရှင်၏ သာသနာတော်အတွင်းဖြစ်သော ဝိဇ္ဇာဓိုရ်သည် သာသနာပကာလတွင်ဖြစ်သော ဝိဇ္ဇာတို့နှင့် ကွာခြားကြသည်။ ဘုရားရှင်၏ သာသနာတော်အတွင်း၌ကား အကျင့်၊ သီလ၊ သိက္ခာကို အထူးတန်ဖိုးထား ရှေ့တန်းတင်၏။

သာသနာပကာလတွင်ကား အကျင့်၊ သီလ၊ သိက္ခာ တို့ကို တန်ဖိုးထားမှု လျော့နည်းလာပေသည်။

ဇော်ဂျီဝိဇ္ဇာဓိုရ်(၃)မျိုးရှိသည်။

၎င်းတို့မှာ--

* မန္တန်ဆေးစုပ်ဝိဇ္ဇာဓိုရ်
* ဆေးမျှက်လှည့်ဝိဇ္ဇာဓိုရ်
* သုတပြာစားဝိဇ္ဇာဓိုရ်တို့ဖြစ်သည်။

တပသီဝိဇ္ဇာဓိုရ်ကား ပြဒါးသေကို ငုံပြသောဝိဇ္ဇာဓိုရ် တစ်ပါးသာ ရှိပေသည်။

သေသဝိဇ္ဇာဓိုရ်(၂)မျိုးရှိသည်။

၎င်းတို့မှာ--



www.burmeseclassic.com

www.burmeseclassic.com



* သံသေကိုင်၍ ပုံသောဝိဇ္ဇာမိုရ်

* သံသေပြာစားသော ဝိဇ္ဇာမိုရ်တို့ဖြစ်သည်။

ဂါထာဝိဇ္ဇာမိုရ်နှင့် အင်းဝိဇ္ဇာမိုရ်တို့သည် အခြားသော ဝိဇ္ဇာမိုရ်များထက်ပို၍ ကိလေသာ၊ တဏှာ၊ ရာဂနည်းပါးကြကုန်၏။

ထို့ပြင်ဂါထာဝိဇ္ဇာမိုရ်နှင့် အင်းဝိဇ္ဇာမိုရ်တို့ကား မြတ်စွာဘုရားရှင်၏ သာသနာတော်မှသာ ဖြစ်ပေါ်စေနိုင်၏။ သာသနာပကာလတွင် မဖြစ်ပေါ်စေနိုင်ပေ။

သံသေလုံးကိုင်၍ပုံသော သံသေဝိဇ္ဇာမိုရ်သည် စတုမဟာရာဇ်နတ်ဘုံမှစ၍ နတ်ပြည်ခြောက်ထပ်စလုံးမှာပင် ပျော်ပါးနိုင်သော စွမ်းအားရှိကြကုန်၏။

ပထမစျာန်ဘုံ၊ ဒုတိယစျာန်ဘုံသို့တိုင်အောင်ပင် ရောက်စေနိုင်ကြောင်း မဏိသာရ မဉ္ဇူကျမ်းများ၊ ရှေးနိပါတ်တော်များနှင့် ရှေးဟောင်းကျမ်းများတွင်ပါရှိသည်။

အချို့သော တန်ခိုးကြီးမားသည့် အင်းဝိဇ္ဇာမိုရ်ကြီးများ ဂါထာဝိဇ္ဇာမိုရ်ကြီးများသည် မျက်တောင်တစ်ခတ်အတွင်း နတ်ပြည်ခြောက်ထပ်ကိုလွန်၍ ဗြဟ္မာပြည်သို့တိုင် ရောက်နိုင်၊ နေနိုင်ကြကုန်၏။

အဆိုပါ ဝိဇ္ဇာမိုရ်ကြီးများ၏ အသက်အာယုမှာလည်း နှစ်ပေါင်းငါးထောင်၊ တစ်သိန်းတစ်သန်းမက အသက်ရှည်ကြ၏။

အချို့ဝိဇ္ဇာမိုရ်မျိုးသည် တစ်ကမ္ဘာနှင့်တစ်ကမ္ဘာကြာ





အောင်ပင် အာယုသိဒ္ဓိပြီး၍ အသက်ရှည်ကြကုန်၏ဟု ရှေးဟောင်းကျမ်းဂန်များ၊ အာဒိကပ္ပကမ္ဘာဦးကျမ်းများ၊ ပဏ္ဍိတဝေဒနီယကျမ်းများတွင် အထင်အရှားပြသထားပါသည်။

အချို့သော သံဝိဇ္ဇာမိုရ်ကြီးများ၊ သံသေပြာစား ဝိဇ္ဇာမိုရ်ကြီးများသည် ထိုသံပြာစားထားသည့်အခါ ထိုသံပြာသည် ခန္ဓာကိုယ်အတွင်း မပျောက်မပျက်သမျှ ကာလပတ်လုံး မောခြင်းပန်းခြင်း မရှိ၊ ခရီးတစ်သောင်း၊ ခရီးတစ်သိန်း၊ ခရီးတစ်သန်းကို မမောပန်းသွားလာနိုင်ကြကုန်၏။

ထိုသံပြာသည် ခန္ဓာကိုယ်အတွင်း မပျောက်မပျက်မတုန်ခမ်းသမျှ ကာလပတ်လုံး မျက်စိလှခြင်း၊ အသံသာခြင်း၊ ရုပ်ဆင်းအင်္ဂါ လှပတင့်တယ်ခြင်း၊ အနာရောဂါ လုံးဝမရှိပဲ အာရောဂျ သိဒ္ဓိပြီးစီးခြင်းရှိ၏။

အင်္ဂဝိဇ္ဇာမိုရ်မျိုးကား မနေသိဒ္ဓိ၊ လာဘသိဒ္ဓိ၊ ကာယသိဒ္ဓိ၊ ဝိဇ္ဇာမန္တသိဒ္ဓိတို့ကို ပြီးစီးစေ၏။ အနုလောမသိဒ္ဓိ၊ ဝိဇ္ဇာမယသိဒ္ဓိတို့ကိုကား မပြီးစီးနိုင်ပေ။ ဇော်ဂျီဝိဇ္ဇာမိုရ်မျိုးကား အင်္ဂဝိဇ္ဇာမိုရ်မျိုးနှင့် အကျိုးခြင်းတူမျှကြကုန်လေ၏။

တပသီဝိဇ္ဇာမိုရ်မျိုးကား မနေသိဒ္ဓိ၊ ကာယသိဒ္ဓိ၊ အနုလောမသိဒ္ဓိ တို့ကိုသာ ပြီးစီးစေနိုင်၏။ ဝိဇ္ဇာမယသိဒ္ဓိမျိုးကို မပြီးစီးနိုင်ပေ။

သေသဝိဇ္ဇာမိုရ်မျိုးကား အမျိုးမျိုးသော သိဒ္ဓိအားလုံးတို့ကိုပင် ပြီးစီးစေနိုင်၏။ အင်းဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာမျိုးကလွဲလျှင်ကျန်သောဝိဇ္ဇာများ၊ ဝိဇ္ဇာမိုရ်များသည် သေသဝိဇ္ဇာများကို (၄)



www.burmeseclassic.com

www.burmeseclassic.com



ယူဇနာအကွာမှ ရှောင်ခွာ၍သွားလာကြရကုန်၏။

သို့ဖြစ်၍ သာသနာတော်အတွင်းဖြစ်သော အင်းဝိဇ္ဇာ ဂါထာဝိဇ္ဇာများကလွဲလျှင် သံသေလုံးငုံ၍ပျံသော သေသဝိဇ္ဇာ မိုရ်များ၊ သံသေပြာစားသောဝိဇ္ဇာမိုရ်များတို့သည် အခြားအခြား သော ဝိဇ္ဇာမိုရ်များထက် တန်ခိုးအာဏာ ပို၍ကြီးမားကြကုန်၏။ သိဒ္ဓိတန်ခိုးလည်း ကြီးမားကြကုန်၏။

၎င်းမှာ သံသေသတ္တိ၊ သံပြာသတ္တိတို့၏ တန်ခိုးဟုယူဆ နိုင်ပါသည်။ အင်္ဂဝိဇ္ဇာမိုရ်များသည် လူ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား စသည်များကို ရှင်စေနိုင်၏။ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား၊ ရတနာအမျိုးမျိုးတို့ကို ဖြစ်စေလိုပါက တံတွေးထွေးကာမျှဖြင့် ရွှေ၊ ငွေ၊ ရတနာတို့ကို ဖြစ်စေနိုင်၏။

နာဖျားသော၊ ကျန်းမာရေးမကောင်းသော လူနာများ သတ္တဝါများကို ကျန်းမာချမ်းသာစေလိုသော် ရေကိုငုံ၍ထွေးကာ မျှဖြင့် ပြန်လည်၍ ရှင်စေ၊ ကျန်းမာစေနိုင်သည်။

တပသီဝိဇ္ဇာမျိုးကား ရွှေ၊ ငွေ၊ စည်းစိမ်တို့ကို ပယ်ပြီး လူသူမနီးသော တောတောင်အရပ်၌ လူတိရစ္ဆာန်တို့၏ အ ကောင်၊ အရိုးတို့ကိုတွေ့၍ အနာရောဂါတို့ကို ပျောက်စေလို သော် ၎င်းတို့ကို ပြဒါးသေကိုရေစိမ်၍ ပက်ဖျန်းကာမျှဖြင့် အ သက်ရှင်ခြင်း၊ ရောဂါပျောက်ခြင်းများ ဖြစ်စေနိုင်သည်။

ရွှေ၊ ငွေတို့ကို အလိုရှိသော် ဓါတ်လေးပါးအရည်လင်း ရာတွင် ပြဒါးသေကိုပစ်ချကာမျှဖြင့် အပြီးတိုင်ဖြစ်စေနိုင်သည်။ သံသေဝိဇ္ဇာမိုရ်မျိုးသည် ဟိမဝန္တာတောမှာ စံစားနေကြကုန်၏။





အသက်ရှည်ကြာစွာ နေရကုန်၏။ အထက်အမြင့်ကို ယူဇနာ ခြောက်ဆယ် ပျံတတ်နိုင်၊ သွားလာနိုင်၏။

ဝိဇ္ဇာမျိုး(၃)ပါးတို့သည် သံဝိဇ္ဇာကို တစ်ယူဇနာအကွာ အကွင်းရှောင်ရ၏။ ရှေးဆရာတော်ကြီးများ အမိန့်ရှိခဲ့သည်မှာ ယခုအခါကာလအထိ ဟိမဝန္တာတောတွင်လည်းကောင်း၊ သူ ယောင်တောတွင်လည်းကောင်း အုပ်ချုပ်နေသည်မှာ သံဝရမာ သာ သံဝိဇ္ဇာကြီးဖြစ်ကြောင်း မှတ်သားခဲ့ဖူးပါသည်။

သေသဝိဇ္ဇာဖြစ်သော၊ သံသေဝိဇ္ဇာမိုရ်မျိုးကား ဟိမဝန္တာ တောမှာ စံစားနေထိုင်ကြပြီး အသားအရေတို့သည် ရွှေအဆင်း နှင့် တူကုန်၏။

ခြေသည်းလက်သည်းတို့သည် ဟသ်ာပြဒါးကဲ့သို့ နီ မြန်းကုန်၏။ မျက်လုံးကား ပတ္တမြား၊ ကျောက်နီနှင့် တူကုန်၏။ အင်္ဂဝိဇ္ဇာတို့၏ အတတ်ပညာများ၊ ဇော်ဂျီဝိဇ္ဇာမိုရ်တို့၏ အတတ် ပညာများ၊ တပသီဝိဇ္ဇာမိုရ်တို့၏ အတတ်ပညာများကို ထိုဝိဇ္ဇာ မိုရ်(၃)ပါးတို့၏ အတတ်ပညာများအပြင် ရုက္ခစိုးနတ်တို့၏ အ တတ်၊ ဘုမ္မစိုးနတ်တို့၏ အတတ်တို့ကိုလည်း အကုန်အစင် တတ်သိကုန်၏။

ပိဋကတ်(၃)ပုံ၊ ဗေဒင်(၃)ပုံ၊ ဓမ္မခန္ဓာ(၈၄၀၀၀) တို့ကို လည်း အကုန်အစင် တတ်သိမြင်ကုန်၏။ ထို့ပြင် မိမိဘဝဖြစ်စဉ် ကိုလည်းကောင်း၊ သူတစ်ပါးဖြစ်စဉ်ကိုလည်းကောင်း ရှေ့(၇) ဘဝ၊ နောက်(၇)ဘဝတို့ကို အကုန်အစင် သိမြင်ကြကုန်၏။

ရှေးခေတ်၊ ရှေးကာလ၊ ဝိဇ္ဇာမိုရ်အမျိုးမျိုးတို့ကို ခွဲခြား



www.burmeseclassic.com

www.burmeseclassic.com



စိစစ်ကြည့်ပါက သူယောင်သီး၊ သူယောင်ပင်အကြောင်း တစ်ပါတည်းတွဲပြီး ပါလာလေသည်။

ဟိမဝန္တာ၊ သတ္တရဘန်၊ သီတာခုနစ်တန်တွင် သူယောင်တောရှိသည်။ သူယောင်ပင်သည် လှပတင့်တယ်သည်။

သူယောင်သီးမှာလည်း လူမိန်းမအရွယ်(၁၅)နှစ်၊ (၁၆)နှစ်အရွယ် ရှိသည်။ ထိုမိန်းမပျိုများသည် စတုမဟာရာဇ်နတ်သမီးကဲ့သို့ လည်းကောင်း၊ တာဝတိံသာနတ်ဘုံမှ နတ်သမီးများကဲ့သို့လည်းကောင်း အထူးလှပတင့်တယ်ကြကုန်၏။

ထိုသူယောင်တော၌ သေသဝိဇ္ဇာ(ခေါ်)သံဝိဇ္ဇာတစ်ပါးသာနေထိုင်၏။ လောကီဈာန်အဘိညာဉ်ရသော သူတော်ရသေ့သူမြတ်တို့ကား ထိုသူယောင်တောကို မသွားမလာကြ။ မနေထိုင်ကြပေ။ သူယောင်တောကို ဖြတ်သန်းသွားလာမိပါက ဈာန်ရပြီးသည့် ရသေ့ရဟန်းသူတော်ကောင်းသည် ရာဂစိတ်ကို ပိတ်ဆို့မနိုင်၊ ကြံမှိုင်မနေ၊ ရာဂထူပြော၍ ဈာန်လျှောကျသဖြင့် အသစ်တစ်ဖန် ပရိကံဖြင့် ဈာန်ကိုပြန်ဖြစ်စေရသည်။

သို့ဖြစ်၍ ဘုန်းတန်ခိုးကြီးမားကြကုန်သော အင်းဝိဇ္ဇာများ၊ ဂါထာဝိဇ္ဇာမိုရ်ကြီးများ၊ ဈာန်ရရသေ့၊ ရဟန်းသူတောင်စင်များသည် သူယောင်တောကို အဝေးမှပင်ရှောင်ကွင်း၍ သွားလာကြသည်။

ဂါထာဝိဇ္ဇာမိုရ်၊ အင်းဝိဇ္ဇာမိုရ်တို့သည်ကား သံဝိဇ္ဇာတို့ထက် တန်ခိုးအာနုဘော်ကြီးမားကြကုန်၏။ ကျန်သော ဝိဇ္ဇာမိုရ်(၄)မျိုးတို့သည် ဂါထာဝိဇ္ဇာမိုရ်၊ အင်းဝိဇ္ဇာမိုရ်တို့ကို (၃)ယူဇနာမှခွာရှောင်၍ သွားလာကြရကုန်၏။





ဝိဇ္ဇာတကာတို့ထက် ပိဋကတ်(၃)ပုံ၊ ဗေဒင်(၄)ပုံတို့ကို တတ်မြောက်ကုန်၏။ ရှေ့လာမည့်ဘဝပေါင်း (၁၂)ဘဝတို့ကိုလည်းကောင်း အကုန်အစင် သိမြင်ကြကုန်၏။

ဂန္ဓာရီဝိဇ္ဇာမိုရ်များမှာ ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာမိုရ်၊ သံဝိဇ္ဇာမိုရ်တို့ဖြစ်ကြသည်။ ထိုမူလ(၄)မျိုးသော ဝိဇ္ဇာမိုရ်ကြီးများသည် ကာယသိဒ္ဓိများ၊ ပီယသိဒ္ဓိများ၊ မနသိဒ္ဓိများ၊ အာကာသသိဒ္ဓိများ၊ ဥဒကသိဒ္ဓိများ၊ ပထဝီသိဒ္ဓိများ၊ အာယုသိဒ္ဓိများ၊ အာရောဂျသိဒ္ဓိများ၊ ဝိဇ္ဇာမယသိဒ္ဓိများကို ပေါက်မြောက်အောင်မြင် ပြီးစီးရသည်။

အဆိုပါဝိဇ္ဇာမိုရ်ကြီးများသည် ဣဒ္ဓိဝိဓအဘိညာဉ်၊ ဒိဗ္ဗသောတအဘိညာဉ်၊ ပရစိတ္တဝိဇာနာနအဘိညာဉ်၊ ပုဗ္ဗေနိဝါသအဘိညာဉ်၊ ဒိဗ္ဗစက္ခုအဘိညာဉ်စသော လောကီဝိဇ္ဇာဉာဏ်တန်ခိုးတို့ကိုပါ ရရှိ၍ စိန္တာမယသိဒ္ဓိမျိုးတို့ ပေါက်မြောက်ကြကုန်သည်။

အထက်ပါအကြောင်းအရာများသည် ဦးဗန်ကောင်း ပြောပြသော ဝိဇ္ဇာနှင့်ပတ်သက်သည် သိမှတ်ဖွယ်ရာအကြောင်းများ ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၉)

# ဖိုဝင်မိစ္ဆာနှင့် ကြောက်စရာအန္တရာယ်...

တစ်နေ့သဉ္ဇမိုးကျော်သည် သူယူလာသော ဖိုဝင်ရုပ်ကလေးကို အခန်းထဲမှာ သိမ်းဆည်းထားရာမှ ထုတ်ယူကြည့်နေသည်။ ဖိုဝင်ရုပ်မှာ အခြားအရုပ်များနှင့်မတူပေ. . . ရုပ်တုဟုခေါ်သောအရုပ်များမှာ ပလာစတာရုပ်၊ သစ်သားကိုထုလုပ်ထားသည့်အရုပ်၊ ကျောက်သားကိုထုလုပ်ထားသော ကျောက်ဆစ်ရုပ်များကိုသာ တွေ့မြင်ဖူးပြီး ယခုကဲ့သို့ ကြောက်စရာကောင်းသောအရုပ်မျိုးတော့ မတွေ့ဘူးမမြင်ဘူးပေ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ယခုသူယူလာသောရုပ်တုမှာ လူတို့ထုလုပ်ထားသော ပြုလုပ်ထားသော ရုပ်တုမျိုးမဟုတ်ပဲ သဘာဝအတိုင်းဖြစ်နေသည့်ရုပ်တုမျိုးဖြစ်သည်။ တစ်ပေကျော်ကျော်ခန့်ရှိပြီး တစ်ကိုယ်လုံးမီးလောင်ထားသော ဒဏ်ရာဒဏ်ချက်များရှိနေပြီး မျက်နှာကလည်း ဘီလူးတစ်ကောင်မျက်နှာမျိုးကဲ့သို့ ကြောက်စရာကောင်းလှပေသည်။

သူသည် ထိုအရုပ်အကြောင်းကို ဘာမှသိသူမဟုတ်ပေ၊ တစ်နေ့တွင် ဦးဇန်ကောင်း နေအိမ်သို့သွားရာ သူရောက်သွားသောအချိန်တွင် ဦးဇန်ကောင်းက လူတစ်ယောက်နှင့်စကားပြောနေလေသည်။

သို့ကြောင့် အနှောင့်အယှက်မပေးလိုသောကြောင့် အိမ်ဘေးမှာရပ်ပြီး အထဲမှပြောနေသော စကားသံများကိုနားထောင်နေသည်။

ပထမတော့ သူ မသိသော အကြောင်းများဖြစ်သောကြောင့် စိတ်မဝင်စားသော်လည်း နားထောင်ရင်းနှင့် တဖြည်းဖြည်း စိတ်ဝင်စားလာသည်။

လမုတောရွာမှ အိမ်တစ်အိမ်မှာရှိနေသောအရုပ်မှာ လူများအား တစ်ယာက်ပြီးတစ်ယောက် သတ်ပစ်နေသည် ဟူသောစကားကို စိတ်ဝင်စားသည်။ တစ်ဆက်တည်းမှာပင် စိတ်ကူးတစ်ခု ရလာသည်။

ထိုစိတ်ကူးဝင်လာသောကြောင့် ထိုရုပ်တုကို လိုချင်လာသည်။ သို့ကြောင့် အတွင်းမှပြောနေသော စကားသံများ မပြီး





တြသေးခင်မှာ ထိုနေရာမှထွက်လာသည်။

ထို့နောက် ငွေနည်းငယ်ယူပြီး ပွဲချိတ်စက်လှေဖြင့် လမုတောရွာသို့ သွားလေသည်။ ထိုရွာရောက်တော့ သတင်းစုံစမ်းကြည့်သောအခါ ဖိုးမောင်တို့နေအိမ်ကို အလွယ်တကူ သိရသဖြင့် ထိုအိမ်သို့သွားကာ ထိုအရုပ်ကို တောင်းကြည့်သည်။

မြင်စကတော့ ကြောက်လန့်သွားမိသည်။ နောက်တော့ မိမိစိတ်ကူးအတိုင်း အကောင်အထည်ဖော်ရန်များစွာ သင့်လျော်နိုင်မည်ကို တွေးမိသဖြင့် သင့်လျော်သောဈေးပေးပြီး ဝယ်ယူခဲ့လေသည်။

ဖိုးမောင်တို့မိသားစုကလည်း ငွေရသည်ကတစ်ကြောင်း၊ ထိုအရုပ်ကို အိမ်မှာမရှိစေလိုသည်က တစ်ကြောင်းကြောင့် ရောင်းလိုက်သည်။ မိုးကျော်က ထိုအရုပ်ကို ဝယ်ယူလာပြီး သူ့အခန်းထဲမှ ဗီရိုထဲမှာထည့်ထားလေသည်။

တစ်ညမှာတော့ အိပ်ပျော်နေရင်းမှ လန့်နိုးလာသောအခါ ခုတင်နံဘေးမှာရပ်နေသော လူမည်းကြီးတစ်ယောက်ကို တွေ့ရသဖြင့် လန့်ပြီးထထိုင်လိုက်သည်။

"ခင်. . . ခင်ဗျားဘယ်သူလဲ"

"မင်းပဲ ငါ့ကို ဒီခေါ် လာခဲ့တာမဟုတ်ဘူးလား၊ အခုမှ မေးနေရသလား"

"ဟင်. . . ဟို. . ဟိုအရုပ်. . ."

"ဟုတ်တယ်. . . မင်းယူလာတဲ့ အရုပ်ကငါပဲ. . ."

အသံသြသြကြီးဖြင့် ပြောသံကြားတော့မှ ပိုမိုကြောက်



www.burmeseclassic.com

www.burmeseclassic.com



နွှဲ့သွားပြီး မည်သို့လုပ်ရမှန်း မသိတော့ပေ. . .

"မင်းငါ့ကို ဒီအတိုင်းထားလို့ မရဘူး၊ စားချိန်တန်လို့မှ မစားရရင်. . . မင်းကိုသတ်စားရလိမ့်မယ်"

"ကြောက်ပါပြီဗျာ. . . ဘယ်လိုလုပ်ရမလဲဆိုတာသာ ပြောပါ"

"ဧည့်ခန်းတစ်နေရာမှာ ချထားပေးပါ"

"ဖြစ်. . . ဖြစ်ပါ့မလား. . . သူ သူတို့မြင်သွားရင်. "

"ဘယ်သူမြင်မြင် ငါ့ကိုဘာမှလုပ်လို့မရဘူး. . . ငါပြောတဲ့အတိုင်းမလုပ်ရင် မင်းပါသေလိမ့်မယ်"

"လုပ်. . . လုပ်ပေးပါ့မယ်"

ဟုပြောလိုက်တော့မှ ထိုလူမည်းကြီးက အခန်းထဲမှပြန်ထွက်သွားလေတော့သည်။ နောက်တစ်နေ့မနက်ပိုင်းရောက်တော့ ဗီရိုထဲမှာ ထည့်ထားသော ထိုအရုပ်ကလေးကို ထုတ်ပြီး ကြည့်နေခြင်းဖြစ်သည်။

"ငါတော့ ဘုမသိဘမသိပဲနဲ့ ဒီအရုပ်ကိုအိမ်ယူလာတာ မှားများမှားနေပြီလား၊ မတတ်နိုင်ဘူး အခုမှတော့ သူပြောတဲ့အတိုင်းပဲ လုပ်ရတော့မှာပဲ"

ဟုပြောပြီး ထိုရုပ်တုကို တစ်ကိုယ်လုံး ပဝါတစ်ထည်ဖြင့်ပတ်ကာ အောက်ထပ်ဧည့်ခန်းသို့ ယူသွားလေသည်။ ပန်းအိုးတင်သော စားပွဲတစ်လုံးပေါ်မှာ နံရံဖြင့်မှီပြီး ထောင်နေစဉ် သူ့အနီးသို့ မေရီချိုရောက်လာလေသည်။

"မောင်. . . ဘာတွေလုပ်နေတာလဲ"





"အရုပ်တစ်ရုပ် ဒီမှာထားမလို့ပါ"

"ဘာအရုပ်မို့ ဧည့်ခန်းမှာ လာတင်ထားရတာလဲ"

"ငါ့မိဘတွေလက်ထက်က သိမ်းထားတဲ့အရုပ်မို့ ဒီမှာ ထားတာပါ"

"မေရီလည်းပြပါဦး"

မိုးကျော်က ရုပ်တုပေါ်မှ ပတ်ထားသောပဝါစကို ဖယ်ပြလိုက်သည်။

"အမယ်လေး. . . "

မေရီချိုက အလန့်တကြားအော်ပြီး နောက်သို့ခြေတစ်လှမ်းနှစ်လှမ်း ဆုတ်သွားလေသည်။

"ဘယ်လိုအရုပ်ကြီးလည်း ကြောက်စရာကောင်းလိုက်တာ"

မိုးကျော်က ဘာမှပြန်မပြောပဲ ရုပ်တုတင်ရန်နေရာကိုသာ ပြုလုပ်နေလေသည်။

"ဧည့်ခန်းမှာ ထားမယ်ဆိုရင်လည်း လှပတဲ့အရုပ်မျိုးတွေ အများကြီးရှိတာပဲ. . . ဒီလောက်ကြောက်စရာကောင်းတဲ့ အရုပ်မျိုးတော့ မထားပါနဲ့"

ထိုအခါမိုးကျော်က မျက်နှာထားတင်းတင်းဖြင့် လှည့်ကြည့်ရာ မေရီချိုပင် လန့်သွားလေသည်။ သူမနှင့်လက်ထပ်ခဲ့ပြီး နောက်ပိုင်း ယခုကဲ့သို့တင်းမာခက်ထန်သော အမူအရာမျိုး မိုးကျော်ထံမှာ တစ်ခါမှမတွေ့ဘူး၊ မမြင်ခဲ့ဘူးသောကြောင့် အံ့သြသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်က ငါ့မိဘတွေပိုင်ဆိုင်တဲ့အိမ်ဖြစ်သလို ငါပိုင်တဲ့အိမ်ပဲလေ၊ ငါ့မိဘတွေရဲ့ပစ္စည်းကို ငါသဘောကျတဲ့နေရာမှာထားမယ်. . . မင်းလည်း မင်းသဘောကျသလို ကြိုက်တာတွေလုပ်နေတာမဟုတ်လား၊ ဒီတော့ငါသဘောကျသလို လုပ်တာကိုတော့ ဘာမှလာပြောမနေပါနဲ့"

ထိုအခါ မေရီချိုကလေသံပျော့ပျော့ဖြင့် ထပ်ပြောသည်။

"မေရီက ကြောက်တတ်လို့ပြောတာပါမောင်ရယ်. ."

"ဘာများကြောက်စရာရှိသလဲကွာ၊ အခုအိမ်မှာလည်း မင်းရဲ့မောင်တစ်ဝမ်းကွဲတော်တဲ့ ပက်ထရစ်ရှိနေတာပဲ. . မင်းကြောက်တတ်ရင် သူနဲ့အဖော်လုပ်ရင်ရတာပဲ"

ဟုလေသံမာမာဖြင့်ပြောက ရုပ်တုအားပဝါဖြင့်ပတ်ပြီး စားပွဲပေါ်၌ ထောင်ထားခဲ့ပြီး ထိုနေရာမှ ထွက်သွားလေသည်။ မေရီချိုမှာ အမူအရာပြောင်းသွားသော မိုးကျော်ကိုကြည့်နေရင်း စိတ်ထဲမှ တအံ့တသြဖြစ်နေသည်။ ယခင်ကတည်းက မိုးကျော်ကို လူပျော့လူညံ့တစ်ယောက်ဟုပင် မှတ်ယူထားခဲ့သည်။သူဌေးသားတစ်ယောက်ဖြစ်သော်လည်း စိတ်ဓါတ်ပျော့ညံ့သဖြင့် သူမလှည့်စားသည့်အတိုင်း ခေါင်းငုံ့လက်ခံမည့်လူတစ်ယောက်ဟုပင် သတ်မှတ်ထားခဲ့သည်။

သို့ကြောင့်လည်း လက်ထပ်ပြီးနောက်ပိုင်းမှာ သူမသဘောကျနေထိုင်ကာ လုပ်ချင်တာလုပ်နေခဲ့ခြင်း ဖြစ်သည်။ ပါတီပွဲများ၊ ဖဲဝိုင်းများတွင် ယောက်ျားအချို့နှင့် ငြိစွန်းခဲ့ရုံမကဘဲ





သူမနှစ်သက်သော ပက်ထရစ်ကို ဥပါယ်တံမျဉ်ဖြင့် အိမ်ပေါ်ခေါ်တင်ထားခဲ့သည်အထိ ဖောက်ပြားခဲ့လေသည်။

မေရီချိုစိတ်ထဲမှာတော့ မိုးကျော်သည် သူမလှည့်စားသမျှခံနေရပြီး သူမပြောသမျှလက်ခံယုံကြည့်နေသည်ဟု ထင်ထားခဲ့လေသည်။ ရှေ့ပိုင်းအချိန်တွေမှာတော့ သူမထင်ထားသည့်အတိုင်းရှိခဲ့သော် ယခုရက်ပိုင်းမှာတော့ မိုးကျော်တစ်ယောက် အမူအရာ သိသိသာသာပြောင်းသွားခဲ့လေပြီ. . .

ဦးဇန်ကောင်းနှင့်တွေ့ခဲ့ပြီးနောက်ပိုင်းမှာ စိတ်ဓါတ်ရောဒန်အမူအရာပါ သိသိသာသာပြောင်းလဲသွားကာ ယခင်မိုးကျော် မဟုတ်တော့ပေ။

ဒါကိုမေရီချိုကလည်း ရိပ်မိတန်သလောက်ရိပ်မိသည်။ သို့သော် ယခင်ကလိုပဲ ချွဲလိုက်နွဲ့လိုက်လျှင် ပျော့ကျသွားမည်ဟု ထင်ထားခဲ့သည်။ အခြေအနေက သူမထင်သလိုမဟုတ်တော့ပေ။

မိုးကျော်က သူမကိုလုံးဝဂရုမစိုက်တော့ပဲ ပျက်စီးယိုယွင်းနေသော စီးပွားရေးလုပ်ငန်းများကို ပြန်လည်အစပျိုးရန် ကြိုးစားနေတော့သည်။ မိန်းမတို့သဘာဝ မိမိကို အမြဲတမ်းဂရုစိုက်ကာ အလျှော့ပေးနေသူက ဥပေက္ခာပြုလာသောအခါ ယခင်က ခေါင်းထဲသိပ်မရောက်သော မိုးကျော်အကြောင်းများက စိတ်ထဲပြန်ရောက်လာသည်။

တစ်နေ့မိုးကျော်မရှိခိုက် သူမအခန်းထဲမှာ လှဲနေစဉ် အတိုင်းလိုပင် အခွင့်ကောင်းကိုစောင့်နေသော ပက်ထရစ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာလေသည်။ သူက ရဲရဲတင်းတင်းနှင့်ပင် ခုတင်စွန်းမှ ဝင်ထိုင်ကာ မေရီချိုကိုယ်လေးကိုဖက်ပြီး နမ်းလိုက်သည်။ မေရီချိုက မရွှင်မပျဖြစ်နေသော အမူအရာဖြင့် နေရာမှထလာ သည်။

"နေစမ်းပါဦး ပက်ထရစ်ရယ် ပြောစရာရှိတယ်"

"ဘာပြောမှာလဲအချစ်ရဲ့"

"အခု ငါတို့နှစ်ယောက်အကြောင်းကို သူရိပ်မိသွားပြီ ထင်တယ်"

"ရိပ်မိတော့ သူ့လိုလူမျိုး တစ်ယောက်ကို ဘာများအ ရေးစိုက်စရာရှိလို့လဲ"

"မဟုတ်ဘူး ပက်ထရစ်၊ သူက အရင်လိုပုံစံမျိုးမဟုတ် တော့ဘူး သိရဲ့လား"

"ဒါကတော့ ငါတို့နှစ်ယောက်အကြောင်း ရိပ်မိသွားလို့ ကျွဲမြီးတိုနေတာ ဖြစ်မှာပေါ့ မေရီရယ်၊ သူ့လိုဘာမှ အရည်အ ချင်းမရှိတဲ့ လူတစ်ယောက်ကို ဂရုစိုက်မနေစမ်းပါနဲ့၊ အခုလို အခွင့်အရေးရတုန်း ပျော်ပျော်ပါးပါးနေလိုက်ရအောင်. . ."

ဟုပြောပြီး မေရီချိုကိုယ်ကို သိုင်းဖက်လိုက်သည်။ ယခင်ကလို လိုက်လျောမှုမရှိတော့ပဲ မေရီချိုက ဖက်ထားသော ပက်ထရစ်လက်များကို ဖယ်ပစ်လိုက်သည်။

"သူက အရည်အချင်းမရှိဘူးဆိုပေမယ့် ဘာပဲဖြစ်ဖြစ် ငါနဲ့တရားဝင်လက်ထပ်ထားတဲ့ ယောကျာ်းတစ်ယောက်ဆိုတာ မေ့လို့မဖြစ်ဘူး၊ သူ့ဘက်က ပြဿနာရှာလာရင် ခက်လိမ့်မယ်





င်ကလည်း ဘာမှအားကိုးလို့ရသေးတာ မဟုတ်ဘူး"

"ဒါများဘာဆန်းသလဲ မေရီရယ် ငါတို့နှစ်ယောက်လွတ် လွတ်လပ်လပ်နေလို့ရအောင် သူ့ကိုရှင်းပစ်လိုက်ရင် ပိုမကောင်း ဘူးလား"

"ဒီလိုလုပ်လို့ ဘယ်ဖြစ်ပါ့မလဲ. . . သူတစ်ခုခုဖြစ်သွား ရင် နင်နဲ့ငါ့အပေါ် အပြစ်တွေပုံကျလာမှာပေါ့"

"ဒါဖြင့် ဘယ်လိုလုပ်စေချင်သလဲ"

"အခုတလော သူ့အမူအရာတွေ ပြောင်းသွားတာ ငါ သတိထားမိတယ်၊ မနေ့ကလည်း ညှော်ခန်းမှာကြောက်စရာ ကောင်းတဲ့ အရုပ်ကြီးတစ်ရုပ် လာတင်ထားတာတွေ့ရတယ်၊ အရုပ်ကြီးလည်းမသိဘူး သိပ်ကြောက်စရာကောင်းတာပဲ"

ထိုစကားကြားတော့ ပက်ထရစ်က မယုံကြည်သလို ယ်နေသည်။

"သူက ဘာမှမလုပ်နိုင်တော့ အရုပ်ကိုလုပ်ခိုင်းမလို့ဖြစ် မှာပေါ့၊ ဒါမျိုးတွေက ဘာမှအဓိပ္ပါယ်မရှိပါဘူး၊ မေရီကြောက် ဘယ်ဆိုရင်. . . သူမရှိတုန်း လွှင့်ပစ်လိုက်ပေါ့"

"မလုပ်ဝံ့ပါဘူး၊ ကြောက်ပါတယ်"

"ဒါများဘာဆန်းသလဲ. . . အိမ်မှာခိုင်းစေထားတဲ့သူ တစ်ယောက်ယောက်ကို လွှင့်ပစ်ခိုင်းလည်းရတာပဲ"

"အင်း. . . ဒီအကြံမဆိုးဘူး"

ဟုပြောပြီး ပက်ထရစ်ကိုပြန်လွှတ်လိုက်ပြီး အိမ်ဖော် တစ်ယောက်ကိုခေါ်လိုက်ရာ ရင်မေဆိုသော အိမ်ဖော်မလေး



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။

"ကျွန်မကို ဘာခိုင်းမလို့ပါလဲ မမလေး"

"ဟိုဧည့်ခန်းမှာတင်ထားတဲ့ အရုပ်ကိုယူပြီး တခြားသွား ပစ်လိုက်စမ်းရင်မေ. . ."

"အစ်ကိုလေးတင်ထားတဲ့အရုပ်ကို ပြောတာမဟုတ် လား၊ သူတင်ထားတာကိုဖျက်ဆီးရင် ကျွန်မကိုအပြစ်ပြောလိ မယ်"

"သူမသိပါဘူးအေ. . . သူမေးရင် ငါပဲကြည့်ပြောလိုက် ပါ့မယ်. . နောက်ပြီး ညည်းအတွက် လုံချည်တစ်ထည်နဲ့ အင် တစ်ထည်လည်းပေးမယ်"

"အစ်မလေးပြောပေးရင် ပြီးတာပါပဲ အခုယူသွားရင် မဖြစ်သေးဘူး၊ သူပြန်ရောက်လာလို့ အရုပ်မတွေ့ရင် မေးလိ မယ်"

"ဒီတော့ ဘယ်လိုလုပ်မလဲ"

"ညဘက်အားလုံးအိပ်တော့မှ ယူသွားပြီး အမှိုက်ပုံ သွားပစ်လိုက်မယ်"

"အေး ဒီအကြံကောင်းတယ် ဘယ်သူမှမသိစေနဲ့နော်"

"စိတ်ချပါ မမလေး"

ဟုပြောပြီး ရင်မေက ပြန်ထွက်သွားသည်။ ညနေပိုင်း ရောက်တော့ မိုးကျော်ပြန်ရောက်လာသည်။ အိမ်သို့ရောက် သည်နှင့် စားပွဲပေါ်မှာတင်ထားသောအရုပ်ကို သွားကြည့်ပြီး အပေါ်ထပ်သို့ တက်သွားလေသည်။ ရေမိုးချိုး အဝတ်အစားလဲ





ပြီး စာရင်းစာအုပ်များကို ကြည့်နေစဉ် တံခါးခေါက်သံပေါ်ထွက် လာသည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

တံခါးဖွင့်ကြည့်လိုက်တော့ အခန်းပေါက်ဝမှာ ရပ်နေ သောမေရီချိုကို တွေ့ရလေသည်။ သူမသည်လည်း ဖြီးလိမ်း ပြင်ဆင်ထားလေသည်။

"မောင် ညစာစားတော့မလား၊ အိမ်ဖော်မလေးတွေကို ပြင်ခိုင်းလိုက်မယ်"

"ကိုယ်မစားတော့ပါဘူး၊ အပြင်မှာပဲ အလုပ်ကိစ္စပြော ရင်း စားသောက်ခဲ့ပြီးပြီ"

မေရီချိုကအခန်းထဲဝင်လာပြီး မိုးကျော်ကို သိုင်းဖက် ထားလိုက်လေသည်။

"မောင် မေရီအပေါ်မှာ ဆက်ဆံတာတစ်မျိုးပြောင်း သွားသလိုပဲ. . . အရင်ကလို မချစ်တော့ဘူးလားဟင်"

"မဟုတ်ပါဘူး မေရီ၊ ခုတလော အလုပ်တွေသိပ်ပင်ပန်း နေလို့ပါ။ ဒီည မင်းအပြင်မထွက်တော့ဘူးလား"

"မထွက်တော့ပါဘူး မောင်ရယ် ကိုယ်လင်သားက မျက် နှာမကြည်မသာဖြစ်နေတော့ အပြင်ထွက်လည်း ဘယ်ပျော်ပါ တော့မလဲ"

"နောက်တော့ပြန်ပြီး ပျော်လာမှာပါမေရီ. . . မင်းအမြဲ တမ်း ပျော်ရွှင်နေပါစေလို့ ကိုယ်ဆုတောင်းပေးပါမယ်"

ဟုပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မေရီချိုက စိတ်ပျက်လက်ပျက်အမူအရာဖြင့် အခန်းထဲမှ ပြန်ထွက်သွားလေတော့သည်။ မိုးကျော်လည်း စာ ရင်းများကိုထိုင်လုပ်နေပြီးမှ အတော်ညဉ့်နက်သောအခါမှ အိပ် ရာဝင်လေတော့သည်။ အိပ်ပျော်စပင်ရှိသေးသည် အောက်ထပ် မှစူးစူးဝါးဝါး အော်သံကြားရသဖြင့် ပြန်နိုးလာသည်။

နားစွင့်ကြည့်လိုက်တော့ အောက်ထပ်မှာ ဆူဆူညံညံ အသံများ ကြားရသဖြင့် အောက်ထပ်သို့ ဆင်းလာလေသည်။

အောက်သို့ရောက်တော့ သူတင်ထားသောရုပ်တုနှင့် မနီးမဝေးကြမ်းပြင်ပေါ်မှာ လဲကျနေသော ရင်မေကိုလှမ်းမြင် ရလေသည်။ ထိုနေရာတစ်ဝိုက်မှာလည်း ပက်ထရစ်၊ မေရီချို နှင့် အခြားအိမ်ဖော်များရောက်နေကြသည်။

"ဘာဖြစ်တာလဲ"

အနီးသို့လျှောက်သွားရင်းမေးလိုက်သည်။

"ကျွန်မတို့လည်းဘာမှ မသိဘူးအစ်ကိုလေး၊ အော်သံ ကြားလို့ထွက်ကြည့်တော့မှ ရင်မေကို ဒီနေရာမှာလဲနေတာ တွေ့ ရတော့တာပါပဲ"

ဟုတစ်ယောက်ကပြောပြသည်။ အနားကပ်ကြည့်လိုက် တော့ထိုနေရာတစ်ဝိုက်မှာ သွေးစက်များ စွန်းပေနေသည်ကို တွေ့ရသည်။ မိုးကျော်က ထိုနေရာမှာ ထိုင်ပြီး ပက်လက်လှန် ကြည့်လိုက်သောအခါ မျက်နှာပေါ်မှာ လက်သည်းဖြင့်ကုတ်ခြစ် ထားသော ဒဏ်ရာအချို့ကို တွေ့ရပြီး. . . ထိုဒဏ်ရာမှသွေးများ ထွက်နေလေသည်။





မျက်နှာပြင်ပေါ်မှာ သွေးများနီရဲနေသော်လည်း အ သက်ရှူနေသေးသည်။ ဒဏ်ရာများမှာ ကြောင်လက်သည်းဖြင့် အကုတ်ခံရသော ဒဏ်ရာများနှင့်တူသော်လည်း ထို့ထက်ပိုကြီး သည်။ ရင်မေမှာ ထိုဒဏ်ရာထက် ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ မြင်ကွင်းတစ်ခုကို တွေ့မြင်ရပြီး သတိမေ့သွားဟန်ရှိလေသည်။

မိုးကျော်ကတော့ တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် စိတ်ထဲမှကျိတ်ပြီး ကျေနပ်သွားလေသည်။ ထို့နောက်မှာတော့ သတိမေ့နေသောရင်မေကို ထိုနေရာတစ်ဝိုက်မှာ ကုလားဆရာ ဝန်တစ်ယောက် ဖွင့်ထားသောဆေးခန်းသို့ ခေါ်သွားကြသည်။

ဆေးခန်းက ပိတ်ထားသော်လည်း အိပ်ရာမှနှိုးပြီး အကျိုးအကြောင်းပြောပြသောအခါ ဆရာဝန်ကလက်ခံပြီး ကု သပေးလေသည်။

ထိုအချိန်အထိ ရင်မေမှာသတိပြန်မရသဖြင့် ထိုဆေး ခန်းမှာပင် အခြားအဖော်နှစ်ယောက်နှင့် ထားခဲ့ရလေသည်။ အခင်းချက်လင်မယားနှစ်ယောက် အစောင့်ရှိသဖြင့် မိုးကျော် လည်း မိမိအိမ်သို့ပြန်လာခဲ့လေသည်။

နောက်တစ်နေ့နံနက်ပိုင်းအချိန်ရောက်မှ သတိပြန်ရ လာသော်လည်း ကြောက်လန့်တကြား အော်ဟစ်နေသဖြင့် ဆရာဝန်က အိပ်ဆေးထိုးပေးထားရသည်။ သို့သော်လည်း ဆေး ပြယ်ပြီး ပြန်နိုးလာသည်နှင့်. . .

"ကြောက်ပါပြီရှင်. . ကြောက်ပါပြီ. . နောက်ကို မကြံ ညည်တော့ပါဘူး. . ဟိုမှာမည်းမည်းကြီးလာပြီး ကျွန်မကို သတ်



www.burmeseclassic.com

www.burmeseclassic.com



တော့မလို့လုပ်နေပါတယ်၊ ကယ်ကြပါဦးရှင်. . ကယ်ကြပါဦး

ထိုသို့အော်နေသောကြောင့် ဆရာဝန်က တအံ့တဩ ဖြစ်ကာ စိတ်ငြိမ်ဆေးစသော ဆေးများပေးရပြန်လေသည်။ ရင်မေမှာ ရထားသောဒဏ်ရာကြောင့်အပြင် အခြားထိတ်လန့် ကြောက်ရွံ့စရာအကြောင်းများ ရှိနေသေးသောကြောင့် ဆရာဝန်လည်းအံ့ဩနေသည်။

သို့သော်လည်း မိုးကျော်က ဆေးဖိုးဝါးခများများပေး ပြီး ပျောက်ကင်းအောင်ကုသခိုင်းသဖြင့် ၎င်းဆေးခန်းမှာပင် ဆက်ထားပြီး ကုသပေးလေသည်။ ညဘက်ရောက်သောအခါ စိတ်ငြိမ်ဆေး၊ အိပ်ဆေးနှင့် ဒဏ်ရာသက်သာစေသောဆေးများ ကို ပေးထားသောကြောင့် အိပ်ပျော်နေလေသည်။

အနားမှာထမင်းချက်လင်မယားအပြင် သူနာပြုဆရာမ တစ်ယောက်လည်းရှိနေသောကြောင့် စိတ်ချလက်ချထားရာ သန်းခေါင်ယံအချိန်လောက် ရောက်သောအခါ သူမရှိသော အခန်းဘက်မှ စူးစူးဝါးဝါးအော်သံများကြားရသဖြင့် ဆရာဝန် က အပေါ်ထပ်မှဆင်းလာပြီး ကြည့်သောအခါ ရင်မေတစ် ယောက် ခုတင်ပေါ်မှာပင် ရုပ်ပျက်ဆင်းပျက် သေဆုံးနေသည် ကို တွေ့ရလေတော့သည်။





# အခန်း (၁၀)

# တရားခံမဟုတ်သောတရားခံ

မမျှော်လင့်ပဲ ရင်မေတစ်ယောက် သေဆုံးသွားပြီး နောက်မှာတော့ ဧည့်ခန်းမှာ မိုးကျော်တင်ထားသော ဖိုဝင်ရုပ် တို မည်သူမှ မထိဝံ့၊ မတို့ဝံ့တော့ပေ။

အိမ်ဖော်များ သန့်ရှင်းရေးလုပ်လျှင်ပင် ထိုနေရာအနီး သို့ သွားဝံ့မည်သူမရှိပေ။ သို့ပြင် အချို့က မိုးကျော်အိမ်မှာ မရှိသောအချိန်များတွင် စိတ်ဝင်စားသဖြင့် ထိုရုပ်တုတင်ထား သောနေရာနှင့် မနီးမဝေးရောက်အောင် သွားကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပဝါနက်တစ်ခုဖြင့် ပတ်ထားသောကြောင့် သဲသဲကွဲကွဲတော့ မမြင်ရပေ။ ထိုသို့မမြင်ရသော်လည်း ဆန်းကြယ်သော အဖြစ်အပျက်များကတော့ ဖြစ်ပျက်နေလေသည်။

တစ်ညတွင် အောက်ဘက်မှ ဝုန်းခနဲအသံကြားသဖြင့် ဆင်းကြည့်သောအခါ ကြမ်းပြင်ပေါ်မှာ ပြန့်ကြဲနေသော ကြွေစများကို တွေ့မြင်ရသည်။

အခြားမဟုတ်ပေ. . .။ မေရီချို လက်ဆောင်ရလာသော ကြွေသားဖြင့်ပြုလုပ်ထားသည့် မိန်းမရုပ်တု တစ်ခုအား ထိုနေရာနှင့်မနီးမဝေး စင်ပေါ်သို့တင်ထားရာမှ အောက်သို့ပြုတ်ကျပြီး တစ်စစီဖြစ်သွားခြင်း ဖြစ်သည်။

လည်ပင်းပြတ်နေသောနေရာမှာ သွေးစလိုလို ထင်သဖြင့် ယူကြည့်သောအခါ ဆေးရောင်တစ်ခုသာဖြစ်နေပြီ ပြတ်နေသောလည်ပင်းနေရာမှာတော့ လက်ငါးချောင်းရာလိုလို တွေ့ကြရသည်။

တစ်ရက်မှာလည်း ညအချိန်တွင် အပေါက်တစ်ခုမှ အိမ်ထဲရောက်နေသော ကြောင်တစ်ကောင်မှာ ဗိုဝင်ရုပ်အနီးရောက်သောအခါ ကြောက်ရွံ့စရာမြင်ကွင်းတစ်ခုကို တွေ့မြင်သွားဟန်ဖြင့် အိမ်ထဲမှပြန်ထွက်ပြေးရန် ကြိုးစားလေသည်။

သို့သော် ဘယ်လိုမှ ထွက်ပေါက်မတွေ့တော့သဖြင့် ကြောက်လန့်တကြားအော်ဟစ်ကာ ဧည့်ခန်းထဲမှာပတ်ပြေးနေတော့သည်။ ကြောင်အော်သံကြားသော်လည်း အချိန်မတော်ကြီးဖြစ်နေသောကြောင့် မည်သူမှထမကြည့်ဝံ့ကြပေ။





နောက်တစ်နေ့နံနက်လင်းတော့မှ သန့်ရှင်းရေးလုပ်ရန်သွားသော အိမ်ဖော်အမျိုးသမီးတစ်ယောက်က ရုပ်တုတင်ထားသောစားပွဲရှေ့၌ သေဆုံးနေသော ကြောင်သေတစ်ကောင်ကို တွေ့ရလေသည်။

သို့ထက်ပိုဆိုးသောအဖြစ်မှာ. . . ထိုနေ့က အိမ်မှာဘယ်သူမှမရှိကြပေ. . . မိုးကျော်၊ မေရီချိုနှင့် ပက်ထရစ်တို့လည်း အလုပ်ကိစ္စများဖြင့် အပြင်သွားနေကြသည်။

ထမင်းချက်လင်မယားနှစ်ယောက်နှင့် အိမ်ဖော်မလေးက ဈေးဝယ်ရန် ဈေးသို့သွားနေသောအချိန်ဖြစ်သည်။ အိမ်ပေါ်မှာ တစ်ယောက်မှမရှိကြပဲ ခြံဝန်းထဲမှာ ခြံစောင့်ကိုထွန်းခသာ ရှိလေသည်။

ကိုထွန်းခက ခြံဝန်းထဲမှာသန့်ရှင်းရေးလုပ်နေစဉ် အိမ်ထဲသို့ဝင်သွားသော သဏ္ဍာန်တစ်ခုကို ရိပ်ခနဲ လှမ်းမြင်လိုက်ရလေသည်။

သို့ကြောင့် ဇဝေဇဝါဖြစ်သွားသည်။

"အိမ်ထဲကို ဘယ်သူဝင်သွားတာပါလိမ့်၊ ဒီအိမ်က လူတွေဆိုရင် အိမ်ရှေ့အပေါက်ကပဲ ဝင်လာရမှာပေါ့၊ အခုဘယ်အပေါက်ကဝင်လာပြီး အိမ်ထဲဝင်သွားတာပါလိမ့်၊ ဧကန္တတော့ မဟုတ်လာမှလွဲရော ဘယ်သူမှမရှိဘူးထင်လို့ သူခိုးဝင်တာပဲဖြစ်မယ်ထင်တယ်"

ဟုတွေးကာ တုတ်တစ်ချောင်းယူပြီး နောက်ဘက်မှ လှည့်သွားလေသည်။ ထမင်းချက်လင်မယားနေသော အနောက်



www.burmeseclassic.com

www.burmeseclassic.com



ဘက်အပေါက်မှာ စေ့ရုံသာစေ့ထားခဲ့သောကြောင့် အိမ်အတွင်းသို့ အလွယ်တကူဝင်သွားလေသည်။

နေ့အချိန်ပင်ဖြစ်သော်လည်း မီးရောင်မရှိသဖြင့် အိမ်အတွင်းမှာမှောင်နေလေသည်။ ကိုထွန်းခက တုတ်ကို ကိုင်ပြီး ချောင်ကြိုချောင်ကြားပါမကျန် လိုက်ရှာကြည့်တော့လည်း ဘာမှ မတွေ့ရပေ။

သို့ဖြင့် အိမ်ရှေ့ဧည့်ခန်းဘက်သို့ ရောက်လာလေသည်။ တစ်နေရာသို့ရောက်သောအခါ ထောင့်ကွယ်တစ်နေရာမှ ဖျတ်ခနဲထွက်လာသော လက်မည်းကြီးနှစ်ဘက်က သူ့လည်ပင်းကို ဖမ်းညှစ်လိုက်သည်။

"အမယ်လေးဗျ"

အလန့်တကြား အော်လိုက်သော်လည်း သူ မလွတ်တော့ပေ။ လက်မည်းကြီးက ညှစ်ထားသည့်အပြင် လက်သည်းချွန်များကပါ အသားထဲ စိုက်ဝင်နေကြသည်။

"ကြောက်ပါပြီဗျ. . . ကြောက်ပါပြီ ကျွန်တော့်အသက်ကိုချမ်းသာပေးပါဗျ. . ."

ထိုသို့ ဗလုံးဗထွေးအော်နေသော်လည်း မလွှတ်ပေးသည့်အပြင် တဖြည်းဖြည်းတင်းကျပ်လာသည်။ လက်သည်းချွန်များကလည်း အသားထဲသို့ တဖြည်းဖြည်းမြုပ်ဝင်လာကြပြီ. . .

အသက်ရှူလည်း ကျပ်စပြုလာပြီ ဖြစ်သောကြောင့် မျက်လုံးပြူးထွက်လာသည်။ အသက်အန္တရာယ် ဘေးအန္တရာယ်ကြောင့် ခွန်အားစိုက်ပြီး ရုန်းကြည့်သော်လည်း ကြောင်လက်





သည်းအောက် ရောက်နေသည့်ကြွက်ပမာ ဘယ်လိုမှလှုပ်မရပဲရှိနေသည်။ ထိုအခိုက်မှာပင် အိမ်ရှေ့တံခါး ဖွင့်သံကြားရပြီး ဈေးဝယ်သွားသူများ ပြန်ရောက်လာကြသည်။

ထွန်းခလည်း ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ်ပြုတ်ကျသွားလေတော့သည်။

"ဝုန်း. . ."

သူ့ကိုမြင်တော့ အပြင်ကပြန်လာသော သုံးယောက်ကကပျာကယာပြေးလာပြီး ပြုစုပေးကြရသည်။ ရေတစ်ခွက်တိုက်လိုက်တော့မှ အသက်မှန်မှန် ရှူနိုင်တော့သည်။

"ကိုထွန်းခ ဒီကိုဘယ်လိုရောက်နေတာလဲ. . ဘာဖြစ်နေတာလဲ"

ဟုဝိုင်းမေးရာ ထွန်းခက ဖြစ်ကြောင်းကုန်စင်ပြောပြလိုက်သည်။

"ဟုတ်ရဲ့လား ကိုထွန်းခရယ်. . ကျွန်မတို့ဝင်လာတော့လည်း ဒီအိမ်ထဲမှာ ဘယ်သူမှမတွေ့ရပါဘူး"

"ခက်ပါလား ကျားကိုက်ခံရပါတယ်ဆိုမှ အပေါက်နဲ့လားလို့ မေးနေပြန်ပြီ. . . သေလောက်မယ့်ကိစ္စကို ငါကနင်တို့ကို ဘာကြောင့်လိမ်ညာပြောရမှာလဲ. . . နင်တို့မယုံရင် ငါ့လည်ပင်းက ဒဏ်ရာတွေသာ ကြည့်တော့"

ဟုပြောပြီးလည်ပင်းကိုမော့ပြသည်။ ထိုအခါမှ လည်ပင်းမှာပေါ်နေသော အညိုအမည်းစွဲနေသည့် လက်ငါးချောင်းဒဏ်ရာများနှင့် သွေးစို့နေသော လက်သည်းရာများကို တွေ့ကြ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

"ဟုတ်ပါရဲ့. . . အခုမှ သတိရတယ် ဒီနေရာက ဟိုတလောက ကြောင်သေသွားတဲ့နေရာပဲ. . ."

ဟုအိမ်ဖော်မလေးကပြောတော့မှ အားလုံးထိတ်လန့်သွားကြလေသည်။

"ဒါဖြင့် ဒီအိမ်ထဲမှာ တစ်ခုခုရှိနေပုံပဲ ဘယ်လိုလုပ်ကြမလဲ"

"ဒီအကြောင်းတွေကို အစ်ကိုလေးပြန်လာရင်တော့ ပြောပြရမှာပေါ့၊ သူက ကောင်းသလိုစီစဉ်ပေးမယ်ထင်တယ်"

ဟုပြောကာ မိမိတို့အလုပ်ရှိသည်များကို အသီးသီးဆက်လုပ်ကြလေသည်။ ညနေပိုင်း မိုးကျော်ပြန်ရောက်လာသောအခါ ထွန်းခက ထိုအကြောင်းကိုပြောပြလိုက်လေသည်။

"ဖြစ်မှဖြစ်ရလေဗျာ မသေကောင်းမပျောက်ကောင်းပဲ. . . ခင်ဗျားကို တစ်ခုမှာထားမယ် အိမ်ထဲမှာကျွန်တော် မရှိရင် ဒါမှမဟုတ် ဘယ်သူမှမရှိရင် တစ်ယောက်တည်းမဝင်နဲ့၊ အထူးသဖြင့် ဧည့်ခန်းဘက်ကို တစ်ယောက်တည်းမသွားနဲ့၊ ကျန်တဲ့သူတွေကိုလည်း တိုးတိုးတိတ်တိတ် ပြောပြထားလိုက်ပါ"

"ဟုတ်ကဲ့. . ."

"ရော့. . ရော့. . ခင်ဗျားလည်းပင်က ဒဏ်ရာတွေကို ဆေးကုဖို့ ဆေးဖိုးဝါးခယူသွားပါ"

ဟုပြောပြီး ငွေအချို့ပေးလိုက်ရာ ထွန်းခလည်းကျေနပ်





စွာ ပြန်ထွက်သွားလေသည်။ အခုတလောမှာလည်း မိုးကျော်မှာ အိမ်မှာနေရသည်မရှိပဲ အလုပ်များနေလေသည်။

ဦးဗန်ကောင်းနှင့်တွေ့ပြီးနောက် ဦးဗန်ကောင်းက သူ့ဘဝအတွက် စေတနာဖြင့်အကြံဉာဏ်များပေးသဖြင့် အောက်ဆုံးနေရာအထိရောက်နေသော စိတ်ဓါတ်ကို ပြန်ဆွဲတင်ကာ လုပ်ငန်းများကို တစ်နေရာမှပြန်စရလေသည်။

မိဘရှိစဉ်က ဂရုတစိုက် သင်ယူလေ့လာထားခြင်း မရှိစေကာမူ ခေတ်ပညာတတ်တစ်ဦးဖြစ်သဖြင့် လေ့လာသင်ယူသောအခါမှာလည်း အခက်အခဲမရှိလှပေ။

ထို့ပြင်. . . ဦးဇမ္ဗူကျော်ရှိစဉ်က ကျေးဇူးပြုခဲ့ဘူးသော မိတ်ဟောင်းဆွေဟောင်းများက မိုးကျော်တစ်ယောက်ဘာမှ မကျန်တော့သလောက် အခြေအနေယိုယွင်းပျက်စီးနေမှန်း သိသောအခါ တတ်နိုင်သမျှ အကူအညီပေးကြလေသည်။

အချို့ကလည်း မိုးကျော်ကို စိတ်မချသော်လည်း. . နောက်ပိုင်းတွင် မိုးကျော်တစ်ယောက် နောင်တရပြီး အလုပ်ကို ဂရုတစိုက်ပြန်လုပ်နေသည်ကို မြင်သောအခါ တဖြည်းဖြည်း ယုံကြည်မှုရလာကာ အဆက်အသွယ်ပြုလုပ်လာကြသည်။ အကူအညီ များကိုလည်း တတ်နိုင်သလောက်ပြန်ပေးကြရာ သူ့အတွက်လုပ်ငန်းလမ်းစများ ပြန်ပွင့်လာသောအချိန်မျိုးလည်း ဖြစ်သည်။

ထိုနှင့်အမျှ နုနယ်စဉ်အချိန်က အရှုံးအမူးဖြစ်ခဲ့သဖြင့် လက်ထပ်ယူထားခဲ့သော မေရီချိုမှာ သူ့အပေါ်မှာသစ္စာမရှိမှန်း



www.burmeseclassic.com

www.burmeseclassic.com



သိသောအခါ ရင်ထဲမှာနာကြည်းနေမိသည်။ သို့သော်လည်း ဘာမှမပြောတော့ပဲ ဥပေက္ခာပြုထားလေတော့သည်။

မေရီချိုကလည်း ခါတိုင်းနှင့်မတူသော မိုးကျော်အပြုအမူများကို ရိပ်မိလေသည်။ သို့သော်လည်း သူမဘက်မှာလည်း ပြောစရာအပြစ်များစွာ ရှိနေသောကြောင့် မပြောသာပဲရှိလေသည်။ တစ်နေ့တော့ ပြောလာသည်. . .။

"ဧည့်ခန်းမှာတင်ထားတဲ့အရုပ်က. . တစ်နေတခြားကြောက်စရာကောင်းလာသလိုပဲ. . ဒီအရုပ်ကြီးအိမ်မှာဆက်ထားရင် မေရီဆက်မနေဝံ့တော့ဘူး"

"ကိုယ့်မိဘတွေရဲ့ အမွေအနှစ်ဆိုတော့ တခြားစွန့်ပစ်ဖို့တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ မင်းမနေဝံ့လို့ မိဘတွေအိမ်ပြန်နေချင်လည်း ပြန်နေပေါ့"

ထိုစကားကြားတော့ မေရီချိုမှာ သူမပြောစေချင်သောစကားကိုမကြားရသဖြင့် ဆွေ့ဆွေ့ခုန်သွားတော့သည်။

"အခုတော့ရှင်က ဒီစကားမျိုးပြောပြီပေါ့. .၊ ကျွန်မကို မပေါင်းချင်တော့လို့ ကွာရှင်းချင်တယ်ဆိုရင်လည်း ကွာရှင်းကြတာပဲကောင်းပါတယ်"

ဟုပြောဆိုပြီး မျက်ရည်စက်လက်နှင့် အိမ်ပေါ်ပြန်တက်သွားလေသည်။ ထိုသို့မြင်ရတော့လည်း စိတ်ထဲမှာတစ်မျိုးဖြစ်လာမိသေးသည်။

"ငါတစ်ဖက်သတ် သူ့အပေါ်အထင်အမြင်လွဲနေတာများ ဖြစ်နေရော့သလား"





ဟုဇဝေဇဝါတွေးလိုက်မိသေးသည်။ သို့သော်လည်း ထိုအကြောင်းကို ခေါင်းထဲမှာ ကြာကြာမထည့်ထားနိုင်ပေ. . . တဖြည်းဖြည်းအရှိန်ရစပြုလာသော အကြောင်းများကသာ သူ့ခေါင်းထဲမှာနေရာယူနေကြလေပြီ. . .။

တစ်နေ့မှာတော့ အလုပ်ကိစ္စရှိသောကြောင့် ခနောင်တိုဘက်သို့ ခရီးထွက်ရလေသည်။ အဆင်မပြေလျှင် နှစ်ရက်သုံးရက် ကြာမည်ဟု အိမ်မှလူများကိုပြောထားခဲ့လေသည်။

မိုးကျော်ခရီးထွက်သွားသောအခါ ပက်ထရစ်နှင့် မေရီချိုတို့မှာ လွတ်လပ်ခွင့်ရသွားကြလေသည်။ နှစ်ရက်သုံးရက်တော့ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်နေခွင့်ရတော့မည်ဟု ကျေနပ်နေကြလေသည်။

သူတို့နှစ်ယောက်အခြေအနေကို တစေ့တစောင်းသိကြသော အိမ်မှာကျန်ခဲ့သူများကလည်း ထားရာနေစေရာသွားဘဝအလုပ်သမားများဖြစ်သောကြောင့် ဘာမှမပြောသာပဲ မိုးကျော်အတွက်သာ စိတ်မကောင်းဖြစ်နေကြရလေသည်။

ထိုကဲ့သို့ မကျေမနပ်ဖြစ်နေကြသူများထဲမှာ ခြံစောင့်အလုပ်လုပ်သော ကိုထွန်းခလည်း အပါအဝင်ဖြစ်သည်။ ကိုထွန်းခမှာ ဦးဇမ္ဗူကျော်တို့ရှိစဉ်ကတည်းက ထိုအိမ်သို့ ရောက်ခဲ့သူဖြစ်ပြီး သစ္စာရှိသော လူယုံတော်တစ်ဦးပင်ဖြစ်သည်။

မိုးကျော် ကလေးဘဝကတည်းက ထိုအိမ်မှာရောက်နေခဲ့ပြီး အိမ်သားတစ်ဦးကဲ့သို့ ဖြစ်နေသောကြောင့် မိုးကျော်မှာ သူ့လက်ပေါ်မှာ ကြီးပြင်းခဲ့ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သွေးသားမတော်စပ်သော်လည်း တူလိုသားလို ခင်မင်သံယောဇဉ်တွယ်နေလေသည်။ နောက်ပိုင်း မေရီချိုနှင့်လက်ထပ်ပြီး အိမ်သို့ခေါ်လာသော မေရီချို၏စရိုက်လက္ခဏာတို့ကိုသဘောမကျပေ။

ဦးဇဗ္ဗူကျော်တို့လင်မယားနှစ်ယောက် ကွယ်လွန်သွားခဲ့သော်လည်း မိုးကျော်သံယောဇဉ်ကြောင့် ရွာကိုပင်မပြန်တော့ပဲ ထိုအိမ်မှာပင်ဆက်နေခဲ့သည်။

မိဘများမရှိတော့သည့်နောက်ပိုင်း မိုးကျော်ကဘာမှမလုပ်တတ်မကိုင်တတ်နှင့် စီးပွားပျက်သော်လည်း ထိုအိမ်မှာပင်ဆက်နေကြသည်။

ထို့နောက် မေရီချိုက မောင်တစ်ဝမ်းကွဲတော်သည်ဟုဆိုကာ ပက်ထရစ်ကို အိမ်ပေါ်မှာခေါ်ထားသည်။ စီးပွားပျက်သွားပြီးနောက်ပိုင်း မိုးကျော်က အိမ်မှာနေသည်သိပ်မရှိပဲ အပြင်သွားနေလေရာ မေရီချိုအတွက် အကြိုက်တွေ့နေတော့သည်။

၎င်းတို့နှစ်ဦး ဖောက်ပြန်နေသည်ကို မိုးကျော်ကမသိသော်လည်း အိမ်မှာကျန်နေသော ကိုထွန်းခအပါအဝင်အခြားအလုပ်သမားများက သိကြလေသည်။

သို့ကြောင့် မိုးကျော်အတွက် မကျေမနပ်ဖြစ်နေကြသော်လည်း ထားရာနေစေရာသွားရသော ဘဝအခြေအနေများဖြစ်သောကြောင့် ဘာမှလည်းပြောဆိုပိုင်ခွင့် မရှိကြပေ။ ထိုအကြောင်းများကို မိုးကျော်ကိုလည်း မပြောဝံ့ပေ။ ပြောလိုက်ပါက စိတ်ညစ်နေရသည့်အထဲ တစ်ပူပေါ်နှစ်ပူဆင့်အဖြစ်မျိုး





ရောက်မည်ကိုစိုးရိမ်နေကြလေသည်။ ယခု မိုးကျော် ခရီးထွက်သွားပေပြီ။

အိမ်ကြီးပေါ်မှာ မေရီချိုနှင့် ပက်ထရစ်တို့ ကျန်ခဲ့ကြသည်။ ထမင်းချက်လင်မယားနှင့်. . အိမ်ဖော်မလေးတို့က အောက်ထပ်နောက်ဘက်အဆောင်များ၌ နေကြသောကြောင့် အိမ်အပေါ်ထပ်မှ အကြောင်းများကို မသိကြရပေ။ မိုးကျော်ထွက်သွားပြီး နှစ်ရက်မြောက်သောနေ့ ညအချိန်တွင် အိမ်အပေါ်ထပ်မှ စူးစူးဝါးဝါးအော်သံများ ပေါ်ထွက်လာလေသည်။

ထိုအသံများ ကြားရသော်လည်း မည်သူမှအိမ်ပေါ်မတက်ဝံ့ကြပေ။ အဘယ်ကြောင့်ဆိုသော် မေရီချိုက သူ မခေါ်ဘဲနှင့် ဘယ်သူမှအိမ်အပေါ်ထပ်သို့ မတက်ရဟု အမိန့်ပေးထားသောကြောင့်ဖြစ်သည်။

နောက်တော့ ထိုအကြောင်း ဗိုလ်တထောင်ဂါတ်တဲသို့ သွားရောက်သတင်းပေးလိုက်ရာ စုံထောက်ကျော်စွာ၊ ဆားပုလင်းမင်းဒင်နှင့် ပုလိပ်အချို့လိုက်လာကြသည်။

အပေါ်ထပ်သို့တက်ပြီး အိပ်ခန်းများကို ဖွင့်ကြည့်ရာ မိုးကျော်အိပ်သောအခန်းထဲမှာ ဘာမှမတွေ့ရပေ၊ ပက်ထရစ်အတွက်ပေးထားသောအခန်းထဲမှာလည်း ဘယ်သူမှမရှိပေ။

နောက်ဆုံး မေရီချိုအိပ်ခန်းကို ဖွင့်ကြည့်သောအခါ ထိတ်လန့်စရာမြင်ကွင်းကို တွေ့ကြရသည်။ မေရီချိုအိပ်သောကုတင်ပေါ်မှာ မေရီချိုက ပါးလွှာသောညဝတ်အင်္ကျီ ဖရိုဖရဲနှင့် ပက်လက်အနေအထားဖြင့် ရှိနေသည်။ သို့သော်. . ပါးစပ်အ



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းသားဖြင့် ငြိမ်သက်နေသည်။ စုံထောက်ကျော်စွာက စမ်း[illegible] ကြည့်တော့ အသက်ရှိနေသေးသည်။

ခုတင်နံဘေးကြမ်းပြင်ပေါ်မှာတော့ မှောက်လျက်[illegible] နေအထားဖြင့် လူတစ်ယောက်ရှိနေသည်။ ပက်ထရစ်ဖြစ်သည်[illegible] တစ်ကိုယ်လုံးအဝတ်မရှိပဲ ကျောပြင်ပေါ်မှာ ဒဏ်ရာအချို့ ရှိ[illegible] ပြီး ထိုဒဏ်ရာမှ သွေးများထွက်နေကာ ကြမ်းခင်းပေါ်သို့ စီး[illegible] နေသည်။

စုံထောက်ကျော်စွာက အနားမှာထိုင်ပြီး စမ်းကြည့်[illegible] သောအခါ အသက်မရှိတော့ပဲ သေဆုံးနေသည်ကိုတွေ့ရ[illegible] သည်။ ကျောမှ ဒဏ်ရာဒဏ်ချက်တို့ကို စစ်ဆေးကြည့်သော[illegible] အခါ ချွန်ထက်သောလက်သည်း(သို့မဟုတ်)လက်နက်တစ်ခု[illegible] ဖြင့် ကုတ်ခြစ်ထားသော ဒဏ်ရာများဖြစ်သည်ကို တွေ့ရ[illegible] သည်။

ထို့နောက်မှာတော့ ဆားပုလင်းမင်းဒင်နှင့် ပုလိပ်တို့က[illegible] သေဆုံးနေသော အလောင်းကိုစစ်ဆေးနေကြစဉ် စုံထောက်[illegible] ကျော်စွာက ထိုအိမ်မှာရှိသောလူအားလုံးကို ခေါ်ယူစစ်ဆေ[illegible] သည်။

ခြံစောင့်ထွန်းခ၊ ထမင်းချက်လင်မယားဖြစ်သော မောင်[illegible] စိန်ဖေနှင့် မမေစီ၊ အိမ်ဖော် မာလာတို့လေးယောက်ဖြစ်သည်[illegible] ခြံစောင့်ထွန်းခကတော့ ညအချိန်မှာ အိမ်ကြီးပေါ်မှ စူးစူးဝါး[illegible] အော်သံကြားရကြောင်း၊ အိမ်ပိုင်ရှင်မေရီချိုက သူ မခေါ်ဘဲနှင့်[illegible] အိမ်အပေါ်ထပ်သို့ မတက်ရဟု အမိန့်ထုတ်ထားသဖြင့် ထမင်း[illegible]





ချက်လင်မယား၊ အိမ်ဖော်တို့နှင့် ဂါတ်တဲသို့လာရောက် အကြောင်းကြားရပါကြောင်း ပြောပြသည်။

ထမင်းချက်လင်မယားနှင့် မာလာတို့ကလည်း ထွန်းခပြောသလိုပင် အိပ်ပျော်နေစဉ် အော်သံများကြားရကြောင်းနှင့် ဂါတ်သို့ လာရောက်အကြောင်းကြားကြောင်းပြောပြသည်။

"သေသွားသူတဲ့သူကဘယ်သူလဲ"

"ပက်ထရစ်ပါ. . ."

"သူက ဟိုအမျိုးသမီးနဲ့ ဘယ်လိုပတ်သက်တာလဲ"

"မောင်ဝမ်းကွဲတော်တယ်လို့တော့ ပြောသံကြားပါတယ်"

"ဒါဖြင့်သူနဲ့ပတ်သက်ပြီးသိသမျှပြောပြပါ"

"ဟိုအမျိုးသမီးက ကျွန်တော်တို့ဆရာ ကိုမိုးကျော်ရဲ့ ဇနီးမပါ၊ သူ့နာမည်ကမေရီချိုလို့ ခေါ်ပါတယ်. . . သူကပက်ထရစ်ကို မောင်ဝမ်းကွဲတော်တယ်ဆိုပြီး အိမ်ပေါ်မှာခေါ်ထားတာပါ"

ထိုမျှလောက်ပြောရုံနှင့်ပင် စုံထောက်ကျော်စွာက အခြေအနေကို သဘောပေါက်သွားလေတော့သည်။

"သူ့ယောကျ်ား ကိုမိုးကျော်က ဘယ်သွားသလဲ"

"အလုပ်ကိစ္စနှင့် ခနောင်တိုဘက်သွားတာ တစ်ရက်ရှိပါပြီ. . ."

ထိုအမှုမျိုးက မကြာခဏတွေ့ကြုံရသော အမှုမျိုးဖြစ်သည်။ မိန်းမဖြစ်သူက အခြားတစ်ယောက်နှင့် ဖောက်ပြန်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်ကို ရိပ်မိသောအခါ လက်ပူးလက်ကြပ်ဖမ်းမိစေရန် ဥပါ တံမျဉ်ဖြင့် မသိဟန်ပြုရန် အခြားနေရာသို့ ခရီးထွက်ဟန် သည်။

နောက်မှ တိတ်တဆိတ် ပြန်ရောက်လာကာ လက် လက်ကြပ်ဖမ်းပြီး ကြာကူလီကောင်ကို သတ်ချင်သတ်၊ ဒ မဟုတ် ကြာကူလီကောင်နှင့်သစ္စာမရှိသော မိန်းမကိုပါ ယောက်စလုံးသတ်ပစ်သော အမှုမျိုးကို မကြာခဏတွေ့ လေသည်။

ထို့ကြောင့်အိမ်မှာရှိသော လူလေးယောက်တို့ကို အပ်သော စစ်ဆေးမှုများပြုလုပ်ခြင်း၊ အခြားအထောက်အထ သဲလွန်စများ ရှာဖွေကြည့်ခြင်း စသော စုံထောက်တစ်ယော ပြုလုပ်ရမည့်ကိစ္စတို့ကို စေ့စပ်သေချာစွာပြုလုပ်ပြီးနောက်တွ သတိမေ့နေသော မေရီချို့ကို ဆေးရုံပို့ခြင်း၊ သေဆုံးနေသေ ပက်ထရစ်အလောင်းကို ဆရာဝန်စစ်ချက်ယူရန် သက်ဆိုင်ရ နေရာသို့ ပို့ခြင်းများကို ဆက်လက်ပြုလုပ်လေသည်။





## အခန်း ( ၁၁ )

# ဖိုဝင်ခြင်း၊ ထုံကူးခြင်းများအကြောင်း

အိမ်ကြီးပေါ်၌ ကြောက်စရာကောင်းသော လူသတ်မှု တစ်ခုဖြစ်ခဲ့ပြီး နောက်တစ်နေ့တွင် မိုးကျော်ပြန်ရောက်လာ သည်။ သူအိမ်ပြန်ရောက်ပြီး မရှေးမနှောင်းမှာပင် သူ့အိမ်ရှေ့သို့ လင့်ရိုဘာကားတစ်စီးရပ်ကာ စုံထောက်ကျော်စွာတို့ ရောက်လာ သည်။

မိုးကျော်က ဧည့်ခန်းမှာပင် လက်ခံတွေ့ဆုံလေသည်။

"ကိုမိုးကျော်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်. . ."

"ခင်ဗျားခရီးသွားနေတုန်း ဒီမှာဖြစ်ခဲ့တဲ့ အကြောင်း တွေကို သိပြီးလောက်ပြီထင်ပါရဲ့"

"ဒီကအလုပ်သမားတွေပြောပြလို့ သိသင့်သလောက် တော့သိပြီးပါပြီ"

"သေဆုံးတဲ့သူက ပက်ထရစ်ဆိုတာ မှန်ပါသလား"

ခေါင်းညိတ်ပြသည်။

"သူက ဘယ်လိုကြောင့် အိမ်ပေါ်ရောက်နေတာပါလဲ"

"မေရီချိုက သူ့မောင်ဆိုပြီး ခေါ်တင်ထားတာပဲ"

"ခင်ဗျားကတော့ သူရောက်နေတာကို သဘောတူခဲ့ သလား"

"ပြောမရမယ့်အတူတူ ကြည့်နေရတဲ့သဘောပါပဲ"

မိုးကျော်ပြောနေသောအသံကို မကျေနပ်မှုများရော နေလေသည်။

"ဒီအိမ်မှာအမှုအခင်းဖြစ်နေတဲ့ အချိန်မှာ ခင်ဗျားဘယ် မှာရှိနေပါသလဲ"

"ညတုန်းက ခနောင်တိုမှာပဲ အိပ်ကြတယ်၊ ခုမနက်ပိုင်း မှ ရန်ကုန်ပြန်လာတာပါ"

"ခင်ဗျားနဲ့အတူတူ ဘယ်သူတွေရှိနေကြသလဲ. . ."

"ကျွန်တော်နဲ့ အလုပ်စပ်တူလုပ်ဖို့တိုင်ပင်ထားတဲ့ စက် သူဌေး ဦးထွန်းရှင် စက်စာရေးမောင်ခင်နဲ့ အခြားအလုပ်သမား တွေလည်း ရှိနေကြပါတယ်. . မနက်ပိုင်းမှ ခနောင်တိုကသမ္ဗန်





နဲ့ ပြန်လာတာကို လိုက်ပို့ပေးတဲ့ သမ္ဗန်သမားကို စစ်မေးကြည့် နိုင်ပါတယ်. . ."

စုံထောက်ကျော်စွာက သူပြောနေသောအချက်အ လက်များကို နားထောင်ရင်း စိတ်ထဲမှတွက်ဆနေသည်။ ညက အမှုအခင်းဖြစ်သောအချိန်မှာ သန်းခေါင်ယံအချိန်ကျော်ပြီး ညဥ့်တစ်နာရီခန့်ရှိနေလေပြီ. . .။

ခနောင်တို့နှင့် ရန်ကုန်ကလှမ်းမြင်နေရသော်လည်း သမ္ဗန်ဖြင့်သွားပါက ရေစီးမသင့်ပါက တစ်နာရီကျော် နှစ်နာရီ ကြာနိုင်ပေသည်။ မိုးကျော်ပြောသည့်အတိုင်း သူ ခနောင်တိုမှာ ရှိနေပါက ချက်ချင်းရောက်လာပြီး ချက်ချင်းပြန်သွားဖို့ကတော့ လွယ်ကူလှပေ. . .။

သို့ဆိုလျှင်သူက အပြစ်လွတ်အောင် တခြားနေရာသို့ ခရီးထွက်ဟန်ပြပြီး တစ်ဖက်လှည့်နှင့် တခြားတစ်ယောက်ကို သတ်ခိုင်းလျှင်ရော မဖြစ်နိုင်ဘူးလား. . .။

"အရင်က ဒီအိမ်မှာ ဘယ်လိုထူးခြားတာမျိုးတွေရှိခဲ့ပါ သလဲ"

"ဟိုလပိုင်းလောက်ကတော့ ရင်မေဆိုတဲ့ အိမ်ဖော်တစ် ယောက်သေဆုံးသွားပါတယ်"

"ဘယ်လိုဖြစ်ပြီးသေတာလဲ"

မိုးကျော်က ရင်မေသေဆုံးသွားခဲ့သော အကြောင်းတို့ ကို ပြန်ပြောပြလိုက်သည်။

"သူဘာကြောင့် သေတာလဲလို့ ခင်ဗျားထင်ပါသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကတော့ ဘာမှမသိပါဘူး"

"ကောင်းပြီလေ ခင်ဗျားနဲ့ ခနောင်တိုအတူသွားတဲ့ လူတွေလိပ်စာကို သိပါသလား၊ သိရင်ကျွန်တော့်ကိုပေးပါ. . ."

မိုးကျော်က မဆိုင်းမတွပင် ဖောင်တိန်နှင့်စာရွက်ကိုယူပြီး ဦးထွန်းရှင်တို့လိပ်စာကို ရေးပေးလိုက်သည်။

"နည်းနည်းတော့ထပ်မေးပါရစေ မေရီချိုနဲ့ပက်ထရစ်တို့ မောင်နှမတော်စပ်တယ်လို့ပြောတာကို ခင်ဗျားယုံပါသလား"

"သိပ်တော့မယုံပါဘူး"

"ဒါဖြင့် ပက်ထရစ်ကို အိမ်ပေါ်တင်ထားပြီးတော့ သူတို့နှစ်ယောက်အခြေအနေကိုရော ဘယ်လောက်သိပါသလဲ"

"မေရီချိုကိုပြောပေမယ့် သူကကျွန်တော့်စကားကို ဂရုမစိုက်ပါဘူး၊ သူလုပ်ချင်တာလုပ်နေတာဆိုတော့ နောက်ပိုင်းတော့ ဥပေက္ခာပြုထားလိုက်ပါတယ်"

"ခင်ဗျားအတွက် ယောကျ်ားချင်း ကိုယ်ချင်းစာပါတယ် ကိုမိုးကျော်၊ ခင်ဗျားခံစားရမယ့် ခံစားချက်တွေကိုလည်း သဘောပေါက်ပါတယ်၊ အခုလိုဖြစ်သွားတော့ ဘယ်လိုခံစားရပါသလဲ"

"သူ့အကြောင်းနဲ့သူ ဖြစ်တာလို့ပဲ ယူဆပါတယ်"

"ခင်ဗျားမိန်းမ မေရီချိုနဲ့ပတ်သက်ပြီးတော့ ဘယ်လိုသဘောထားပါသလဲ"

"သစ္စာမရှိတဲ့ မိန်းမတစ်ယောက်ကိုတော့ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ခွင့်မလွှတ်နိုင်ပါဘူး၊ လက်တွဲဖြုတ်ဖို့ပဲရှိပါတော့တယ်"





ဟု အံကြိတ်ထားရင်း မချိတင်ကဲ အသံမျိုးဖြင့်ပြောသည်။

"အခုလိုပြောပြတာ ကျေးဇူးတင်ပါတယ် ကိုမိုးကျော်လူသတ်တရားခံ မပေါ်သေးတဲ့အချိန်မှာ မေးမြန်းစရာရှိရင်မေးမြန်းလို့ရအောင် ကိုမိုးကျော်ဘယ်မှမသွားပဲနေပေးပါ"

မိုးကျော်ကခေါင်းညိတ်ပြသောအခါ စုံထောက်ကျော်စွာတို့လည်း ထိုနေရာမှ မိုးကျော်လိပ်စာပေးလိုက်သော ဆန်စက်ပိုင်ရှင်နေအိမ်သို့သွားရောက်တွေ့ဆုံမေးမြန်းသော အခါ ထိုညက မိုးကျော်နှင့်အတူ ခနောင်တိုဘက်မှာ ရှိနေကြောင်း ပြောပြသည်။

စက်စာရေးမောင်ခင်နှင့် သမ္မန်ခတ်သမား၊ အခြားအလုပ်သမားများကို တစ်ဦးချင်းတစ်ယောက်ချင်း မေးမြန်းစစ်ဆေးသောအခါမှာလည်း အထက်ပါအတိုင်းပင် တညီတညွတ်တည်း ပြောပြကြလေသည်။

သို့ကြောင့် ပဲချိတ်စက်လှေဖြင့် ခနောင်တိုမှဆန်စက်သို့ သွားရောက်စစ်ဆေးသောအခါမှလည်း သူဌေးဦးမောင်ခင်နှင့် မိုးကျော်တို့ တစ်ညလုံး ဆန်စက်မှာပင်ရှိနေကြကြောင်း ပြောပြကြရာ စုံထောက်ကျော်စွာပင် သဲလွန်စများ ကွင်းဆက်ပြတ်သွားသကဲ့သို့ရှိလေသည်။

ခနောင်တိုမှပြန်လာသောအခါ မေရီချိုရှိနေသော ဆေးရုံသို့ သွားလေသည်။ သူတို့ရောက်သွားတော့ မေရီချိုက သတိရနေပြီဖြစ်၏။ သူမမိခင်နှင့် အခြားတစ်ယောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ယောက်လည်း ရှိနေကြလေသည်။

သူတို့ရောက်သွားတော့ အခြားသူများကို အခန်းအပြင်သို့ထွက်ခိုင်းပြီး စစ်ချက်ယူရပြန်လေသည်။

"သေဆုံးသွားတဲ့ ပက်ထရစ်က ခင်ဗျားနဲ့ဘယ်လိုတော်စပ်ပါသလဲ"

ထိုအခါဘာမှမပြောပဲ ခေါင်းငုံ့ပြီး ငိုနေလေသည်။

"သူနဲ့မောင်နှမတော်တယ်ဆိုတာ အမှန်ပဲလား"

"ကျွန်. . . ကျွန်မ . . . မှားခဲ့ပါတယ်ရှင်"

ဟုဝန်ခံလေသည်။

"ပက်ထရစ်ကို ဘယ်သူသတ်တာလဲ"

"အဲဒီညက သူအခန်းထဲရောက်လာပါတယ်၊ ကျွန်မနဲ့အတူတူရှိနေတုန်းမှာ တစ်ကိုယ်လုံး အဝတ်နက်ခြုံထားတဲ့လူမည်းကြီး နောက်ကရောက်လာပြီး သူ့ကိုသတ်သွားတာပါပဲ ဘယ်သူမှန်းတော့ မသိလိုက်ရပါဘူး"

"အရင်က ဒီအိမ်မှာအခုလို အဖြစ်မျိုးရှိခဲ့ပါသလား"

"အိမ်ဖော်မလေးသေတုန်းကလည်း အခုလိုဖြစ်ပြီး သေတာပါပဲ၊ ဟိုလပိုင်းလောက်က ကိုမိုးကျော်က အိမ်ကိုကြောက်စရာကောင်းတဲ့ အရုပ်တစ်ရုပ်ယူလာခဲ့ပါတယ်"

"ဘယ်လိုအရုပ်မျိုးလဲ"

"ကျွန်မလည်းမသိပါဘူး၊ကြောက်စရာကောင်းတဲ့ အရုပ်တစ်ရုပ်ပါပဲ အဲ့ဒီရုပ်ရောက်လာပြီး အိမ်ဖော်မလေး သေသွားတာပါပဲ"





"ဒီအရုပ်ကသတ်တယ်လို့ ပြောချင်တာလား"

"ကျွန်မလည်းမသိပါဘူးရှင်. . ကြောက်စရာကောင်းလွန်းလို့ ဘယ်လိုပြောရမှန်း မသိတော့ပါဘူး"

ဟုပြောပြီး ငိုနေပြန်သောကြောင့် ဆက်မမေးတော့ပဲဆေးရုံမှပြန်ထွက်ခဲ့ကြလေသည်. . .။

ညနေပိုင်းအချိန်လောက်တွင် မိုးကျော်နေသောအိမ်သို့ ဧည့်သည်နှစ်ယောက် ရောက်လာကြသည်။

နီမောင်နှင့် ဦးဖန်ကောင်းတို့ပင်ဖြစ်သည်။

"ဒီကနေ့ ဂျာနယ်နဲ့သတင်းစာတွေမှာ ဒီအိမ်က လူသတ်မှုအကြောင်းတွေ တွေ့ရတယ်"

"ဟုတ်ပါတယ် ပုလိပ်တွေကတော့ ကျွန်တော်သတ်တယ်လို့ပဲ သံသယရှိနေကြတယ်"

"ဒါကတော့ သူတို့အလုပ် သူတို့လုပ်ကြတာပဲ၊ ကိုယ်ဘက်ကမှန်နေရင် ဘာမှစိုးရိမ်စရာမရှိပါဘူး၊ ဒီလိုပဲပေါ့ကွာ မကောင်းတဲ့သူနဲ့ အတူတူနေမိတော့. . . ကိုယ်ပါမကောင်းတာတွေ ကူးစက်ခံရတာပဲပေါ့"

မိုးကျော်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။ ထိုအခါဦးဖန်ကောင်းက ပြောသည်. . .

"မိုးကျော်ရယ်. . . ကံကြမ္မာလှည့်ဘီးက မင်းကို ဟိုးအောက်ဆုံးရောက်အောင် ပို့ထားပြီးမှပဲ. . . ဒီထက်ဆက်ပြီးအောက်ရောက်စရာမှ မရှိတော့တာ ဘာပူစရာရှိသလဲ. . . အောက်ဆုံးရောက်နေတဲ့သူသာ ဘယ်အချိန်အောက်ပြန်ရောက်မလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီးစိုးရိမ်နေတာ၊ ဒီမှာ အဆိုးဆုံးတွေဖြစ်ပြီးရင် နောက်ထပ်ဆိုး စရာဘာမှမရှိတော့ဘူး စိတ်ဓါတ်ကျမနေနဲ့”

ဟု အားပေးသည်။

မိုးကျော်ကခေါင်းညိတ်ပြရင်း. . .

“ကျွန်တော့်မှာလည်း တခြားအားကိုးစရာ မရှိသလောက်ဖြစ်နေပါပြီ”

ဟုပြောသည်။

“ဘာမှမပူပါနဲ့ကွာ မင်းချမ်းသာလာတဲ့ တစ်နေ့မှာ ငါတို့လာချင်မှလာတော့မှာဖြစ်ပေမယ့် မင်းအခုလို ဒုက္ခရောက်နေတဲ့ အချိန်မှာတော့ အမြဲလာပြီး အကူအညီပေးကြမှာပါ။ စကားပုံတောင်ရှိသေးတာပဲ ဆင်းရဲတဲ့အချိန်မှာ ဘေးမှာလာရပ်ပေးတဲ့ သူဟာ မိတ်ဆွေကောင်းဖြစ်ပြီး၊ ချမ်းသာတဲ့အချိန်မှာ နံဘေးမှာ အများကြီးလာရပ်နေသူတွေကိုတော့ သတိထားပါဆိုတဲ့ စကားလေ”

“ဟုတ်ပါတယ် အခုအချိန်မှာတော့ ကျွန်တော့်နံဘေးမှာ အဘတစ်ယောက်ပဲရှိပါတယ်”

“သူနာမည်က နီမောင်တဲ့ သူကဆင်းရဲပေမယ့် ရိုးသားပြီး စိတ်ထားကောင်းတဲ့သူတစ်ယောက်ပဲ”

ဟုမိတ်ဆက်ပေးရာ မိုးကျော်က နီမောင်ကိုကြည့်ပြီး ခေါင်းညိတ်ပြလိုက်လေသည်။

“ဒါထက် မင်း. . ဟိုဘက်ကမ်းကဝယ်လာတဲ့အရုပ်ကရော ဘယ်မှာထားသလဲ”





“ဟင်. . . အဘကဘယ်လိုသိနေတာလဲ”

“ငါ့မှာလည်း သိနိုင်တဲ့နည်းတွေရှိတာပေါ့ကွာ အခုငါလာတာ ဒီကိစ္စပဲ. . . မင်းဖြစ်စေချင်တာတွေ ဖြစ်ပြီးပြီဆိုရင် ဒီအရုပ်က မင်းလက်ထဲမှာ အကြာကြီးထားလို့မဖြစ်ဘူး၊ တော်ကြာ မင်းကိုဒုက္ခပေးလိမ့်မယ်”

“အဘကိုတော့ ကျွန်တော်မညာတော့ပါဘူး၊ ကျွန်တော် ယူလာမိပါတယ်”

“နေစမ်းပါဦး မင်းကဘယ်လိုသိပြီး၊ ဘယ်လိုရည်ရွယ်ချက်နဲ့ သွားဝယ်လာတာလဲ”

“တစ်နေ့ အဘဆီလာတော့ ကိုနီမောင်နဲ့ ပြောဆိုနေတာတွေကိုကြားတာနဲ့ သွားပြီးဝယ်လာခဲ့တာပါ။ ရည်ရွယ်ချက်ကတော့ ကျွန်တော့်ကို စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် လုပ်နေတဲ့သူတွေ တစ်နည်းနည်းနဲ့ ဒုက္ခရောက်ကြစေချင်လို့ပါ. .”

ဟုအမှန်အတိုင်းပြောပြသည်။

“အခု မင်းဖြစ်စေချင်သလို ဖြစ်ပြီးပြီမဟုတ်လား၊ ဒါပေမယ့် ဒီအကြောင်းတွေကိုတော့ ဘယ်သူမှမသိစေနဲ့ မင်းပြောပြလည်း ဘယ်သူမှယုံကြည်ကြမှာမဟုတ်ဘူး၊ တော်ကြာ ပြဿနာတွေ ပိုပြီးများလာလိမ့်မယ်”

“ဒီတော့ ဘယ်လိုလုပ်ရမလဲအဘ”

“ဒီ ဗိုဝင်ရုပ်က မင်းလက်ထဲမှာ ကြာကြာထားလို့မရဘူး၊ သူ့နေရာကို ပြန်ပို့ပေးရမယ်”

“ဘယ်လိုပို့မှာလဲအဘ”



www.burmeseclassic.com

www.burmeseclassic.com



"သူက ဖိုဝင်မှားတာကြောင့် ဝိဇ္ဇာဘဝကနေ မိစ္ဆာဘဝ ရောက်နေတာဆိုတော့ ငါတို့က သူ့ကို ဝိဇ္ဇာဘဝပြန်ရောက်အောင် အကူအညီပေးရမယ်"

ထိုသို့ပြောသောအခါ မိုးကျော်က သူတင်ထားသော ဖိုဝင်ရုပ်ကိုယူလာပြီး ဦးဇန်ကောင်းကိုပြန်ပေးလေသည်။ ထိုအခိုက်မှာပင် စုံထောက်ကျော်စွာ ရောက်လာလေသည်။

ဦးဇန်ကောင်းကို မြင်သောအခါ ရင်းနှီးခင်မင်သော မိတ်ဆွေတစ်ဦးပမာ နှုတ်ဆက်လေသည်။

"အဘနဲ့ တွေ့ရမယ်တောင် ထင်မထားဘူး၊ အခုလိုအဆင်သင့်တွေ့ရတော့ ပိုပြီးအဆင်ပြေသွားတာပေါ့"

ဟုပြောပြီး သူတို့စကားဝိုင်းမှာပင် ဝင်ထိုင်လေသည်။ စုံထောက်ကျော်စွာက စားပွဲပေါ်မှာတင်ထားသော ဖိုဝင်ရုပ်ကို ကြည့်နေသဖြင့် ဦးဇန်ကောင်းက ကောက်ယူပြီးလှမ်းပေးလိုက်သည်။

"ဒီအရုပ်အကြောင်းကို တစ်နေရာက သတင်းကြားခဲ့လို့ ကြည့်ရအောင်လာတာ မဟုတ်လား"

"မှန်ပါတယ်. . ."

ဟုပြောပြီး ဖိုဝင်ရုပ်ကို အသေအချာကြည့်နေလေသည်။ စုံထောက်ကျော်စွာသည် ကြောက်စရာပုံပန်းသဏ္ဌာန်ရှိသော ဖိုဝင်ရုပ်ကိုကြည့်နေရင်း စိတ်ထဲမှာတစ်မျိုးဖြစ်လာသကဲ့သို့ ခံစားရလေသည်။

အတန်ကြာအောင် စေ့စေ့စပ်စပ် ကြည့်နေပြီးမှ ဦးဇန်





ကောင်းကို ပြန်ပေးသည်။

"ကြည့်ရတာတော့ အတော်ကြောက်စရာကောင်းတယ် ဘယ်လိုအရုပ်မျိုးလဲအဘ. . ."

"ဇော်ဂျီဖိုဝင်ရုပ်လို့ ခေါ်တယ်"

"ဇော်ဂျီက ဘယ်လိုဖြစ်ပြီး ကြောက်စရာကောင်းတဲ့ပုံပန်းသဏ္ဌာန်မျိုး ဖြစ်နေတာလဲ"

"ဖိုဝင်မှားခဲ့လို့ ဝိဇ္ဇာဘဝမရောက်ပဲ အခုကြောက်စရာကောင်းတဲ့ မိစ္ဆာဘဝရောက်နေရတာပဲ"

"ဒါဖြင့် ဒီရုပ်တုက အစွမ်းသတ္တိ ရှိနေဦးမှာပေါ့နော်"

စုံထောက်ကျော်စွာက သူလိုရာကို ဆွဲမေးလိုက်သည်။

"အင်း. . ရှိသင့်သလောက်တော့ ရှိပါတယ်၊ ဒါပေမယ့် ငေးထင်သလို လူတစ်ယောက်သတ်နိုင်တာမျိုးတော့ မဟုတ်ပါဘူး"

"ဒီလိုဆိုလည်း ကျွန်တော်လည်းသိအောင် ပြောပြပါဦး အဘရဲ့"

"ဝိဇ္ဇာဇော်ဂျီတွေက တစ်ဆင့်ကနေ နောက်တစ်ဆင့် တက်တော့မယ်ဆိုရင် နောက်ဆုံးမှာ ထုံကူးကြရတယ်၊ တချို့က တည်းဝိဇ္ဇာစကားနဲ့ ဖိုဝင်တယ်လို့ပြောကြတယ်၊ ကြားဖူးတယ် မဟုတ်လား"

"ကြားတော့ ကြားဖူးပါတယ်"

"အဲဒီလို ဖိုဝင်တဲ့အခါမှာ သူတို့ကိုစ မအောင်မြင်အောင် အနှောင့်အယှက်တွေ အများကြီးရောက်လာပြီးတော့ ဖျက်ဆီး



www.burmeseclassic.com

www.burmeseclassic.com



ကြတယ် အနှောင့်အယှက်ပေးကြတယ်"

"ဒီတော့ ဘယ်လိုလုပ်မလဲ"

"ဖိုဝင်နေတဲ့ ကာယကံရှင်ကတော့ သူ့ကိုစွမအောင်မ ချင်း ဘာမှပြန်မလုပ်နိုင်ဘူးပေါ့၊ သူတို့ကိုယ်စား ကာကွယ်ပေးတဲ့ ယုံကြည်စိတ်ချရတဲ့သူမျိုး ရှာရတာပေါ့၊ သူထားခဲ့တဲ့တပည့်က သူမှာတဲ့အတိုင်းမလုပ်ပဲ သစ္စာဖောက်ရင်တော့ သူလည်းဒုက္ ရောက်တာပဲ၊

တပည့်က သစ္စာရှိရှိနဲ့ကာကွယ်စောင့်ရှောက်ပေးလို့ ဖိုဝင်တာအောင်မြင်သွားရင် မူလအခြေအနေထက်ပိုပြီး သိဒ္ စွမ်းအားမြင့်တဲ့ ဝိဇ္ဇာဘဝကိုရောက်ကြရတယ်၊ သူတို့အောင်မြင် သွားရင် စောင့်ရှောက်ပေးတဲ့တပည့်ကိုလည်း မစပေးကြတယ် ရွှေဆိုရွှေ. . ငွေဆိုငွေ ဒါမှမဟုတ် သိဒ္ဓိရှိတဲ့ပစ္စည်းလိုချင်လည်း ပေးခဲ့ကြတယ်၊

ရွှေတိဂုံဘုရားနဲ့ပတ်သက်တဲ့ 'မောင်ကံ' ဆိုတဲ့ ပုဂ္ဂိုလ် ဟာ ဖိုဝင်မယ့်ဝိဇ္ဇာကို ကာကွယ်စောင့်ရှောက်ပေးလို့ မြေလှ နိုင်တဲ့လုံကိုရပြီး လူစွမ်းကောင်းဖြစ်ခဲ့တယ်၊ နောက်မှမိန်းမ ဖျက်တာနဲ့ဘုရားဌာပနာပစ္စည်းကို ပစ်မှားမိလို့ကျောက်ရုပ်ဘဝ ရောက်သွားရတာလေ သိတယ်မဟုတ်လား"

"ကြားဖူးပါတယ်အဘ"

"တချို့ကတော့လည်း ကံကောင်းပြီး ဇော်ဂျီဖိုဝင်သာ စားမိလို့ သိဒ္ဓိရှိတဲ့လူစွမ်းကောင်းတွေ ဖြစ်ကြရတယ် ဗျတ်ဝိ ဗျတ္တဆိုတဲ့ ကုလားညီနောင်ဟာ ဘုန်းကြီးကျောင်းမှာနေရင်





ဖိုဝင်သားစားရလို့ လူစွမ်းကောင်းတွေဖြစ်ခဲ့ကြတယ်. . သူတို့ သည်း နှစ်ယောက်စလုံး မိန်းမနဲ့ပတ်သက်လို့ သေကြရတယ်၊ ဗျတ်ဝိက မယ်အိုဇာကကွမ်းတစ်ယာရေတစ်မှုတ်ပို့ပေးလို့ သေ ရတယ်၊ ဗျတ္တကလည်း မယ်ဝဏ္ဏနဲ့တွေ့ပြီး ပေါင်းဖက်မိတော့ မင်းတော်ဆက်နောက်ကျလို့ အသတ်ခံရပြန်တယ်. . ."

ထိုစကားကြားသောအခါ မိုးကျော်က အံ့ကြိတ်ထား ရင်း. . .

"ဒါ ဘာများဆန်းသလဲ ရှေးကတည်းကရှိခဲ့တာပဲ"

ဟုရေရွတ်လိုက်သည်။

"ဘာလဲ မင်းက မိန်းမတွေသစ္စာမရှိဘူး၊ မကောင်းဘူး လို့ ဆိုချင်တာလား ဒီလိုလည်းဘယ်ဟုတ်ပါ့မလဲ လောကမှာ မကောင်းတဲ့မိန်းမတွေရှိသလို ကောင်းတဲ့မိန်းမတွေလည်း အ များကြီးရှိကြတာပဲ၊ ဘုရားရှင်လက်ထက်ကတောင်၊ စိဉ္စမာဏဝိ ကာလို မိန်းမယုတ်မျိုးရှိသလို၊ ယသော်ဓရာလို တော်ဝင် မိန်းမ မြတ်တွေ ရှိခဲ့တာပဲ မဟုတ်လား"

ဟုပြောပြတော့မှ ဘာမှပြန်မပြောဘဲ ခေါင်းငုံ့သွားလေ သည်. .

"ဒါထက် အဘစောစောကပြောတဲ့ ဝိဇ္ဇာတွေဖိုဝင်တဲ့အ ကြောင်း၊ ထုံကူးတဲ့အကြောင်းကို ကျွန်တော်ဗဟုသုတရအောင် ပြောပြပေးပါဦး"

ဟုစုံထောက်ကျော်စွာကပြောရာ ဦးဗန်ကောင်းက စား ပွဲပေါ်မှ ရေတခေါင်းထဲ ရေတစ်ခွက်သောက်လိုက်ပြီးမှ ဝိဇ္ဇာများ



www.burmeseclassic.com

www.burmeseclassic.com



ထုံကူးသောအကြောင်းအရာအချို့ကို အတိုချုပ်ကာပြောပြလိုက်လေသည်။

"ထုံ"ဟူသော ဝေါဟာရ၏ အဓိပ္ပါယ်မှာ 'လေ့ကျင့်ထားခြင်း' 'အောင်မြင်စွာ အလေ့အကျင့်ပြုထားခြင်း'ဟူ၍ဖြစ်သည်။

ထွက်ရပ်ပေါက်ပြီးသူများသည် အောင်မြင်စွာ ကျင့်ကြံအားထုတ်ထားသူများ ဖြစ်သည်။ ဘက်ထရီအိုးတစ်လုံးကို အောင်မြင်ပြည့်ဝစွာ အားသွင်းထားပါက မိမိထက်စွမ်းအင်နိမ့်ကျသော ဘက်ထရီ၊ အားနည်းသောဘက်ထရီအိုး (သို့) မိမိစွမ်းအင်အချို့ကို ဖွဲ့ပေးလိုက်ခြင်းဖြင့် အားနည်းသော၊ အားငုပ်နေသော ဘက်ထရီသည် အားများစီးဝင်ကာ အားပြည့်သွားသည်။

ထိုနည်းတူစွာပင် ထွက်ရပ်ပေါက်ကျင့်စဉ်စခန်းတက်လိုသူသာဝကအား အကျင့်စခန်း ပြည့်စုံကုံလုံသွားသော ဆရာက မိမိ၏စိတ်စွမ်းအင်နှင့် အားဖြည့်ကူညီလိုက်သောအခါ တပည့်သာဝကသည် လွယ်ကူစွာကျင့်စဉ်စခန်းကိုတက်လှမ်း၍ အောင်ပန်းဆွတ်ခူးအောင်မြင်နိုင်သည်ကို ထုံကူးခြင်းဟု ရှေးဟောင်းဂန္ဓာရီပညာကဆိုသည်။

ဂန္ဓာရီစခန်းများကို တစ်ဆင့်ပြီးတစ်ဆင့်တက်လှမ်းသောအခါ သာဝကသည် မိမိ၏စွမ်းအင်တစ်ခုတည်းဖြင့် တက်လှမ်းရန်ခက်ခဲလှသည်။ ဂန္ဓာရီပညာစခန်း၏ တက်စဉ်တိုင်းတွင် အကျင့်သီလဖြူစင်မှုရှိ၊ မရှိ၊ ဉာဏ်ပညာစွမ်းထက်မြက်မှုရှိ၊ မရှိ၊ ယုံကြည်ကိုးကွယ်မှုသဒ္ဓါတရားပြည့်ဝမှုရှိ၊ မရှိနှင့် လုံ့ဝကြောက်စိတ်ကင်းမဲ့သော သူရသတ္တိရှိ၊ မရှိကို မီးဖြင့်လည်းကောင်း





ရေဖြင့်လည်းကောင်း၊ မြေဖြင့်လည်းကောင်း မုန်တိုင်းဖြင့်လည်းကောင်း၊ နာနာဘာဝများ၏ ခြောက်လှန့်မှု ဖြင့်လည်းကောင်း အမျိုးမျိုးစမ်းသပ်သည်ကို အောင်မြင်စွာ ကျော်လွှားနိုင်မှသာလျှင် ဂန္ဓာရီပညာအဆင့်ဆင့် တက်ရသည်။

ဤသို့ မီး၊ ရေ၊ လေ၊ မြေတို့ဖြင့် စမ်းသပ်ပွဲပြုလုပ်သည်ကို ရေထုံ၊ မီးထုံကူးသည်ဟု ခေါ်ခြင်းဖြစ်သည်။ မည်သို့စမ်းသပ်သည်၊ မည်သို့ထုံကူးသည်ကိုမူ အသေးစိတ်ဖော်ပြမှသာလျှင်ပြည့်စုံနိုင်ပေမည်။

ဂန္ဓာရီနောက်ဆုံးအဆင့်တွင် အလွန်စွဲလမ်းတွယ်တာသော မိမိရုပ်ခန္ဓာကို မရဏသေမင်းလက်သို့အပ်ပြီးမှ ဝိညာဉ်အနေဖြင့် တစ်ဖန်ပြန်လည် အသက်ရှင်ခြင်းအဆင့်ကို ရောက်အောင်ကျင့်ကြံအားထုတ်ခြင်းနှင့် ရုပ်ခန္ဓာသေသော်လည်း ဝိညာဉ်မသေဘဲ မာယာလောကဖြစ်အောင် ရုပ်လောကမှ လွတ်မြောက်အောင် ကျင့်ကြံအားထုတ်ခြင်းကို "ထွက်ရပ်ပေါက်ခြင်း" (သို့မဟုတ်) "ဂန္ဓာရီပညာအန္တိမအဆင့်ရောက်ခြင်း" ခေါ်ကြသည်။

ဤအဆင့်တွင် လောကီလူသားဖြစ်သော တပည့်သာဝကကို ဆရာအရှင်က မိမိ၏စွမ်းအင်ဖြင့် ကူညီခြင်း(သို့မဟုတ်) မိမိထုံထားသော သိဒ္ဓိအစွမ်းဖြင့် တပည့်သာဝကကို ကူညီစောင့်ရှောက်ပေးခြင်းဖြင့် ပါရမီရှင်သာဝက ထွက်ရပ်စခန်းသို့ တက်လှမ်းသွားသည်ကို ထွက်ရပ်ပေါက်ခြင်းဟု အီဂျစ် ရှေးဟောင်းဂန္ဓာရီပညာက ခေါ်ဝေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ဂန္ဓာရီပညာအဆင့်ဆင့်ကို တက်လှမ်းရသေ
ဂန္ဓာရီအဆင့်တက်စဉ်မှာ ခုနစ်ဆင့်ရှိပြီး အဆင့်တိုင်းတွ
လျှို့ဝှက်နက်နဲမှုများ အပြည့်ရှိနေပေသည်။

အမှန်စင်စစ် ရေထုံ မီးထုံကူးခြင်းသည် တပည့်သာဝ
၏ သူရသတ္တိနှင့် ဂန္ဓာရီပညာကို မြတ်နိုးမှုမည်မျှရှိသည်ကို စမ်း
သပ်ခြင်းဖြစ်သည်။ ဤသို့စမ်းသပ်ခြင်းမှာ စူဠဂန္ဓာရီ စခန်းသ
ဖြစ်သည်။

မဟာဂန္ဓာရီစခန်း စမ်းသပ်မှုမှာ စိတ်ပိုင်းဆိုင်ရာ စမ်း
သပ်ခြင်းဖြစ်သည်။ ယင်းအဆင့်မှာ နက်နဲလှပြီး လျှို့ဝှက်ထားအ
ဖြင့် လူသိနည်းသည်။

မဟာဂန္ဓာရီတွင် ရေသည် အာပေါဓါတ်ဖြစ်သေ
ကြောင့် ဝေဒနာအာရုံခံစားမှုကို ရည်ညွှန်းသည်။ မီးသည် တေ
ဇောဓါတ်ဖြစ်သော စိတ်ကိုရည်ညွှန်းသည်။

သာဝကသည် အာပေါဓါတ်ဖြစ်သော လောကီအာ
ကာမဂုဏ်ခံစားမှုများကို မည်မျှစွန့်လွှတ်နိုင်သည်ကို စမ်းသ
ခြင်းအား "ရေထုံကူးခြင်း" ဟုခေါ်သည်။

အဝိဇ္ဇာ မာယာလွှမ်းမိုးမှုကြောင့် သစ္စာတရားကို မမြ
နိုင်အောင်ဖြစ်နေသောစိတ်တွင် အယူမှားမှု မည်မျှရှိသည်
စမ်းသပ်ခြင်းအား တေဇောဓါတ်"မီးထုံကူးခြင်း" ဟုခေါ်သည်

ဤသို့ အာပေါဓါတ်ဖြင့် စမ်းသပ်ခြင်း တေဇောဓါတ်
စမ်းသပ်ခြင်းပြုနေစဉ်တွင် သာဝကအား မမှားမယွင်းအော
သတိပေးခြင်း၊ အမှန်တရားကို မျက်ခြည်မပြတ်အောင် ညွှ





ကြားခြင်း၊ အားငယ်နေလျှင် အားပေးခြင်း၊ အမြင်ကြည်လင်
အောင် ချက္ကရများကို ဖွင့်ပေးခြင်းဖြင့် ဆရာရှင်သည် သူ၏
အဘိညာဉ်စွမ်းအားဖြင့် တပည့်သာဝကအား ဓါတ်ကူးပေးခြင်း၊
ကူညီခြင်းကို "ရေထုံကူးသည်" "မီးထုံကူးသည်" ဟု အမိပ္ပါယ်
ဖွင့်သည်။

ဒုတိယအဆင့် တက်ပွဲတွင်လည်း ပထမအဆင့် တက်
စဉ်ကကဲ့သို့ ဆရာတော်များစုဝေးပြီး အစီအရင်တို့ကို စနစ်တ
ကျ ဆောင်ရွက်ကြသည်။ ဒုတိယအဆင့်ရောက်ပြီး တစ်ဖန်
တတိယအဆင့်ဖြစ်သော "မရဏထုံ" တက်ရန် လေ့ကျင့်သင်
ကြားပါသည်။

ဒုတိယအဆင့်အောင်မြင်ပြီးသော သာဝကသည် ဂိုဏ်း
ချုပ်ကြီးနှင့်တကွ ဂိုဏ်းဝင်ဘုန်းတော်ကြီးအလယ်တွင် ဂန္ဓာရီ
လျှို့ဝှက်ချက်များကို မပေါက်ကြားစေရပါဟု ကတိသစ္စာပြုကြ
ရသည်။

ထို့နောက်ဓါတ်နန်းကြီးအတွင်း လက်ရှိနေကြသော
ဂိုဏ်းချုပ်ကြီးနှင့်တကွ ဂိုဏ်းထောက်၊ ဂိုဏ်းကြပ်များ၊ ထွက်ရပ်
ဆေါက်ပုဂ္ဂိုလ် ဂိုဏ်းဝင်များအားလုံးက ဒုတိယအဆင့် တက်
ရောက်အောင်မြင်သော သာဝကကို ကြိုဆိုနှုတ်ခွန်းဆက်ကြ
သည်။

သာဝကသည် မဟာဂန္ဓာရီဂိုဏ်းဝင် ဖြစ်သွားပြီး၊ အ
သင်းဓါတ်ဘုရားကြီး၏ ရှေ့တော်မှောက်သို့ရောက်သွားလေပြီ။
ဝင်းမှာ သစ္စာနယ်မြေသို့ အဝင်မုခ်ဦးသို့ ရောက်ရှိသွား



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်။

ဒုတိယအဆင့်တက်ပြီးနောက် တတိယအဆင့်သို့ တက်လှမ်းရန်အတွက် မဟာဂန္ဓာရီပညာများကို တစ်ဆင့်တက် လေ့လာရသည်။ သင်္ကေတများ၊ အက္ခရာများနှင့် ဆရာရှင်၏ နှုတ်ကပါတ်များကို မှတ်သားလေ့လာရသည်။

ဂန္ဓာရီပညာမှာ ကျမ်းဂန်မှရသော ပညာမဟုတ်ဘဲ၊ ဆရာရှင်က သာဝကအား နှုတ်ဖြင့်တိုက်ရိုက်ချ၍ သင်ကြား သော အန္တေဝါသိကနည်းဖြင့်သာ သင်ကြားရရှိသော ပညာဖြစ် သည်။

ထို့ပြင် တတိယအဆင့်ဂိုဏ်းဝင်များ လေ့လာတတ် ကျွမ်းရမည်ဖြစ်သော ဓါတ်သတ္တုများ၊ အပင်များ၊ ဆေးပညာ၊ ဗိသုကာပညာ၊ ဂီတပညာနှင့် လူ့ဘောင်သမိုင်း ဆင့်ကဲဖြစ်စဉ် တို့ကိုပါ လေ့လာသင်ကြားရသည်။

ယင်းပညာများကို နားလည်ရုံမက ကျွမ်းကျင်တတ် မြောက်ပြီး အဘိညာဉ်တန်ခိုးနှင့် တွဲဖက်အသုံးချနိုင်သည်အထိ ကျွမ်းကျင်အောင် လေ့လာရသည်။ လူ၏ရုပ်နာမ်ဖွဲ့စည်းပုံနှင့် ဝိညာဉ်အကြောင်း၊ ဝိညာဉ်သဘာဝကို သင်ကြားရသည်။

ခန္ဓာ(၇)ပါးအနက် အဆင့်အမြင့်ဆုံး ဝိညာဉ်မှတစ်ပါး အခြားခန္ဓာများကို ဘုံစဉ်တက်သောအခါ သက်ဆိုင်ရာခန္ဓာ ယာဉ်များကို ဘုံအသီးသီးတွင် စွန့်လွှတ်ခဲ့ရပုံကို လေ့လာဆည်း ပူးရသည်။

လူ့ပြည်တွင် ရုပ်ခန္ဓာနှင့်နေပြီးနောက် သေသောအခါ





"ကား" ခေါ် လိပ်ပြာခန္ဓာဖြင့် အထက်ဘုံသို့ ဝိညာဉ်ကူးပြောင်းရ ပုံ၊ သံသရာတွင် လူ့ဘဝကိုရလိုက်၊ ခန္ဓာပြောင်းပြီး အထက်ဘုံ စံလိုက်ဖြင့် သံသရာလည်နေသည်မှာ သစ္စာရောင်ခြည်တွေ့သွား သောအခါတွင် ဝိညာဉ်သည်လူ့ပြည်သို့ပြန်လာပြီး ရုပ်ခန္ဓာကို ဆောင်ယူခြင်းမပြုတော့ဘဲ အထက်အဆင့်ဆင့်သို့ အဆင့်မြင့် ခန္ဓာယာဉ်များကို ဆောင်ယူပြီးနောက် နောက်ဆုံးတွင် အလင်း ခန္ဓာနှင့် အလင်းဓါတ်ဘုရားထံသို့ ရောက်ရှိသွားပြီး မဟာ အလင်းဓါတ်ကြီးနှင့် မိမိ၏ဝိညာဉ်အလင်းဓါတ်နှင့် ပေါင်းစပ်ပြီး တစ်သားတည်းဖြစ်သွားအောင် ကြိုးစားအားထုတ်ရပုံတို့ကို လေ့လာသင်ကြားရသည်။

မိမိကိုယ်တိုင်ကလည်း အလင်းဓါတ်များရသည်အထိ တစ်ဆင့်တက်စဉ်အတိုင်း ဘာဝနာပွားရသည်။ ဘာဝနာပွားရာ တွင် မိမိ၏စွမ်းအင်တစ်ခုတည်းဖြင့် အောင်မြင်ရန် ခက်ခဲသော အခါ ဆရာရှင်များက ဝိုင်းဝန်းကူညီ ဓါတ်ကူးပေးသည်။ အား ဖြည့်ပေးသည်။

ဆရာရှင်များက သာဝကကို တစ်ခါတစ်ရံ စိတ်ညှို့ ပညာဖြင့် မြှင့်တင်ပေးသည်။ စိတ်ညှို့ပညာဆိုရာတွင် အစွမ်း ငုပ်နေသောတပည့်၏ စိတ်စွမ်းအင်ကို ဖော်ထုတ်ရာတွင် မသိ စိတ် အစွမ်းသတ္တိကို အသုံးပြုပေးသော ရှေးဟောင်းစိတ်ညှို့ ပညာဖြစ်သည်။

ထို့ဖြင့် တပည့်သာဝကကို လက်ဖြင့်သပ်ပေးခြင်းဖြင့် ဆရာထံမှ သံလိုက်ဓါတ်များ စီးဝင်စေသောနည်း (Passes)ကို



www.burmeseclassic.com

www.burmeseclassic.com



လည်းအသုံးပြုသည်။

ထိုတက်သောအခါတွင်လည်း ယင်းနည်းလမ်းအပြင် အခြားအစွမ်းထက်သော နည်းလမ်းများကို အသုံးပြုသည်။ သာဝကသည် ဤသို့လေ့လာသင်ကြားရင်း လက်တွေ့သင်ကြားရင်း လက်တွေ့ဘာဝနာပွားပြီး ကြိုးစားသည့်ကာလမှာ (၄)နှစ် (၅)နှစ်ခန့်ကြာသည်။

နည်းပြဆရာများထံမှ သင်ကြားရန်ဖြစ်သော သင်ခန်းစာများကို လေ့လာသင်ကြားပြီးသောအခါ သာဝကသည် မြေအောက်လိုဏ်ဂူအတွင်း၌ မိမိတစ်ဦးတည်းနေကာ စိတ်ပိုင်းဆိုင်ရာနှင့် ဘာဝနာပိုင်းဆိုင်ရာတို့ကို လေ့လာရသည်။

ဥပဇ္ဈာယ်ဆရာက တယ်လီပသီနည်းဖြစ်သော အဝေးမှ မနောစိတ်ဖြင့် ညွှန်ကြားပြသသင်ကြားပေးသည်။ သို့ရာတွင် အမြဲတမ်း အသေးအဖွဲ့မှစ၍ သတိပေးခြင်း၊ သင်ကြားခြင်းကိုပြုသည်မဟုတ်၊ ဥပဇ္ဈာယ်ဆရာသည် လိုအပ်သည့် သင်ခန်းစာတစ်ခုကို အရိပ်အမြွက်မျှပြောပြီး သာဝကမည်မျှ ကြိုးစားသည်အားထုတ်သည်ကို အဝေးမှအကဲခတ်နေသည်။

သာဝကအနေဖြင့် မိမိကိုယ်ကိုသာ အားကိုးပြုနေရသည်မှာ နှစ်ချီ၍ကြာတတ်သည်။ ထိုအခါ သာဝကသည် ဆရာက သူ့အားပစ်ထားလေပြီဟု ယူဆကာ စိတ်ပျက်အားငယ်မိတတ်သည်။

သို့သော်ကြိုးစားအားထုတ်မှုကို မလျှော့တစ်ဖန် ဆက်ကြိုးစားပြန်သည်။ သာဝက၏ ပြင်းပြသောစိတ်ဓါတ်ကို မြင်ရ





သောအခါမှ ဆရာက တစ်ဖန်ညွှန်ကြားခြင်း၊ နည်းပေးလမ်းပြပြုခြင်းနှင့် ဓါတ်ကူးပေးခြင်းတို့ကို ပြုလုပ်ပေးသည်။

ဦးဗန်ကောင်းက ထိုသို့ပြောပြသောအခါ စုံထောက်ကျော်စွာလည်း သဘောကျသွားလေသည်။

"အဘပြောပြမှပဲ ရှင်းတော့တယ် ဒီအတိုင်းဆိုရင်တော့ ဒီအမှုက သဲလွန်စရှာဖို့ အတော်ခက်မှာပဲ"

ဟု ညည်းညည်းညူညူပြောရင်း စီးကရက်တစ်လိပ်ကို ထုတ်ပြီး မီးညှိဖွာနေသည်။

"မခက်ပါဘူး မောင်ကျော်စွာရယ် ဥပမာပြောရရင်တော့ အစရှိနေတဲ့ ကြိုးတစ်ချောင်းဟာ တစ်နေရာမှာတော့ ကြိုးရဲ့ အဆုံးသတ်ပိုင်းရှိနေတာပါပဲ၊ ဒီလိုပဲပေါ့ ဘယ်လောက်ခက်ခဲတဲ့ပဟေဠိပုစ္ဆာမျိုးပဲဖြစ်ဖြစ် သူ့အတွက် အဖြေတစ်ခုတော့ ရှိနေမှာပါပဲ. . . စိတ်ရှည်လက်ရှည်နဲ့ကြိုးစားရင် အဖြေမတွေ့တဲ့ ပုစ္ဆာဆိုတာတော့ မရှိနိုင်ပါဘူး"

ဟုပြောရာ စုံထောက်ကျော်စွာက သက်ပြင်းတစ်ချက်ချလိုက်ပြီး ထိုင်ရာမှထလိုက်သည်။

"ဘာပဲဖြစ်ဖြစ် အဖြေပေါ်အောင်တော့ ကြိုးစားရမှာပါပဲ၊ အဘတို့ကလည်း အကြောင်းထူးတွေ့ရင်တော့ ကျွန်တော့်ကိုလည်း အသိပေးကြပါဦး"

ထိုသို့ပြောဆိုပြီး ပြန်သွားလေတော့သည်။ သူပြန်သွားတော့မှ ဦးဗန်ကောင်း၊ နီမောင်နှင့်မိုးကျော်တို့သုံးယောက်မှာ ဖိုဝင်ရုပ်အကြောင်းကို ဆက်လက်ပြောဆိုနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘ ဒီရုပ်တုကို ယူသွားပြီးဘယ်လိုလုပ်မှာလဲ"

"ငါတို့က တပည့်အနေနဲ့ စောင့်ရှောက်ပေးပြီး သူ့ကို ဖိုပြန်ဝင်ခိုင်းရမှာပေါ့"

ဟုပြောဆိုကာ ဖိုဝင်ရုပ်ကို အဝတ်ဖြင့်ပတ်ကာ လွယ်အိတ်ထဲသို့ ထည့်ပြီး နီမောင်နှင့်အတူ အပြင်သို့ပြန်ထွက်ခဲ့ကြလေတော့သည်။





# အခန်း (၁၂)

# ဝိဇ္ဇာလေလား...မိစ္ဆာပေလား...

ယခုတစ်လော နီမောင်တစ်ယောက် မအားလပ်ရအောင် ရှိနေလေသည်။ နေ့မအားညမအား သမွန်ခတ်နေရသောကြောင့်တော့မဟုတ်ပေ. . . ဦးပန်ကောင်းနှင့်အတူတွဲပြီး သူစေခိုင်းသမျှ အလုပ်တို့ကို လုပ်နေရသောကြောင့် ကူးတို့သမွန်ပင် မှန်မှန်မခတ်နိုင်အောင် ဖြစ်နေသည်။ သူ့ကူးတို့သမွန်ကို အမြဲစီးနေကျသူများမှာတော့ ပြောသည်။

"နင်က ကူးတို့မခတ်တော့ဘူးလား၊ ဘာလဲ ကြီးပွားချမ်း



www.burmeseclassic.com

www.burmeseclassic.com



သာသွားတာနဲ့ ကူးတို့မခတ်တော့တာလား”

“မဟုတ်ပါဘူးဗျာ. . တခြားအလုပ်ကလေးတွေ ရှိနေလို့ပါ. . .”

“နင် သမ္ဗန်မှန်မှန်မထွက်တော့ ကုလားခတ်တဲ့သမ္ဗန်ပြောင်းစီးနေရတာပေါ့”

“ဒါလည်း အဆင်ပြေတာပဲမဟုတ်လား”

“နင့်လောက်တော့ ဘယ်အဆင်ပြေပါ့မလဲ အဲဒီကုလားတွေက သမ္ဗန်ခကိုငါးပြားတစ်စေ့တောင် ကြွေးမထားဘူး၊ အတင်းတောင်းတော့တာပဲ”

ထိုစကားကြောင့် နီမောင်ကရယ်နေလေသည်။

“ဒီရက်ထဲတော့ တခြားအလုပ်ကလေးတွေ ရှိနေသေးလို့ပါ နောက်ရက်တော့ မှန်မှန်ပြန်ထွက်ပါ့မယ်”

ဟုပြောလိုက်တော့မှ ကျေနပ်သွားလေသည်။ တစ်နေ့မှာတော့ ညနေပိုင်းအချိန်မှာ ရန်ကုန်ဘက်မှပြန်လာ၍ အိမ်ပြန်ရောက်ရုံရှိသေးသည်။ သူ့အိမ်သို့ အမျိုးသမီးနှစ်ယောက် ရောက်လာကြသည်။

မြသင်းကြူနှင့် အခြားအဖော်တစ်ယောက်ပင် ဖြစ်သည်။ မြသင်းကြူကိုမြင်တော့ အံ့ဩသွားလေသည်။

“ဟင်. . . မြသင်းကြူပါလား”

မြသင်းကြူက ခေါင်းညိတ်ပြပြီး အိမ်ထဲဝင်လာသောကြောင့် ပျာပျာသလဲနှင့် နေရာထိုင်ခင်းပေးရလေသည်။

“နင်. . . အလုပ်ကပြန်လာပြီလား”





“ဟုတ်တယ် နင် ဘာကိစ္စရောက်လာတာလဲ”

မေးမယ့်သာ မေးရသည်။ မြသင်းကြူ မြင်ကတည်းက တစ်ခုခုအကြောင်းရှိမည်ကို သိသောကြောင့် ရင်ထဲမှာမသိမသာ လှုပ်ရှားနေသည်။

“အမေလွှတ်လိုက်လို့ ဟိုဘက်သွားရင်းနဲ့ ကြုံလို့ နင့်ဆီဝင်လာတာပါ. . .”

မြသင်းကြူကတော့ ကောင်းကောင်းပြောသည်။ သို့သော် နီမောင်က သူ့ဘက်က ပျက်ကွက်နေသည်ကြောင့် စိတ်ထဲမှာ မလုံမလဲဖြစ်နေမိသည်။

“ငါလည်း ဒီရက်ထဲမှာ အလုပ်သိပ်မဆင်းနိုင်ဘူး၊ ဒါ့ကြောင့် အဒေါ်ဆီတောင်မလာနိုင်ဘူး”

အလုပ်မဆင်းနိုင်သဖြင့် ကြွေးမဆပ်နိုင်သေးကြောင်း အသိပေးလိုက်ခြင်းပင်ဖြစ်သည်။ မြသင်းကြူကတော့ အခြေအနေကို သဘောပေါက်ဟန်ရှိလေသည်။

“နင် ဒီလကုန်လောက်ဆိုရင်တော့ ပေးစရာလေးတွေ အဆင်ပြေမယ် မဟုတ်လား၊ အမေက တော်ရုံသင့်ရုံတောင်သည်းမခံတတ်လေတော့ တော်ကြာ. . .”

“ငါသဘောပေါက်ပါတယ် မြသင်းကြူ. . . လကုန်လောက်မှာတော့ အလုပ်မှန်အောင်ဆင်းပြီး ရတဲ့ငွေကို အားလုံးဆပ်ပေးပါ့မယ်”

ဟုကတိပေးလိုက်လေသည်။

မြသင်းကြူကတော့ နီမောင်ကိုကြည့်ပြီး စိတ်မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေဟန်ရှိသည်။ နီမောင်က မြသင်းကြူသဘောကို သိသ ဖြင့်. . .

"ငါ နင့်ကို နားလည်ပါတယ် မြသင်းကြူ။ နင့်အပေါ်မှာ လည်းဘယ်လိုမှမထင်ပါဘူး ငါဘက်ကကျေပွန်အောင်လုပ်ပေးမှာပါ. . ."

ဟုပြောလိုက်တော့မှ မြသင်းကြူတို့ ပြန်သွားကြလေသည်။ တကယ်တော့ မြသင်းကြူ၏ မိခင်ဒေါ်မြလေးမှာလိုက်သော စကားက 'လကုန်မှ ပေးစရာရှိတာ ပြေလည်အောင်မဆပ်နိုင်ပါက သမွန်ပြန်သိမ်းမယ်'ဟူသော စကားကိုတော့ မြသင်းကြူက ပြောသွားလေသည်။

မြသင်းကြူတို့ ပြန်သွားသော်လည်း နီမောင်မှာစိတ်တထင့်ထင့်နှင့် ကျန်ခဲ့လေသည်။ လကုန်ရက်ရောက်ဖို့ မဝေးလှတော့ပေ. . .၊ ပေးစရာကျန်သောကြွေးက အတိုးရောအရင်းပါ အတော်များနေသေးသည်။

ခါတိုင်း နေ့မပြတ် အလုပ်ဆင်းပြီး ရသမျှထဲမှ စားသောက်ဖို့နည်းနည်းချန်ပြီး ကျန်တာကိုကြွေးဆပ်နေတာတောင် ရှိသည့်ကြွေးက သိပ်မလျော့ချင် အဘယ်ကြောင့်ဆိုသော် အတိုးက ထပ်တက်နေသောကြောင့် ဖြစ်သည်။

ယခုကဲ့သို့ အလုပ်မဆင်းရသော ရက်များလာပြီး ငွေမရသောအခါ အတိုးရောအရင်းပါ တက်နေခြင်း ဖြစ်ပေတော့သည်။

မြသင်းကြူရောက်လာသည်ကိုမြင်တော့ ကြွေးတောင်း





ရန်လာသည်ကိုတော့ မိဘများကရိပ်မိသည်။ သို့သော် အရင်းဘယ်လောက်ရှိပြီး အတိုးဘယ်လောက်ရှိသည်ကိုတော့ မသိကြပေ။

နီမောင်ကလည်းအသက်အရွယ်ကြီးသော မိဘများစိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်မည်စိုးသောကြောင့် အသိမပေးပေ။ ညဉ့်ဦးပိုင်းအချိန်တွင် ညစာစားပြီးမှ တစ်ယောက်တည်းအပြင်ထွက်ထိုင်နေစဉ် သူရှိရာသို့လျှောက်လာသော သဏ္ဌာန်တစ်ခုကို လှမ်းမြင်ရသည်။

သူသည်အိမ်ရှေ့မှာရှိသော ကွပ်ပျစ်ပေါ်၌ ထိုင်နေခြင်းဖြစ်ရာ ခရီးသွားတစ်ယောက်လာနေသည်ဟုပင် ထင်လိုက်မိသည်။ မနီးမဝေးရောက်လာတော့မှ မဟုတ်မှန်းသိရလေသည်။ ထိုသူမှာ အသက်(၅၀)ကျော်ခန့်ရှိပြီး ခရီးဝေးမှ လာခဲ့ဟန်ဖြင့် လွယ်အိတ်ကြီးတစ်လုံး လွယ်ထားလေသည်။ နီမောင်ထိုင်နေတာမြင်တော့ ဝင်လာပြီး ရေတစ်ခွက်တောင်းသောက်သည်။

"မောလွန်းလို့ ရေတစ်ခွက်သောက်ပါရစေ"

"ထိုင်ပါဗျာ"

နီမောင်က ကွပ်ပျစ်ပေါ်မှာ နေရာပေးပြီး ရေတစ်ခွက်ပေးလိုက်သည်။ ထိုလူကြီးက ရေသောက်ပြီးနောက်မှ ကျေးဇူးတင်စကား ဆိုသည်။

"ကျေးဇူးတင်လိုက်တာကွယ်. . . ကိုယ်မသိတဲ့အရပ်ကိုယ်မသိတဲ့ဒေသမျိုးက လာရတာ အတော်ခက်ခဲတာပဲကိုး"

"ဘယ်အရပ်က လာတာပါလဲ အခုဘယ်ကို သွားမှာပါ



www.burmeseclassic.com

www.burmeseclassic.com



လဲ. . အချိန်လည်းမရှိတော့ဘူး"

"အညာဘက်က လာခဲ့တာပါ၊ အောက်ပြည်အောက်ရွာ လည်း တစ်ခါမှမရောက်ဖူးပါဘူး၊ ငယ်ငယ်ကတည်းက ကွဲကွာသွားတဲ့ နှမဝမ်းကွဲတစ်ယောက် ရန်ကုန်တစ်ဖက်ကမ်းက ရွာတွေမှာ နေတယ်လို့သတင်းကြားတာနဲ့ လာရှာတာပါ သတင်းအစအနတောင် မရပါဘူး"

"နာမည်က ဘယ်သူများလဲ"

"မြနန်းရှင်ပါတဲ့"

"ဟင်. . ."

နီမောင်စိတ်ထဲမှာ အတော်ကလေး အံ့သြသွားလေသည်။ ဦးဇန်ကောင်းဆီမှ 'မြနန်းရှင်' ဟူသောအမည်ကို မကြာခဏကြားနေရသောကြောင့် စိတ်ထဲမှာသိနေသည်။

ယခုခရီးသည်က မြနန်းရှင်ကို လိုက်ရှာနေသည်ကိုတော့ နာမည်တူများ ဖြစ်လေသလားဟူ၍ အံ့သြသွားခြင်းဖြစ်သည်။

"ကျုပ်ပြောတဲ့နာမည်ကို ကြားများကြားဘူးလို့လား မောင်ရင်"

"မ. . . မကြားမိပါဘူး ဒီအရပ်မှာတော့ ဒီနာမည်မျိုး မကြားမိပါဘူး"

"သတင်းအသေအချာ ကြားထားတာဆိုတော့ ဒီအရပ်မှာ သူရှိမှာပါကွယ်"

ဟုထပ်ပြောသည်။





"အခြားနာမည်တစ်မျိုးမျိုးပြောင်းထားတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့၊ အခုတော့အချိန်မရှိတော့ပါဘူး ဘယ်မှာများတည်းမယ်စိတ်ကူးထားပါသလဲ"

"ဒီအရပ်မှာ အသိအကျွမ်းမရှိတော့ ဘယ်မှာတည်းရမှန်းတောင် မသိသေးပါဘူးကွယ်၊ သင့်တော်သလိုပေါ့"

"ခေတ်ကာလကလည်း သိပ်မကောင်းလှဘူး အချိန်ကလည်းမရှိတော့လို့ ဒီမှာပဲ တစ်ညတည်းပြီး မနက်လင်းမှဘဲ ခရီးဆက်ပါလား"

"ကျေးဇူးတင်ပါတယ်ကွယ် ဒီလိုဆိုတော့လဲ ကျုပ်အတွက် ပိုပြီးအဆင်ပြေတာပေါ့"

ဟုပြောလေသည်။

ထို့နောက် နီမောင်က အိမ်မှာရှိနေသော ထမင်းဟင်းအချို့ကိုပင် သင့်တော်သလို စီမံပေးရာ ခရီးသည်က မောမောပန်းပန်းနှင့် စားသောက်ပြန်လေသည်။

နီမောင်က ထူးထူးဆန်းဆန်း မမျှော်လင့်ပဲရောက်လာသောခရီးသည်ကြီးကိုကြည့်ရင်း တစ်စုံတစ်ခုကို သတိရနေမိသည်။ လွန်ခဲ့သော လပိုင်းလောက်က လမုတောရွာမှ ဖိုးမောင်တို့အိမ်သို့ ခရီးသည်တစ်ယောက် ရောက်လာသည်၊

လူစင်စစ်မဟုတ်ဘဲ ဝိဇ္ဇာတစ်ဦးဖြစ်နေရာ နောက်တော့ နီမောင်တို့ သစ္စာပျက်ကြသဖြင့် ဖိုဝင်တာမအောင်မြင်ပဲ မိစ္ဆာဘဝသို့ ပြောင်းသွားခဲ့ရပေသည်။ ယခုရောက်လာသော ခရီးသည်ကြီးမှာလည်း ထိုကဲ့သို့များ ထူးထူးဆန်းဆန်းဖြစ်နေမလား



www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်ထဲမှတွေးနေမိလေသည်။

ညဥ့်ဦးပိုင်းအချိန်ရောက်တော့ နီမောင်က ကွမ်းဆေး လက်ဖက်တို့ဖြင့် ဧည့်ခံရင်း အိမ်ရှေ့မှာရှိသော ကွပ်ပျစ်ပေါ်မှာ ပင်ထိုင်ကာ စကားပြောနေကြသည်။ ခရီးသည်ကြီးက ကွမ်း တမြုံ့မြုံ့ဝါးနေရာမှပြောသည်။

"ကျုပ်နာမည်က ဦးဒီပလို့ခေါ်ပါတယ်၊ အညာဘက်မှာ တော့ ထန်းတောတွေနဲ့လယ်ယာမြေတွေ အတော်များများပိုင် ဆိုင်ထားတော့ စီးပွားရေးက အတော်ကလေးချောင်လည်ပါ တယ်"

"ဟုတ်ကဲ့"

"ကျုပ်နှမက မိဘတွေသဘောမတူတဲ့သူနဲ့ယူမိလို့ မိဘဆွေမျိုးတွေကစွန့်ပယ်လိုက်တာနဲ့ စိတ်နာပြီးတော့ အောက် အရပ်ရောက်လာတာပါပဲ၊ အခုတော့ လူကြီးမိဘတွေလည်း မရှိ တော့ပါဘူး၊ ကျုပ်တို့မှာလည်း ဆွေမျိုးသားချင်းက များများမရှိ တော့ သူဆင်းရဲဒုက္ခရောက်နေရင် တတ်နိုင်သမျှ အကူအညီ ပေးရအောင်လို့လိုက်ရှာနေတာပါ"

"ကောင်းပါတယ်ခင်ဗျာ. . ."

"နာမည်က ဘယ်လိုခေါ်ပါသလဲ"

"နီမောင်ပါခင်ဗျာ. . ."

"မင်းကြည့်ရတာ ဆင်းရဲပေမယ့် ရိုးသားပုံတော့ရပါ တယ်၊ ဒါထက် မြနန်းရှင်ဆိုတဲ့နာမည်ကို ကြားဖူးတယ်မဟုတ် လား"





"ကြားဖူးသလိုတော့ ရှိပါတယ်"

"ဘယ်နေရာမှာရှိတာလဲ သိရင်ပြောပါဦးကွယ်"

"ဒီလိုပါခင်ဗျာ နာမည်ကြားဖူးတယ်ဆိုတာက ဇာတ်ပွဲ တစ်ခုမှာ ကြားဖူးတာပါ၊ သူဘယ်မှာရှိတယ်ဆိုတာတော့ ကျွန် တော်မသိပါဘူး"

တဖြည်းဖြည်းနှင့် စကားကျော့ကွင်းထဲ ရောက်သွား သောကြောင့် မသိမသာပြန်ထွက်ရလေသည်။ နီမောင်စကား ကြားတော့ ဦးဒီပကပြုံးနေလေသည်။ ပြီးမှ လိုရင်းစကားကိုပြော လေသည်။

"မြနန်းရှင် ဘယ်မှာရှိတယ်ဆိုတာကို မပြောချင်လဲနေ ပါလေ. . . ပျောက်သောသူ ရှာလျှင်တွေ့ဆိုတဲ့ စကားလိုပဲ တဖြည်းဖြည်းလိုက်ရှာရင် တစ်နေ့တော့တွေ့ရမှာပါ"

"မှန်ပါတယ်. ."

"ဒါထက် ငါဒီကိုရောက်ကတည်းက မင်းကိုအကဲခတ် ကြည့်နေတာ တစ်ခုခုအဆင်မပြေဖြစ်နေပုံရတယ်"

ဟုစကားအစပျိုးပြန်သည်။

"ဒီလိုပါပဲဗျာ. . . ကျွန်တော်တို့လို ဆင်းရဲတဲ့သူတွေ အတွက်ကတော့ အဆင်ပြေတယ်သိပ်မရှိလှပါဘူး၊ တစ်ခုမ ဟုတ်တစ်ခု၊ တစ်မျိုးမဟုတ်တစ်မျိုးတော့ အခက်အခဲတွေ့နေရ တာပဲ"

"မှန်ပါတယ်လေ. . . ဘာပဲဖြစ်ဖြစ် မင်းကထမင်းတစ် ခါကျွေးဖူးပြီး၊ တစ်ညတည်းခိုခွင့်ပေးထားတဲ့ ငါ့ရဲ့ကျေးဇူးရှင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေမှတော့ ကြုံကြိုက်တုန်းမှာ အကူအညီပေးသွားရမှာပေါ့"

ဟုပြောပြီး ဖင်းလွယ်လာသော လွယ်အိတ်ကြီးထဲမှ အိတ်ရှုံ့တစ်လုံးကိုထုတ်ပြီး ကွပ်ပျစ်ပေါ်မှာတင်ထားသော လက်ဖက်ရည်အိုးတင်သော စားပွဲပေါ်သို့ သွန်ချလိုက်သည်။

"ချွင်. . . ချလွန်. . ."

မီးရောင်မှိန်မှိန်ဖြင့် ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးအချို့ကို တွေ့ရသဖြင့် အံ့ဩသွားလေသည်။

"ဒီလောက်ဆိုရင်. . . မင်းအခက်အခဲလေးတွေ ပြေလည်လောက်မယ်မဟုတ်လား"

ဟုမေးသည်။

"ဒါ. . . ဒါတွေက. ."

"မင်းကိုပေးခဲ့မှာလေ. . ."

"ဘာကြောင့်ပေးတာလဲဟင်"

"ကျေးဇူးဆပ်တယ်လို့ပဲ သဘောထားလိုက်ပေါ့"

"ကျွန်တော်ကို ဒီလောက်မပေးပါနဲ့ ဦးကြီးရယ်၊ ကျွန်တော်က ဦးကြီးအပေါ်မှာ ဘာမှဆောင်ရွက်ပေးနိုင်တာမျိုး မရှိပါဘူး"

ဟုငြင်းသည်။

"မင်းက အတော်ကလေး ရိုးတာ အတာပဲကိုး. . ၊ ဒီလောက်များတဲ့ငွေမျိုး မင်း သဗ္ဗာန်ခတ်နေရုံနဲ့ ရမယ်များ ထင်နေသလား၊ ယူသာယူပါကွယ် မင်းမှာ အကျပ်အတည်းတွေ ဖြစ်နေတယ်ဆိုတာလည်း ငါရိပ်မိပါတယ်"





နီမောင်က စိတ်လှုပ်ရှားစွာဖြင့် မေးလိုက်သည်။

"ယူတာကတော့ဟုတ်ပါပြီ. . . ကျွန်တော်က ဘာပြန်လုပ်ပေးရမှာလဲ"

ထိုသို့ ပွင့်ပွင့်လင်းလင်းမေးလိုက်သောအခါ ဦးဒီပက သဘောကျစွာ တစ်ချက်ပြုံးလိုက်သည်။

"ဒီလိုတော့လည်း မင်းက ပါးရည်နပ်ရည်ရှိသားပဲကိုး၊ ဒီလို ပွင့်ပွင့်လင်းလင်းပြောလာတော့လည်း ပိုပြီးအဆင်ပြေတာပေါ့ကွာ. . . မင်းဘက်ကလုပ်ပေးရမှာ နှစ်ခုပဲရှိတယ်"

"ဘာတွေများလဲ"

"မင်းမိတ်ဆွေဆီမှာရှိတဲ့ ဖိုဝင်ရုပ်နဲ့ မြနန်းရှင်ရုပ်တုကို ငါ့ဆီကို ယူလာပေးရုံပါပဲ"

ဟုပြောလေသည်။ ထိုစကားကြားတော့ ဦးဒီပ၏ အခြေအနေကို သဘောပေါက်သွားလေတော့သည်။ သူက စားပွဲခုံပေါ်မှ မီးရောင်ဖြင့် အရောင်တလက်လက်တောက်ပနေသည့် ရွှေဒင်္ဂါးငွေဒင်္ဂါးတို့ကို တစ်ချက်စိုက်ကြည့်နေပြီးမှ ပြန်ပြောလိုက်သည်။

"ခင်ဗျားပြောတာကို ကျွန်တော်မလုပ်ပါဘူး၊ ဆင်းရဲတွင်းထဲက မတက်နိုင်ရင်ရှိပါစေ. . ဒီလိုအလုပ်မျိုးတော့ မလုပ်ပါဘူး"

ဦးဒီပက ပါးစပ်ထဲမှာဝါးနေသော ကွမ်းဖတ်များကို ထွီခနဲ ထွေးလိုက်သည်။

"မင်းလိုလူတစ်ယောက်ဆီက ဘာမှလွယ်လွယ်ထူကူ



www.burmeseclassic.com

www.burmeseclassic.com



မရမှန်းတော့ ငါသိပါတယ်. . ဒါပေမယ့် ငါကတော့ ဝတ္တရားနဲ့ တဲ့အတိုင်း ပေးစရာရှိတာ ပေးပြီး. . ၊ တောင်းစရာရှိတာတော့ တောင်းရမှာပဲ"

"ကျွန်တော်ကလည်း ဆင်းရဲပေမယ့် ပေးတိုင်းမယူတတ်သလို တောင်းတိုင်းလည်း ပေးသင့်မှပေးပါတယ်"

"ငါက မင်းထင်သလို သာမန်လူတစ်ယောက်မဟုတ်ဘူး. . မိစ္ဆာတစ်ယောက်လည်း မဟုတ်ဘူး၊ သိဒ္ဓိရှိတဲ့ ဝိဇ္ဇာတစ်ယောက်ပဲ မင်းတို့မပေးပေမယ့် မင်းတို့လက်ထဲမှာရှိတဲ့ပစ္စည်းကို ငါလိုချင်တဲ့အချိန်မှာ ယူလို့ရတယ်"

ဟုပြောပြီး စားပွဲပေါ်မှာတင်ထားသော ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများပေါ်သို့ လက်ဖြင့်အုပ်လိုက်ရာ အားလုံးပျောက်သွားလေတော့သည်။

ထို့နောက် နေရာမှထရင်း ပြောလိုက်သည်။

"လူတစ်ယောက်အတွက် အခွင့်အရေးကောင်းဆိုတာ တစ်သက်တစ်ခါပဲရတယ်၊ ရတဲ့အချိန်မှာ မယူတတ်တဲ့သူ လောက် မိုက်မဲတဲ့လူမျိုး ရှိတော့မှာမဟုတ်ဘူး၊ မကြာခင် မင်းအတွက် ဘေးအန္တရာယ်ဆိုးတွေ ရောက်လာတော့မယ်ဆိုတာ မြဲမြဲမှတ်ထားပေတော့"

ဟုပြောရင်းနှင့်ပင် အရပ်ကြီးက တဖြည်းဖြည်းရှည်ထွက်လာရာ သစ်ပင်များအထိ ရောက်သွားသည်။ ကိုယ်လုံးကလည်း အဆမတန်ကြီးမားကာ ရှည်ထွက်လာလေသည်။

ခန္ဓာရိုပ်ကြီးက ကြောက်စရာကောင်းလောက်အောင်





ကြီးမားလာသလို မျက်လုံးကြီးများကလည်း လင်းကွင်းတမျှ ပြူးထွက်လာလေသည်။

မျက်လုံးနှစ်လုံးစလုံး နီရဲနေပြီး အခိုးအငွေ့များပင်ထွက်နေလေသည်။ နီမောင်ကလည်း ကြောက်စရာကောင်းသော အတ္တာပေါခန္ဓာကိုယ်ကြီးကို ကြောက်ရွံ့ခြင်းကင်းစွာဖြင့် မျက်တောင်မခတ် မော့ကြည့်နေလေသည်။

ထိုခန္ဓာကိုယ်ကြီးက တစ်ခုခုလုပ်တော့မည်ဟန်အမျိုးမျိုးပြနေပြီးမှ တဖြည်းဖြည်းနှင့် မှေးမှိန်လာကာ နောက်တော့ ဝေ့ဝဲပျောက်ကွယ်သွားလေတော့သည်။ နီမောင်လည်း ထိုအခါမှပင် သက်ပြင်းချနိုင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၃)

# မြနန်းရှင် ဖိုဝင်ရုပ်နှင့် လျှို့ဝှက်သောအဖြေ

ဦးဗန်ကောင်းနေသောနေရာမှာ ရန်ကုန်အရှေ့ပိုင်းဘက် ပိုလ်တထောင်နယ်မြေအတွင်း၌ ပါဝင်သော်လည်း လူနေကျဲပါးသော နေရာဖြစ်သည်။ ထိုနေရာတစ်ဝိုက်မှာ နေကြသူများမှာလည်း အများစုတို့မှာ ကုလားလူမျိုးများသာများပြီး လက်လုပ်လက်စား ပျံကျများသာဖြစ်ကြသည်။

ထိုနေရာတစ်ဝိုက်တွင် ရှားရှားပါးပါး ဗုဒ္ဓဘာသာဘုန်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးကျောင်းတစ်ခုရှိပြီး ထိုကျောင်းနှင့်မနီးမဝေးတွင် ဦးဖန်ကောင်းက နေထိုင်သည်။ ရှေးကကုလားတစ်ဦး နေသွားသော အိမ်ဟောင်းဖြစ်ပြီး နေမည့်သူမရှိတော့သဖြင့် ထိုအိမ်ကို အပိုင်သိမ်းပြီး တက်ရောက်နေထိုင်ခြင်းဖြစ်သည်။

ဘုန်းကြီးကျောင်းနှင့် နီးသည်ကတစ်ကြောင်း လူသူကင်းဝေးရာနေရာ ဖြစ်သောကြောင့်လည်း သူကသဘောကျလေသည်။

ထိုနေရာတစ်ဝိုက်မှာနေထိုင်သော ကုလားများကလည်း ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းရှိသောနေရာသို့ တကူတကမလာကြပေ။ သို့ကြောင့်လည်း လွတ်လွတ်လပ်လပ်ရှိသည်။

ထိုအိမ်ပေါ်မှာတော့ ဘုရားစင်နှင့် သောက်ရေအိုးလောက်သာရှိပြီး အ ခြားအသုံးအဆောင်ပစ္စည်းများ မရှိပေ။

ခေါင်းရင်းဘက်မှာတော့ သီးသန့်ပြုလုပ်ထားသော ဖိုခန်းတစ်ခန်း ရှိသည်။ ထိုဖိုခန်းထဲမှာတော့ ဖိုထိုးသောပစ္စည်းအမြောက်အမြား ရှိသည်။

ဦးဖန်ကောင်းက ရွှေဖြစ်အောင် ထိုးနိုင်နေသူမို့ စားသောက်ဖို့လိုလျှင် ရွှေဖြစ်အောင်ထိုးပြီး မဂိုလမ်း (ယခင်ကချစ်တီးလမ်းဟုခေါ်ပြီး ယခုရွှေဘုံသာလမ်းဟုခေါ်ကြသည်) မှာရှိသော ရွှေကုန်သည်များထံ သွားရောင်းသည်။ ကုလားလူမျိုးရွှေကုန်သည်များက အင်္ဂရိတ်ရွှေမှန်း ရိပ်မိကြသော်လည်း အခေါက်ရွှေနှင့် ဘယ်လိုမှခွဲမရနိုင်သဖြင့် သာမန်ပေါက်ဈေးဖြင့်ဈေးအနည်းငယ်နှိမ်ပြီး ဝယ်ယူကြလေသည်။





သို့ဖြင့် ဦးဖန်ကောင်းအတွက်လည်း စားသောက်ဖို့အတွက် မပူပန်ရတော့ပေ။ သို့သော် သူက စီးပွားဖြစ်တော့မလုပ်ပေ။ ရွှေဖြစ်နေသော်လည်း ရွှေအမြောက်အမြားရအောင် ပြုလုပ်ပြီး ရောင်းချခြင်းမျိုးတော့မရှိပေ။ အင်္ဂရိတ်လမ်းစဉ်မှာ ရွှေဖြစ် ငွေဖြစ်လမ်းစဉ်ကို ရိက္ခာထောက်လုပ်ရပ်ဟု သတ်မှတ်ထားသဖြင့် လိုအပ်သလောက်သာ လုပ်ကြသည်။

လောဘတက်ပြီး စီးပွားဖြစ်ကြံစည်လျှင်တော့ တစ်နည်းမဟုတ် တစ်နည်းနည်းဖြင့် ပျက်စီးမှုကြုံကြရလေသည်။ ဦးဖန်ကောင်းသည် အိမ်တစ်လုံးနှင့် တစ်ယောက်တည်းနေကာ သူဝါသနာပါသော အင်္ဂရိတ်လုပ်ငန်းကို လုပ်ကိုင်နေရာ အတန်အသင့်ခရီးပေါက်သောအဆင့်သို့ ရောက်နေပြီဖြစ်သော်လည်း လူသိမခံပေ။ ယခုလည်း နေအိမ်မှာအစီအရင်တစ်ခု ပြုလုပ်ရန် စီမံပြင်ဆင်နေသည်။

သူနှင့်အတူ နီမောင်လည်းရှိနေလေသည်။ အချိန်မှာညဉ့်ဦးပိုင်းအချိန် ရောက်နေချေပြီ။ ထိုနေရာတစ်ဝိုက်မှာ လူနေအိမ်ခြေမရှိပဲ တောင်ကုန်းနှင့်သစ်ပင်ကြီးများ သစ်ချုံများသာရှိသည်။

ထိုတောင်ကုန်းနှင့်ချုံများအတွင်းမှာ မြွေများရှိသောကြောင့်လည်း အချိန်မရှိတော့လျှင် မည်သူမှအသွားအလာမလုပ်ကြတော့ပေ. . .

ယခုတောင်ကုန်းတစ်ခုအနီးမှာ ဦးဖန်ကောင်းနှင့်နီမောင်တို့နှစ်ယောက် အလုပ်ရှုပ်နေကြသည်။ ပြန့်ပြူးသော



www.burmeseclassic.com

www.burmeseclassic.com



နေရာတစ်ဝိုက်တွင် ထုံးဖြူဖြင့် စည်းဝိုင်းတားထားသည်။

ထို့နောက် လေးထောင့်ရာဇမတ်ကို ကာသည်။ အတွင်းမှာ ဖျာကြမ်းတစ်ချပ်ခင်းထားပြီး အပေါ်က ပိတ်ဖြူပိတ်နီခင်းထားသည်။ အရှေ့ဘက်မှာ စားပွဲတစ်လုံးချထားပြီး ထိုစားပွဲပေါ်မှာလည်း ပိတ်ဖြူပိတ်နီစများ ဖြန့်ခင်းထားသည်။

စားပွဲပေါ်မှာ ကန်တော့ပွဲသုံးပွဲ ပြင်ထားသည်။ ကန်တော့ပွဲများရှေ့မှာတော့ ကောက်ညှင်းထည့်ထားသောခွက်၊ ယိုသုံးမျိုး၊ မုန့်သုံးမျိုး၊ သစ်သီးသုံးမျိုး၊ ကွမ်းယာပွဲ၊ လက်ဖက်ပွဲ၊ ပန်းပေါင်းစုံထည့်ထားသော ပန်းကလပ်သုံးခု၊ ရာဇမတ် ကာထားသောထောင့်များမှာ ငှက်ပျောဖီးကြမ်းလေးဖီးကို ချထားသည်။

ထိုနေရာမှာလည်း အမွှေးတိုင်၊ ဖယောင်းတိုင်များ ထွန်းထားသည်။ မြတ်စွာဘုရားအတွက် သီးသန့်ပြင်ဆင်ထားသော ကန်တော့ပွဲမှာတော့ ထီး၊ တံခွန်၊ ကြက်လျှာ စသည်တို့ကို စိုက်ထားသည်။

ဘုရားပွဲ၏ နံဘေးမှာတော့ ရဟန္တာပွဲရှိသည်။ ငှက်ပျောဖီးကြမ်းတစ်ဖီးစီ ချထားသော ထောင့်လေးထောင့်မှာတော့ ကြက်လျှာဆယ်တိုင်၊ တံခွန်ကုက္ကား မုလေးပွားများ စိုက်ထူထားသည်။

ထို့ပြင် အမွှေးနံ့သာတိုင်များကိုလည်း ထောင့်များမှာ ထွန်းထားလေသည်။ ထိုအစီအရင်မှာ ဘုရား၊ ရဟန္တာတို့အပြင် ဗိဿနိုးနတ်မင်းကြီးနှင့် နက္ခတ်အရှင်သခင်တို့ကို ပူဇော်ခြင်းနှင့်





ဒေဝီတို့ကို ပင့်ဖိတ်ပူဇော်ရန် ပြင်ဆင်ထားသည်။

ထိုကဲ့သို့ ပူဇော်ခြင်းများမှာ ရှေးကတည်းက ဂြိုဟ်နက္ခတ်တို့ကို ပူဇော်သောနည်းဖြစ်ပြီး 'ရူပသတရ' ထုံးစံ ပူဇော်ပွဲဟုခေါ်ကြသည်။ ထိုသို့ပူဇော်ပွဲကို စိတြလ၏ လဆုတ်ပက္ခတိတိ (၈)ရက်နေ့တွင် မူလနက္ခတ်နှင့် ဆန်းယှဉ်ခိုက် တနင်္လာနေ့နှင့် တိုက်ဆိုင်သော နေ့ရက်များတွင် စီရင်ပြုလုပ်ကြသည်။

ရှေးအခါကတော့ 'ရူပသတရ' ပူဇော်မှုမှာ အမျိုးသမီးများ ရုပ်ဆင်းအင်္ဂါ ချောမောလှပစေရန်အတွက် ရည်စူးပြီး ပူဇော်ကြခြင်းဖြစ်သော်လည်း နောက်ပိုင်းကာလများမှာတော့ ဒေဝီများကိုပူဇော်ရာ၌ အသုံးပြုကြလေသည်။ ထိုအစီအရင်ကိုလည်း နက္ခတ်ပညာရှင်တို့က ပြုပြင်ပြောင်းလဲပေးခဲ့ခြင်း ဖြစ်သည်။

ရှေးအခါကတော့ ဝေဒပညာရှင်များက မိဂသီလမှစတင်၍ စန္ဒြမာသ တစ်ဆယ့်နှစ်လတို့ကို ကေသဝ၊ နာရယန၊ မဓဝ၊ ဂေါဝိန္ဒ၊ ဗိဿနိုး၊ မဒုသုဒန၊ တရိဝိကရမဝါမန၊ သီရိဒါရ၊ ဟာရိသျှိကေသ၊ ပဒမနဘနှင့် ဒီမိုဒါရတို့ကို ရည်စူးပူဇော်ကြခြင်းလည်းဖြစ်သည်။

ယခုဦးဇန်ကောင်းနှင့် နီမောင်တို့မှာ မြနန်းရှင်ဒေဝီအား ပင့်ဖိတ်ရန်ပြင်ဆင်နေကြခြင်း ဖြစ်ပေသည်။ အခြားအစီအရင်များ ပြီးသောအခါ ဦးဇန်ကောင်းက ၎င်း၏လွယ်အိတ်အတွင်းမှ ကျောက်စိမ်းဖြင့်ပြုလုပ်ထားသော ရုပ်တုတစ်ခုကို ထုတ်ပြီး ပိတ်ဖြူပိတ်နီခင်းထားသော စားပွဲပေါ်သို့ တင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ၎င်းရုပ်တုမှာ တစ်ပေကျော်ခန့်ရှိပြီး ကျောဘက်မှ စမတံဆိပ်ပါသော 'စန္ဒီဒေဝီ' ဟုခေါ်သော မြန်နန်းရှင်ဒေဝီရုပ်တုပင် ဖြစ်သည်။

(ဒေဝီခုနစ်ပါး၊ ဒေဝီကိုးပါး၊ ဒေဝီဆယ့်နှစ်ပါးအကြောင်းနှင့် မြန်နန်းရှင်ဒေဝီရုပ်တု ကျောဘက်၌ပါသော စမရုပ်တုအကြောင်းကို 'မြန်နန်းရှင်ဒေဝီ' ဝတ္ထုတွင် ပြည့်စုံအောင် ထည့်သွင်းရေးသားခဲ့ပြီးဖြစ်ပါကြောင်း)

ဦးဗန်ကောင်းက စားပွဲပေါ်သို့ ရုပ်တုတင်ပြီးနောက် ပန်းကလပ်များ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များနှင့် ထွန်းညှိပူဇော်ပြီးနောက် အောက်ပါအတိုင်း ရေရွတ်ပြောဆိုလေတော့သည်။

"ဩဘာင်းနမောဟု၊ ဇိနောဓမ္မ၊ သံဃံသုံးဖြာ၊ ရတနာကို၊ ဝန္ဒနာမာန၊ ဦးနှိမ်သလျက်၊ တင်တထိပ်မှာ၊ မကွာကိုးကွယ်၊ လွန်တင့်တယ်သည် အံ့ဖွယ်ထင်ရှားမြတ်စွာဘုရား. . .

ကိုယ်စားတော်မှာ၊ ကိုးကွယ်ပါသည်. . . သမာဓိတီ၊ ကောင်းဘိအယူ၊ ကြည်ဖြူရွှင်လတ်၊ ဆရာမြတ်၏၊ တပည့်အရင်း၊ လေညင်းပြန့်ကြိုင်၊ ရန့်လှိုင်သည်. . .

မဏ္ဍိုင်ထိပ်ပန်း၊ ရွှင်လန်းညွတ်ခ၊ ဦးနှိမ်သသည်၊ ကိုးဝရောင်ဖြာ၊ သာသနာ၏ ထိန်ဝါတောက်လင်း၊ အတွင်းမှာပင်၊ ကြံ့လာခဲ့သည်၊ ရင်နွဲ့ဟန်ချိ၊ နတ်ဒေဝီ. . .

ဝသီနှုတ်ဖျား၊ စောင့်နေနားလျက်၊ ပျော်ပါးစေချင်၊ နတ်မိခင်ငယ်၊ သိမြင်နှံ့စပ်၊ သတ္တဘာဂ၊ ထိုဒေဝကၡစသည်





ဒေဝစ်၊ ခုနစ်မိမယ်၊ တစ်သွယ်ကိုးရပ်၊ မိသူရသ်နှင့်၊ နတ်စန္ဒီမေ. . .

ပရမေသွာ၊ မဟာဒေဝီ၊ လေးလနတ်မင်း၊ ကျွေးချင်းညီ၊ ပီပီသသ၊ နှားဝန္နာခေါင်း၊ ထင်မြင်အောင်လျှင်၊ ကြံဆောင်ပြုသ၊ သွန်သင်ပလျက်၊ ဒေဝတွင်ဘိ၊ သမာဓိနှင့်၊ သိသည်အလျင်၊ လျှောက်ဦးတင်သည်၊ လျင်လျင်မေတ္တာ၊ မကွာနေ့ညတင်ပို့သသည်၊ သဗ္ဗေသတ္တာ၊ အနိစ္စဒုက္ခ၊ အနတ္တဟု အဝေရာဟာန္တု၊ ကြည့်ရှုပွဲမှာ၊ ဒိန္နာရာဟု၊ ဦးစွာမိခင်၊ လျှောက်ဦးတင်သည်. . . အလျင်ရောက်စေကုန်သတည်း. . .

ဉုံ၊ မဟာဒေဝီ၊ က္ကာရန္ဒသီဒေဝီ၊ က္ကာရန္ဒဒိဒေဝီ၊ မဏိမေလာဒေဝီ၊ သူရဿတီဒေဝီ၊ မာယာဒေဝီ၊ သီရိဒေဝီ၊ ဇာဂရီဒေဝီ၊ ပြာဂရီဒေဝီ၊ လှသီဂီတို့ နှစ်လိုအကုန်(ဤနေရာသို့)ကြွကြပါကုန်လော့၊

မွှေးထုံမာလာ၊ ဂန္ဓာမာအလှ၊ ဒေဝကုဏ္ဍာ၊ စန္ဒာရက္ခ၊ ဆောင်လှဟေမာ၊ ရွှေသားလိုဏ်ဂူ၊ ဖလ်ဂူရောင်ကြွား၊ ပတ္တမြားရွှေဂူမိုးကြိုး၊ ပန်းမျိုးကြိုင်စွာ၊ ဂူလိုဏ်မဟာက၊ မကြာခဏ၊ (ဤနေရာဌာနသို့) ကြွလှည့်ကြကုန်၊ လာလှည့်ကြကုန်. . . . ကြွကြပါကုန်လော့၊ ကြွကြပါကုန်လော့. . ."

ဟုရွတ်ဆိုလေသည်။ ဦးဗန်ကောင်း ရွတ်ဆိုနေသော အသံတိတ်သွားသောအခါ ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။ လရောင်က သစ်ပင်ကြီးများ၏ အကိုင်းအခက်များကြားမှ မြေပြင်အထိရောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ရာ ပတ်ဝန်းကျင်မှာ လင်းနေသည်။ မြူနှင်းများက ဝေ့ဆိုင်း နေသည်။ အတန်ကြာသောအခါ သင်းပျံ့သောရနံ့အချို့ ရလာ သည်။

မရှေးမနှောင်းမှာပင် မြူနှင်းများကြားမှ တရွေ့ရွေ့ လျှောက်လာသော သဏ္ဌာန်တစ်ခုကို ဝိုးတဝါးလှမ်းမြင်ကြ သည်။ အဖြူရောင်ဝတ်ရုံရှည်ကို တစ်ကိုယ်လုံး သိုင်းခြုံထား သော အမျိုးသမီးတစ်ဦးပင် ဖြစ်သည်။

"စန္ဒီမယ်တော် ရောက်လာပြီ"

ဦးဇန်ကောင်း ခပ်တိုးတိုးရေရွတ်လိုက်သည်။ ထိုအမျိုး သမီးက ရာဇမတ်ကာထားသောအတွင်းသို့ဝင်လာပြီး ဘုရားရှိ ရဟန္တာပွဲများကို လက်အုပ်ချီလျက် အရိုအသေပေးလေသည်။ ပြီးမှ သူတို့ရှိရာဘက်သို့လှည့်လာပြီး ချောမောလှပပြီး ကုလား လူမျိုးတစ်ဦးနှင့် တူလေသည်။

"ဘာအတွက်ငါ့ကို ဖိတ်ခေါ်တာလဲ"

ချိုမြတိုးညင်းသောအသံဖြင့် မေးသည်။

"သိချင်စရာရှိလို့ မယ်တော်ကို ပင့်ခေါ်တာပါ"

"သိချင်တာရှိရင် မေးနိုင်ပါတယ်"

"ဗိုဝင်မှားတဲ့အတွက် မိစ္ဆာဘဝရောက်နေတဲ့ဝိဇ္ဇာကို သူ့ရဲ့ မူလဘဝကို ပြန်ပြီးရောက်အောင် အကူအညီပေးလို့ ရ တယ်၊ မိစ္ဆာဘဝကနေ သိဒ္ဓိရှိတဲ့ ဝိဇ္ဇာဘဝကို ပြန်ပြီးရောက်နိုင် သလား"

"ရနိုင်ပါတယ်. . . သူ့အခြေအနေက မိစ္ဆာဘဝကို ယုံ





ကြည်ကူးပြောင်းသွားတာ မဟုတ်ပါဘူး၊ မိစ္ဆာပူးကပ်နေတဲ့အဆင့် မျှပဲ ရှိပါသေးတယ်၊ မိစ္ဆာကိုခွာနိုင်ရင် မူလဘဝကို ပြန်ရောက် နိုင်ပါတယ်၊ သင်တို့အနေနှင့် အကူအညီပေးတဲ့အပြင် သူ့အနေ နဲ့လည်း ကြိုးစားမှုဖြစ်မှာပါ၊ နောက်ပြီး ဒီလိုလုပ်ကြတဲ့နေရာမှာ အနှောင့်အယှက်တွေကတော့ အများကြီးတွေ့ရလိမ့်မယ်"

"ဘယ်လိုပဲတွေ့တွေ့ ကျွန်တော်တို့ကတော့ သူ့ကို မူလဘဝ ပြန်ရောက်မယ်ဆိုရင်တော့ အကူအညီပေးကြမှာပါ၊ အန္တရာယ်တွေနဲ့တွေ့ရင်လည်း မကြောက်ဝံ့ပါဘူး မယ်တော်"

ဟုပြောသောအခါ ခေါင်းတစ်ချက်ညိတ်ပြလေသည်။

"သင်တို့နှစ်ယောက်ရဲ့ စိတ်ဓါတ်ကြံ့ခိုင်မှုနှင့် စိတ်ထား ကောင်းမှုတို့ကို ကျွန်ုပ်သိပါတယ်၊ သို့ဖြစ်လျှင် သူ့ကိုမိစ္ဆာလောက က အချိန်အကြာကြီးမထားပဲ ဝိဇ္ဇာဘဝပြန်ရောက်အောင်သာ အကူအညီပေးကြပါတော့"

"မယ်တော်အနေနှင့်လည်း ကျွန်တော်တို့ကို ကူညီ စောင့်ရှောက်ပေးပါလော"

"သင်တို့ကို အမြဲတစေ ကူညီစောင့်ရှောက်ပေးခဲ့တာ တွေ မသိသလော"

"မယ်တော်ရဲ့ကျေးဇူးကို သိပါတယ်၊ ဒီအတွက် အများ ကြီးကျေးဇူးတင်ပါတယ်"

"သင်တို့ကို နောက်ထပ်မှာကြားစရာ ရှိပါသေးတယ်၊ အခြားမဟုတ်ပေ၊ သင်တို့ဆောင်ရွက်ရန်ကိစ္စများ ပြီးစီးအောင် မြင်ပါက၊ ကျွန်ုပ်၏ရုပ်တုအား သင့်တော်သည့် မြင့်မြတ်သော



www.burmeseclassic.com

www.burmeseclassic.com



နေရာတစ်နေရာ၌ ထားပေးရန် ကတိပေးပါလေ”

ထိုစကားကြားသောအခါ အနည်းငယ်ကြာအောင် စဉ်း စားနေပြီးမှ. . .

“ကောင်းပါပြီ မယ်တော်၊ ဘယ်လိုနေရာမျိုးမှာ ထား ချင်ပါသလဲ”

ဟုပြန်မေးလိုက်သည်။

“သင့်တော်သောနေရာကို အချိန်ကျပါက ကျွန်ုပ် ပြေ ပြပါမည်။

“ကျွန်တော်တို့ဆီမှာ ဆက်သိမ်းထားလျှင် ရနိုင်ပါ လား”

“မသင့်လျော်ပေ၊ ဆန့်ကျင်ဘက်တို့သည် အမြဲတ အတူတူတွဲမနေအပ်ကြပေ၊ လူကမဖောက်ပြန်သော်လည်း စိတ် ကဖောက်ပြန် တတ်ပါတယ်၊ စိတ်ကမဖောက်ပြန်သော်လည်း လူကဖောက်ပြန်တတ်ပါတယ်၊ ဒါ့ကြောင့် သင့်တော်သောနေ မှာသာ ပို့ထားပါလေ”

“ကောင်းပါပြီ မယ်တော့်ဆန္ဒအတိုင်း ကိစ္စများပြီ မြောက်အောင်မြင်ပါက လိုသောနေရာသို့ ပို့ထားပေးဖို့ က ပေးပါတယ်”

ဟုပြောလိုက်သောအခါမှ ကျေနပ်သောအမူအရာဖြ ခေါင်းညိတ်ပြလေသည်။

“ကျွန်တော်တို့ ယခုကြုံတွေ့နေရသော အရှုပ်အထွေ များကိုလည်း ဖြေရှင်းနိုင်အောင် အကူအညီပေးစေချင်ပါတယ်





“သက်ဆိုင်သူရောက်လာတဲ့အခါ သင်တို့သိချင်တာ တွေ သိရပါလိမ့်မယ်”

ဟုပြောပြီး မြန်နန်းရှင်ပုံပန်းသဏ္ဌာန်မှာ တဖြည်းဖြည်း င့် ဝေ့ဝါးလာပြီးနောက် ပျောက်ကွယ်သွားလေတော့သည်။ ထိုအခါ နီမောင်က တိုးတိုးမေးလိုက်သည်။

“သူ မရှိတော့ဘူးလား”

“လိုအပ်တဲ့အခါမှာတော့ မင်းပြန်တွေ့ရနိုင်ပါတယ်”

နီမောင်စိတ်ထဲမှာတော့ တစ်သက်တစ်ခါ မြင်ရခဲ့သော င်ကွင်းကို တွေ့ခဲ့ရသောကြောင့် များစွာအံ့သြနေမိလေသည်။

“ကျွန်တော်တို့ ဘာဆက်လုပ်ကြမှာလဲ”

“မြန်နန်းရှင်ရဲ့ ကိုယ်ပွားဝိညာဉ် ဒီနေရာတစ်ဝိုက်မှာ ရှိနေ ဆိုတော့ တခြားအမှောင့်ပယောဂတွေ အနားမကပ်နိုင်ခင်မှာ ကိုခေါ်ရမယ်လေ”

“ဟင်. . . ဘယ်သူကိုလဲ. . .”

“ဝိဇ္ဇာမဖြစ်သေးပဲ ခုလောလောဆယ် မိစ္ဆာပူးကပ်ခံနေ တဲ့သူကိုပေါ့၊ သူရောက်လာတော့မှ သိချင်တာတွေမေးကြတာ ပေါ့”

ဟုပြောပြီး လွယ်အိတ်ကြီးအတွင်းမှ နောက်ထပ်အရုပ် စ်ခုကို ထုတ်ယူပြီး ကန်တော့ပွဲများရှိသော စင်ပေါ်မှာတင် ားလိုက်သည်။ ဖိုဝင်ရုပ်ပင်ဖြစ်၏။

ထို့နောက် ဦးဗန်ကောင်းက ဂုဏ်းရွတ်ဆိုနေကြအတိုင်း သံနေသံထားဖြင့် ရွတ်ဆိုပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းတော်အလွန်ကြီးမားလှသော ကောက္ကသံမြတ်စွ
ဘုရား၊ ကောဏာဂုံမြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရာ
ဂေါတမမြတ်စွာဘုရား. . . . ထိုလေးဆူကုန်သော ဗုဒ္ဓမြတ်
ဘုရားရှင်အပေါင်းတို့၏ တန်ခိုးတေဇော်၊ မေတ္တာတော်
ကြောင့် ဆယ်ပါးသောသိဒ္ဓိ၊ ခြောက်ပါးသောဝိဇ္ဇာဉာဏ် ဝိ
မဟိဒ္ဓိတန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူကြ၍ ထွက်ရပ်လမ်း ကြွမြ
တော်မူကြပေကုန်သော. . . အလုံးစုံသော အင်းဝိဇ္ဇာ ဆရာ
များ၊ အင်းဝိဇ္ဇာမိုရ်ဆရာတော်ကြီးများအားပင့်ဖိတ်ပါ၏၊ ပင်
ပါ၏၊

ဤနေရာဤဌာနသို့ ကြွရောက်၍ လာရောက်တေ
မူကြပါကုန်လော့၊ ဤသို့လျှင် ကြွလှမ်း၍ ကြွရောက်တော်မူ
ကြကုန်သော အင်းဝိဇ္ဇာဆရာကြီးများ၊ အင်းဝိဇ္ဇာဆရာတော်
အပေါင်းတို့အားရည်စူး၍ ကန်တော့ပွဲ၊ အမွှေးတိုင်၊ ဖယောင်
တိုင်၊ ကွမ်း၊ ဆေးလက်ဖက်အစုံတို့ဖြင့် ပူဇော်ပသပါ၏၊ ကျ
တော်တို့အားလည်း ကူညီစောင့်ရှောက် ပေးကြပါကုန်လေ
အလိုရှိအပ်သော သက်ဆိုင်ရာ ပုဂ္ဂိုလ်သည်လည်း ဤနေရာ
လာရောက်ပါလော့၊ ကြွရောက်ပါကုန်လော့. . . ဤနေရာသ
အင်းဝိဇ္ဇာဆရာကြီးများနှင့် အင်းဝိဇ္ဇာဆရာတော်ကြီးမျ
ကြွရောက်သတင်းသုံးသော နေရာဖြစ်ပါသဖြင့် ၎င်းကိုယ်
ဝင်ရောက်ပူးကပ်နေသော မိစ္ဆာဝိညာဉ်တို့လည်း အဝေးမှာ
ချန်ရစ်ကြစေလျက်၊ သက်ဆိုင်ရာပုဂ္ဂိုလ်၊ ကျွန်တော်တို့အလိ
သော ပုဂ္ဂိုလ်သာလျှင် ဤနေရာသို့ လာရောက်ပါကုန်လေ





ကြွရောက်ပါကုန်လော၊ ရောက်ပါကုန်လော၊ ရောက်ပါကုန်လော. . ."

ဟုရွတ်ဆိုတိုင်တည်လိုက်ပြန်လေသည်။ ထိုသို့ရွတ်ဆိုတိုင်တည်ပြီးနောက် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

အတန်ကြာသောအခါမှ နှင်းမှုန်များအုံ့ဆိုင်းနေသော အမှောင်ရိပ်အတွင်းမှ သဏ္ဌာန်တစ်ခုက တဖြည်းဖြည်းထွက်လာလေသည်။ သူက ရာဇမတ်များကာထားသောနေရာဘက်သို့တရွေ့ရွေ့လျှောက်လာလေသည်။

အနီးရောက်လာသောအခါ အသက်လေးဆယ်ကျော်ခန့်သာရှိသေးဦးမည့် လူတစ်ယောက်၏ ပုံပန်းသဏ္ဌာန်ကို သဲသဲကွဲကွဲ မြင်ကြရလေသည်။

သူက အတွင်းသို့ဝင်လာပြီး စင်ပေါ်မှာ တင်ထားသော ကန်တော့ပွဲများကို ကန်တော့လေသည်။ ပြီးမှ ဦးဇန်ကောင်းတို့ဘက်သို့ တဖြည်းဖြည်းလှည့်လာသည်။

"ခင်ဗျားဘယ်သူလဲ"

ဦးဇန်ကောင်းက မေးလိုက်သည်။

"ခင်ဗျားတို့ တွေ့ချင်တဲ့သူပါပဲ"

"ဖိုဝင်မှားခဲ့တဲ့ ဝိဇ္ဇာလား"

"မှန်ပါတယ်"

"အခုလို ပုံမှန်အနေအထားအတိုင်း ပြန်တွေ့ရတာ ဝမ်းသာပါတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကလည်း ခင်ဗျားတို့ကို ကျေးဇူးတင်ပါတယ်"

"ခင်ဗျားကို မူလအခြေအနေအတိုင်း ဝိဉာဉ်ဘဝ ပြန်ရောက်အောင် ကျုပ်တို့က အကူအညီပေးကြမလို့ ပြန်ခေါ်တာပါ"

"ခင်ဗျားတို့ရဲ့ကျေးဇူးကို ပြန်ဆပ်ပါ့မယ်"

"ဘယ်လိုပြန်လုပ်မှာလဲ"

"ကျုပ်က နောက်တစ်ကြိမ် ဖိုဝင်ရပါမယ်. . . ခင်ဗျားတို့နှစ်ယောက် အဖျက်မိစ္ဆာတွေရဲ့ အနှောင့်အယှက်ရန်ကကာကွယ်ပေးပါ. . ."

"ဆောင်ရွက်ပေးပါမယ်၊ ဒါထက်မေးပါရစေ လမုတောရွာကလူတွေကို ခင်ဗျားသတ်ခဲ့တာလား"

"ကျုပ်မသတ်ပါဘူး၊ ကျုပ်ကိုဝင်စီးနေတဲ့ မိစ္ဆာတွေနဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ သရဲသဘက်၊ ဖုတ်ပြိတ္တာတွေက ဝင်စားလို့ သေကြရတာပါ"

တစ်ခုတော့ ရှင်းသွားခဲ့ပေပြီ. . .

"အခု အမှုဖြစ်နေရတဲ့အိမ်မှာ လူနှစ်ယောက် သေရတာကရော ဘယ်သူလက်ချက်ပါလဲ"

"အဖြစ်မှန်ကိုသိချင်ရင် ဟိုအမှောင်ရိပ်ထဲကိုသာ ကြည့်ကြပါတော့"

ဟုအမှောင်ရိပ်ထဲသို့ လက်ညှိုးထိုးပြလေသည်။ ပထမတော့ ရိုးတိုးရိပ်တိတ်သာမြင်ရသည်။ နောက်တော့မှ မြင်ကွင်းက တဖြည်းဖြည်းသဲကွဲလာတော့သည်။ ဦးစွာမြင်တွေ့ရသည်က





မိုးကျော်တို့၏ အိမ်ကြီးပင်ဖြစ်သည်။ ထိုအိမ်ကြီးအတွင်းမှ မြင်ကွင်းများကိုလည်း တစ်ခုပြီးတစ်ခု မြင်ကြရလေသည်၊

ခြံစောင့်ထွန်းခနှင့် သေဆုံးသွားသော ရင်မေတို့နှစ်ယောက်က ညိစွန်းနေကြသည်။ ထိုအကြောင်းကို ဘယ်သူကမှ မရိပ်မိကြပေ။ တစ်နေ့တော့ ထိုအိမ်သို့ ပက်ထရစ်ဆိုသောသူရောက်လာလေသည်။

ပက်ထရစ်နှင့်မေရီချိုတို့က မိုးကျော်နောက်ကွယ်မှာဖောက်ပြန်နေကြသည်။ ထိုအကြောင်းကို ရင်မေတစ်ယောက်သာ သိလေသည် နောက်တော့ စားနေကျကြောင်ဖားဖြစ်နေသောပက်ထရစ်က ရင်မေကိုပါ ဖျက်ဆီးလိုက်သည်။ နောက်ပိုင်းမှာတော့မိုးကျော်က ထိုအိမ်သို့ ကြောက်စရာကောင်းသောအရုပ်တစ်ခုယူလာသည်။

တစ်အိမ်လုံးက ထိုအရုပ်ကို ကြောက်လန့်နေကြလေသည်။ ထိုအခွင့်ကောင်းကိုယူပြီး ပက်ထရစ်က ရင်မေကိုသတ်ပစ်လိုက်လေသည်။ အရုပ်ကသတ်သော ပုံသဏ္ဌာန်လုပ်ထားသောကြောင့် မည်သူကမှမရိပ်မိကြပေ. . .

တစ်နေ့သ၌ မိုးကျော်တစ်ယောက် ခရီးထွက်သွားစဉ်ပက်ထရစ်က မေရီချိုအခန်းသို့ သွားလေသည်။ သူတို့နှစ်ဦးဖောက်ပြန်နေစဉ်မှာ တစ်ကိုယ်လုံး အဝတ်မည်းကြီးခြုံထားသောမည်းမည်းသဏ္ဌာန်ကြီးရောက်လာပြီး ရာဂစိတ်မွှန်နေသောပက်ထရစ်ကို သတ်ပစ်လိုက်လေတော့သည်။

အများကတော့ မိုးကျော်ယူတင်ထားသော အရုပ်က



www.burmeseclassic.com

www.burmeseclassic.com



အသက်ဝင်လာပြီး သတ်သွားသည်ဟုထင်နေကြသည်။ တကယ်တော့ လူသတ်တရားခံမှာ 'ထွန်းခ' ပင်ဖြစ်သည်။ ရင်မေ မသေခင်က ထိုအကြောင်းကို ပြောပြသွားခဲ့ရာ လက်စားချေရန်အတွက် အခွင့်ကောင်းကို ချောင်းနေရာမှ အခွင့်အရေးရသောအခါ ဝင်သတ်သွားခြင်းဖြစ်၏။

ရုပ်တုကဝင်သတ်သွားသည်ဟု ထင်မြင်စေရန် ကျောပြင်ပေါ်သို့ လက်သည်းဖြင့်ကုတ်ခွဲထားသော ဒဏ်ရာဒဏ်ချက်များဖြင့် ပုံသဏ္ဍာန်တူစေရန် ဓားဖြင့်ထိုးခွဲထားခဲ့ခြင်းပင် ဖြစ်တော့သည်။

ထို့နောက်မှာတော့ မြင်ကွင်းများက တဖြည်းဖြည်းနှင့် မှုန်ဝါးလာရာမှ ပျောက်ကွယ်သွားလေတော့သည်။ ထိုအခါမှ ဦးဗန်ကောင်းနှင့်နီမောင်တို့လည်း ရှုပ်ထွေးနေသော ပြဿနာအဖြေကို သိကြရလေတော့သည်။

"အခုလိုသိရတာ ကျေးဇူးတင်ပါတယ်၊ ခင်ဗျား ဖိုဝင်မယ့်အစီအစဉ်ကို သိပါရစေ"

"ကျုပ်ဘက်က အဆင်သင့်ဖြစ်ရင် ခင်ဗျားတို့ကိုအသိပေးပါမယ်၊ ဖိုဝင်နိုင်မယ့်အဆင့်မျိုး ပြန်ရောက်တဲ့အထိ အဓိဌာန်ပြန်ဝင်ရဦးမှာမို့ သွားပါတော့မယ်"

ဟုပြောဆိုနှုတ်ဆက်ပြီးနောက် နေရာမှာပင် ဖျတ်ခနဲ ပျောက်ကွယ်သွားလေတောသည်။ ထိုအခါ ဦးဗန်ကောင်းက. .

"သူတောင် တန်ခိုးသိဒ္ဓိပြန်ရသွားမှကိုး ကောင်းတာပေါ့လေ"





ဟုရေရွတ်လိုက်သည်။ နီမောင်က သူသိချင်တာမေးလိုက်လေသည်။

"စောစောကသူပြောပြသွားတွေက အမှန်တွေပဲလားအဘ"

ဦးဗန်ကောင်းကခေါင်းညိတ်ပြသည်။

"အမှန်တွေပေါ့ကွာ သိဒ္ဓိရှိတဲ့ ဝိဇ္ဇာတစ်ယောက်ကတော့ အကျိုးမရှိတဲ့ လိမ်ညာတဲ့အလုပ်မျိုး လုပ်ပါ့မလား"

"ဒါဖြင့် ကိုထွန်းခတော့ သနားစရာပဲ"

"သူလုပ်တာတရားမျှတပါတယ်၊ ဒီလောက်ယုတ်မာရက်စက်တဲ့လူတစ်ယောက်ကို သုတ်သင်ရှင်းလင်းပစ်လိုက်တာအားလုံးအတွက် ကောင်းတာပေါ့၊ ဒါပေမယ့်ဒီအကြောင်းတွေက ငါတို့နှစ်ယောက်ပဲသိတာဆိုတော့ ဒီအကြောင်းတွေကိုဘယ်သူမှမသိစေနဲ့"

"ဘာဖြစ်လို့လဲဟင်"

"ပက်ထရစ်ဟာ လူမျိုးခြားတစ်ယောက်ပဲ ငါတို့တိုင်းပြည်ကို မတရားသိမ်းပိုက်ကြပြီး ငါတို့လူမျိုးတွေကို မတရားစော်ကားနေကြတာ၊ ဒီလိုလူမျိုးတစ်ယောက် သေသွားတာဝမ်းနည်းစရာလားကွာ၊ သူ့လိုတန်ဖိုးမရှိတဲ့ လူမျိုးခြားတစ်ယောက်အတွက်နဲ့တော့ ငါတို့မြန်မာလူမျိုးတစ်ယောက် ဒုက္ခမရောက်စေချင်လို့ပေါ့"

"မှန်ပါတယ် ဒါပေမယ့် ကျွန်တော်တို့မပြောလဲ ဒီအမှုက အေးသွားပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှစိတ်မပူနေနဲ့ မကြာခင်နယ်ချဲ့တွေ ငါတို့မြေပေါ်ကပြေးကြရတော့မှာ၊ ဂျပန်တွေဝင်လာရင် ဒီကိစ္စတွေက သူ့အလိုလို ပြီးသွားမှာပါ"

ဟုပြောသောအခါမှ နီမောင်လည်း စိတ်သက်သာရာရသွားပြီး နောက်ထပ်ဘာမှမပြောတော့ပေ. . . ထို့နောက်မှာတော့ ထိုညအဖို့ပြုလုပ်စရာကိစ္စများ ပြီးသွားပြီဖြစ်သောကြောင့် ပစ္စည်းများကိုသိမ်းပြီး ပြန်ခဲ့ကြသည်။

သူတို့ပြန်လာသောအချိန်မှာ ညဥ့်နက်ပိုင်း ရောက်နေပြီဖြစ်သော်လည်း ကောင်းကင်၌ တောက်ပနေသောလရောင်ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး အလင်းရောင်ရနေပေတော့သည်။





# အခန်း (၁၄)

# သင်္ချိုင်းအတွင်းမှမိစ္ဆာများ

အချိန်က ညဥ့်ဦးပိုင်းအချိန်ဖြစ်သည်။ အရောင်မရှိသောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်တွင် အမှောင်ရိပ်များ ဖုံးလွှမ်းနေသည်။ နေရာမှာ မြို့စွန်ဘက်မှာရှိသော သင်္ချိုင်းဟောင်းတစ်ခု၏နေရာပင်ဖြစ်သည်။

ထိုနေရာတစ်ဝိုက်မှာ တောင်ကုန်းများ၊ သစ်ပင်မြင့်ကြီးများ ရှိကြသည့်အပြင် ချုံနွယ်ပိတ်ပေါင်းများကလည်း ထူပြောလှသည်။ ထိုနေရာမှာ လူသေမြှုပ်သော သင်္ချိုင်းနေရာဟောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော်လည်း ယခုတော့အသုံးမပြုတော့ပေ။ ယခင်က ထိုနေရာတစ်ဝိုက်မှာ နေထိုင်ကြသူများ သေဆုံးသွားလျှင် ထိုနေရာမှာပင် အလွယ်တကူလာရောက် မြှုပ်နှံကြသော်လည်း နောက်ပိုင်းမှာတော့ မြူနီစပယ်က လာရောက်တားမြစ်သောကြောင့် မမြှုပ်ကြရတော့သဖြင့် သင်္ချိုင်းဟောင်းနေရာဖြစ်နေခြင်းပင်. .

ညအချိန်မတော်ရောက်မှ ထိုသင်္ချိုင်းဟောင်းအတွင်းသို့ လူနှစ်ယောက်ဝင်လာကြသည်။ နီမောင်နှင့် ဦးဗန်ကောင်းတို့ပင်ဖြစ်လေသည်။

ဦးဗန်ကောင်းက လွယ်အိတ်ကြီးတစ်လုံး လွယ်ထားပြီး၊ နီမောင်က မီးအိမ်တစ်လုံးနှင့် တူရွင်း၊ ပေါက်ပြားတို့ကို သယ်ယူလာသည်။ သင်္ချိုင်းထဲဝင်ကာနီးတော့ ဦးဗန်ကောင်းက တိုးတိုးပြောသည်။

"သင်္ချိုင်းထဲရောက်တဲ့အခါ အသံထွက်ပြီးစကားမပြောနဲ့တော့ ပြောစရာရှိရင် အမူအရာနဲ့ပဲပြော. . ."

"ဟုတ်ကဲ့. . ."

နောက်ပြီး ငါတို့အလုပ်လုပ်နေတဲ့အခါ အနှောင့်အယှက်တွေ ရောက်လာလိမ့်မယ်. . . ဘာမှလည်းမကြောက်နဲ့ ဘာကိုမှလည်းဂရုမစိုက်နဲ့"

"စိတ်ချပါ"

"ပထမတစ်ခါတုန်းက ပျက်ခဲ့ပြီးပြီ. . . ဒီတစ်ခါပျက်လို့ မဖြစ်တော့ဘူး ဂရုစိုက်ပြီးလုပ်နော်"

"စိတ်ချပါအဘ ကျွန်တော်ဂရုစိုက်ပါမယ်"





ဟုပြောဆိုပြီး သင်္ချိုင်းထဲသို့ဝင်သောအခါ သစ်ပင်နောက်မှာ မည်းမည်းသဏ္ဍာန် ထွက်လာသည်။

"ဘာလုပ်ကြမလို့လဲ"

"လူသေမြှုပ်ချင်လို့ပါ"

"အချိန်မတော်ကြီးပါလား၊ အလောင်းကဘယ်မှာလဲ"

"နောက်ကနေ သူ့ဘာသာလိုက်လာပါလိမ့်မယ်"

ဦးဗန်ကောင်းက အေးအေးဆေးဆေးပင် ပြန်ပြောလိုက်သည်။

"ကောင်းပြီ. . . လူသေအတွက် ကူးတို့ခပါသလား"

"ပါ,ပါတယ်"

"ပါရင်ပေးပါ"

ဟုလက်ဖြန့်တောင်းသဖြင့် ဦးဗန်ကောင်းက လွယ်အိတ်ထဲမှ ငွေတစ်မတ်နှင့် အမဲခြောက်တစ်ပိုင်း ပေးလိုက်သောအခါ ယူပြီး သစ်ပင်နောက် ပြန်ဝင်သွားသည်။ အနှောင့်အယှက်မရှိတော့သောအခါ သင်္ချိုင်းအတွင်းသို့ ဆက်ဝင်လာကြသည်။ သင်္ချိုင်းထဲရောက်တော့ အနှောင့်အယှက် မတွေ့ကြရပေ. . . ချုံနွယ်များက အတော်ထူထပ်သည်။

အသုံးမပြုတာကြာပြီဖြစ်သောကြောင့် နေရာအနှံ့မှာ မြေသားမပေါ်အောင် ရှိနေလေသည်။ သို့ကြောင့် ချုံရှင်းသောနေရာကို လိုက်လံရှာဖွေရာ ပျဉ်းမပင်ကြီးတစ်ပင်နှင့် မနီးမဝေးအောက်မှာ မြေပြန့်တစ်ခုကို တွေ့ရသည်။

ထိုနေရာကို ရှင်းလင်းပြီးနောက် မီးအိမ်ကိုသစ်ငုတ်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု၌ ချိတ်ထားလိုက်လေသည်။ ဦးဇန်ကောင်းက ထိုနေရာမှာ မြေကျင်းတူးရန် လက်ဟန်ခြေဟန်ဖြင့်ပြောပြီး ထိုနေရာတစ်ဝိုက်ကို စည်းဝိုင်းဝိုင်းရန် ပြင်နေစဉ် ချုံများနောက်မှ မည်းမည်းသဏ္ဍာန်တစ်ယောက် ထွက်လာပြန်သည်။

"ဘာလုပ်နေကြတာလဲ"

အသံသြသြကြီးဖြင့်မေးသည်။

"မြေကျင်းတူးမလို့ပါ. . ."

"ဒီနေရာက ကျုပ်ပိုင်တဲ့နေရာဗျ၊ ပိုင်ရှင်ရှိရင် မတူးရဘူးလေ. . ."

"တန်ရာတန်ကြေး ပေးပါ့မယ်"

ဟုပြောပြီး ငွေတစ်မတ်နှင့်အမဲခြောက်တစ်ပိုင်း ပေးလိုက်သောအခါ လှမ်းယူပြီးနောက် ချုံများနောက်သို့ဝင်ရောက်သွားလေသည်။

ထိုအခါနီမောင်က ထိုနေရာသို့ ပေါက်ပြားဖြင့် တူးသောအခါ ဖျဉ်ပြားချပ်များ ဆွေးမြေ့နေပြီဖြစ်သော ခေါင်းတစ်လုံးနှင့် အရိုးစုများကိုတွေ့ရသဖြင့် ဖယ်ရှားပစ်လိုက်ရသည်။

ထိုအခါမှ ပိုင်ရှင်ရှိသည်ဟု လာပြောသွားသော စကားကို သဘောပေါက်ရလေတော့သည်။ မြေကျင်းတူးနေစဉ်မှာ သချိုင်းထဲသို့ဝင်လာသော ဆူဆူညံညံအသံ ကြားရပြီးနောက် မကြာမီ မီးအိမ်များကိုင်ထားသော ပုလိပ်အချို့ ရောက်လာလေသည်။

"ဘာလုပ်နေကြတာလဲ"





"မြေကျင်းတူးနေတာပါ"

"ဘာလုပ်ဖို့တူးတာလဲ"

"သုသာန်မှာ မြေကျင်းတူးနေမှတော့ လူသေမြှုပ်ဖို့ပေါ့ကွ"

"ဒီသုသာန်က ပိတ်ထားလိုက်ပြီဆိုတော့ ဒီနေရာမှ လူသေမြှုပ်လို့ မရတော့ဘူး၊ ဆက်လုပ်ရင် ဖမ်းပြီး အချုပ်ထဲထည့်ထားလိုက်မယ်"

ဟုပုလိပ်လေသံဖြင့် ပြောသည်။

"ထည့်ချင်လဲထည့်ပေါ့ကွာ၊ ဒါပေမယ့် ဒီသချိုင်းကခင်းတို့နဲ့သက်ဆိုင်တဲ့နေရာမှ မဟုတ်တာ တားလို့မရပါဘူး၊ ဒါတို့က သုသာန်စောင့်ကိုခွင့်တောင်းထားပြီးပြီ၊ မြေဖိုးအတွက် တန်ရာတန်ကြေးလည်း ပေးခဲ့ပြီးပြီ"

ဟုပြောဆိုကာ နီမောင်ကိုဆက်တူးရန် အချက်ပြလိုက်ရာ နီမောင်ကလည်း ဆက်တူးပြန်လေရာ ပုလိပ်များကဒေါသအကြီးဖြင့် ရေရွတ်ပြောဆိုကာ ပြန်ထွက်သွားကြလေတော့သည်။

ထိုသို့ဆက်တူးနေစဉ် ဦးဇန်ကောင်းကအနီးမှာထိုင်ပြီး ငုတ်တီးစိပ်နေသည်။ ခဏကြာတော့ မိန်းမတစ်ယောက်နှင့် ယောက်ျားနှစ်ယောက်တို့ ရောက်လာကြပြန်သည်။ ထိုမိန်းမမှာ နီမောင်ထံသို့ တစ်ခါနှစ်ခါ ရောက်လာဖူးသောကြောင့် တွေ့ဖူး မြင်ဖူးနေသည်။

"ရှင်တို့ဟာ အတော်ကိုခက်တဲ့လူတွေပဲ ဒီကိစ္စကိုမလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့လို့ အတန်တန်လာပြောနေတဲ့ကြားက လုပ်ဖြစ်အောင်လုပ် နေကြတယ်၊ ဒီလိုလုပ်တော့ ဘာရမှာမို့လဲ မေးပါရစေဦး. . . ဘာလိုချင်လို့ အခုလိုလုပ်နေတာလဲ ရွှေလိုချင်လို့လား"

ဦးဗန်ကောင်းက ခေါင်းခါပြလိုက်သည်။

"ငွေလိုချင်လို့လား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလိုချင်လို့လဲပြောပါ"

"ကုသိုလ်လိုချင်လို့ပါ မင်းတို့ပေးနိုင်မလား"

"ဘယ်လိုပေးရမလဲ"

"ဒီနေရာက အေးအေးဆေးဆေးပြန်ထွက်သွားရင် ငါ တို့က ကုသိုလ်ရမှာပေါ့"

ဟုပြောလိုက်ရာ မျက်ထောက်နီကြီးဖြင့် စိုက်ကြည့်ေ လေသည်။ ထိုအခါ ဦးဗန်ကောင်းက ဆက်ပြောသည်။

"လူတွေကို ကုသိုလ်မပေးပဲ အကုသိုလ်တွေပဲလိုက်ေ နေမှတော့ နင်တို့လည်း အကုသိုလ်တွေပဲရမှာပေါ့၊ ဒီတေ ဒီဘဝက ဘယ်တော့မှလွတ်တော့မှာ မဟုတ်ဘူး"

ဟုပြောလိုက်ရာ မိန်းမက ပါလာသောလူနှစ်ယော ကို ဝင်ရောက်တိုက်ခိုက်ရန် အမိန့်ပေးလိုက်ရာ ကြောက်စ ကောင်းသော ပုံပန်းသဏ္ဌာန်များအဖြစ် ပြောင်းလဲသွားပြ နောက် တိုက်ခိုက်ရန်ပြေးဝင်လာကြသည်။

သို့သော် ဦးဗန်ကောင်း တားဆီးထားသော စည်းနာ ရောက်မီမှာပင် စူးစူးဝါးဝါးအော်ဟစ်ကာ ပျောက်ကွယ်သွားေ





ရာ ထိုမိန်းမလည်း ပျောက်သွားလေတော့သည်။ သူတို့မရှိတော့ ဦးဗန်ကောင်းက ပုတီးစိပ်မြဲ ဆက်စိပ်နေပြီး နီမောင်ကလည်း ဆက်တူးမြဲ ဆက်တူးနေလေသည်။ ခဏကြာတော့ ထိုနေရာသို့ နောက်တစ်ယောက် ရောက်လာပြန်လေသည်။

နီမောင်ထံသို့ တစ်ကြိမ်ရောက်လာခဲ့ဘူးတော့ ဦးဒီပ ဆိုသော လူကြီးပင်ဖြစ်သည်။

"တစ်ယောက်အကြောင်း တစ်ယောက်သိနေကြပြီဆို တော့ ထွေထွေထူးထူးလည်း ပြောစရာအကြောင်းမရှိတော့ပါ ဘူး၊ အခုလုပ်နေတဲ့အလုပ်တွေကို ချက်ချင်းရပ်မှာလား၊ မရပ် ဘူးလား. . . ဒါပဲပြော. . ."

ဟုလေသံမာမာဖြင့်ပြောသည်။

ဦးဗန်ကောင်းက ပုတီးစိပ်ပင်မပျက်ပဲ အေးအေးဆေး ဆေးကြည့်နေသည်။

"ဒီမှာ ခင်ဗျားဘယ်အဆင့်ရောက်နေပြီဆိုတာ ကျုပ်သိ တယ်၊ ခင်ဗျားအဆင့်လောက်ကိုမကြောက်လို့ ဒီနေရာလာခဲ့တာ ပဲ၊ ကျုပ်ပြောတာနားမထောင်ရင် နှစ်ယောက်စလုံးကို သတ်ပစ် မယ်"

ဟုထပ်ပြောပြန်သည်။ သို့ကြောင့် ရပ်နေသူက တစ်စုံ တစ်ခုဖြင့် အချက်ပေးလိုက်ရာ. . သချိုင်းအတွင်းမှာရှိသော မကောင်းဆိုးဝါးများ နေရာအနှံ့မှ ထွက်လာကြလေတော့သည်။ သရဲ၊ သဘက်၊ တစ္ဆေ၊ ကျတ်၊ ပြိတ္တာ၊ မှင်စာစသည်ဖြင့်အမျိုး အမည်စုံလှပြီး အကောင်အရွယ်အစား အကြီးအသေးသာ ကွာ



www.burmeseclassic.com

www.burmeseclassic.com



ခြားသော်လည်း အားလုံးလာတော့ ကြောက်စရာကောင်းသော ပုံပန်းသဏ္ဌာန်များဖြစ်ကြလေသည်။

ထိုအချိန်အထိတော့ စည်းဝိုင်းအတွင်းမှာ ရှိနေကြသော ဦးဗန်ကောင်းနှင့်နီမောင်တို့နှစ်ယောက်မှာ တုန်လှုပ်ခြင်းမရှိကြသေးပဲ ကိုယ့်အလုပ်ကို ကိုယ်လုပ်နေကြသည်။

ထိုလူကြီးက အခြားသူများ အနားပင်မကပ်နိုင်သော စည်းဝိုင်းအနီးရောက်သည်အထိ ကပ်လာနိုင်သည်။ ဦးဗန်ကောင်းက ထိုအခြေအနေကိုမြင်တော့ မြနန်းရှင်ဒေဝီကို ရွတ်ဆိုတိုင်တည်နေသည်။

စည်းနှင့် လက်တစ်ကမ်းအကွာရောက်တော့ လက်ဖြင့်လှမ်းကာ စည်းကိုဖျက်သည်။ ပထမတစ်ကြိမ်က လက်ပြန်တွန့်သွားသည်။ နောက်တစ်ကြိမ်ထပ်လှမ်းသည်။

ဒီတစ်ခါတော့ အတော်နီးသောနေရာအထိ ရောက်လာတော့သည်။ ထိုလူကြီးက နောက်တစ်ကြိမ်ကြိုးစားပြီး လက်ကို ထပ်တိုးပြန်ရာ စည်းပေါ်သို့ လက်ရောက်လာပြီးနောက် ဦးဗန်ကောင်းတားထားသောစည်းက ပျက်သွားတော့သည်။

"ဝင်ကြဟဲ့. . နှစ်ယောက်စလုံးကို စေ့စေ့ညက်ညက်ကြေအောင်ကို သတ်လိုက်ကြပေတော့"

ဟုအမိန့်ပေးလိုက်ရာ မကောင်းဆိုးဝါးများ၊ သရဲသဘက်များက ရှေ့သို့တဖြည်းဖြည်း တိုးလာကြလေသည်။ နီမောင်လည်း ထိုအခြေအနေကို မြင်သောအခါ ဖြစ်သမျှအကြောင်း အကောင်းပဲဟုသာ သဘောထားပြီး စိတ်ကိုတည်ငြိမ်





အောင် ထားလိုက်လေသည်။

ထိုအခိုက်မှာပင် မမျှော်လင့်သောအဖြစ်အပျက်တစ်ခု ပေါ်လာလေတော့သည်။ အခြားမဟုတ်ပေ၊ အမှောင်ဖုံးလွှမ်းနေသော ပတ်ဝန်းကျင်မှာ အစိမ်းရောင်များဖြင့် လင်းလာလေသည်။

ထိုအရောင်များပေါ်လာသောကြောင့် ရှေ့တိုးလာနေကြသော သရဲသဘက်တို့မှာ အထိတ်တလန့်ဖြင့် ရပ်တန့်သွားလေသည်။

"မိစ္ဆာကောင်တွေ ဝေးရာသွားကြစမ်း"

အမျိုးသမီးတစ်ယောက်၏ စူးရှသောအသံ ပေါ်လာသည်နှင့် စည်းဝိုင်းအနီးသို့ တိုးဝင်လာကြသော မိစ္ဆာကောင်တို့မှာ အမှောင်ရိပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ် သွားလေတော့သည်။

စည်းဝိုင်းအနီးမှာ ရပ်နေသော ဦးဒီပဆိုသောလူလည်း ပျောက်ကွယ်သွားလေတော့သည်။ ထိုအခါမှ နီမောင်လည်း ဘုရှင်း၊ ပေါက်ပြားတို့ကို အသုံးပြုလျက် ဆက်တူးလေရာ သာမန်လူသေအလောင်းတစ်လောင်း မြှုပ်နိုင်လောက်သော မြေကျင်းတစ်ခု ပေါ်လာတော့သည်။

ထိုအခါ ဦးဗန်ကောင်းက လွယ်အိတ်အတွင်းမှာ ထည့်ယူလာသော ဖိုဝင်ရုပ်ကို အပြင်သို့ထုတ်လိုက်သည်။ ထိုသို့အပြင်သို့ ထုတ်လိုက်သည်နှင့် ပတ်ဝန်းကျင်တစ်ခုလုံး လေဘိုက်ပဲနှင့် သစ်ပင်များ ယိမ်းထိုးလှုပ်ရှားလာသည်။



www.burmeseclassic.com

www.burmeseclassic.com



လေတိုးသံကဲ့သို့ တဝေါဝေါမြည်သံများကိုပါ ကြားလာရသည်။ ဦးဗန်ကောင်းက ဖိုဝင်ရုပ်ကို ပိတ်ဖြူတစ်စနှင့်ပတ်ပြီးနောက် မြေကျင်းထဲအချခိုင်းရာ နီမောင်က နေသားတကျချလိုက်သည်။

ပြီးမှ အပေါ်ပြန်တက်ကာ တူးထားသော မြေသားများကို တွင်းထဲသို့ပြန်ဖို့လိုက်ရာ အတန်ကြာသောအခါ မူလမြေသားအတိုင်း ဖြစ်သွားလေတော့သည်။

ထိုသို့မြေဖို့ပြီးသောအခါ စောစောကကြားနေရသော အသံများ ပျောက်သွားပြီး လှုပ်ယမ်းနေသည့်သစ်ပင်တို့လည်း ပြန်လည်ငြိမ်ကျ သွားလေတော့သည်။ ကိစ္စပြီးသောအခါ နှစ်ယောက်သားသချိုင်းအတွင်းမှ ပြန်ထွက်ခဲ့ကြလေတော့သည်။





# အခန်း (၁၅)

# ခွင့်လွှတ်ခြင်းနှင့် နှင်းစက်များနှင့်အတူ

တစ်နေ့သည်၌ နီမောင်နေသောအိမ်သို့ ဧည့်သည်နှစ်ယောက် ရောက်လာကြသည်။ မိုးကျော်နှင့်ဦးဗန်ကောင်းတို့နှစ်ယောက်ပင် ဖြစ်တော့သည်။ သူတို့ရောက်လာသောအချိန်က နီမောင်က မြစ်ကမ်းဆိပ်တွင် ကူးတို့သမ္ဗန်ကို ရေဖြင့် တိုက်ချွတ်ဆေးကြောနေသော အချိန်ဖြစ်သည်။

အဘယ်ကြောင့်ထိုကဲ့သို့ တိုက်ချွတ်နေသလဲဆိုလျှင် အတိုးနှင့်အရင်း မှန်မှန်မဆပ်နိုင်သဖြင့် ပိုင်ရှင်ထံသို့သမ္ဗန်ပြန်



www.burmeseclassic.com

www.burmeseclassic.com



အပ်ပေးရတော့မည်ဖြစ်သောကြောင့်ပင်၊ ယခုရက်ပိုင်းမှာလည်း အခြားကိစ္စများ ရှုပ်ထွေးနေသဖြင့် ကူးတို့သမ္ဗန် မှန်မှန်မထွက်နိုင်ပေ။

သို့ကြောင့် ပိုက်ဆံမရပေ။ ပိုက်ဆံမရသဖြင့် ပိုင်ရှင်က သမ္ဗန်ကိုပြန်သိမ်းပြီး နောက်တစ်ယောက်ပေးရန် ပြင်နေလေပြီ။ သို့ကြောင့် သမ္ဗန်ကို တိုက်ချွတ်နေခြင်းဖြစ်သည်။

ဦးဗန်ကောင်းနှင့်မိုးကျော်တို့ ရောက်လာတော့ ရေစိုကြီးနှင့် တက်လာသည်။

"ဘာလုပ်နေတာလဲကွ"

"သမ္ဗန်ကိုပြန်အပ်ရတော့မှာမို့ ဆေးကြောနေတာလေ"

"ဆေးတာလည်းဆေးပေါ့ကွာ အဝတ်လဲလိုက်ပါဦး"

ဟုပြောသဖြင့်အဝတ်လဲပြီး သူတို့နှင့် လာထိုင်သည်။ ထိုအခါမှ မိုးကျော်ကပြောသည်။

"ကျွန်တော်တို့လာတာ တခြားမဟုတ်ပါဘူး၊ ကိုနီမောင်ကို အကူအညီပြန်ပေးချင်လို့ပါ. . ."

ထိုစကားကြားတော့ အံ့ဩသွားလေသည်။

"ကျွန်တော်လည်း လုပ်ငန်းတွေက ပြန်လုပ်နိုင်လာလို့ အဆင်ပြေလာပါပြီ၊ ဖေဖေရှိတုန်းက အဆက်အသွယ်ရှိကြတဲ့ သူတွေက ပြန်ပြီးအကူအညီပေးကြလို့ လုပ်ငန်းတွေပြန်လုပ်နိုင်ပါပြီ"

"ဒီစကားကြားရတာ ဝမ်းသာပါတယ်ဗျာ. ."

"ကျွန်တော် ဒီလိုအခြေအနေမျိုး ပြန်ရောက်လာတာ





ဟောဒီက အဘဦးဗန်ကောင်းနဲ့ ကိုနီမောင်တို့ကျေးဇူးတွေလည်း အများကြီးရှိပါတယ်"

"ဒီ. . ဒီလိုလည်းမဟုတ်ပါဘူး"

"အဘနဲ့သာ မတွေ့ဖြစ်ရင် အခုလောက်ဆိုရင် သေတာကြာရော့မယ်. . ဒီလိုအခြေအနေမျိုးလည်း ပြန်ရောက်တော့မှာ မဟုတ်ပါဘူး၊ ဒါကြောင့် ကျေးဇူးဆပ်ချင်လို့ လာတာပါ"

ထိုစကားကြောင့် နီမောင်မှာ ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားလေသည်။

"ကိုနီမောင်အခြေအနေလည်း အဘဦးဗန်ကောင်းပြောပြလို့ ကျွန်တော်သိပြီးပါပြီ၊ ဒါကြောင့် ကျွန်တော့်ဘက်က တစ်လှည့်ပြန်ပြီး ကူညီပါရစေ. . . ကိုနီမောင်အနေနဲ့ သမ္ဗန်ခတ်တဲ့အလုပ်လည်း မလုပ်ပါနဲ့တော့ သမ္ဗန်ပြန်အပ်မယ်ဆိုတာလည်းအပ်လိုက်ပါ၊ သူများပေးစရာရှိတဲ့ ကြွေးလည်းပေးပါ၊ ပြီးရင်တော့ အလုံဘက်မှာရှိတဲ့ ကျွန်တော်ပိုင်တဲ့ သစ်စက်မှာပဲ အဘနဲ့အတူတူ အလုပ်လာလုပ်ပေးပါ. . ."

"ကျွန်. . . ကျွန်တော်က ဒီအလုပ်တွေကို ဘာမှမသိပါဘူး"

"နောက်တော့ တဖြည်းဖြည်းသိလာမှာပါ. သစ်စက်မှာ အလုပ်ကျွမ်းကျင်တဲ့သူတွေ ရှိပါတယ်၊ ကျွန်တော်တောင်မှ ဖေဖေတို့ရှိစဉ်တုန်းက လာမှမသိပါဘူး၊ အခုမှလေ့လာရင်းနဲ့ တဖြည်းဖြည်းသိလာရတာပါ၊ ဒီကိစ္စတွေကို အဘကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



အကျိုးအကြောင်း ပြောပြီးပါပြီ၊ အဘကလည်း လက်ခံပါတယ်၊ ဒီတော့ ကျွန်တော့်ကိုအကူအညီပေးတဲ့အနေနဲ့ ကျွန်တော်ပြောတာကို လက်ခံပေးပါ"

ဟုတောင်းပန်ပြောဆိုလေရာ ဦးဗန်ကောင်းကပါ ဝင်ရောက်တိုက်တွန်းသဖြင့် လက်ခံလိုက်ရလေသည်။ မိုးကျော်က ပြန့်ကာနီးတော့ သူ့အတွက်ငွေအချို့ ပေးသွားလေရာ ကြွေးဆပ်ရန်အတွက် အဆင်ပြေသွားလေသည်။

ညနေပိုင်းရောက်တော့ သမွန်ပါတစ်ပါတည်းယူပြီး ဦးဘကြွယ်တို့နေအိမ်သို့ သွားလေသည်။ သူလာတာမြင်တော့ ဒေါ်မြလေးက မဲ့ကာရွဲ့ကာဖြင့်လှမ်းပြောသည်။

"ဘယ်လိုလဲဟေ့ ကြွေးမဆပ်နိုင်တော့လို့ သမွန်ပြန်အပ်တော့မလို့လား၊ အတော်ပါပဲ နောက်ထပ်ယူချင်တဲ့သူကလည်း အဆင်သင့်စောင့်နေတယ်လေ. . ."

"သမွန်ပြန်အပ်မယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် အဒေါ်ကိုပေးစရာရှိတဲ့ကြွေးလည်း ပြေလည်အောင်ပေးပါမယ်"

"ဟင်. . ."

ထိုစကားကြောင့် ဒေါ်မြလေးက ပါးစပ်အဟောင်းသားဖြစ်သွားသည်။

"မင်း. . . မင်းကသမွန်လည်းပြန်အပ်မယ်၊ ကြွေးတွေကိုလည်း ပြန်ဆပ်ဦးမယ်ဟုတ်လား"

"ဟုတ်ပါတယ်"

"တယ်ဟန်ကျပါလား. . . သမွန်မခတ်တော့ ဘာအ





လုပ်လုပ်မှာမို့လဲ. . ."

"ကျွန်တော် အလုံဘက်ကသစ်စက်မှာ အလုပ်ရလို့ အားလုံးပြောင်းတော့မလို့ပါ. ."

ထိုစကားကြောင့် ဒေါ်မြလေးက အံ့ဩသွားသလို မနီးမဝေးမှာ စက်ချုပ်နေသည့် မြသင်းကြူကပါ နားစွင့်နေလေသည် ထို့နောက် နီမောင်က သမွန်ကိုပြန်အပ်ပြီး ပေးစရာရှိသောငွေများကို ပေးလိုက်လေသည်။

ထိုအခါမှဒေါ်မြလေးက လေသံပျော့ကျသွားပြီး. . .

"အင်း. . . မင်းလိုရိုးသားပြီး ဖြောင့်မှန်တဲ့သူမျိုးလို တော့ နောက်ထပ်တွေ့ရပါတော့မလား မသိပါဘူး"

ဟုရေရွတ်ပြောဆိုနေလေသည်။ နီမောင်လည်း အားလုံးကိုရှင်းလင်း အပ်နှံပြီးနောက် ပြန်သွားလေသည်။ နောက်တစ်ရက်မှာတော့ နီမောင်ထံသို့ မြသင်းကြူရောက်လာလေသည်။

"နင်တို့ ပြောင်းတော့မလို့လားဟင်"

"ပစ္စည်းတွေသိမ်းပြီး တစ်ရက်နှစ်ရက်ဆိုရင်တော့ ပြောင်းတော့မှာပါ"

"နင်ကတော့ ဆင်းရဲတွင်းက လွတ်သွားပြီပေါ့"

"ဒီလိုလည်းမဟုတ်သေးပါဘူး မြသင်းကြူရယ်၊ စိုင်ကော်လို့ ချိုပေါ်ရောက်ရုံပဲရှိပါသေးတယ်၊ ဒါပေမယ့် နင်တို့ကျေးဇူးကိုတော့ မမေ့ပါဘူး၊ ငါတို့မိသားစုတွေ ဘာမှ အားကိုးမရသေးခင်အချိန်မှာ တတ်နိုင်သလောက်ကူညီပေးထားခဲ့တာတွေကို ဘယ်တော့မှမမေ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အမေနဲ့အဖေ အခုမှ နင့်အကြောင်းပြောနေကြတယ်"

"ဘယ်လိုတဲ့လဲ"

"အော် . . ဆင်းရဲပေမယ့် သူတစ်ပါးအပေါ်မှာ မဟုတ်တာမလုပ်ပဲ ရိုးသားတယ်ဆိုတဲ့အကြောင်းတွေပါ၊ အခု နောက်ထပ်သမွန်လာငှားနေတဲ့ကုလားက အရက်သမား၊ ဖဲသမားဖြစ်နေတော့ ငှားရခက်၊ မငှားရခက်ဖြစ်နေတယ် . . ."

"နောက်တော့ အဆင်ပြေသွားမှာပါ မြသင်းကြူရယ်၊ အော် . . ဒါထက် အခုလိုကြုံကြိုက်တုန်း နင့်ကိုပြောရဦးမယ်"

"ပြောလေ . . ."

"ငါ့အလုပ်အကိုင် အဆင်ပြေသွားလို့ အခြေအနေကောင်းလာရင်တော့ နင်ကိုလာတွေ့ချင်သေးတယ်"

"ရန်ကုန်နဲ့ဒလက မြစ်တစ်ခုပဲခြားတာ နင်တွေ့ချင်ရင်လာတွေ့ပေါ့"

"အဲဒီကျမှပဲ ပြောစရာရှိတာပြောတော့မယ်"

မြသင်းကြူက သဘောပေါက်သွားဟန်ဖြင့် ရှက်ပြုံး တစ်ချက်ပြုံးလိုက်သည်။

"လူကြီးတွေကတော့ ပြောတာပဲ . . မကြာခင်မှာ ကမ္ဘာစစ်တွေ ဖြစ်လာတော့မှာတဲ့ . . . အဲဒီတော့ ကမ္ဘာစစ်တွေ မဖြစ်ခင် နင်ပြောစရာရှိတာတွေ လာပြောပေါ့"

ဟုပြောပြီး ပြန်သွားလေတော့သည်။ နောက်ရက်မှာတော့ နီမောင်တို့မိသားစုမှာ အလုံသစ်တောဝန်းမှ သစ်စက်သို့





ရွှေ့ပြောင်းသွားလေတော့သည်။ မိုးကျော်တစ်ယောက်လည်း နီမောင်တို့ရောက်လာသဖြင့် များစွာအားကိုးရာ ရသွားတော့သည်။

ထွန်းခတစ်ယောက်ကတော့ ရန်ကုန်မှာမနေလိုတော့သဖြင့် ၎င်းတို့မြစ်ဝကျွန်းပေါ်ဘက်သို့ ပြောင်းသွားရာ မိုးကျော်က ၎င်းအတွက် ရင်းနှီးစားသောက်ဖို့ အလုံအလောက်ပေးလိုက်လေတော့သည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီးနောက်၊ နောက်ထပ်တစ်နှစ်ခန့်ကြာသောအခါ ဒုတိယကမ္ဘာစစ်မီးက အရှေ့တောင်အာရှနိုင်ငံများသို့ ကူးစက်လောင်ကျွမ်း လာလေတော့သည်။

(၁၉၄၁)ခုနှစ်၊ နိုဝင်ဘာလလယ်လောက် ရောက်သောအချိန်တွင် ရန်ကုန်တစ်မြို့လုံး စစ်ဘေးစစ်ဒဏ်များဖြင့် ထိတ်လန့်နေကြရသည်။ (၁၉၄၁)ခု၊ ဒီဇင်ဘာ(၂၃)ရက်တွင် ဂျပန်လေတပ်က ရန်ကုန်မြို့ပေါ်သို့ လေယာဉ်ပျံများနှင့် ဗုံးကြဲတိုက်ခိုက်ကြလေတော့သည်။

လေယာဉ်ပျံအစီး (၆၀)လောက်က နေရာအနှံ့အပြားသို့ ဗုံးကြဲတိုက်ခိုက်ရာ တစ်မြို့လုံးပျက်စီးမှုကြုံရလေတော့သည်။ နောက်ပိုင်းစစ်ဘေးစစ်ဒဏ်များ အေးချမ်းသွားသောအခါမှ မိမိတို့နေရာများသို့ ပြန်လာပြီးမိမိတို့အလုပ်များကို ပြန်လည်လုပ်ကိုင်ကြရလေသည်။

တစ်နေ့သ၌ ပုဇွန်တောင်ကြက်တန်းဘက်မှာရှိသော တဲအိမ်တစ်လုံးရှေ့သို့ မော်တော်ကားတစ်စင်း ထိုးဆိုက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုအိမ်မှာအမျိုးသမီးနှစ်ယောက်နေပြီး တစ်ယောက်က အသက်ကြီးကြီး၊ တစ်ယောက်က သက်လတ်ပိုင်းဖြစ်သည်။ ဆင်းရဲကြသဖြင့် အဝတ်လျှော်ဖွပ်သောအလုပ် လုပ်ကိုင်စား သောက်ကြလေသည်။

ကားပေါ်မှလူတစ်ယောက် ဆင်းလာရာ အခြားသူ မဟုတ်ပဲ သူဌေးဘဝပြန်ရောက်နေသော မိုးကျော်ပင်ဖြစ်၏။ မိုးကျော်ဝင်လာတာမြင်တော့ တဲအတွင်းမှာ လျှော်ပြီးသား အဝတ်များကို မီးပူတိုက်နေသော အမျိုးသမီးက တအံ့တဩနှင့် ကြည့်နေပြီးမှ နေရာမှထလာသည်။

"ကို. . . ကိုမိုးကျော်"

"မင်းတို့ ဒီနေရာမှာနေတယ်ဆိုတာ ကျောင်းသား ဟောင်းတစ်ယောက်က လာပြောပြလို့လာခဲ့တာပါ။ အခုဘယ်သူ နဲ့နေတာလဲ"

"အဒေါ်တစ်ယောက်အိမ်မှာ လာနေတာပါ. . ဂျပန် တွေ ဗုံးကြဲတော့ မေမေနဲ့ဖေဖေတို့သေသွားကြပြီ၊ နေစရာအိမ် လည်းမရှိတော့ စားစရာလည်းမရှိတော့ပါဘူး၊ ဒုက္ခရောက်နေတဲ့ အချိန်မှာ အရင်ကပေါင်းသင်းခဲ့တဲ့မိတ်ဆွေတွေဆီမှာ အကူ အညီတောင်းတော့လည်း ဘယ်သူ့ဆီက ဘာမှမရပါဘူး၊ လမ်း တွေ့ရင်တောင် ကွေ့ရှောင်သွားကြလို့ ဒီမှာလာနေရတာပါ. ."

မေရီချိုက မျက်ရည်စက်လက်နဲ့ပြောပြသည်။

"ဒါက လောကသဘာဝတရားတွေပဲ. . သူတို့ကိုလည်း





အပြစ်တင်စရာမရှိပါဘူး. . . ကိုယ့်တုန်းကလည်း ဒီလိုပဲ ခံခဲ့ရ တာပါပဲ. . ."

"ကျွန်မမှားခဲ့ပါတယ် ကိုမိုးကျော်ရယ်. . . အများကြီး မှားခဲ့ပါတယ် ရွှေပေါ်မြတင်ထားပေးတဲ့ ယောကျ်ားသား တစ် ယောက်ပေါ်မှာ သစ္စာဖျက်ခဲ့မိပါတယ်၊ ဒါကြောင့် အခု ဒီအပြစ် တွေကို ပြန်ခံနေရတာပါ. . ကျွန်မကန်တော့ပြီး တောင်းပန်ပါ ရစေ"

ဟုပြောပြီး ကြမ်းပြင်ပေါ်ကျုံ့ကျုံ့ထိုင်ပြီး ကန်တော့ လေသည်။ ထိုအခါမိုးကျော်က ပခုံးကိုကိုင်ပြီး ပြန်ထူလိုက်သည်။

"ပြီးခဲ့တာတွေအတွက်တော့ စိတ်မကောင်းဖြစ်မနေပါ နဲ့တော့၊ ကိုယ် အားလုံးခွင့်လွှတ်ပါတယ်၊ အခုလာတာတခြား မဟုတ်ပါဘူး မင်းကိုပြန်ခေါ်မလို့ပါ"

"ကျွန်မလိုသစ္စာဖျက်ခဲ့တဲ့ မိန်းမတစ်ယောက်အပေါ်မှာ ခွင့်လွှတ်ပေးခဲ့တာ ဝမ်းသာပါတယ်၊ ဒါပေမယ့် ကျွန်မဘဝက အမည်းစက်ထင်နေခဲ့ပါပြီ၊ ကိုမိုးကျော်နဲ့မထိုက်တန်တော့ပါဘူး"

ဟုပြောလေသည်။

"လောကမှာ အားလုံးသန့်စင်တဲ့သူမျိုးကတော့ ရှိရင် တောင်အတော်နည်းမှာပါ. . . မမှားဖူးတဲ့သူတွေလည်း မရှိပါ ဘူး၊ မှားနေတာကို မှားမှန်းသိလို့ပြင်နိုင်ခဲ့ရင် ခွင့်လွှတ်ပေးရမှာ ပေါ့"

"အခုကျွန်မဆိုရင် အရင်ဘဝကိုစိတ်နာလွန်းလို့ မေရီချို ဆိုတဲ့နာမည်တောင် မသုံးတော့ပဲ မချိုဆိုတဲ့နာမည်နဲ့ပဲ နေခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာပါ"

"ကောင်းတာပေ့ါ မင်းကိုမေရီချို အနေနဲ့မဟုတ်ပဲ မချို ဆိုတဲ့အမျိုးသမီးတစ်ယောက်အနေနဲ့ လက်ခံပြီး ခေါ်သွားမှာပါ ကိုယ်နဲ့တစ်ခါတည်းသာလိုက်ခဲ့ပေတော့"

"ဝမ်းသာလိုက်တာမောင်ရယ်"

ဟုပြောဆိုကာ မိုးကျော်ကို ဖက်ပြီးငိုနေရာနှစ်သိမ့်မှု ပေးရလေတော့သည်။ နောက်ပိုင်းမှာတော့ မေရီချိုတစ်ဖြစ်လဲ မချိုဘဝနှင့်ပင် ဇနီးတစ်ယောက်တာဝန်ကျေအောင် နေထိုင်ခဲ့ရာ အားလုံးကချီးမွမ်းကြရလေတော့သည်။

နီမောင်တို့မိသားစုအတွက် သစ်စက်ဝန်းထဲမှာပင် ပျဉ်ထောင်အိမ်တစ်လုံး ဆောက်ပေးထားရာ ထိုမှာပင်နေထိုင်ကြလေသည်။ သစ်စက်လုပ်ငန်းများမှာလည်း နောက်ပိုင်းမှာတော့ တဖြည်းဖြည်းနှင့် အသားကျလာခဲ့ပြီး အဆင်ပြေလာလေသည်။

တစ်နေ့သ၌ ညနေပိုင်းအချိန်တွင် အလုပ်နားသော ဆိပ်ကမ်းဘက်သို့ လိုက်လံကြည့်နေရာ လွယ်အိတ်တစ်လုံးလွယ်ထားသော လူတစ်ယောက်ကို တွေ့ရလေသည်။ တွေ့ဖူးမြင်ဖူးသည်အထင်နှင့် ကြည့်လေရာ ထိုသူက အနီးသို့လျှောက်လာလေသည်။


"ကျုပ်ကိုမမှတ်မိဘူးထင်တယ်"

"စိတ်မရှိပါနဲ့ မြင်ဖူးသလိုတော့ရှိပါတယ်"

"ခင်ဗျားတို့အကူအညီပေးခဲ့တဲ့ ဖိုဝင်ရှပ်ပါ"

ထိုသို့ပြောတော့မှ သဘောပေါက်သွားလေသည်။

☺ အောင်မြင်စာပေ ☺



www.burmeseclassic.com

## မြနန်းရှင်နှင့် ဗိုဝင်မှားသောမိစ္ဆာ

"ဗိုဝင်တာ အောင်မြင်သွားပြီလား"

"အောင်မြင်လို့ သိဒ္ဓိရှိတဲ့ ဝိဇ္ဇာဘဝကို ပြန်ရောက်ပါပြီ"

"ဝမ်းသာပါတယ်ဗျာ. . "

"ဒီလိုပြန်ရောက်တာကလည်း ခင်ဗျားတို့နှစ်ယောက် အကူအညီပေးခဲ့လို့ပါ၊ ဒါကြောင့်ကျုပ်မသွားခင် ကျေးဇူးဆပ်ရအောင်လာခဲ့တာ၊ ဟိုတစ်ယောက်က ဗိုထိုးတာဝါသနာပါတော့ သိဒ္ဓိရှိတဲ့ခါတ်လုံး ပေးထားခဲ့ပါတယ်၊ ခင်ဗျားအတွက်ကတော့ ရွှေတောင့်တွေပဲ ပေးခဲ့ပါတယ်၊ ခင်ဗျားတို့အတွက်လည်း စားပါသုံးပါ အကျိုးရှိတဲ့ သာသနာအကျိုးမှာလည်း ပံ့ပိုးပေးပါ၊ မိစ္ဆာတွေရဲ့ ဗုံးဒဏ်ကြောင့် ပျက်စီးသွားတဲ့ ဘုရားကျောင်း၊ ဇရပ်တွေလည်း ပြုပြင်ပေးစေချင်ပါတယ်"

"ကောင်းပါပြီ ဆန္ဒရှိတဲ့အတိုင်း ဆောင်ရွက်ပေးပါမယ်"

"ဒီလိုဆိုရင်လည်း ကျုပ်လည်းဟိမဝန္တာကို သွားပါတော့မယ်"

ဟုပြောဆိုကာ ရွှေအိတ်ကိုပေးထားခဲ့ပြီး နေရာမှာပင် ဖျတ်ခနဲ ပျောက်သွားလေတော့သည်။ ထို့နောက်မှာတော့ နီမောင်လည်း ဝိဇ္ဇာပေးသွားသောရွှေများနှင့် ဗုံးဒဏ်ကြောင့် ပျက်စီးသွားသော စေတီ၊ ဘုရားကျောင်း၊ ဇရပ်တို့ကို ပြုပြင်ရန် အတွက် ဦးဇန်ကောင်းကိုပင် တာဝန်ပေးရာ အားကြီးမာန်တက် ဆောင်ရွက်လေတော့သည်။ နီမောင်အနေကတော့ သူဘဝပြည့် စုံသွားသောအခါ လူကြီးစုံရာနှင့် မြသင်းကြူကို တောင်းရမ်း လက်ထပ်လိုက်လေသည်။ မြသင်းကြူကလည်း ယခင်ကတည်း



www.burmeseclassic.com

www.burmeseclassic.com



ကာ သံယောဇဉ်ရှိနေသူမို့ နီမောင့်ဆန္ဒကို မငြင်းပယ်ပဲလက်ခံလေသည်။

"မေးပါရစေဦး အခုလိုလူကြီးတွေနဲ့ တောင်းရမ်းယူဘယ်ဆိုတော့ ငါ့အပေါ်မှာရော တကယ်မေတ္တာရှိလို့လား. . ပြောပါဦး"

"ရှိတာပေါ့ မြသင်းကြူရဲ့ မေတ္တာမရှိပဲနဲ့ တစ်သက်လုံးလက်တွဲသွားဖို့ စိတ်ကူးပါ့မလား"

"ဒါဖြင့်အစကတည်းက ဘာကြောင့်ဖွင့်မပြောတာလဲ"

"ဒီလိုပြောဖို့က အချိန်အခါ စောင့်ရသေးတယ်လေ၊ ကိုယ်ချစ်တဲ့သူအပေါ်မှာ ချစ်နေရုံနဲ့မပြီးဘူး၊ ပိုင်ဆိုင်ခွင့်ရရုံနဲ့ဘယ်ပြီးပါ့မလဲ၊ နောက်ပြီး အတူတူတော့နေခွင့်ရပါရဲ့ ဆင်းရဲတွင်းထဲ ခေါ်ချလို့လည်း မဖြစ်သေးဘူး၊ ဒါကြောင့် ချစ်နေပေမယ့် ကိုယ်ချစ်သူစိတ်ချမ်းသာအောင် ကိုယ့်ဘဝကိုခိုင်မာမှုရှိအောင် အရင်ကြိုးစားနေရလို့ ဖွင့်မပြောခဲ့တာပါ"

ဟုပြောပြတော့မှ ကျေနပ်သွားလေတော့သည်။

"နင်ကရော ငါ့အပေါ်မှာမေတ္တာရှိရဲ့လား"

"ဒါမေးနေရသေးသလား လူတစ်ယောက်ကိုမချစ်ဘဲနဲ့တော့ အခုလိုဘဝလက်တွဲဖော်အဖြစ် ရွေးပါ့မလား. . . ပြောရရင်တော့ငါက ဟိုအရင်ကတည်းက နင့်အပေါ်မှာ မေတ္တာရှိနေခဲ့တာပါ"

ဟုပြောပြရာ နီမောင်ခမျာ သဘောအကျကြီးကျကာ မြသင်းကြူကိုယ်ကလေးကို ထွေးဖက်ထားလိုက်လေတော့





သည်။

သူတို့နှစ်ယောက်အတွက် အချိန်တိုင်းစက္ကန့်တိုင်းမှာ ဘဝသစ်အတွက် အားယူကြရတော့မည်။ ရှေ့ခရီးအတွက် လက်ချင်းခိုင်မြဲကြဖို့ လိုပါသည်။ ချစ်သူနဲ့တွေ့ကွင်းရခြင်း၊ သစ္စာမဲ့ခြင်း၊ ကြေကွဲဝမ်းနည်းရခြင်း၊ စိတ်ဆင်းရဲရခြင်းများကိုတော့ ကြံ့ကြံ့ရင်ဆိုင်သွားရပေမည်။ မည်သို့ပင်ရှိစေ. . .

ချစ်သူတို့လျှောက်ရမည့်လမ်းကတော့ ခက်ခဲကြမ်းတမ်းမှုများနှင့် တွေ့ကြုံရစေကာမူ ပျော်ရွှင်စရာကောင်းနေတာတော့ အမှန်ပင်ဖြစ်ပါလိမ့်မည်။

ဤဝတ္ထုသည် 'မြနန်းရှင်ဒေဝီ' ၏အဆက်မဟုတ်သော်လည်း သီးခြားအနေဖြင့်သော်လည်းကောင်း၊ ဆက်စပ် ဖတ်လျှင်သော်လည်းကောင်း ရသမပျက်စေရန် ကြိုးစားထားပါကြောင်း ပန်ကြားရင်းနှင့် ဤနေရာတွင် ကျွန်ုပ်ရေးသားသော (မြနန်းရှင်နှင့် ဖိုဝင်မှားသောမိစ္ဆာ)အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။ ။

အနိစ္စယာဟောန္တု သုခိအတ္တာနံ ပရိဟရန္တု

စာပြီးချိန်။ ။ ၂၀၁၂ခု၊ နိုဝင်ဘာလ(၂၈)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက်(၁၁)နာရီ။



www.burmeseclassic.com

www.burmeseclassic.com



က သံယောဇဉ်ရှိနေသူမို့ နီမောင့်ဆန္ဒကို မငြင်းပယ်ပဲလက်ခံလေသည်။

"မေးပါရစေဦး အခုလိုလူကြီးတွေနဲ့ တောင်းရမ်းယူတယ်ဆိုတော့ ငါ့အပေါ်မှာရော တကယ်မေတ္တာရှိလို့လား. . ပြောပါဦး"

"ရှိတာပေါ့ မြသင်းကြူရဲ့ မေတ္တာမရှိပဲနဲ့ တစ်သက်လုံး လက်တွဲသွားဖို့ စိတ်ကူးပါ့မလား"

"ဒါဖြင့်အစကတည်းက ဘာကြောင့်ဖွင့်မပြောတာလဲ"

"ဒီလိုပြောဖို့က အချိန်အခါ စောင့်ရသေးတယ်လေ၊ ကိုယ်ချစ်တဲ့သူအပေါ်မှာ ချစ်နေရုံနဲ့မပြီးဘူး၊ ပိုင်ဆိုင်ခွင့်ရရုံနဲ့ ဘယ်ပြီးပါ့မလဲ၊ နောက်ပြီး အတူတူတော့နေခွင့်ရပါရဲ့ ဆင်းရဲတွင်းထဲ ခေါ်ချလို့လည်း မဖြစ်သေးဘူး၊ ဒါကြောင့် ချစ်နေပေမယ့် ကိုယ်ချစ်သူစိတ်ချမ်းသာအောင် ကိုယ့်ဘဝကိုခိုင်မာမှုရှိအောင် အရင်ကြိုးစားနေရလို့ ဖွင့်မပြောခဲ့တာပါ"

ဟုပြောပြတော့မှ ကျေနပ်သွားလေတော့သည်။

"နင်ကရော ငါ့အပေါ်မှာမေတ္တာရှိရဲ့လား"

"ဒါမေးနေရသေးသလား လူတစ်ယောက်ကိုမချစ်ဘဲနဲ့တော့ အခုလိုဘဝလက်တွဲဖော်အဖြစ် ရွေးပါ့မလား. . . ပြောရရင်တော့ငါက ဟိုအရင်ကတည်းက နင့်အပေါ်မှာ မေတ္တာရှိနေခဲ့တာပါ"

ဟုပြောပြရာ နီမောင်ခမျာ သဘောအကျကြီးကျကာ မြသင်းကြူကိုယ်ကလေးကို ထွေးဖက်ထားလိုက်လေတော့





သည်။

သူတို့နှစ်ယောက်အတွက် အချိန်တိုင်းစက္ကန့်တိုင်းမှာ ဘဝသစ်အတွက် အားယူကြရတော့မည်။ ရှေ့ခရီးအတွက် လက်ချင်းခိုင်မြဲကြဖို့ လိုပါသည်။ ချစ်သူနဲ့တွေ့ကွင်းရခြင်း၊ သစ္စာမဲ့ခြင်း၊ ကြေကွဲဝမ်းနည်းရခြင်း၊ စိတ်ဆင်းရဲရခြင်းများကိုတော့ ကြုံကြုံရင်ဆိုင်သွားရပေမည်။ မည်သို့ပင်ရှိစေ. . .

ချစ်သူတို့လျှောက်ရမည့်လမ်းကတော့ ခက်ခဲကြမ်းတမ်းမှုများနှင့် တွေ့ကြုံရစေးကာမူ ပျော်ရွှင်စရာကောင်းနေတာတော့ အမှန်ပင်ဖြစ်ပါလိမ့်မည်။

ဤဝတ္ထုသည် 'မြနန်းရှင်ဒေဝီ' ၏အဆက်မဟုတ်သော်လည်း သီးခြားအနေဖြင့်သော်လည်းကောင်း၊ ဆက်စပ် ဖတ်လျှင်သော်လည်းကောင်း ရသမပျက်စေရန် ကြိုးစားထားပါကြောင်း ပန်ကြားရင်းနှင့် ဤနေရာတွင် ကျွန်ုပ်ရေးသားသော (မြနန်းရှင်နှင့် ဖိုဝင်မှားသောမိစ္ဆာ)အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။ ။

အနိစ္စံ ယာယောသူ သုခီအတ္တာနံ ပရိဟရန္တု

ပြီးဆုံး။ ။ ၂၀၁၂၊ နိုဝင်ဘာလ(၂၈)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက်(၁၁)နာရီ။



www.burmeseclassic.com